အမျိုးသားစီမံကိန်းနှင့် စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း

## ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်



၂၀၀၇-ဇွန်လ

# မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း။

## ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာတင်ပြချက်


**ပြုစုသူများ။**

IDEA INTERNATIONAL INSTITUTE
ကွီဘက်မြို့၊ ကနေဒါနိုင်ငံ။
IHLCA စီမံချက် ဆိုင်ရာ နည်းပညာ ယူနစ်
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။



**ကူညီပံ့ပိုးသူများ။**

စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန နှင့် ဗဟို စာရင်းအင်း အဖွဲ့
အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်
ရန်ကုန်မြို့၊ ပြည်ထောင်စု မြန်မာနိုင်ငံ။

ပထမ မူကြမ်း - ကိုးကားရန်မဟုတ်
၂၀၀၆ ခုနှစ်၊ မတ်လ ၆ ရက်

# မာတိကာ

ကျေးဇူးတင်လွှာ.......................................................................................................................................၁

အစီရင်ခံစာအကျဉ်းချုပ်...............................................................................................................................၂

အတိုကောက်စကားလုံးများ .........................................................................................................................၂၉

ဇယားများ နှင့် ပုံများ စာရင်း .......................................................................................................................၃၀

နိဒါန်း၊ ရည်ရွယ်ချက်များနှင့် နည်းလမ်း.......................................................................................................၃၇

အပိုင်း ၁။ ဆင်းရဲနွမ်းပါးမှုအခြေအနေ လေ့လာတင်ပြချက် .........................................................................၄၄

၁။ ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ ရှာဖွေ သတ်မှတ်ခြင်း...........................................................................၄၄

၁-၁။ အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်းကို ရှာဖွေ သတ်မှတ်ခြင်း ....................................................................၄၄
၁-၂။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းကို ရှာဖွေ သတ်မှတ်ခြင်း ...................................................................................၄၆
၁-၃။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများ ...................................................................................................................၄၇
၂။ ငွေကြေးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ.........................................................................၄၈

၂-၁။ အစားအစာ ဆင်းရဲချို့တဲ့သူအချိုး။.............................................................................................................၄၈
၂-၂။ ဆင်းရဲနွမ်းပါးသူအချိုး ..............................................................................................................................၄၈
၂-၃။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး ..........................................................................................................၅၂
၂-၄။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ် ကိန်း အချိုး...................................................................................၅၂
၂-၅။ သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ် တစ်စိတ် (၂၀%) ၏ ဝေစု ....................................................................၅၃
၂-၆။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/ တိုင်း အသီးသီး၏ ပါဝင်မှု.....၅၅
အပိုင်း ၂။ ဆင်းရဲနွမ်းပါးမှု၏ ပင်ကို လက္ခဏာများ ..........................................................................................၅၇

၃။ အိမ်ထောင်စုများ၏ လူဦးရေ ဆိုင်ရာ ပင်ကို လက္ခဏာများ..........................................................................၅၇

၃-၁။ ပျှမ်းမျှ အိမ်ထောင်စု အရွယ် .......................................................................................................................၅၇
၃-၂။ အသက်အရ မှီခိုမှုအချိုး................................................................................................................................၅၈
၃-၃။ စီးပွားရေးအရ မှီခိုမှု အချိုး...........................................................................................................................၅၈
၃-၄။ အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများ အချိုး ........................................................................................၆၀
၃-၅။ အိမ်ထောင်ဦးစီး၏ ပညာရေး .........................................................................................................................၆၀
၄။ သုံးစွဲမှု အသုံးစရိတ်.......................................................................................................................................၆၃

၄-၁။ အိမ်ထောင်စု၏ စုစုပေါင်း သုံးစွဲမှု အသုံးစရိတ် ..........................................................................................၆၃
၄-၂။ ဘတ်ဂျက်ဝေစုများ...........................................................................................................................................၆၅
၅။ စီးပွားရေးဆိုင်ရာ ပင်ကိုလက္ခဏာများ ..........................................................................................................၆၈

၅-၁။ စီးပွားရေး လုပ်ဆောင်ချက်တစ်ခုတွင် အလုပ်အကိုင် အမျိုးအစား အလိုက် ပါဝင်
လုပ်ကိုင်လျက် ရှိသည့် လူဦးရေ ပြန့်ချက် ......................................................................................................၆၈
၅-၂။ စီးပွားရေးလုပ်ဆောင်ချက်တစ်ခုတွင် လုပ်ငန်းအမျိုးအစားအလိုက်
ပါဝင်လုပ်ကိုင်လျက်ရှိသည့် လူဦးရေပြန့်ချက် ...............................................................................................၇၀

၅-၃။ အိမ်ထောင်စုစီးပွားရေးလုပ်ငန်း လုပ်ဆောင်ချက်များ ........................................................ ၇၁
၅-၄။ ဇာစ်မြစ်တစ်ခုခုသို့ ငွေကြေး ပြန်လည် ပေးဆပ်ရန် ရှိသည့် အရွယ်ရောက်သူ တစ်ဦးဦး ပါဝင်သည့် အိမ်ထောင်စုများ ........................................................ ၇၇
၆။ လုပ်သားဈေးကွက်တွင် ပါဝင်မှု ........................................................ ၇၉
၆-၁။ လုပ်သားအင်အား ပါဝင်မှုနှုန်း ........................................................ ၇၉
၆-၂။ အလုပ်လက်မဲ့နှုန်း........................................................ ၈၂
၆-၃။ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း........................................................ ၈၈
၇။ အိမ်ရာ နေထိုင်မှု အခြေအနေများနှင့် ပိုင်ဆိုင်သည့် ပစ္စည်းများ ........................................................ ၉၂
၇-၁။ နေအိမ် အမျိုးအစား........................................................ ၉၂
၇-၂။ နေအိမ် ဆောက်လုပ်ရေး ပစ္စည်း အမျိုးအစား ........................................................ ၉၂
၇-၃။ နေထိုင်ပိုင်ခွင့် အမျိုးအစား........................................................ ၉၂
၇-၄။ အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေဇာစ်မြစ် လက်လှမ်းမီ ရရှိမှု ........................................................ ၉၈
၇-၅။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်အား လက်လှမ်းမီ ရရှိမှု ........................................................ ၉၈
၇-၆။ လျှပ်စစ်ဓာတ်အား ရရှိမှု ........................................................၁၀၁
၇-၇။ အိမ်ထောင်စု ပိုင်ဆိုင်ပစ္စည်းများ........................................................၁၀၂
၈။ ကျန်းမာရေး၊ အာဟာရ အခြေအနေနှင့် ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိမှု .......၁၁၃
၈-၁။ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသည့် အသက် (၁) နှစ်အရွယ် ကလေးများ အချိုး..........၁၁၃
၈-၂။ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်ခြင်း လွှမ်းခြုံမှု........................................................၁၁၄
၈-၃။ ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး ........................................................၁၁၆
၈-၄။ နာမကျန်း ဖြစ်ပွားမှု ........................................................၁၁၆
၈-၅။ ပျှမ်းမျှ ကျန်းမာရေး အသုံးစရိတ် ........................................................၁၁၉
၈-၆။ ၅ နှစ်အောက် ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေး ဦးရေ ပျံ့နှံ့မှု............၁၁၉
၈-၇။ ၅ နှစ်အောက် ပုံမှန်ကိုယ်အလေးချိန် လွန်မင်းစွာ မပြည့်သော ကလေး ဦးရေ ပျံ့နှံ့မှု ..............၁၂၂
၈-၈။ အဓိကကျသည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု များအား လက်လှမ်းမီ ရရှိမှု........................................................၁၂၂
စစ်တမ်း ကောက်ယူရာတွင် လေ့လာခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာ ဌာနများ ....................၁၂၄
၉။ ပညာရေး အခြေအနေနှင့် ပညာရေး ဝန်ဆောင်မှုများအားလက်လှမ်းမီရရှိမှု..............................၁၃၄
၉-၁။ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း........................................................၁၃၄
၉-၂။ မူလတန်းပညာရေးတွင် စုစုပေါင်း ကျောင်းဝင်နှုန်း........................................................၁၃၄
၉-၃။ မူလတန်း ပညာရေးရှိ ကျောင်းသား/ကျောင်းသူ အချိုး........................................................၁၃၆
၉-၄။ သက်ကြီးစာတတ်မြောက်မှုနှုန်း........................................................၁၃၈
၉-၅။ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ အား လက်လှမ်းမီ ရရှိမှု ........................................................၁၃၈
၉-၆။ ကျောင်းသားနှင့် ကျောင်းဆရာအချိုး ........................................................၁၄၀
အပိုင်း ၃။ ဆင်းရဲနွမ်းပါးသူများ၏ အဓိကပင်ကိုလက္ခဏာရပ်များ၏ အကျဉ်းချုပ် ...............................၁၄၄
ကိုးကားချက်များ........................................................၁၄၇
နောက်ဆက်တွဲ - ၁။ အခြားနိုင်ငံများမှ ညွှန်ကိန်းများအစု ........................................................၁၄၈

နောက်ဆက်တွဲ - ၂။ အညစ်အကြေးသန့်ရှင်းရေးစနစ် အမျိုးအစားအလိုက် အိမ်ထောင်စုများ ပြန့်ချက် ...၁၄၉
နောက်ဆက်တွဲ - ၃။ အခြေခံ အဓိကဆေးဝါး ၄၁ မျိုး၏စာရင်း............................................................၁၅၀
ဝေါဟာရ စာရင်း.............................................................................................................................၁၅၁

# ကျေးဇူးတင်လွှာ

စစ်တမ်း ကောက်ယူ လေ့လာရေးအဖွဲ့ သည် ပြည်ထောင်စု မြန်မာနိုင်ငံ ၏ စားဝတ်နေရေး အခြေအနေ အရေအတွက် ဆိုင်ရာ လေ့လာမှု စစ်တမ်း ပြီးမြောက် အောင်မြင်စေရန် ဝိုင်းဝန်း ပံ့ပိုး ကူညီ ပေးခဲ့ကြသော အဖွဲ့ အစည်းများ နှင့် ပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

လေ့လာရေးအဖွဲ့ သည် အရေအတွက် ဆိုင်ရာ လေ့လာမှုလုပ်ငန်းက အစိတ်အပိုင်း တစ်ရပ် အနေဖြင့် ပါဝင်သည့် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာရေး (IHLCA) လုပ်ငန်း တစ်ရပ်လုံး ဖြစ်မြောက် အောင်မြင် စေရန် ပံ့ပိုး ကူညီ ပေးခဲ့သည့် အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုးသာ အား အထူး ကျေးဇူး ဥပကာရ တင်ရှိပါသည်။ လမ်းညွှန်မှု နှင့် ပံ့ပိုးမှုများ အတွက် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာရေး (IHLCA) ဦးဆောင်မှု ကော်မတီ၊ နည်းပညာ ကော်မတီ နှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဦးစီးဌာနတို့ အားလည်း ကျေးဇူး အထူး တင်ရှိပါသည်။ လေ့လာရေး အဖွဲ့သည် ကွင်းဆင်း လေ့လာ စစ်တမ်းကောက်ယူရာတွင် အဓိက အခန်းကဏ္ဍ မှ ပါဝင် ဆောင်ရွက်ခဲ့သော စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန၊ အထူးသဖြင့် အမျိုးသား စီမံကိန်း ဒါရိုက်တာ ဖြစ်သူ ဒေါ်လဲ့လဲ့သိန်း နှင့် စာရင်းအင်း အချက်အလက်များကို စီစဥ် တွက်ချက်ပေးရာတွင် အဓိက အခန်းကဏ္ဍ မှ ပါဝင်သည့် ဗဟို စာရင်းအင်း အဖွဲ့ ကိုလည်း အသိအမှတ်ပြု မှတ်တမ်း တင်အပ်ပါသည်။

အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသန ဌာန၊ ကျန်းမာရေး စီမံကိန်း ဦးစီးဌာန၊ ဆေး သုတေသန ဦးစီးဌာန၊ စီးပွားရေး တက္ကသိုလ်၊ အခြေခံ ပညာ ဦးစီးဌာန၊ အလုပ်သမား ဝန်ကြီးဌာန၊ ကျေးတိုင် နှင့် မြေစာရင်း ဦးစီးဌာန နှင့် ပြည်သူ့အင်အား ဦးစီးဌာန တို့၏ ပံ့ပိုး ကူညီမှုများ ကိုလည်း မှတ်တမ်း တင်အပ်ပါသည်။

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု (IHLCA) ကို ထောက်ပံ့ ကူညီခဲ့သည့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် (UNDP)၊ အထူးသဖြင့် ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းရေးမှူး နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် ဌာနေ ကိုယ်စားလှယ် ဖြစ်သူ Mr. Charles Petrie ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် (UNDP) ဒုတိယ ဌာနေ ကိုယ်စားလှယ် ဖြစ်သူ Ms. Akiko Suzaki တို့ အပြင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဥ် (UNDP) စီမံကိန်း မန်နေဂျာများ ဖြစ်သည့် ဦးလှဖြူချစ် နှင့် ဦးထွန်းနိုင် တို့ကိုလည်း အထူး ကျေးဇူး တင်ရှိပါသည်။

# အစီရင်ခံစာအကျဉ်းချုပ်

## ဆင်းရဲနွမ်းပါးမှုအခြေအနေ

### ဆင်းရဲနွမ်းပါးမှုပြ မျဉ်းများ ရှာဖွေသတ်မှတ်ခြင်း

၁။ ဤစစ်တမ်းတွင် အသုံးပြုသည့် ယေဘုယျချဉ်းကပ်နည်းမှာ 'အခြေခံ လိုအပ်ချက်များအတွက် ကုန်ကျစရိတ်နည်း' ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုနှင့် စပ်လျဉ်း၍ ပို၍ပြည့်စုံသော အမြင်ကို ပေးနိုင်ရန် ဆင်းရဲနွမ်းပါးမှုပြမျဉ်း နှစ်မျိုးကို တွက်ယူထားပါသည်။

**အစားအစာဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL)** ။ ။ အနည်းဆုံး အစားအစာ အသုံးစရိတ်အပေါ် အခြေခံထားသည့် အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်းသည် အိမ်ထောင်စုဝင်များ၏ ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အဓိကကျသော စားသုံးကုန်ပစ္စည်းအုပ်စုအတွက် ပေးရန် လိုအပ်သော ကျပ်ငွေပေါင်း ဖြစ်ပါသည်။

**ဆင်းရဲနွမ်းပါးမှုပြမျဉ်း (PL)** ။ ။ (၁) ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အနည်းဆုံး အစားအစာ အသုံးစရိတ်နှင့် (၂) အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးမည့် ဆီလျော်သည့် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်တို့ ပေါင်းခြင်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုပြမျဉ်း (PL) ၏ အစားအစာ အသုံးစရိတ် အစိတ်အပိုင်းသည် အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) ဖြစ်သည်။ PL ၏ အစားအစာအတွက် မဟုတ်သော အသုံးစရိတ် အစိတ်အပိုင်းကို FPL အား အစားအစာအတွက် မဟုတ်သော အသုံးစရိတ်နှင့် အစားအစာ အသုံးစရိတ်တို့၏ အချိုးဖြင့် မြှောက်၍ တွက်ယူသည်။ ထိုအချိုးကို ဆင်းရဲနွမ်းပါးမှုပြမျဉ်း တဝိုက်တွင် အသုံးစရိတ် စုစုပေါင်း ရှိသည့် အိမ်ထောင်စုများမှ ရရှိသည်။[၁]

၂။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်းများ၏ အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်းများကို သီးခြားစီတွက်ချက်ပြီး တစ်ခုတည်းသော ဆင်းရဲနွမ်းပါးမှုမျဉ်းကို ရရှိရန် ယင်းမျဉ်းများ၏ ပျှမ်းမျှခြင်းကို ရှာပါသည်။ ထို့နောက် အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) ဝန်းကျင်ရှိ အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်များ ပါဝင်မှုအချိုးကို အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုပြမျဉ်း (PL) ကို တွက်ချက်ပါသည်။ ရရှိသည့် FPL သည် ၁၁၈၄၀၂ ကျပ်နှင့် PL သည် ၁၆၂၁၃၆ ကျပ် ဖြစ်ပါသည်။ ဤဆင်းရဲနွမ်းပါးမှု မျဉ်းများကို တစ်ပြေးညီပြုထားပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွက် အရွယ်ရောက် သူနှင့် ညီမျှထားချက်အရ ရရှိသည့် ကျပ်ငွေအဖြစ် တင်ပြထားပါသည်။

---

[၁] အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်များတွင် ပညာရေးနှင့် အိမ်ငှားရမ်းခ ကဲ့သို့သော အသုံးစရိတ်အမယ်များ ပါဝင်ပါသည်။ ကျန်းမာရေး အသုံးစရိတ်များသည် ဆင်းရဲသူများ၏ အသုံးစရိတ်များကို အလိုအလျောက် တိုးမြင့်စေနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု တွက်ချက်ရန် အသုံးပြုသည့် အိမ်ထောင်စုသုံးစွဲမှု အသုံးစရိတ်များတွင် ကျန်းမာရေး အသုံးစရိတ်များကို ချန်လှပ်ထားပါသည်။ သွင်းကုန်ကန့်သတ်ချက်ကြောင့် ဈေးနှုန်း မြင့်မား၍ ဈေးတက်လေ့ရှိသည့် မြန်မာနိုင်ငံ၏ ကြာရှည်သုံး ကုန်ပစ္စည်းဈေးကွက်၏ ထူးခြားသည့် သဘာဝကြောင့် ကြာရှည်သုံး ကုန်ပစ္စည်းများ၏ အသုံးပြု ကုန်ကျစရိတ်ကိုလည်း တွက်ချက်ရာတွင် ချန်လှပ်ထား ပါသည်။

## ငွေကြေးဆိုင်ရာဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ

### *အစားအစာဆင်းရဲချို့တဲ့သူအချိုး*

၃။ အစားအစာ ဆင်းရဲချို့တဲ့သူအချိုး ဆိုသည်မှာ အစားအစာ ချို့တဲ့မှုမျဉ်းအောက် နိမ့်ကျပြီး အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီပြုထားသည့် စားသုံးစရိတ် ရှိသူများ၏အချိုး ဖြစ်ပါသည်။ ၎င်းအချိုးသည် အစားအစာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စားသုံးမှု အသုံးစရိတ် လုံလောက်မှု မရှိသော အိမ်ထောင်စုများအား ရည်ညွှန်းပါသည်။ ပြည်ထောင်စုအဆင့်တွင် လူဦးရေ၏ ၁၀% သည် အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) ၏ အောက်သို့ ကျရောက်လျက် ရှိပါသည်။ ပြည်နယ်/ တိုင်းများအကြားတွင် ယင်းအချိုးမှာ ကွဲပြားခြားနားမှု ကြီးမားပါသည်။ ချင်းပြည်နယ်သည် အစားအစာ ဆင်းရဲချို့တဲ့မှုအချိုး ၄၀% ရှိသဖြင့် အမြင့်မားဆုံး ဖြစ်ပြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင်လည်း ယင်းအချိုး မြင့်မားကြပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှုအချိုး အနိမ့်ဆုံးမှာ ကရင်ပြည်နယ်တွင် ဖြစ်၍ ၂% ရှိပြီး ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ် တို့တွင်လည်း လျော့နည်းကြပါသည်။

### *ဆင်းရဲနွမ်းပါးသူအချိုး*

၄။ ဆင်းရဲနွမ်းပါးသူအချိုး ဆိုသည်မှာ ဆင်းရဲနွမ်းပါးမှုမျဉ်းအောက် နိမ့်ကျပြီး အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီပြုထားသည့် သုံးစရိတ် ရှိသူများ၏အချိုး ဖြစ်ပါသည်။ ဤအိမ်ထောင်စုများသည် အခြေခံ အစားအစာနှင့် အစားအစာမဟုတ်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းရန် သုံးစွဲစရိတ် လုံလောက်မှု မရှိသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ပြည်ထောင်စု အဆင့်တွင် ဆင်းရဲနွမ်းပါးသူအချိုးသည် ၃၂% ဖြစ်ပါသည်။ သို့ရာတွင် ဤအချိုးသည် ပြည်နယ်/တိုင်းများအတွင်း အရေးပါသော ကွဲပြားခြားနားမှုများကို ထင်ဟပ်ဖော်ပြနိုင်ခြင်း မရှိပါ။ ပြည်နယ်/ တိုင်းများအနက် ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးသူအချိုး ၇၃% ဖြင့် အဆင်းရဲဆုံးဖြစ်ပြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် ၅၂%၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သည်၅၁% အသီးသီးဖြင့် ဆင်းရဲနွမ်းပါးသူအချိုး မြင့်မားကြပါသည်။ အနိမ့်ဆုံး ဆင်းရဲနွမ်းပါးသူ အချိုးများကို ကရင်ပြည်နယ် (၁၂%)၊ ရန်ကုန်တိုင်း (၁၅%)၊ နှင့် မွန်ပြည်နယ် (၂၂%) တို့တွင် တွေ့ရှိရပါသည်။

### *ဆင်းရဲနွမ်းပါးမှုကွာဟချက်အချိုး*

၅။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးသည် ဆင်းရဲနွမ်းပါးခြင်း၏ နက်ရှိုင်းမှုအခြေအနေကို တိုင်းတာတွက်ချက်ခြင်းဖြစ်၍ ဆင်းရဲနွမ်းပါးသူများ၏ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက် ပျှမ်းမျှကွာဟချက်ကို ဆင်းရဲနွမ်းပါးသူဦးရေနှင့် မြှောက်၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ဤအချိုးအား ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအောက်ရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၏ သုံးစွဲမှုအဆင့်အား ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအထိ တိုးမြှင့်ရန် လိုအပ်သည့် ငွေကြေးပမာဏကို ခန့်မှန်းရာတွင် အသုံးပြုနိုင်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးမှာ ၀.၀၇ ရှိသဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန် လိုအပ်သည့် စုစုပေါင်းငွေကြေး ပမာဏသည် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအရ သတ်မှတ်ငွေကြေး၏ ၇% ကို လူဦးရေဖြင့် မြှောက်ခြင်းနှင့် ညီမျှပါသည် (မှန်ကန်တိကျစွာ သတ်မှတ်ဦးတည်ထားခြင်း၊ အဟန့်အတားဖြစ်စေသည့် အကျိုးသက်ရောက်မှုမရှိခြင်း စသည်တို့ကိုယူဆလျက်)။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုး ပြည်နယ်နှင့် တိုင်းများအကြား ကွဲပြားမှုများ ရှိပါသည်။ အမြင့်ဆုံး ကွာဟချက်ကို ချင်းပြည်နယ် (၀.၂၃)တွင် တွေ့ရှိရပြီး၊ ထို့နောက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) (၀.၁၂)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)(၀.၁၂)တို့ ရှိကြပါသည်။ အနိမ့်ဆုံး ကွာဟချက်များကို ကရင်ပြည်နယ် (၀.၀၂)၊ ရန်ကုန်တိုင်း (၀.၀၃) နှင့် မွန်ပြည်နယ် (၀.၀၄) တို့တွင် တွေ့ရှိရပါသည်။

***ဆင်းရဲနွမ်းပါးမှုကွာဟချက်နှစ်ထပ်ကိန်းအချိုး***

၆။ ဆင်းရဲနွမ်းပါးမှုကွာဟချက် နှစ်ထပ်ကိန်းသည် ဆင်းရဲနွမ်းပါးခြင်း လွှမ်းခြုံမှုပြ ညွှန်ကိန်းတစ်ခု ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးနှင့် ကွဲပြားခြားနားမှုမှာ ဤညွှန်ကိန်းသည် အဆင်းရဲဆုံး အိမ်ထောင်စုများ (ဆင်းရဲနွမ်းပါးမှုပြမျဉ်းမှ အဝေးကွာဆုံး အိမ်ထောင်စုများ)ကိုပိုမို အလေးပေးထားခြင်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းကို ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးနှင့် အလားတူ အလိုလိုသိသည့် အဓိပ္ပာယ်ဖြင့် ဖော်ဆောင်နိုင်ခြင်း မရှိပါ။ ဤညွှန်ကိန်းသည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် အမြင့်ဆုံးဖြစ်ပြီး ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့တွင် အနိမ့်ဆုံးဖြစ်ပါသည်။

***တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%) ၏ဝေစု***

၇။ ပြည်ထောင်စုအဆင့်သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်၏ ဝေစုသည် တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ၂၀% အိမ်ထောင်စုများ၏ သုံးစွဲမှုကိုပြသည့် အချိုးအစား ညွှန်ကိန်းတစ်ခု ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် မညီမျှမှု၏ စံတိုင်းတာချက်တစ်ခု ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%)သည် စုစုပေါင်းသုံးစွဲမှု အသုံးစရိတ်၏ ၁၂.၂%ကို သုံးစွဲပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် ဤညွှန်ကိန်းသည် ထူးခြားစွာ ကွဲပြားမှုမရှိဘဲ ၁၀.၇% နှင့် ၁၂.၉% အတွင်း ရှိကြပါသည်။ အနိမ့်ဆုံး ဝေစုများကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်း၊ အမြင့်ဆုံး ဝေစုများကို ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) တို့တွင် တွေ့ရှိရပါသည်။

***တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/တိုင်း အသီးသီး၏ ပါဝင်မှု***

၈။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/တိုင်းအသီးသီး၏ ပါဝင်မှု သည် ပြည်နယ်/တိုင်းတစ်တိုင်းစီ၏ ဆင်းရဲနွမ်းပါးခြင်းဖြစ်ပွားမှုနှင့် လူဦးရေအလေးတင်မှု (လူဦးရေအရွယ်အစား) နှစ်ခုစလုံးအား ထည့်သွင်း စဉ်းစားပါသည်။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် အများဆုံး ပါဝင်မှုရှိသည့် ပြည်နယ်/တိုင်းမှာ မန္တလေးတိုင်း (၅.၇%) ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဖော်ပြရပါက ပြည်ထောင်စုအဆင့်တွင် ဆင်းရဲသူများ ၃၂% အနက် ၅.၇% မှာ မန္တလေးတိုင်းမှ ဖြစ်ပြီး ထိုနောက်တွင် ဧရာဝတီတိုင်း ၄.၂%၊ မကွေးတိုင်း ၃.၇% တို့ရှိကြပါသည်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့မှာ အဆင်းရဲဆုံးပြည်နယ်/တိုင်းများ ဖြစ်သော်လည်း လူဦးရေများမှာ အတော်အတန် နည်းပါးသဖြင့် ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှုတွင် ယင်းပြည်နယ်များ၏ ပါဝင်မှုကို လျော့နည်းစေပါသည်။ အောက်ဖော်ပြပါ ကိန်းဂဏန်းများက မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင် ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံး ဖြစ်ကြောင်း စိတ်ဝင်စားဖွယ်ကောင်းသော သတင်း အချက်အလက်ကိုသာမက မည်သည့်ပြည်နယ်နှင့် တိုင်းများသည် ယင်းတို့၏ လူဦးရေအရွယ်ကြောင့် ဆင်းရဲနွမ်းပါးမှုတွင် အများဆုံး ပါဝင်လျက်ရှိကြောင်းကိုပါ ဖော်ပြပေးပါသည်။

| | | ဆင်းရဲနွမ်းပါးမှုအချိုး | | |
|---|---|---|---|---|
| | | **နိမ့်ကျ** | **ပျမ်းမျှ** | **မြင့်မား** |
| **လူဦးရေအရွယ်** | **နိမ့်ကျ** | ကရင် | ကယား၊ တနင်္သာရီ | ချင်း၊ ရှမ်း (အရှေ့)၊ ကချင် |
| | **ပျမ်းမျှ** | မွန် | ရှမ်း (တောင်)၊ မကွေး၊ ရခိုင်၊ ပဲခူး (အရှေ့)၊ ပဲခူး (အနောက်) | ရှမ်း (မြောက်) |
| | **မြင့်မား** | ရန်ကုန် | မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်း | |

## ဆင်းရဲနွမ်းပါးမှု၏ ပင်ကိုလက္ခဏာများ

### အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ

*ပျမ်းမျှ အိမ်ထောင်စုအရွယ်*

၉။ ပျမ်းမျှအိမ်ထောင်စု အရွယ်ဖြစ်သည့် အိမ်ထောင်စုရှိ ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက်သည် ပြည်ထောင်စုအဆင့်တွင် ၅.၂ ရှိပြီး ကျေးလက်ဒေသများရှိ အိမ်ထောင်စုအရွယ်သည် မြို့ပြဒေသများထက် အနည်းငယ် မြင့်မားပါသည် (၅.၂နှင့် ၅.၁အသီးသီးရှိပါသည်)။ အိမ်ထောင်စုအရွယ်သည် ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော ဆက်စပ်မှုတစ်ရပ် ဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် အစီအစဥ်တကျ အရွယ်ကြီးမားပြီး အိမ်ထောင်စု၏ ၆.၁ နှင့် ၄.၉ အသီးသီး ရှိပါသည်။ ဤပုံစံသည် ပြည်နယ်နှင့် တိုင်းများ၏ အိမ်ထောင်စု များတွင်လည်း ဖြစ်ပေါ်လျက် ရှိပါသည်။ ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား အကြီးမားဆုံးရှိသော ပြည်နယ်/တိုင်းများမှာ ရခိုင်ပြည်နယ် (၆.၀)၊ ကချင်ပြည်နယ်(၆.၀)နှင့် ချင်းပြည်နယ်(၅.၉)ဖြစ်ကြပြီး၊ ပျမ်းမျှအိမ်ထောင်စုအရွယ် အငယ်ဆုံးရှိသည့် ပြည်နယ်/တိုင်းများမှာ ပဲခူးတိုင်း (အနောက်ပိုင်း)(၄.၂) နှင့် ရန်ကုန်တိုင်း (၄.၇) တို့ ဖြစ်ကြပါသည်။

*အသက်အရမှီခိုမှုအချိုး*

၁၀။ အသက်အရ မှီခိုမှုအချိုးသည် အသက် ၁၅နှစ်မှ ၆၀နှစ်အတွင်းရှိ ဦးရေနှင့် နှိုင်းယှဥ်ပြီး မှီခိုသူဦးရေ(အသက် ၁၅နှစ်အောက် ကလေးသူငယ်နှင့် အသက်၆၁နှစ်နှင့်အထက်)၏ သတင်းအချက်အလက်များကို ဖော်ပြပေးပါသည်။ မှီခိုမှုအချိုး မြင့်မားလေ၊ မှီခိုသူမဟုတ်သည့် ဦးရေနှင့် နှိုင်းယှဥ်ပါက မှီခိုသူဦးရေ မြင့်မားလေ ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် မှီခိုသူအချိုးသည် ၀.၅၈ ဖြစ်ပါသည်။ ဤအချိုးမှာ ပြည်နယ်နှင့်တိုင်း အများအပြားတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများထက် ပိုမို မြင့်မားပါသည်။ ၎င်းအချိုးသည် ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံး (၀.၇၀ ထက်ပိုမို) ဖြစ်ပြီး၊ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် အနိမ့်ဆုံး (၀.၅၀ အောက်) ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ ပို၍ကြီးမားသော အိမ်ထောင်စုအရွယ် ရှိသော်လည်း အသက်အရ မှီခိုမှုအချိုးသည် ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော ဆက်စပ်မှုတစ်ခုဖြစ်ဟန် မရှိပါ။

*စီးပွားရေးအရ မှီခိုမှုအချိုး*

၁၁။ စီးပွားရေးအရ မှီခိုမှုအချိုးအား အလုပ်မလုပ်သူ အိမ်ထောင်စုဝင်ဦးရေ[၂]ကို အိမ်ထောင်စု၏ အလုပ်လုပ်သူ ဦးရေဖြင့် (သင်္ချာသဘောအရ)စားခြင်းဖြင့် တိုင်းတာပါသည်။ ၎င်းအချိုးသည် အိမ်ထောင်စုတွင် စီးပွားရှာဖွေ လုပ်ကိုင်သူများနှင့် နှိုင်းယှဥ်ပြီးစီးပွားရေးအရ မှီခိုသူဦးရေအတွက် သတင်းအချက်အလက်များကို ဖြည့်ဆည်း ပေးပါသည်။ ပြည်ထောင်စုအဆင့်တွင် စီးပွားရေးအရမှီခိုသူအချိုးသည် ၀.၄၆ဖြစ်ပါသည်။ ၎င်းအချိုးသည် ကျေးလက်ဒေသများ (၀.၄၇)တွင် မြို့ပြဒေသများ(၀.၄၂)ထက် အနည်းငယ်မြင့်မားပါသည်။ အံ့သြစရာ ကောင်းသည်မှာ ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများ၏ စီးပွားရေးအရ မှီခိုမှုအချိုးတွင် သိသာ ထင်ရှားစွာ ခြားနားမှု မရှိပါ။ အမြင့်ဆုံးစီးပွားရေးအရ မှီခိုမှုအချိုးများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင်လည်းကောင်း၊ အနိမ့်ဆုံးအချိုးကို ရခိုင်ပြည်နယ်တွင် တွေ့ရှိရပြီး မှီခိုသူ တစ်ဦးစီအတွက် စီးပွားရှာဖွေ လုပ်ကိုင်သူ ၃ဦး ဝန်းကျင် ရှိပါသည်။ အသက်အရ/ စီးပွားရေးအရ မှီခိုမှု အချိုးများနှင့် ဆင်းရဲနွမ်းပါးမှု ဆက်နွယ်မှုမရှိခြင်းသည် အလုပ်လက်မဲ့ဖြစ်ခြင်း သို့မဟုတ် လုပ်သား အင်အား ပါဝင်မှုနှုန်းနိမ့်ကျခြင်းထက် အကျိုးအမြတ်ပြန်ရရှိမှု နိမ့်ကျခြင်းနှင့် လုပ်ခကြေးငွေရရှိမှု နည်းပါးခြင်း တို့သည် ဆင်းရဲနွမ်းပါးမှု၏ များစွာပိုမိအရေးပါသော ပြဿနာချက်များ ဖြစ်သည်ကို ဖော်ပြပါသည်။

---

[၂] အလုပ်မလုပ်သူများမှာ စစ်တမ်းကောက်ယူခြင်း မတိုင်မီ ၆ လအတွင်း အခကြေးငွေ (သို့မဟုတ်) အမြတ်အစွန်းအတွက် အိမ်ထောင်စု၏ မည်သည့် စီးပွားရေးလုပ်ငန်းတွင်မဆို ဝင်ရောက် အလုပ်မလုပ်သူများပင် ဖြစ်ပါသည်။

### *အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများအချိုး*

၁၂။ ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုများ၏ ၁၈.၉%မှာ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ ဖြစ်ပါသည်။ ဤအချိုးသည် မြို့ပြဒေသများတွင် ကျေးလက်ဒေသများထက် ပိုမိုမြင့်မားပြီး ၂၅.၁% နှင့် ၁၆.၇% တို့ အသီးသီး ရှိကြပါသည်။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ၏ အမြင့်ဆုံးအချိုးမှာ ရန်ကုန်တိုင်းတွင် ရှိပြီး အိမ်ထောင်စုများ၏ ၂၄.၄% ဖြစ်၍ ကချင်ပြည်နယ် (၂၂.၈%) တွင်လည်း ယင်းအချိုး မြင့်မားပါသည်။ မိန်းမဦးစီးသည့် အိမ်ထောင်စုများ၏ အနိမ့်ဆုံးအချိုးသည် ချင်းပြည်နယ်၌ အိမ်ထောင်စုများ၏ ၁၀.၄% ရှိပြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) (၁၁.၁%)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၁၂.၈) တို့တွင်လည်း လျော့နည်းလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးအိမ်ထောင်ဦးစီးမှုသည် ဆင်းရဲနွမ်းပါးမှု၏ ဆက်စပ်မှုတစ်ရပ်ဖြစ်ဟန်မရှိပါ။ မဆင်းရဲသော အိမ်ထောင်စုများထက် ဆင်းရဲသော အိမ်ထောင်စုများတွင် အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများအချိုးသည် အနည်းငယ်လျော့နည်းလျက်ရှိပါသည် (၁၉.၁%နှင့် နှိုင်းယှဥ်ပါက ၁၈.၃% ရှိပါသည်)။ ထို့သို့ဖြစ်သည့်အားလျော်စွာ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ၏ ဆင်းရဲခြင်းဖြစ်မှုသည် ၂၉%ရှိပြီး အမျိုးသားဦးစီးသည့်အိမ်ထောင်စုများ၏ ဆင်းရဲခြင်းဖြစ်မှုဖြစ်သည့် ၃၀%နှင့် နှိုင်းယှဥ်ကြည့်နိုင်ပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးမှု ဆက်နွယ်မှုမရှိခြင်းကို မြန်မာနိုင်ငံတွင် ယခင်ကပင် တွေ့ရှိရ၍[၇] အောက်ဖော်ပြပါအကြောင်းအချက်များအနက်တစ်ခုခုကြောင့်ဖြစ်နိုင်ပါသည်။ ၁) အရေးပါသည့် လွှဲပို့ငွေ ဝင်ငွေလက်ခံ ရရှိမှု ၂) စီးပွားရေးအခြေအနေကောင်းမွန်သော (မြို့ပြ)အမျိုးသမီးများသည် ခင်ပွန်းသေဆုံးပြီး (သို့မဟုတ်) ကွာရှင်းပြတ်စဲပြီးနောက် မိမိတို့၏ အိမ်ထောင်စုများကို ဦးဆောင်မှုပြုနိုင်ပြီး အခြားအိမ်ထောင်များတွင် ပေါင်းစည်းနေထိုင်ခြင်းမရှိပါ။ (မြို့ပြတွင် မိန်းမဦးစီးသည့်အိမ်ထောင်စုများ၏ ရာခိုင်နှုန်း မြင့်မားမှုမှာ ဤရှင်းလင်းချက်နှင့် ကိုက်ညီမှု ရှိပါသည်။) မူဝါဒ သို့မဟုတ် အစီအစဥ်များ ရေးဆွဲချမှတ်ရန်အတွက် အမျိုးသမီးအိမ်ထောင်ဦးစီးမှု အမျိုးအစားကို ပိုမိုကောင်းမွန်သော ခွဲခြမ်း စိတ်ဖြာမှု လိုအပ်လျက်ရှိပြီး ဒုက္ခအခက်အခဲ သီးသန့်ကြုံတွေ့နေသည့် အုပ်စုခွဲများကို သတ်မှတ် ဖော်ထုတ်ရပါမည် ။

### *အိမ်ထောင်ဦးစီး၏ ပညာရေးအခြေအနေ*

၁၃။ ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်ဦးစီးများ၏ ၂၀.၁%မှာ စာမတတ်မြောက်သူများ ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် အိမ်ထောင်ဦးစီးများ၏ ၂၃.၄%မှာ စာမတတ်မြောက်သူများ ဖြစ်သဖြင့် စာမတတ်မြောက်မှုနှုန်း ၁၁.၁%ရှိသော မြို့ပြဒေသများနှင့် နှိုင်းယှဥ်ပါက အချိုးပို၍ မြင့်မားပါသည်။ ပညာရေးအဆင့်အတန်းအနေဖြင့် မြို့ပြဒေသများရှိ အိမ်ထောင်ဦးစီးများအနက် အဆင့်မြင့်ပညာ တက်ရောက်ပြီး သူများမှာ ၁၁.၉% ရှိသဖြင့် ကျေးလက်ဒေသများရှိ ၁.၃%နှင့် နှိုင်းယှဥ်ပါက ပို၍မြင့်မားပါသည်။ အမျိုးသမီး အိမ်ထောင်ဦးစီးများ၏ စာမတတ်မြောက်မှုအချိုး(၃၇.၆%)သည် အမျိုးသားအိမ်ထောင်ဦးစီးများ၏ စာမတတ်မြောက်မှုအချိုး (၁၆.၁%)ထက်မြင့်မားပါသည်။ အိမ်ထောင်ဦးစီး၏ပညာရေးအထူးသဖြင့်အိမ်ထောင်ဦးစီး၏ စာတတ်မြောက်မှု[၈]သည် ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော အတိုင်းအတာတစ်ရပ်ဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်ဦးစီးများ၏ စာမတတ်မြောက်မှုနှုန်းမှာ မဆင်းရဲသောအိမ်ထောင်ဦးစီးများ၏ စာမတတ်မြောက်မှုနှုန်း၏ နှစ်ဆနီးပါးခန့်ဖြစ်ပြီး ၂၈.၃%နှင့် ၁၇% အသီးသီးရှိပါသည်။ ထို့အပြင် ကျောင်းလုံးဝမနေဖူးခြင်း (သို့မဟုတ်) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့သာ တက်ရောက်သင်ကြားဖူးသည့် ဆင်းရဲသော အိမ်ထောင်စုများ၏ အိမ်ထောင်ဦးစီး ရာခိုင်နှုန်းသည် မဆင်းရဲသော အိမ်ထောင်ဦးစီးများ၏ ၂၇.၇%နှင့် နှိုင်းယှဥ်ပါက ၄၂.၃% ရှိပါသည်။ ရန်ကုန်တိုင်းတွင် အထက်တန်းပညာ တက်ရောက်ပြီးသည့် အိမ်ထောင်ဦးစီး ၁၃.၃%ရှိသဖြင့် အိမ်ထောင်ဦးစီးများ၏ ပညာရေးအဆင့်အတန်းမှာ မြင့်မားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အိမ်ထောင်ဦးစီးများ၏ ၆၅% မှာ စာမတတ်မြောက်သူများ ဖြစ်သဖြင့် ပညာရေးအဆင့်အတန်း အနိမ့်ဆုံး ဖြစ်ပါသည်။

---

[၇] UNDP/UNDESA. 1999. *Studies in Social Deprivation in Myanmar*. Yangon. April

[၈] စာတတ်မြောက်မှုကို ၁၅ နှစ်နှင့်အထက် အသက်အရွယ်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးသည် အရပ်သုံးဘာသာ စကားဖြင့် သာမန်စာပိုဒ်တစ်ပိုဒ်ကို ဖတ်သား နားလည်နိုင်စွမ်းရှိပြီး သာမန် အတွက်အချက် ပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်း တွက်ချက်နိုင်ပါက သို့မဟုတ် အခြေခံ ပညာဒုတိယတန်းအောင်မြင်ပါက စာတတ်မြောက်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။
တစ်မျိုးသားလုံး၏ စာတတ်မြောက်မှုနှုန်းများကို အပိုင်း (၉) (အောက်တွင်) ကြည့်ပါ။ (အိမ်ထောင်ဦးစီးသက်သက်မဟုတ်ပါ)၊

## သုံးစွဲမှုအသုံးစရိတ်

### *စုစုပေါင်း အိမ်ထောင်စုသုံးစွဲမှု အသုံးစရိတ်*

၁၄။ ကျန်းမာရေးအသုံးစရိတ် မပါဝင်သော[၅] ပျမ်းမျှတစ်ပြေးညီ[၆] ပြုထားသည့် အိမ်ထောင်စုသုံးစွဲမှု အသုံးစရိတ်သည် ကျေးလက်၊ မြို့ပြနှင့် ပြည်နယ်နှင့် တိုင်းများအကြား ကွဲပြားခြားနားကြပါသည်။ ပြည်ထောင်စုအဆင့်တွင် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ပျမ်းမျှအိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ်သည် ၂၂၀,၉၁၀ ကျပ်ဖြစ်ပါသည်။ မြို့ပြဒေသများ၏ ၂၇၃,၀၄၃ ကျပ်နှင့် နှိုင်းယှဉ်ပါက ကျေးလက်ဒေသများ၏ ၂၀၂,၁၈၆ ကျပ်သည် လျော့နည်းလျက်ရှိပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ၏ ပျမ်းမျှသုံးစွဲမှု အသုံးစရိတ်သည် ဆင်းရဲသော အိမ်ထောင်စုများ၏ သုံးစွဲမှု အသုံးစရိတ် ၂ ဆနီးပါးခန့်ရှိပါသည်။ အနိမ့်ဆုံး ပျမ်းမျှသုံးစွဲမှု အသုံးစရိတ်ကို ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင်လည်းကောင်း၊ အမြင့်ဆုံး အသုံးစရိတ်ကို ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင်လည်းကောင်း တွေ့ရှိရပါသည်။

### *ဘတ်ဂျက်ဝေစုများ*

၁၅။ စုစုပေါင်းသုံးစွဲမှုတွင် အစားအစာ ဘတ်ဂျက်ဝေစုနှင့် အစားအစာအတွက် မဟုတ်သည့် ဘတ်ဂျက်ဝေစု (ကျန်းမာရေး အသုံးစရိတ် မပါဝင်ပါ)သည် ပြည်နယ်နှင့် တိုင်းများအကြား၊ ကျေးလက်နှင့် မြို့ပြနှင့် ဆင်းရဲနွမ်းပါးမှုအဆင့်များအကြား ကွဲပြားခြားနားကြပါသည်။ ပြည်ထောင်စုအဆင့်တွင် အစားအစာ အသုံးစရိတ်သည် စုစုပေါင်းသုံးစွဲမှု အသုံးစရိတ်[၇]၏ ၇၃%ရှိပါသည်။ အစားအစာ အသုံးစရိတ်ဝေစုသည် ကျေးလက်ဒေသများတွင် ၇၆.၃% နှင့် မြို့ပြဒေသများအတွင်း ၆၆.၃% ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများအတွက် အစားအစာ အသုံးစရိတ်ဝေစုသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုများပြားပြီး ၇၅.၄% နှင့် ၇၂.၆% အသီးသီး ရှိပါသည်။ အမြင့်ဆုံး အစားအစာ အသုံးစရိတ်ဝေစုကို ချင်းပြည်နယ် (၈၂.၆%)၊ ကရင်ပြည်နယ် (၇၉%)၊ စစ်ကိုင်းတိုင်း (၇၈.၅%)နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) (၇၈.၅%) တို့တွင်လည်းကောင်း၊ အနိမ့်ဆုံးကို ရန်ကုန်တိုင်း (၆၆%)၊ တနင်္သာရီတိုင်း (၆၉.၈%) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (၆၉.၉%) တို့တွင်လည်းကောင်း အသီးသီး တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့်တွင် စုစုပေါင်းသုံးစွဲမှု အသုံးစရိတ်၏ ၂၇% မှာ အစားအစာအတွက် မဟုတ်သော အသုံးစရိတ်များ ဖြစ်ပါသည်။

၁၆။ ကျန်းမာရေး အသုံးစရိတ်များကို ထည့်သွင်း ဖော်ပြပါက ပြည်ထောင်စုအဆင့်တွင် အစားအစာ အသုံးစရိတ် ဘတ်ဂျတ်ဝေစုသည် စုစုပေါင်း အသုံးစရိတ်၏ ၆၉.၄% ရှိ၍ ကျေးလက်ဒေသတွင် ၇၂.၇% ရှိပြီး မြို့ပြဒေသတွင် ၆၂.၆% ရှိပါသည်။

---

[၅] စုစုပေါင်းသုံးစွဲမှုအသုံးစရိတ်တွင် ကျန်းမာရေး အသုံးစရိတ်များနည်းတူ ကြာရှည်သုံး ကုန်ပစ္စည်းများ၏ အသုံးပြုစရိတ်လည်း ပါဝင်ခြင်း မရှိပေ။

[၆] စာရင်းကောက်ယူသည့် (၂) ကြိမ်အတွင်းနှင့် ပြည်နယ်နှင့် တိုင်းများအကြား ဈေးနှုန်းခြားနားမှုများကို ထည့်သွင်း စဉ်းစားရန် ပါရှေးဆန္ဒန်းကိန်း (Paasche Index) ကို အသုံးပြုပြီး သုံးစွဲမှု စရိတ်များကို တစ်ပြေးညီ ပြုထားပါသည်။

[၇] ဤကဲ့သို့ အစားအစာ အသုံးစရိတ် ဘတ်ဂျက်ဝေစု တန်ဖိုးများ အလွန့်အလွန်မြင့်မားနေရခြင်းမှာ စုစုပေါင်း အသုံးစရိတ်တွင် ကျန်းမာရေး အသုံးစရိတ်များ ပါဝင်မှုမရှိခြင်းအပြင် မြန်မာနိုင်ငံ၏ နိမ့်ကျသော အိမ်ငှားခအသုံးစရိတ်များကြောင့်(အောက်တွင် ကြည့်ရန်) ဖြစ်နိုင်ပါသည်။ အလားတူ ရလဒ်များကို အခြား ဝင်ငွေနည်းပါးသည့် ကမ္ဘောဒီးယားစသော အရှေ့တောင် အာရှ နိုင်ငံများတွင် တွေ့ရှိရပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ပျမ်းမျှ အစားအစာ ဝေစုမှာ ၁၉၉၇ ခုနှစ်တွင် ၆၉% ရှိပါသည်။ (ကမ္ဘောဒီးယား နိုင်ငံ၏ စီမံကိန်းဝန်ကြီးဌာန၊ ၁၉၉၇)

## စီးပွားရေးဆိုင်ရာ ပင်ကိုလက္ခဏာများ

### *စီးပွားရေးလုပ်ဆောင်ချက် တစ်ခုတွင် အလုပ်အကိုင်အမျိုးအစားအလိုက် ပါဝင်လုပ်ကိုင်လျက်ရှိသည့် လူဦးရေပြန့်ချက်*

၁၇။ အလုပ်အကိုင်အမျိုးအစားသည် စီးပွားရှာဖွေလုပ်ကိုင်သူ[၈]များ၏ အကျိုးဖြစ်ထွန်းသည့် လုပ်ငန်းလုပ်ဆောင်ချက်များနှင့် စပ်လျဥ်းသည့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပြည်ထောင်စုအဆင့်တွင် အလုပ်လုပ်ကိုင်သူဦးရေ၏ ၄၅.၅% သည် အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းလုပ် လုပ်ကိုင်သူများ ဖြစ်ကြပြီး ၎င်းအနက် ၉.၁% မှာ အလုပ်ရှင်များနှင့် ၃၆.၄% မှာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ ကျေးလက်ဒေသများတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများသည် အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၃၇.၈% ရှိပြီး မိသားစုအလုပ်သမားနှင့် ကျပန်းအလုပ်သမားများမှာ ၁၈.၇% နှင့် ၁၈.၆% အသီးသီး ရှိကြပါသည်။ မြို့ပြဒေသတွင် အလုပ်သမားများသည် အလုပ်လုပ်သူဦးရေ၏ ၃၄.၉% ရှိသဖြင့် အချိုးအားဖြင့် အများဆုံးဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ၃၂.၃% နှင့် မိသားစုအလုပ်သမား ၁၁.၅% အသီးသီး ရှိပါသည်။ မဆင်းရဲသော အလုပ်လုပ်ကိုင်သူများတွင် အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူအချိုးမှာ ဆင်းရဲသော အလုပ်လုပ်ကိုင်သူများတွင် ယင်းအချိုးထက် မြင့်မားပါသည်။ (၄၈.၈% နှင့် ၃၈.၄% အသီးသီး ရှိပါသည်။) အလုပ်လုပ်ကိုင်သူများတွင် အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူအမျိုးသားများ အချိုးသည် အမျိုးသမီးများ အချိုးထက် မြင့်မားပါသည် (အမျိုးသားများအတွက် အချိုးမှာ ၂၇.၂% ဖြစ်၍ အမျိုးသမီးများအတွက် အချိုးမှာ ၁၈.၃ ဖြစ်ပါသည်)။ ကျပန်းအလုပ်သမားများသည် ဆင်းရဲနွမ်းပါးမှု၏ အရေးကြီးသော ဆက်စပ်မှုတစ်ရပ် ဖြစ်ဟန်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ်လုပ်ကိုင်သူဦးရေတွင် ကျပန်းအလုပ်သမားများ၏ အချိုးသည် မဆင်းရဲသော အိမ်ထောင်စုများအတွက် အချိုး၏ ၂ ဆ နီးပါးခန့်ရှိပါသည် (၂၂.၉% နှင့် ၁၂.၅% အသီးသီး ရှိပါသည်)။ ကျပန်းအလုပ်သမားများသည် ကျေးလက်ဒေသများတွင် အလုပ်လုပ်ကိုင်သူဦးရေ၏ ၁၈.၆% ရှိသဖြင့် ၇.၇% ရှိသော မြို့ပြဒေသများထက် ပို၍အရေးပါပါသည်။

### *စီးပွားရေး လုပ်ဆောင်ချက် တစ်ခုတွင် လုပ်ငန်းအမျိုးအစားအလိုက် ပါဝင်လုပ်ကိုင်လျက်ရှိသည့် လူဦးရေပြန့်ချက်*

၁၈။ လုပ်ငန်းအမျိုးအစားအလိုက် စီးပွားရေးလုပ်ဆောင်ချက်တွင် ပါဝင်လုပ်ကိုင်လျက်ရှိသည့် လူဦးရေ ပြန့်ချက်သည် နိုင်ငံ၏ အရေးကြီးဆုံးသော လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ သတင်းအချက်အလက်ကိုသာမက ဆင်းရဲနွမ်းပါးမှုနှင့် ဆက်နွယ်လျက်ရှိသည့် စီးပွားရေးလုပ်ဆောင်ချက် လုပ်ငန်းအမျိုးအစား ဆိုင်ရာ သတင်းအချက်အလက်ကိုလည်း ဖြည့်ဆည်းပေးပါသည်။ လယ်ယာစိုက်ပျိုးရေး(အမဲလိုက်ခြင်းနှင့်သစ်တောကဏ္ဍအပါအဝင်)သည် မြန်မာနိုင်ငံတွင် အဓိကလုပ်ငန်းဖြစ်ပြီး အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၅၀%ကျော် အလုပ် လုပ်ကိုင်လျက်ရှိပါသည်။ ထို့နောက်တွင် လက်ကားနှင့်လက်လီ ကုန်သွယ်ရေးနှင့် ပြင်ဆင်ရေး လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သူဦးရေ၏ ၁၁.၆%၊ ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းတွင် ၇.၄%နှင့် အိမ်ခြံမြေအဆောက်အအုံ၊ ငှားရမ်းခြင်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ၅.၈% အလုပ်လုပ်ကိုင် လျက်ရှိပါသည်။ ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများသည် အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၆၄.၃%

[၈] စီးပွားရှာဖွေလုပ်ကိုင်သူ ဦးရေမှာ လုပ်ခ(သို့မဟုတ်) အကျိုးအမြတ်အတွက်ဖြစ်စေ သို့မဟုတ် မည်သည့် အိမ်ထောင်စု စီးပွားရေးလုပ်ငန်း အတွက်ဖြစ်စေ အလုပ်လုပ်ကိုင်သူများ ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

ရှိပါသည်။ မြို့ပြဒေသတွင်မူ လက်ကားနှင့် လက်လီကုန်သွယ်ရေးနှင့် ပြင်ဆင်ရေးလုပ်ငန်း များတွင် အလုပ်လုပ်ကိုင်သူများ အများဆုံးဖြစ်၍ အလုပ်လုပ်ကိုင်သူဦးရေ၏ ၂၄.၅%ရှိပြီး ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းတွင် (၁၂.၅%)နှင့် အိမ်မြေအဆောက်အအုံ၊ ငှားရမ်းခြင်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းများတွင် (၁၀.၈%) ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ အလုပ်လုပ်ကိုင်သူများမှာမူ အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၇.၅% သာ ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုအကြား ခိုင်မာသော ဆက်နွယ်မှုများ ရှိပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် ဝင်ရောက်အလုပ်လုပ်ကိုင်သည့် ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ်လုပ်ကိုင်သူ အချိုးသည် ၅၉.၄%ရှိပြီး မဆင်းရဲသောအိမ်ထောင်စုများ၏ အချိုးသည် ၄၅.၈% ရှိပါသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်သည့် အလုပ်လုပ်ကိုင်သူ အမြင့်ဆုံးအချိုးကို ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မကွေးတိုင်းတို့တွင်လည်းကောင်း၊ အနိမ့်ဆုံးအချိုးကို ရန်ကုန်တိုင်းတွင် လည်းကောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်သူ အချိုးအရ ငါးဖမ်းခြင်းလုပ်ငန်းသည် တနင်္သာရီတိုင်း (၂၀.၈%) နှင့် ရခိုင်ပြည်နယ် (၁၃.၂%) တို့တွင် အရေးကြီးသော လုပ်ငန်းဖြစ်ပါသည်။

### *အိမ်ထောင်စုစီးပွားရေးလုပ်ငန်းလုပ်ဆောင်ချက်များ*

<u>လယ်ယာစိုက်ပျိုးရေး</u>

၁၉။ ပျှမ်းမျှ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သည့် ဧရိယာမှာ တောင်သူလယ်သမား အိမ်ထောင်စုများ၏ စုစုပေါင်း စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာအား တောင်သူလယ်သမား အိမ်ထောင်စုဦးရေဖြင့် (သင်္ချာသဘောအရ) စားခြင်း ဖြစ်ပါသည်။ ပျှမ်းမျှလယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သည့်ဧရိယာသည် ပြည်နယ်နှင့်တိုင်းများအကြား နှင့် ကျေးလက်နှင့်မြို့ပြဒေသများအကြား သိသာစွာကွဲပြားခြားနားကြပါသည်။ တောင်သူလယ်သမား အိမ်ထောင်စုတစ်စု၏ မိုးရာသီတွင် စိုက်ပျိုးရေးလုပ်ကိုင်သည့် ပျှမ်းမျှဧရိယာသည် ၆.၉ ဧက ဖြစ်ပါသည်။ ဒေသ၏ လူဦးရေအများစုမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် အလုပ်လုပ်ကိုင် ကြသော်လည်း ချင်းပြည်နယ် (၁.၅ ဧက)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)(၂.၉ ဧက)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)(၃.၆ ဧက)တို့၏ ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာများမှာ အနည်းဆုံး ဖြစ်ကြပါသည်။ ဤဒေသများသည် တောင်ထူထပ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ရန် မြေယာရရှိနိုင်မှု အခက်အခဲ ရှိပါသည်။ အိမ်ထောင်စုများသည် များသောအားဖြင့် အဓိကစိုက်စနစ်အဖြစ် တောင်ယာ စိုက်ပျိုးရေးသို့ ကူးပြောင်းစိုက်ပျိုး ကြပါသည်။ ယင်းအချက်ကို စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာသေးငယ်ခြင်းကို ဧရာဝတီတိုင်းတွင် တစ်စိတ်တစ်ဒေသ ရှင်းပြပါသည်။ ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာသည် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စု တစ်စုလျှင် ၁၂.၄ဧကရှိရာ အများဆုံးဖြစ်ပြီး ပဲခူးတိုင်း(အရှေ့ပိုင်း)တွင် ၉.၇ဧက၊ စစ်ကိုင်းတိုင်းတွင် ၈.၇ဧကနှင့် ရန်ကုန်တိုင်းတွင် ၈.၃ဧကအသီးသီးရှိပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ပျှမ်းမျှစိုက်ပျိုး လုပ်ကိုင်သည့် ဧရိယာနှင့် ဆင်းရဲနွမ်းပါးမှုတို့အကြား မြင့်မားသော ဆက်စပ်မှုရှိပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ၏ ပျှမ်းမျှစိုက်ပျိုးလုပ်ကိုင်သည့် မြေဧရိယာသည် ဆင်းရဲသော အိမ်ထောင်စုများ၏ ပျှမ်းမျှ ဧရိယာထက် ပိုမိုများပြားပြီး ၇.၇ ဧကနှင့် ၄.၉ ဧက အသီးသီး ရှိပါသည်။

၂၀။ တောင်သူလယ်သမား အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျမ်းမျှမြေဧရိယာသည် ၆.၁ ဧက ဖြစ်ပါသည်။ ပျမ်းမျှ ပိုင်ဆိုင်သည့်မြေအရွယ်သည် မြို့ပြဒေသများ[၉] (၄.၉ဧက)နှင့် နိုင်းယှဥ်ပါက ကျေးလက်ဒေသများ (၆.၂ဧက) သည် အနည်းငယ် မြင့်မားပါသည်။ စိုက်ပျိုးလုပ်ကိုင်သည့်ဧရိယာကဲ့သို့ပင် မြေယာပိုင်ဆိုင်မှုသည် ဆင်းရဲ နွမ်းပါးမှုနှင့် အရေးကြီးသော ဆက်စပ်မှုတစ်ရပ် ဖြစ်ပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျမ်းမျှမြေဧရိယာသည် ဆင်းရဲသောအိမ်ထောင်စုများ ပိုင်ဆိုင်မှုထက် သိသိသာသာမြင့်မားပါသည်(၄.၁ဧက နှင့် နိုင်းယှဥ်ပါက၆.၉ဧကရှိပါသည်)။ ပျမ်းမျှပိုင်ဆိုင်သည့်မြေဧရိယာ အနည်းဆုံးဖြစ်သည့် ပြည်နယ်နှင့်တိုင်း များမှာ ချင်းပြည်နယ်(၀.၆ဧက)၊ ရှမ်းပြည်နယ်မြောက်ပိုင်း(၂.၂ဧက)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)(၂.၁ဧက) အသီးသီး ဖြစ်ပါသည်။ ပျမ်းမျှမြေဧရိယာပိုင်ဆိုင်မှု အများဆုံးရှိသည့် ပြည်နယ်/တိုင်းများမှာ ဧရာဝတီတိုင်း (၁၁.၂ဧက)၊ စစ်ကိုင်းတိုင်း (၇.၉ဧက)၊ ရန်ကုန်တိုင်း (၇.၃ဧက)နှင့် ပဲခူးတိုင်း(အရှေ့ပိုင်း) (၆.၉ဧက) အသီး သီး ဖြစ်ပါသည်။ တောင်သူလယ်သမားအိမ်ထောင်စုများ ပျမ်းမျှစိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာ၆.၉ဧကသည် ထိုအိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျမ်းမျှမြေဧရိယာ ၆.၁ ဧကထက် ပို၍ များပါသည်။ အချို့ဒေသများတွင် ဤတိုင်းတာချက်နှစ်ခုသည် ထူးထူးခြားခြား ကွဲပြားခြားနားပါသည်။ ချင်းပြည်နယ်တွင် အိမ်ထောင်စုများ၏ ပျမ်းမျှစိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာသည် ပျမ်းမျှပိုင်ဆိုင်သည့် မြေဧရိယာ၏ ၂.၅ဆရှိပါသည်။ ဤသို့ဖြစ်ရ ခြင်းမှာ အိမ်ထောင်စုများအနေဖြင့် မိမိပိုင်မြေတွင် စိုက်ပျိုးလုပ်ကိုင်သည် သာမက ဒေသအာဏာပိုင် အဖွဲ့အစည်းများထံမှ အသုံးပြုသူ အခွင့်အရေးဖြင့် ရယူသောမြေ ငှားရမ်းခြင်းဖြင့် ရရှိသော်မြေ၊ မိမိထံမှ ချေးယူငွေအတွက် အာမခံရရှိသောမြေ သို့မဟုတ် အခြားနည်းလမ်း [၁၀] ဖြင့် ရရှိသည့် မြေများတွင်လည်း စိုက်ပျိုးရေးလုပ်ကိုင်ခြင်းကြောင့် ဖြစ်ပါသည်။

၂၁။ လယ်ယာစိုက်ပျိုး လုပ်ကိုင်သူဦးရေ၏ လေးပုံတစ်ပုံ (၂၅%) မှာ မြေယာမဲ့များ[၁၁] ဖြစ်ကြပါသည်။ မြို့ပြ ဒေသများရှိ မြေယာမဲ့နှုန်း (၄၄.၂%) သည် ကျေးလက်ဒေသမြေယာမဲ့နှုန်း (၂၅.၁%) ထက် မြင့်မားပါသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသည့် ဆင်းရဲသူများ၏ မြေယာမဲ့နှုန်း (၃၁.၈%)သည် မဆင်းရဲသူများ၏ မြေယာမဲ့နှုန်း (၂၂%)ထက် ပိုမိုမြင့်မားပါသည်။ မြေယာမဲ့နှုန်းအမြင့်ဆုံး ရှိသည့် ပြည်နယ်နှင့်တိုင်း များမှာ ရန်ကုန်တိုင်း (၅၁.၂%)၊ ပဲခူးတိုင်း (အရှေ့ပိုင်း) (၄၅.၆%)၊ ပဲခူးတိုင်း (အနောက်ပိုင်း) (၃၆.၁%) နှင့် ဧရာဝတီတိုင်း (၃၂.၃%) အသီးသီး ဖြစ်ကြပါသည်။

၂၂။ စိုက်ပျိုးစရိတ်ချေးငွေ ရရှိမှုသည် စိုက်ပျိုးရေး ရာသီစတင်ချိန်တွင် သွင်းအားစုများ ပိုမိုဝယ်ယူ ဖြည့်တင်းခြင်း နှင့် မြေငှားရမ်း တိုးချဲ့ လုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးမြေ တိုးချဲ့နိုင်ကာ သီးနှံအထွက် မြင့်မားသည့် အလားအလာ ကောင်းများကို ရရှိစေပါသည်။ စိုက်ပျိုးရေးရာသီချိန် အများဆုံး အကျုံးဝင်သည့် ၂၀၀၄ ခုနှစ် မေနှင့် နိုဝင်ဘာလ (ပထမအကြိမ်စစ်တမ်း) အတွင်း လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် ချေးငွေရရှိသည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ အချိုးသည် ၃၈.၁% ဖြစ်ပါသည်။ ခြောက်သွေ့ရာသီ (ဒုတိယ အကြိမ်စစ်တမ်း)တွင် တောင်သူလယ်သမား အိမ်ထောင်ဦးစီးများ၏ ၁၃.၃%သာလျှင် ၎င်းတို့၏ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများအတွက် ချေးငွေရရှိကြောင်းဖြေဆိုခဲ့ကြပါသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုး စရိတ် ချေးငွေ ရရှိသည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ အချိုးသည် မြို့ပြဒေသများထက် ပိုမို မြင့်မား ပါသည် (၃၉% နှင့် ၁၉.၉% အသီးသီး ရှိပါသည်)။ ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများ၏ ချေးငွေရရှိမှုသည် ၃၆.၇% နှင့် ၃၈.၆% အသီးသီးရှိသဖြင့် အနည်းငယ် ခြားနားမှုရှိပါသည်။

---

[၉] ဤမေးခွန်းကို ဖြေဆိုသူ အရေအတွက်သည် မြို့ပြဒေသတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူ အိမ်ထောင်စုဦးရေ ၇၇၀ ရှိပြီး နိုင်းယှဥ်ပါက ကျေးလက်တွင် ၇၆၀၁ အိမ်ထောင်စုဦးရေ ရှိပါသည်။

[၁၀] ဤရှုမြင်သုံးသပ်ချက်ကို ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု အခြေအနေ အစီရင်ခံစာတွင် အသေးစိတ် လေ့လာသုံးသပ် တင်ပြ ထားပါသည်။

[၁၁] လွန်ခဲ့သော (၆) လအတွင်း မည်သည့် လယ်ယာမြေကိုမျှ ပိုင်ဆိုင်ခြင်းမရှိဘဲ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နေကြသော လူဦးရေအချိုးကို မြေယာမဲ့နှုန်းဟု ဤနေရာ၌ အဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ် ပါသည်။ ထိုသူများမှာ မည်သည့် လယ်ယာမြေကိုမျှ ပိုင်ဆိုင်ခြင်းမရှိသည့် လယ်သမားများ၊ လုပ်ခစား လယ်ယာ အလုပ်သမား များနှင့် လယ်ယာ လုပ်ငန်းခွင်ရှိ ကျပန်းအလုပ်သမားများ စသည်တို့ ဖြစ်ကြပါသည်။

## လယ်ယာစိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများ

၂၃။ လယ်ယာစိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများအတွက် ချေးငွေရရှိနိုင်မှုမှာ အတော်အတန် နည်းပါးပါသည်။ လယ်ယာစိုက်ပျိုးရေး မလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ၁၅%သည် လယ်ယာ စိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများအတွက် မိုးရာသီအတွင်း (ပထမအကြိမ်စစ်တမ်း) ချေးငွေရရှိ ကြပါသည်။ ဤအချိုးသည် ခြောက်သွေ့ရာသီ (ဒုတိယအကြိမ်စစ်တမ်း) တွင် ၉.၆%သို့ ကျဆင်းခဲ့ပါသည်။

### *ဇာစ်မြစ်တစ်ခုခုသို့ ငွေကြေးပြန်လည် ပေးဆပ်ရန်ရှိသော အရွယ်ရောက်သူ အိမ်ထောင်စုဝင် တစ်ဦးဦးပါဝင်သည့် အိမ်ထောင်စု*

၂၄။ ကြွေးမြီတင်ရှိခြင်းသည် ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်း တစ်ရပ်ဖြစ်သကဲ့သို့ ဆင်းရဲနွမ်းပါးမှု အဆင့်နှင့် ဖြစ်ပွားမှု အခြေအနေပေါ် မူတည်သည့် ဖြေရှင်းရန် နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။ ပထမအကြိမ် စစ်တမ်း (၂၀၀၄ခုနှစ် နိုဝင်ဘာလ) ကောက်ယူစဉ်တွင် အိမ်ထောင်စုများ၏ ထက်ဝက်နီးပါး (၄၈.၈%)သည် အနည်းဆုံးချေးငွေ တစ်ကြိမ်အတွက်ကြွေးကျန်၊ ဒုတိယအကြိမ်စစ်တမ်း(၂၀၀၅ခုနှစ်မေလ)တွင် အိမ်ထောင် စုများ၏ ၃၂.၆%သည် အနည်းဆုံး ချေးငွေတစ်ကြိမ်အတွက် ကြွေးကျန် ရှိကြပါသည်။ ခြောက်သွေ့ရာသီ ထက် မိုးရာသီအတွင်း ကြွေးမြီတင်ရှိသည့် အိမ်ထောင်စုအချိုး ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ ပေးဆပ် ရန် ကြွေးကျန်ရှိသည့် အိမ်ထောင်စုများ၏ အချိုးသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် ပိုမိုမြင့်မား ပါသည်။ (အိမ်ထောင်စုများ၏ ၅၄.၈%နှင့် ၃၂%)။ ပထမအကြိမ် စစ်တမ်းတွင် ငွေပေးဆပ်ရန်ရှိသော ဆင်းရဲ သော အိမ်ထောင်စုများ၏ အချိုးသည် မဆင်းရဲသော အိမ်ထောင်စုများ၏ အချိုးထက် ပိုမိုများပြား (၅၃.၃% နှင့် ၄၇%) ပါသည်။

## လုပ်သားဈေးကွက်တွင်ပါဝင်မှု

### *လုပ်သားအင်အား ပါဝင်မှု နှုန်း*

#### အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ

၂၅။ အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းကို လုပ်သားအင်အားတွင် ပါဝင်သည့် အသက် ၁၀ နှစ်နှင့်အထက် လူဦးရေအချိုးဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ လုပ်သားအင်အားမှာ အလုပ်လုပ် ကိုင်နေသူ သို့မဟုတ် အလုပ်လုပ်ကိုင်ရန် အသင့်ရှိသူ ဖြစ်ပါသည်။[၁၂] ပြည်ထောင်စုအဆင့်တွင် လုပ်သား အင်အား ပါဝင်မှုနှုန်းသည် ပထမအကြိမ် စစ်တမ်းတွင် ၅၇.၆% နှင့် ဒုတိယအကြိမ်စစ်တမ်းတွင် ၅၇.၂% ရှိပါ သည်။ စစ်တမ်း(၂)ကြိမ် စလုံးတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများထက် ပိုမိုများပြားပြီး ၆၀% နှင့် ၅၀% ဝန်းကျင်တွင် အသီးသီးရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ ပါဝင်မှုနှုန်းသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုမြင့်မားပြီး ပထမအကြိမ်စစ်တမ်းတွင် ၆၀.၅%နှင့် ၅၆.၃% နှိုင်းယှဉ်ရရှိ၍ ဒုတိယ အကြိမ် စစ်တမ်းတွင် ၅၉.၈%နှင့် ၅၆.၁% နှိုင်းယှဉ်ရရှိပါသည်။ စစ်တမ်း(၂)ကြိမ်စလုံးတွင် အမျိုးသားများ၏ ပါဝင်မှုနှုန်းသည် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းထက် ပိုမိုမြင့်မားပြီး ၇၀% နှင့် ၄၅% အသီးသီးရှိပါသည်။

---

[၁၂] လုပ်သားအင်အားကို လုပ်ခ သို့မဟုတ် အကျိုးအမြတ်အတွက် ဖြစ်စေ၊ သို့မဟုတ် မည်သည့် အိမ်ထောင်စု စီးပွားရေး လုပ်ငန်းတွင်မဆို အလုပ်လုပ်ကိုင်သူ သို့မဟုတ် အလုပ်လုပ်ကိုင်ရန် အသင့်ရှိသူများဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ၎င်းတွင် ကျန်းမာရေး အခြေအနေ သို့မဟုတ် အခြား အကြောင်းများကြောင့် အလုပ်မလုပ်ကိုင်နိုင်သူများ၊ အိမ်တွင်း လုပ်ငန်းများတွင် အချိန်ပြည့် လုပ်ကိုင်နေသူများ၊ အချိန်ပြည့် ပညာသင်ကြားလျက်ရှိသူများ (သို့မဟုတ် အခြားသင်တန်း တက်ရောက်နေသူများ)၊ ဘာသာရေး လုပ်ငန်းများတွင် အချိန်ပြည့် ဆောင်ရွက်နေသူများ၊ မသန်စွမ်းသူများ သို့မဟုတ် ဖွံ့ဖြိုးမှု နှေးကွေးသူများ၊ ပင်စင် သို့မဟုတ် အငြိမ်းစား ယူထားသူများနှင့် အလုပ်ရှာဖွေခြင်းကို ရပ်ဆိုင်းထားသူများ မပါဝင်ပါ။

**<u>အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ</u>**

၂၆။ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းကို လုပ်သားအင်အားတွင် ပါဝင်သည့် အသက် ၁၅ နှစ်နှင့် အထက် လူဦးရေအချိုးဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ လုပ်သားအင်အားမှာ အလုပ်လုပ်ကိုင်နေသူ သို့မဟုတ် အလုပ်လုပ်ကိုင်ရန် အသင့်ရှိသူ ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်၌ ဤနှုန်းသည် စစ်တမ်း ၂ ကြိမ်တွင် ၆၄.၃% နှင့် ၆၃.၈% အသီးသီးရှိသဖြင့် လုံးဝတူညီလုနီးပါးဖြစ်ပါသည်။ စစ်တမ်း ၂ ခုတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများထက် ပိုမိုများပြားပြီး ခန့်မှန်းခြေ အားဖြင့် ၆၇% နှင့် ၅၆% အသီးသီးရှိပါသည်။ စစ်တမ်း ၂ ကြိမ်တွင် အမျိုးသားများ၏ ပါဝင်မှုနှုန်းသည် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းထက် ပိုမိုမြင့်မားပြီး ၇၉.၅% နှင့် ၅၀% ဝန်းကျင်အသီးသီးရှိပါသည်။ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ စစ်တမ်း ၂ကြိမ်တွင် ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုမြင့်မားပြီး ၆၇% နှင့် ၆၂% ဝန်းကျင်တွင်ရှိပါသည်။ ဤနောက်ဆုံး တွေ့ရှိချက်သည် အထက်တွင် ဆွေးနွေးခဲ့သည့် ဆင်းရဲနွမ်းပါးမှုသည် အလုပ်အကိုင် မရှိမှုထက် ဝင်ငွေ အကျိုးအမြတ်နည်းမှုနှင့် လုပ်ခဝင်ငွေနိမ့်ကျမှု တို့နှင့် ပိုမိုသက်ဆိုင်သည်ဆိုသည့် အချက်ကို ထပ်မံ၍ အထောက်အထား အဖြစ် ပံ့ပိုးဖြည့်ဆည်းပေးပါသည်။

***လွန်ခဲ့သော (၆) လအတွင်း အလုပ်လက်မဲ့နှုန်း***

**<u>အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ</u>**

၂၇။ အသက်၁၀နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်းကို လုပ်သားအင်အားတွင် ပါဝင်ပြီး စစ်တမ်း မကောက်ယူမီ (၆)လအတွင်း မည်သည့် အချိန်တွင်မဆို အလုပ်မလုပ်ကိုင်သည့် အသက် ၁၀ နှစ်နှင့် အထက် ရှိသူများ၏အချိုးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ၎င်းသည် နှိုင်းယှဉ်မှုအရ ရေရှည် ဖြစ်ပေါ်သည့် ပေါ်လွင်အလုပ်လက်မဲ့၏ အတိုင်းအတာ တစ်ရပ်ပင် ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် စစ်တမ်းကောက်ယူသည့် ၂ ကြိမ်၌ အလုပ်လက်မဲ့နှုန်းသည် ၂.၃% ဖြစ်သဖြင့် လွန်စွာလျော့နည်းလျက် ရှိပါသည်။ ၎င်းနှုန်းများသည် ကျေးလက်ဒေသနှင့် မြို့ပြဒေသများတွင် ၁.၅%နှင့် ၄.၆%အသီးသီးရှိသဖြင့် သိသာစွာ ကွဲပြားခြားနားလျက် ရှိပါသည်။ အလုပ်လက်မဲ့နှုန်းများသည် ပြည်နယ်နှင့် တိုင်းများအကြားတွင်လည်း သိသာစွာ ကွဲပြားလျက်ရှိပြီး အမြင့်ဆုံးနှုန်းများကို ရခိုင်ပြည်နယ် (၆.၉%)၊ ရန်ကုန်တိုင်း (၅.၃%) နှင့် ချင်းပြည်နယ် (၃.၄%) တို့တွင်တွေ့ရှိရပါသည်။ အလုပ်လက်မဲ့နှုန်းသည် ဆင်းရဲသော အိမ်ထောင်စုများတွင် ၂.၆% ရှိသဖြင့် မဆင်းရဲသော အိမ်ထောင်စုများ (၂.၁%) ထက်အနည်းငယ် ပိုမိုပါသည်။ ဆင်းရဲသူများ၏ အလွန်လျော့နည်းသော အလုပ်လက်မဲ့နှုန်း (၂.၃%)ဖြင့် အလုပ်လက်မဲ့နှင့် ဆင်းရဲနွမ်းပါးမှု ပေါင်းစပ်ဖြစ်ပေါ်နေသည့် အနေအထားကို အလေးဂရုပြုသင့်ပြီး ဆင်းရဲနွမ်းပါးမှုသည် အလုပ်အကိုင် မရှိမှုထက် ဝင်ငွေ အကျိုးအမြတ်နည်းမှုနှင့် လုပ်ခ ဝင်ငွေနိမ့်ကျမှုတို့နှင့် ပိုမိုသက်ဆိုင်သည်ဆိုသည့် ကောက်ချက် (အထက်တွင် ဖော်ပြပြီး)ကို မပျက်ပြယ်စေပါ။

**<u>အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ</u>**

၂၈။ အသက်(၁၅)နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်းကို လုပ်သား အင်အားတွင်ပါဝင်ပြီး စစ်တမ်း မကောက်ယူမီ ၆လအတွင်း မည်သည့်အချိန်တွင်မဆို အလုပ်မလုပ်ကိုင်သည့် အသက်၁၅ နှစ်နှင့်အထက် ရှိသူများ၏ အချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤညွှန်ကိန်းအတွက် တန်းဖိုးများမှာ အသက်၁၀နှစ်နှင့် အထက်အုပ်စုနှင့် အလွန်တူညီမှုရှိပါသည်။ စစ်တမ်းကောက်ယူသည့် ၂ကြိမ်၏ အလုပ်လက်မဲ့နှုန်း (၂%) သည် လွန်စွာ နိမ့်ကျလျက် ရှိပါသည်။ ၎င်းနှုန်းသည် ကျေးလက်ဒေသနှင့် မြို့ပြဒေသများ တွင် ၁.၃% နှင့် ၄.၄% အသီးသီး ရှိသဖြင့် သိသာစွာ ကွဲပြားခြားနားပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ်လက်မဲ့နှုန်း (၂.၄%)သည် မဆင်းရဲသော အိမ်ထောင်စုများထက် အနည်းငယ် ပိုမိုပါသည်။

### *လွန်ခဲ့သော (၇) ရက်အတွင်း အလုပ်လက်မဲ့နှုန်း*

**အသက် (၁၀) နှစ်နှင့်အထက် လူဦးရေ**

၂၉။ လွန်ခဲ့သည့် ၇ ရက်အတွင်း အသက် ၁၀ နှစ်နှင့်အထက်လူဦးရေ၏ အလုပ်လက်မဲ့နှုန်း[၁၃] သည် မကြာသေးမီ အချိန်ကာလ သို့မဟုတ် ကာလတို အလုပ်လက်မဲ့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဖော်ပြပါသည်။ အကယ်၍ ကွဲပြားသည့် ရာသီများအလိုက် စာရင်းအင်းအချက်အလက်များကို ကောက်ယူစုစည်း ရရှိနိုင်ပါက ဤညွှန်ကိန်းကို အသုံးပြုခြင်းဖြင့် ရာသီအလိုက်ပြောင်းလဲမှုများကို လွယ်ကူစွာသိရှိ နားလည်နိုင်မည် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ဤနှုန်းများသည် ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (ပထမအကြိမ် စစ်တမ်း)၌ ၃%နှင့် ၂၀၀၅ ခုနှစ် မေလ(ဒုတိယအကြိမ်စစ်တမ်း)တွင် ၃.၇%စသည်ဖြင့် သိသာစွာ လျော့နည်းခဲ့ပါသည်။ ကျေးလက်ဒေသများတွင် အလုပ်လက်မဲ့နှုန်းသည် ပထမအကြိမ် စစ်တမ်းကောက်ယူရာတွင် သီးနှံရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် လျော့နည်းခဲ့ပါသည် (၃.၁%နှင့်နှိုင်းယှဥ်ပါက ၂.၁%)။ မြို့ပြဒေသများတွင် ဆန့်ကျင်ဖက်ပုံ သဏ္ဌာန်တွေ့ရှိရပြီး အလုပ်လက်မဲ့နှုန်းသည် စာရင်းကောက်ယူသည့် ပထမအကြိမ်၌ ဒုတိယအကြိမ်ထက် ပိုမိုပါသည် (၆.၁% နှင့် ၅.၃%)။ အရည်အသွေးဆိုင်ရာ လေ့လာမှုက အထူးသဖြင့် မြို့ပြဒေသများ၌ မိုးရာသီ အတွင်းတွင် စီးပွားရေးလုပ်ငန်းများ နှေးကွေးလျက်ရှိကြောင်း ဖော်ပြ ထားပါသည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေး အလုပ်သမားများ သို့မဟုတ် ဆိုက်ကားသမားများအတွက်ပင် မိုးရာသီတွင် အလုပ်အကိုင် များများစားစား မရှိကြပါ။ တောင်သူလယ်သမား အိမ်ထောင်စုများ အနေဖြင့်မူ မိုးရာသီတွင် လုပ်ငန်းအများအပြားရှိပြီး လယ်ကွင်းထဲတွင် အလုပ်လုပ်ရန် ကလေးသူငယ်များ၏ အကူအညီကိုပင် လိုအပ်လျက် ရှိပါသည်။ ဤအချက်က ပထမအကြိမ်စစ်တမ်း၌ ကျေးလက်ဒေသများတွင် လုပ်သားအင်အား ပါဝင်မှုနှုန်း ပို၍ မြင့်မားရခြင်း အကြောင်းကို ရှင်းလင်းဖော်ပြလျက် ရှိပါသည်။ ပထမအကြိမ် စစ်တမ်းတွင် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံး ပြည်နယ်နှင့်တိုင်းများမှာ ချင်းပြည်နယ် (၁၀.၂%) ဖြစ်ပြီး ဒုတိယအကြိမ် စစ်တမ်းတွင် ရခိုင်ပြည်နယ် (၉.၁%)ဖြစ်ပါသည်။ အလုပ်လက်မဲ့ ဖြစ်ပွားမှုတွင် ဆင်းရဲသော အိမ်ထောင်စုများ၌ အလုပ်လက်မဲ့နှုန်းသည် မဆင်းရဲသော အိမ်ထောင်စုများထက် အနည်းငယ် ပိုမိုမြင့်မားပါသည်။ ပထမအကြိမ်စစ်တမ်းတွင် ဆင်းရဲသူများ၏ အလုပ်လက်မဲ့နှုန်းသည် ၃.၇% ရှိပြီး မဆင်းရဲသူများ၏ အလုပ်လက်မဲ့နှုန်းသည် ၂.၇% ရှိပါသည်။ ဒုတိယအကြိမ် စစ်တမ်းတွင် မဆင်းရဲသူများ၏ ၃.၅% နှင့် နှိုင်းယှဥ်ပါက ဆင်းရဲသူများ၏ အလုပ်လက်မဲ့နှုန်းသည် ၄.၁% ဖြစ်ပါသည်။

**အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ**

၃၀။ လွန်ခဲ့သည့် ၇ ရက်အတွင်း အသက် ၁၅နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း[၁၄] သည် မကြာသေးမီ အချိန်ကာလ သို့မဟုတ် ကာလတို အလုပ်လက်မဲ့ဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ပြပါသည်။ ပြည်ထောင်စုအဆင့်၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ(ပထမအကြိမ်စစ်တမ်း)တွင် ၂.၈% ရှိပြီး၊ ၂၀၀၅ မေလတွင် ၃.၅% ရှိပါသည်။ ယေဘူယျအားဖြင့် ဆိုရလျှင် အလုပ်လက်မဲ့ဆိုင်ရာ စာရင်း အချက်အလက်များမှာ ၁၅ နှစ်နှင့်အထက်နှင့် ၁၀ နှစ်နှင့်အထက် အသက်အုပ်စုများအတွက် အလွန် ဆင်တူပါသည်။

[၁၃] အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏အလုပ်လက်မဲ့နှုန်းကို စစ်တမ်းမတိုင်မီ (၇) ရက်အတွင်း မည်သည့် အချိန်၌မဆို မည်သည့်အလုပ်ကိုမျှ မလုပ်ကိုင်သည့် အသက် (၁၀) နှစ်နှင့်အထက်ရှိ လုပ်သားအင်အား၌ ပါဝင်သူများ၏အချိုးဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

[၁၄] အသက် ၁၅ နှစ်နှင့်အထက်ရှိ လူဦးရေ၏ အလုပ်လက်မဲ့နှုန်းကို စစ်တမ်းမတိုင်မီ (၇) ရက်အတွင်း မည်သည့် အချိန်၌မဆို မည်သည့် အလုပ်အကိုင်ကိုမျှ မလုပ်ကိုင်သည့် အသက် (၁၅) နှစ်နှင့်အထက်ရှိ လုပ်သားအင်အားတွင် ပါဝင်သူများ၏ အချိုးအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

<u>**လုပ်ခမရသည့် မိသားစုအလုပ်သမားများ မပါဝင်သည့် အသက် (၁၀) နှစ်နှင့် အထက် လူဦးရေ**</u>

၃၁။ အကယ်၍ အလုပ်လုပ်ကိုင်သူလူဦးရေမှ လုပ်ခမရသည့် မိသားစုအလုပ်သမားများ နုတ်ပယ်ပါက လွန်ခဲ့သော (၇)ရက်အတွင်း အသက်(၁၀)နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်းများမှာ ပထမအကြိမ် စစ်တမ်းတွင် ၄.၄%နှင့် ဒုတိယအကြိမ် စစ်တမ်းတွင် ၅.၄% စသည်ဖြင့် အတိုင်းအတာတစ်ခုအထိ မြင့်မားလျက် ရှိပါသည်။ ထို့ပြင် ဒုတိယအကြိမ် စစ်တမ်း၌ ကျေးလက်ဒေသတွင် အလုပ်လက်မဲ့နှုန်း ကြီးမြင့်လာပြီး မြို့ပြဒေသတွင် လျော့ကျသွားပါသည်။

***တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း***

၃၂။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း (၃၀ နာရီ)အရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းကို စစ်တမ်းမကောက်ယူမီ ၇ ရက်အတွင်း ၃၀ နာရီထက်လျော့နည်း၍ အလုပ်လုပ်ကိုင်သူများ (အသက် ၁၀ နှစ်နှင့်အထက်) အချိုးဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ပြည်ထောင်စုအဆင့်တွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၄ခုနှစ် နိုဝင်ဘာလ(ပထမအကြိမ်စစ်တမ်း)တွင် ၉.၀%နှင့် ၂၀၀၅ ခုနှစ် မေလ(ဒုတိယအကြိမ်စစ်တမ်း) တွင် ၁၀.၈% အသီးသီး ဖြစ်ပါသည်။ ကျေးလက်ဒေသများ၌ ပထမအကြိမ်စစ်တမ်း (၂၀၀၄ ခုနှစ် နိုဝင်ဘာလ)တွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းသည် သီးနှံရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေ သဖြင့် လျော့နည်း ကျဆင်းခဲ့ပါသည် (၁၁.၅% နှင့် နှိုင်းယှဥ်ပါက ၈.၆%)။ စစ်တမ်းကောက်ယူသည့် ၂ ကြိမ် တွင် ဆင်းရဲသော အိမ်ထောင်စုများ၏ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းသည် မဆင်းရဲသော အိမ်ထောင်စုများ၏ နှုန်းထက်အနည်းငယ် ပိုမို မြင့်မားပါသည်။ ပထမအကြိမ် စစ်တမ်းတွင်တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံး ပြည်နယ်နှင့် တိုင်းများမှာ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် တနင်္သာရီတိုင်း တို့ဖြစ်ကြပြီး ဒုတိယအကြိမ်စစ်တမ်း ကောက်ယူရာ၌ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့ဖြစ်ကြပါသည်။

၃၃။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း (၄၄ နာရီ) အရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းကို စစ်တမ်းမတိုင်မီ ၇ ရက်အတွင်း ၄၄ နာရီထက် လျော့နည်း၍ အလုပ်လုပ်ကိုင်သူများ (အသက် ၁၀ နှစ်နှင့်အထက်) အချိုးဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ပြည်ထောင်စုအဆင့်တွင် ၎င်းနှုန်းမှာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (ပထမအကြိမ်စစ်တမ်း)တွင် ၃၀.၃% နှင့် ၂၀၀၅ ခုနှစ် မေလ (ဒုတိယအကြိမ်စစ်တမ်း) တွင် ၃၇.၈% ရှိပါသည်။ ကျေးလက်ဒေသတွင် ပထမအကြိမ် စစ်တမ်း၌ သီးနှံရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် မြို့ပြဒေသ၏ ၃၉.၀% နှင့် နှိုင်းယှဥ်ပါက ၂၈.၉% ရှိသဖြင့် များစွာ လျော့နည်းလျက် ရှိပါသည်။ ပထမအကြိမ် စစ်တမ်းတွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးပြည်နယ်နှင့် တိုင်းများမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့ ဖြစ်ကြပြီး ဒုတိယအကြိမ်စစ်တမ်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့ ဖြစ်ကြပါသည်။ စစ်တမ်း (၂)ကြိမ်တွင် ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများတွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းများသည် အနည်းငယ်သာ ကွဲပြားခြားနား ကြပါသည်။ ၎င်းအချက်က အလုပ်အကိုင် မရှိခြင်းသည် ဆင်းရဲနွမ်းပါးမှုအတွက် အဓိကပြဌာန်းချက်တစ်ရပ် မဟုတ်ကြောင်း ဖော်ပြပါသည်။

## အိမ်ရာနေထိုင်မှုအခြေအနေများနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ

***နေအိမ်အမျိုးအစား***

၃၄။ မြန်မာနိုင်ငံတွင် အိမ်ထောင်စုအများစုဖြစ်သည့် ၉၀.၅% သည် မိသားတစ်စုတည်း နေထိုင်သော အိမ်တွင် နေထိုင်ကြပြီး ကျေးလက်ဒေသများတွင် ၉၅.၇%နှင့် မြို့ပြဒေသများတွင် ၇၆%နေထိုင်ကြသည်။ ရန်ကုန်တိုင်း တစ်တိုင်းတည်းတွင်သာ တိုက်ခန်း ၃ ခန်းနှင့် အထက်နေအိမ် တိုက်ခန်းများပါ အဆောက်အအုံတွင် နေထိုင်သည့် အိမ်ထောင်စုအချိုး (၁၇.၅%) မြင့်မားပါသည်။ အလွန်နည်းသော ဆင်းရဲသည့် အိမ်ထောင်စုများသာလျှင် တိုက်ခန်း ၃ ခန်းနှင့် အထက်နေအိမ် တိုက်ခန်းများပါ အဆောက်အအုံတွင် နေထိုင်ကြပါသည်။ (မဆင်းရဲသူ အိမ်ထောင်စု၏ ၃.၅% နှင့် နှိုင်းယှဉ်ပါက ဆင်းရဲသော အိမ်ထောင်စုများမှာ ၀.၁% ရှိပါသည်)

***ဆောက်လုပ်ရေးပစ္စည်းအမျိုးအစား***

၃၅။ နေအိမ်၏ အမိုးအကာနှင့် ကြမ်းခင်းအမျိုးအစားသည် အိမ်ထောင်စု၏နေထိုင်မှုနှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ပြပေးပါသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု အများစုသည် သက်ငယ်မိုး(၄၉.၆%)၊ ဝါးထရံကာ(၅၂.၂%)နှင့် ပျဉ်ခင်း(၅၁.၄%)ဖြင့် နေထိုင်ကြပါသည်။ ကျေးလက်ဒေသရှိ နေအိမ်များ၏ ၆၀.၈% မှာ သက်ငယ်မိုးများနှင့် ဖြစ်ပြီး ၃၁.၃%မှာ သွပ်မိုးများနှင့် ဖြစ်ပါသည်။ မြို့ပြဒေသများတွင် အိမ်အမိုးအတွက် အသုံးအများဆုံးပစ္စည်းမှာ သွပ်(နေအိမ်များ၏၇၀.၂%) ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် ဝါးထရံကာနေအိမ်မှာ အများစုဖြစ်၍ ၅၇.၄%ရှိပြီး နှိုင်းယှဉ်ပါက မြို့ပြဒေသများတွင် ၃၇.၇%ရှိပါသည်။ မြို့ပြဒေသများရှိနေအိမ်များ၏ ၂၅.၈%မှာအင်္ဂတေ/အုတ်နံရံများဖြင့် ကာရံတည်ဆောက်ထားကြပါသည်။ ကျေးလက်ဒေသများတွင် နေအိမ်အခင်းအတွက် ဆောက်လုပ်ရေးပစ္စည်းမှာ ပျဉ်ချပ်များ (၅၃.၆%)ဖြစ်ပြီး ထန်းနှင့် ဝါးကြမ်းခင်းမှာ (၂၆.၅%) ဖြစ်ပါသည်။ မြို့ပြဒေသများတွင် နေအိမ်ကြမ်းခင်းအတွက် အများဆုံးအသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်းမှာ ပျဉ်ချပ်များ(၄၅.၁%)ဖြစ်ပြီး ထိုနောက်တွင် နေအိမ်များ၏ (၂၀.၅%)မှာ အင်္ဂတေခင်း ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ မြင့်မားသော အချိုးအစား(၆၅.၅%)မှာ သက်ငယ်စသည်မိုးသော နေအိမ်များတွင် နေထိုင်ကြပြီး၊ နှိုင်းယှဉ်ပါက မဆင်းရဲသော အိမ်ထောင်စုများမှာ (၄၃.၁%) ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ မြင့်မားသောအချိုးအစားမှာ သက်ငယ် (သို့) အခြားအရွက်များ(၁၂.၈%)(သို့) ဝါးထရံ(၆၄.၇%)ကာရံထားသော နေအိမ်များတွင် နေထိုင်ကြသဖြင့် မဆင်းရဲသော အိမ်ထောင်စုများထက် အချိုး မြင့်မားပါသည် (၄၇.၅% နှင့် ၈.၈% အသီးသီးရှိပါသည်)။ ဆင်းရဲသော အိမ်ထောင်စုများ၏ မြင့်မားသော အချိုးမှာ ထန်း(သို့) ဝါး(၃၃.၈%) (သို့) သဘာဝမြေကြီးနှင့် သဲ (၁၁.၅%) ခင်း၍ တည်ဆောက်ထားသော အိမ်များတွင် နေထိုင်ကြပြီး နှိုင်းယှဉ်ပါက မဆင်းရဲသော အိမ်ထောင်စုများ ထက်အချိုး မြင့်မားပါသည်။

***နေထိုင်ပိုင်ခွင့် အမျိုးအစား***

၃၆။ မြန်မာနိုင်ငံတွင် လူဦးရေ၏ မြင့်မားသောအချိုး (၉၄.၂%)သည် ကိုယ်ပိုင်အိမ်များ ပိုင်ဆိုင်ကြပါသည်။ ဤအချိုးသည် ကျေးလက်ဒေသများတွင် အမြင့်ဆုံးဖြစ်၍ ၉၇.၆% ရှိပါသည်။ မြို့ပြဒေသများတွင် ၈၄.၇%သည် ကိုယ်ပိုင်အိမ်များ ပိုင်ဆိုင်ကြပြီး ကျန်ရှိသူများ (၆.၆%)သည် ပုဂ္ဂလိကတစ်ဦးချင်း (သို့) လုပ်ငန်းအဖွဲ့အစည်းများထံမှ ငှားရမ်းနေထိုင်ကြပြီး ဆွေမျိုးသားချင်းထံမှ ငှားရမ်းနေထိုင်သူမှာ ၅.၅% ရှိ၍ အစိုးရထံမှ ငှားရမ်းနေထိုင်သူမှာ ၁.၈%ရှိပါသည်။ ရန်ကုန်တိုင်းသည် ကိုယ်ပိုင်အိမ် ပိုင်ဆိုင်သည့် အိမ်ထောင်စုအချိုး(၈၂.၆%) အနိမ့်ဆုံးဖြစ်၍ ထိုနောက်တွင် ချင်းပြည်နယ် (၉၀.၂%)နှင့် တနင်္သာရီတိုင်း (၉၀.၄%)ရှိကြပါသည်။

### *အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေဇာစ်မြစ် လက်လှမ်းမီ ရရှိမှု*[၁၅]

၃၇။ ဤညွှန်ကိန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အသုံးပြုသူ၏ နေအိမ်မှတစ်ကီလိုမီတာ (မိနစ်၃၀ခန့်လမ်းလျှောက်အကွာအဝေး)အတွင်း ဘေးကင်းသော သောက်ရေဇာစ်မြစ်အား လက်လှမ်းမီရရှိနိုင်သည့် လူဦးရေအချိုးဟူ၍ ဖြစ်သည်။ ပြည်ထောင်စုအဆင့်၌ လူဦးရေ၏ ၆၂.၆%သည် အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေ ဇာစ်မြစ်အား လက်လှမ်းမီ ရရှိနိုင်ကြပါသည်။ မြို့ပြဒေသနှင့် ကျေးလက်ဒေသအကြား ဤအချိုးမှာ များစွာကွာခြားမှု ရှိပြီး လူဦးရေ၏ ၈၉.၆% နှင့် ၅၅.၃% အသီးသီး ရှိပါသည်။ မဆင်းရဲသည့် အိမ်ထောင်စုများသည် ဆင်းရဲသည့် အိမ်ထောင်စုများထက် ဘေးကင်းသော သောက်ရေအား ပိုမို လက်လှမ်းမီ ရရှိနိုင်ပါသည်။ (၆၄.၂% နှင့် ၅၉.၄% အသီးသီးဖြစ်သည်)။ ဘေးကင်းသောသောက်ရေ ရရှိရေး အတွက် ပြဿနာပိုမို ရှိသော (အိမ်ထောင်စုဦးရေ၏ ၅၀% အောက် လက်လှမ်းမီရရှိခြင်း) ဒေသများမှာ ကျေးလက်ဒေသများအတွက် ဧရာဝတီတိုင်း (၃၀.၁%)၊ ရခိုင်ပြည်နယ် (၃၃.၉%)၊ ရှမ်းပြည်နယ် (တောင်ပိုင်း) (၄၆.၃%) နှင့် တနင်္သာရီတိုင်း (၄၉.၂%) တို့မှ ဖြစ်ကြပါသည်။

### *ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေးစနစ်အား လက်လှမ်းမီ ရရှိမှု*[၁၆]

၃၈။ ပြည်ထောင်စုအဆင့်၌ အိမ်ထောင်စုများ၏ ၆၇.၃% သည် ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေး စနစ်ကို လက်လှမ်းမီပါသည်။ ဤဦးရေအချိုးမှာ မြို့ပြဒေသ (၇၅.၆%) တွင် ကျေးလက်ဒေသ (၆၄.၄%) ထက် မြင့်မားသည်။ ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေး စနစ်အား လက်လှမ်းမီရရှိသည့် ဆင်းရဲသူအချိုး (၅၈.၇%) မှာ မဆင်းရဲသူအချိုး (၇၁.၄%) ထက် နိမ့်ကျပါသည်။ အိမ်ထောင်စုဦးရေ၏ ၆၀% ထက် နိမ့်ကျပြီး အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီရရှိသည့် ပြည်နယ်နှင့်တိုင်းများမှာ ရခိုင်ပြည်နယ် (၃၅.၈%)၊ တနင်္သာရီတိုင်း (၅၃.၄%)၊ ပဲခူးတိုင်း (အနောက်ပိုင်း) (၅၅.၆%)၊ မကွေးတိုင်း (၅၆%) ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၅၇.၆%) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) (၅၉.၉%) တို့ဖြစ်ပါသည်။

### *လျှပ်စစ်ဓာတ်အား ရရှိမှု*

၃၉။ ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုများ၏ ၃၈% မျှသာ လျှပ်စစ်ဓာတ်အား ရရှိပါသည်။ ကျေးလက်နှင့် မြို့ပြလျှပ်စစ်ဓာတ်အားရရှိမှုမှာ သိသာစွာခြားနား၍ မြို့ပြအိမ်ထောင်စုများ၏ ၈၁.၃% သည် လျှပ်စစ်ဓာတ်အား ရရှိပြီး နှိုင်းယှဉ်ပါက ကျေးလက်အိမ်ထောင်စုများ၏ ၂၂.၄% မျှသာ လျှပ်စစ်ဓာတ်အား ရရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုများ၏(၂၀.၄%) မျှသာ လျှပ်စစ်ဓာတ်အား ရရှိပြီး နှိုင်းယှဉ်ပါက မဆင်းရဲသော အိမ်ထောင်စုများ၏(၄၄.၆%)သည် လျှပ်စစ်ဓာတ်အား ရရှိပါသည်။ လျှပ်စစ်ဓာတ်အား ရရှိသည့် အိမ်ထောင်စုအချိုး မြင့်မားသည့်တိုင်းမှာ ရန်ကုန်တိုင်း (၈၂.၆%) ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ရရှိသည့် အိမ်ထောင်စုအချိုးအနိမ့်ဆုံး ပြည်နယ်နှင့် တိုင်းများမှာ ချင်းပြည်နယ် (၁၄.၇%)၊ ပဲခူးတိုင်း (အနောက်ပိုင်း) (၁၃.၂%)၊ ပဲခူးတိုင်း (အရှေ့ပိုင်း) (၂၀.၃%) နှင့် ရခိုင်ပြည်နယ် (၂၃.၂%) တို့ ဖြစ်ပါသည်။

---

[၁၅] သုံးစွဲသူ၏နေအိမ်မှ တစ်ကီလိုမီတာ (မိနစ်၃၀ခန့်လမ်းလျှောက်အကွာအဝေး) အတွင်း ဘေးကင်းသော သောက်ရေဇာစ်မြစ်အား လက်လှမ်းမီရရှိနိုင်သည့် လူဦးရေအချိုး။ ဘေးကင်းသော သောက်ရေဇာစ်မြစ်တွင် ကိုယ်ပိုင်နှင့် အများသုံး ရေပိုက်ခေါင်းမှ ရေ၊ ပိုက်မှလာသည့် ရေ၊ အဝီစိတွင်း၊ တုံကင်ရေ၊ အကာအကွယ်ပြုထားသည့် ရေတွင်း၊ ရေကန်၊ စမ်းရေနှင့် မိုးရေများ ပါဝင်သည်။ စီးပွားဖြစ်ရောင်းချသည့် သောက်ရေသန့်ဘူး၊ ပုံးကျရေသည်များ ရောင်းသည့်ရေ (ရေစည်၊ ထရပ်ကား၊ ရေစည်လှည်း အစရှိသည် အပါအဝင်)၊ အကာအကွယ်မဲ့သည့် လက်ယက်တွင်းများ၊ စမ်းရေ၊ ရေကန် (သို့မဟုတ်) အကာအကွယ်မရှိသော မိုးရေ၊ မြစ်ရေ၊ ချောင်းရေနှင့် ရေကန်ကြီးမှရေ/ ဆည်ရေတို့မှာ ဘေးကင်းသော သောက်ရေဇာစ်မြစ်တွင် မပါဝင်ပါ။

[၁၆] ကောင်းမွန်သောအညစ်အကြေး သန့်ရှင်းရေးစနစ်ကို လက်လှမ်းမီခြင်း ဆိုသည်မှာ လူ၏ကျင်ကြီးကျင်ငယ် အညစ်အကြေးများအား လူ၊ တိရစ္ဆာန်နှင့် ပိုးမွှားတို့နှင့် မထိတွေ့စေရေးအတွက် ကျန်းမာရေးအရ သီးခြားခွဲခြားထားရှိသည့် မိမိအိမ်ထောင်စုသာ အသုံးပြုနိုင်သည့် အိမ်သာများကို လက်လှမ်းမီသည့် လူဦးရေအချိုး ဖြစ်ပါသည်။ ယင်းစနစ်တွင် ရေစလုတ်ပါ ရေဆွဲနှင့် ရေလောင်းအိမ်သာ၊ ခြေတင်ခုံအဖုံးပါ တွင်းဖုံးအိမ်သာ၊ ခြေတင်ခုံအဖုံးမပါ တွင်းလွဲတွင်းဖုံး အိမ်သာ၊ ခြေတင်ခုံအဖုံးမပါ တွင်းဖုံး အိမ်သာများ ပါဝင်ပါသည်။

## ***အိမ်ထောင်စုပိုင်ဆိုင်ပစ္စည်းများ***

**<u>လယ်ယာသုံးပစ္စည်းကိရိယာ</u>**

၄၀။ တောင်သူလယ်သမား အိမ်ထောင်စုဦးရေ၏ ၁၅.၉% သည် စက်တပ်လယ်ယာသုံးကိရိယာ ပိုင်ဆိုင်ကြပါသည်။ ဤညွှန်ကိန်းသည် ကျေးလက်နှင့်မြို့ပြ တောင်သူလယ်သမား အိမ်ထောင်စုများ အကြားတွင် သိသာစွာ ကွာခြားမှုမရှိပါ။ ၁၅.၉% နှင့် ၁၅.၈% အသီးသီး ရှိကြပါသည်။ ဆင်းရဲသော တောင်သူလယ်သမား အိမ်ထောင်စု ဦးရေအချိုး (၈.၇%) က မဆင်းရဲသော အိမ်ထောင်စုဦးရေအချိုး (၁၈.၈%) ထက်လျော့နည်းပြီး စက်တပ်လယ်ယာသုံး ကိရိယာ ပိုင်ဆိုင်ကြပါသည်။ စက်တပ်လယ်ယာသုံး ကိရိယာ ပိုင်ဆိုင်မှုတွင် အိမ်ထောင်စုဦးရေအချိုး လျော့နည်းသည့် ပြည်နယ်နှင့် တိုင်းများမှာ ချင်းပြည်နယ် (၀.၂%)၊ ရခိုင်ပြည်နယ် (၅.၁%)နှင့် ကရင်ပြည်နယ် (၈.၃%) တို့ဖြစ်ပါသည်။

၄၁။ တိရစ္ဆာန်သုံး လယ်ယာသုံးကိရိယာမှာ တောင်သူလယ်သမားများအကြား ပိုမိုတွင်ကျယ်ပျံ့နှံ့ပြီး တောင်သူလယ်သမား အိမ်ထောင်စုများ၏ ၆၃.၇%မှာ တိရစ္ဆာန်သုံး ပစ္စည်းကိရိယာများ ပိုင်ဆိုင်ကြပါသည်။ ဤညွှန်ကိန်းမှာ မြို့ပြဒေသများထက် ကျေးလက်ဒေသများတွင် ပိုမိုမြင့်မားပါသည်။ (၃၄.၂%နှင့် ၆၅.၁% အသီးသီး ရှိကြပါသည်။) တိရစ္ဆာန်သုံး လယ်ယာသုံးကိရိယာများ ပိုင်ဆိုင်သည့် ဆင်းရဲသော အိမ်ထောင်စုဦးရေအချိုးမှာ မဆင်းရဲသော အိမ်ထောင်စုဦးရေ အချိုးထက် အနည်းငယ်နိမ့်ကျပါသည် (၆၄.၅% နှင့် နှိုင်းယှဉ်ပါက ၆၁.၇% ရှိပါသည်)။ တိရစ္ဆာန်သုံးလယ်ယာသုံး ကိရိယာပိုင်ဆိုင်မှုတွင် အိမ်ထောင်စုဦးရေအချိုး လျော့နည်းသည့် ပြည်နယ်/တိုင်းမှာ ချင်းပြည်နယ် (၁၅.၆%) ဖြစ်ပါသည်။

**<u>ခိုင်းကျွဲ၊ ခိုင်းနွားနှင့် မွေးမြူရေး တိရစ္ဆာန်များ</u>**

၄၂။ ပြည်ထောင်စုအဆင့်တွင် တောင်သူလယ်သမား အိမ်ထောင်စုများ၏ ၆၆.၄% သည် ခိုင်းကျွဲ၊ ခိုင်းနွားများ ပိုင်ဆိုင်ကြပါသည်။ ဤပိုင်ဆိုင်မှုအချိုးသည် ကျေးလက်ဒေသများတွင် ၆၇.၅% ဖြစ်၍ နှိုင်းယှဉ်ပါက မြို့ပြဒေသများ၏ ပိုင်ဆိုင်မှုအချိုး (၄၂.၁%) ထက်မြင့်မားပါသည်။ ခိုင်းကျွဲခိုင်းနွားပိုင်ဆိုင်သည့် ဆင်းရဲသော အိမ်ထောင်စု အချိုးမှာ မဆင်းရဲသည့် အိမ်ထောင်စုဦးရေအချိုးထက် အနည်းငယ်နိမ့်ကျ ပါသည်။ (၆၅.၂% နှင့် ၆၆.၉% အသီးသီး ရှိပါသည်)။ ခိုင်းကျွဲ၊ ခိုင်းနွား ပိုင်ဆိုင်သည့် တောင်သူလယ်သမား အိမ်ထောင်စုဦးရေအချိုး နိမ့်ကျသည့် ပြည်နယ်နှင့် တိုင်းများမှာ ချင်းပြည်နယ် (၂၄.၄%)၊ ကရင်ပြည်နယ် (၃၂%) နှင့် မွန်ပြည်နယ် (၃၄.၇%) တို့ဖြစ်ကြပါသည်။ ယင်းအချိုး မြင့်မားသည့် ပြည်နယ်နှင့် တိုင်းများမှာ စစ်ကိုင်းတိုင်း (၈၁.၉%)နှင့် ပဲခူးတိုင်း (အရှေ့ပိုင်း) (၈၀.၁%) တို့ဖြစ်ကြပါသည်။

၄၃။ မွေးမြူရေးတိရစ္ဆာန်များ ပိုင်ဆိုင်မှုတွင် အိမ်ထောင်စုဦးရေ၏ ၁၆%သည် ဝက်တစ်ကောင်စီ အနည်းဆုံး ပိုင်ဆိုင်ကြသော်လည်း အိမ်ထောင်စုဦးရေ၏ ၁.၃% မျှသာ ဆိတ် သို့မဟုတ် သိုးများကို ပိုင်ဆိုင်ကြပါသည်။ ကြက်၊ ဘဲနှင့် အလားတူတိရစ္ဆာန်များ ပိုင်ဆိုင်မှုမှာ အကျယ်ပြန့်ဆုံးဖြစ်၍ အိမ်ထောင်စုဦးရေ၏ ၂၇.၉% ရှိပါသည်။ အိမ်ထောင်စုများမှာ ပျမ်းမျှခြင်းအားဖြင့် ကြက်၊ ဘဲနှင့် အလားတူတိရစ္ဆာန်များ ၄.၄ ခန့် ပိုင်ဆိုင်ပါသည်။ ကျေးလက်ဒေသရှိ အိမ်ထောင်စုများမှာ ပျမ်းမျှခြင်းအားဖြင့် ကြက်၊ ဘဲနှင့် အလားတူတိရစ္ဆာန်များ ၅.၃ ခန့် ပိုင်ဆိုင်၍ နှိုင်းယှဉ်ပါက မြို့ပြဒေသရှိ အိမ်ထောင်စုများသည် ၁.၉ ကောင်ခန့် ပိုင်ဆိုင်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ ပျမ်းမျှအားဖြင့် ကြက်၊ ဘဲနှင့် အလားတူတိရစ္ဆာန်များ ပိုင်ဆိုင်မှုတွင် လျော့နည်း၍ ၃.၅ ကောင်ခန့်ရှိပြီး မဆင်းရဲသော အိမ်ထောင်စု မှာ ပျမ်းမျှ ၄.၇ ကောင်ခန့် ပိုင်ဆိုင်ကြပါသည်။

၄၄။ ရေဒီယို-ကက်ဆက် သို့မဟုတ် စတီရီယိုစက်၊ ရုပ်မြင်သံကြားစက် သို့မဟုတ် တယ်လီဖုန်း စသည့် လျှပ်စစ် အိမ်သုံးပစ္စည်းများ ပိုင်ဆိုင်မှုသည် အိမ်ထောင်စုတစ်စု၏ စားဝတ်နေရေး အခြေအနေအတွက် ကိုယ်စား ပြုသည့် ညွှန်ကိန်းများပင် ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် အိမ်ထောင်စုဦးရေ၏ ၂၁.၁% သည် ရေဒီယို-ကက်ဆက် သို့မဟုတ် စတီရီယိုစက်တစ်လုံး ပိုင်ဆိုင်ပါသည်။ ဤပိုင်ဆိုင်မှုအချိုးသည် မြို့ပြဒေသ များတွင် ပိုမို မြင့်မား၍ ၃၀.၄% ရှိပြီး ကျေးလက်ဒေသတွင် ၁၇.၇% ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု များတွင် ရေဒီယို-ကက်ဆက် သို့မဟုတ် စတီရီယိုစက် တစ်လုံးပိုင်ဆိုင်သည့် အိမ်ထောင်စုဦးရေ အချိုးသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုနိမ့်ကျပါသည်။ (၁၂.၇%နှင့် ၂၄.၂% အသီးသီး ရှိကြပါသည်။) ပြည်ထောင်စု အဆင့်တွင် အိမ်ထောင်စုဦးရေ၏ ၂၅.၇% သည် ရုပ်မြင်သံကြားစက်တစ်လုံး ပိုင်ဆိုင်ပါသည်။ ဤပိုင်ဆိုင်မှုအချိုးသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် မြင့်မား၍ ၅၂.၇%နှင့် ၁၆% အသီးသီးရှိကြ ပါသည်။ မဆင်းရဲသော အိမ်ထောင်စုများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းသည့် ဆင်းရဲသော အိမ်ထောင်စု များသည် အနည်းငယ်မျှသာ ရုပ်မြင်သံကြားစက် တစ်လုံးပိုင်ဆိုင်ကြပါသည်။ (၉.၅%နှင့် ၃၁.၈%ရှိပါသည်။) ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုဦးရေ၏ ၃.၁%မျှသာ ကြိုးလိုင်း တယ်လီဖုန်း ပိုင်ဆိုင်ကြပါသည်။ ဤပိုင်ဆိုင်မှုအချိုးသည် မြို့ပြဒေသတွင် မြင့်မား၍ အိမ်ထောင်စုဦးရေ၏ ၉.၇% ရှိပြီး ကျေးလက်ဒေသတွင် အိမ်ထောင်စုဦးရေ၏ ၁% ထက်လျော့နည်းပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ ပိုင်ဆိုင်မှု (၄.၁%)နှင့် နှိုင်းယှဉ်လျှင် အလွန်နည်းသည့် ဆင်းရဲသော အိမ်တောင်စုများ(၀.၃%)သည် ကြိုးလိုင်းတယ်လီဖုန်း ပိုင်ဆိုင်ကြပါသည်။ ပြည်နယ်နှင့်တိုင်းများတွင် ကြိုးလိုင်းတယ်လီဖုန်း လက်လှမ်းမီမှု အရှိဆုံးမှာ ရန်ကုန် တိုင်းဖြစ်၍ အိမ်ထောင်စုဦးရေ၏ ၁၀% ရှိပါသည်။ ရေဒီယို-ကက်ဆက်၊ စတီရီယိုစက်နှင့် ရုပ်မြင်သံကြား စက် ပိုင်ဆိုင်သည့် အိမ်ထောင်စုဦးရေအချိုး အနိမ့်ကျဆုံးဖြစ်သည့် ပြည်နယ်နှင့်တိုင်းများတွင် အနိမ့်ဆုံးဖြစ် သည့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ ပါဝင်ကြပါသည်။

၄၅။ ပို့ဆောင်ရေးယာဉ် အမျိုးအစားတစ်ခု ပိုင်ဆိုင်မှုသည် အိမ်ထောင်စု၏ စားဝတ်နေရေး အခြေအနေအတွက် ကောင်းမွန်သည့် ညွှန်ကိန်းတစ်ခု ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် စက်ဘီးတစ်စီး အနည်းဆုံး ပိုင်ဆိုင် သည့် အိမ်ထောင်စုဦးရေအချိုးမှာ ၄၁.၈% ရှိပါသည်။ ဤပိုင်ဆိုင်မှုအချိုးသည် မြို့ပြဒေသတွင် ကျေးလက် ဒေသထက် မြင့်မား၍ ၄၈.၈%နှင့် ၃၉.၂%အသီးသီးရှိကြပါသည်။ စက်ဘီးတစ်စီးပိုင်ဆိုင်သည့် မဆင်းရဲသော အိမ်ထောင်စု ဦးရေအချိုး (၄၅.၄%)သည် ဆင်းရဲသော အိမ်ထောင်စုများအတွက် ဦးရေအချိုး (၃၂.၉%)နှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားပါသည်။ ပြည်ထောင်စုအဆင့်တွင် မော်တော်ဆိုင်ကယ်တစ်စီး ပိုင်ဆိုင်သည့် အိမ် ထောင်စု ဦးရေအချိုးသည် ၉.၈% ရှိပါသည်။ ဤပိုင်ဆိုင်မှု အချိုးသည် မြို့ပြဒေသတွင် ကျေးလက်ဒေသ ထက် မြင့်မား၍ ၁၅.၃%နှင့် ၇.၈%အသီးသီး ရှိကြပါသည်။ မဆင်းရဲသော အိမ်ထောင်စုများထက် ပို၍နည်း သည့် ဆင်းရဲသော အိမ်ထောင်စုများ၏ အချိုး ၃.၉%မျှသာ မော်တော်ဆိုင်ကယ် တစ်စီး ပိုင်ဆိုင်ကြပါသည်။ မော်တော်ဆိုင်ကယ် သို့မဟုတ် စက်ဘီးတစ်စီးကဲ့သို့သော ပို့ဆောင်ရေးယာဉ် အမျိုးအစား အနည်းဆုံး ပိုင် ဆိုင်သည့် အိမ်ထောင်စုဦးရေအချိုးရှိသော ပြည်နယ်နှင့် တိုင်းများတွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ ပါဝင်ကြပါသည်။

## ကျန်းမာရေး၊ အာဟာရအခြေအနေနှင့် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမှု

### *ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် ၁ နှစ်အရွယ် ကလေးများအချိုး*

၄၆။ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့် (၁)နှစ်အရွယ် ကလေးဦးရေအချိုးသည် ကလေးသူငယ် ကျန်းမာရေး စောင့်ရှောက်မှုစနစ်၏ လွှမ်းခြုံမှုနှင့် အရည်အသွေးကို ဖော်ပြသည့် တိုင်းတာချက် တစ်ရပ်ဖြစ်ပါသည်။ ဝက်သက်ရောဂါ၏ ဗိုင်းရပ်(စ)ပိုးများ ကူးစက်ပြန့်ပွားမှု ရပ်တန့်စေရန်အတွက် ရောဂါ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းလွှမ်းခြုံမှုသည် ၉၀%အထက် ရှိရပါမည်။ ပြည်ထောင်စုအဆင့်တွင် ကာကွယ်ဆေးထိုး လုပ်ငန်း လွှမ်းခြုံမှုသည် ၈၀.၃%ရှိပါသည်။ ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှုသည် ပြည်နယ်နှင့် တိုင်းများအကြားနှင့် အလွှာများအကြားတွင် အရေးပါသော ကွဲပြားခြားနားမှုများ ရှိပါသည်။ ဒုတိယအကြိမ် စာရင်းကောက်ယူမှုအရ ကာကွယ်ဆေးထိုးလုပ်ငန်း လွှမ်းခြုံမှု အနိမ့်ဆုံးဖြစ်သည့် ပြည်နယ်နှင့် တိုင်းများမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၉၅.၉%၊ ချင်းပြည်နယ်တွင် ၆၂.၉%နှင့် ရခိုင်ပြည်နယ်တွင် ၆၆.၈%နှင့် ပဲခူးတိုင်း (အနောက်ပိုင်)တွင် (၆၉%) ဖြစ်ကြပါသည်။ ဆင်းရဲသော မိသားစုများ၏ ကလေးများ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံမှု အချိုးမှာ မဆင်းရဲ သော မိသားစုများ၏ ကလေးများထက် အနည်းငယ်လျော့နည်းပြီး ၇၈.၄% နှင့် ၈၁.၄% အသီးသီး ရှိပါသည်။

### *ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှု*

၄၇။ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှုဆိုသည်မှာ လွန်ခဲ့သော ၅နှစ်ကာလအတွင်းက မီးဖွားခဲ့သော အမျိုးသမီးများအနက်မှ မိမိတို့၏ နောက်ဆုံး ကိုယ်ဝန်ဆောင်စဥ်တွင် ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများ (မိရိုးဖလာအရပ်လက်သည်များမပါ)ဖြင့် စောင့်ရှောက်မှု အနည်းဆုံး ၃ ကြိမ် ပြသခံယူခဲ့သော အမျိုးသမီးများ၏ အချိုးပင်ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ၅၃%သည် ကိုယ်ဝန်ဆောင်စဥ်တွင် ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မှု အနည်းဆုံး (၃) ကြိမ်ပြသခံယူခဲ့ ကြပါသည်။ ဤအချိုးသည် ကျေးလက်ဒေသတွင် ၄၈.၂% ဖြစ်ပြီး၊ မြို့ပြဒေသ ၏ အချိုး (၆၉.၈%) ထက် နိမ့်ကျပါသည်။ ဆင်းရဲသည့် အိမ်ထောင်စုများရှိ အမျိုးသမီးများသည် မဆင်းရဲ သည့် အိမ်ထောင်စုများရှိ အမျိုးသမီးများထက် ကိုယ်ဝန်ဆောင်စဥ် ကျန်းမာရေး စောင့်ရှောက်ခြင်း အား လက်လှမ်းမီရရှိမှု လျော့နည်း၍ ၄၄.၅% နှင့် ၅၇.၇% အသီးသီး ဖြစ်ကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်၊ ကျန်းမာရေးစောင့်ရှောက်မှုအား လက်လှမ်းမီရရှိနိုင်မှုမှာ တိုင်းနှင့်ပြည်နယ်များအကြား ကွာခြားမှုရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်၊ ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှု အနိမ့်ဆုံးကို တွေ့ရှိရသည့် ပြည်နယ်နှင့်တိုင်းများမှာ ရခိုင်ပြည်နယ်(၃၁.၈%)၊ ချင်းပြည်နယ်(၃၄.၆%)၊ စစ်ကိုင်းတိုင်း(၄၁.၆%)၊ ကယားပြည်နယ်(၄၂.၃%)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)(၄၃%)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)(၄၇%)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)(၄၈.၇%)နှင့် ကရင်ပြည်နယ် (၄၉%) တို့ဖြစ်ကြပါသည်။ ကိုယ်ဝန်ဆောင် မိခင်ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှု အချိုး အမြင့်ဆုံးဖြစ်သည့် ပြည်နယ်နှင့်တိုင်းမှာ ရန်ကုန်တိုင်း (၇၃.၉%) ဖြစ်ပါသည်။

### *ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှုအချိုး*

၄၈။ ပြည်ထောင်စုအဆင့်တွင် မွေးဖွားမှုများ၏ ၇၂.၅%မှာ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်း (မိရိုးဖလာအရပ်လက်သည်များမပါ)များဖြင့် စောင့်ရှောက်မွေးဖွားခဲ့ကြသည်။ ဤနှုန်းသည် မြို့ပြတွင် ကျေးလက်ထက် ပိုမိုမြင့်မားပြီး ၈၈.၆%နှင့် ၆၇.၉%ရှိပါသည်။ ဤညွှန်ကိန်းသည် မဆင်းရဲသောအိမ်ထောင်စုများရှိ အမျိုးသမီးများတွင် ၇၆.၉% ရှိသဖြင့် ဆင်းရဲသော အိမ်ထောင်စုများ (၆၄.၆%)ထက် ပိုမိုမြင့်မားပါသည်။ ပြည်နယ်နှင့်တိုင်းများအကြား အရေးပါသော ခြားနားချက်များစွာရှိပြီး အခြား ပြည်နယ်နှင့် တိုင်းများနှင့် နှိုင်းယှဥ်ပါက ပို၍ နိမ့်ကျသော ရာခိုင်နှုန်းများကို ချင်းပြည်နယ် (၄၅.၂%)နှင့် ရခိုင်ပြည်နယ် (၄၈.၅%)တို့တွင် တွေ့ရှိရပါသည်။

### *နာမကျန်းဖြစ်ပွားမှု*

၄၉။ မြန်မာနိုင်ငံတွင် ကိုယ်တိုင်ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်ပွားမှု[၁၇] မှာ ရာသီလိုက် ခြားနားမှုများစွာ ရှိပါသည်။ မိုးရာသီတွင် သာမန်အားဖြင့် ငှက်ဖျားရောဂါနှင့်အခြား ရေကြောင့်ဖြစ်သော ရောဂါများဖြစ်ပွားမှုနှုန်း မြင့်မားလေ့ရှိပါသည်။ မိုးရာသီ ကုန်ဆုံးချိန်ကာလ (ပထမ အကြိမ် စစ်တမ်း ကောက်ချိန်) တွင် ပြည်ထောင်စုအဆင့်တွင် နာမကျန်းဖြစ်ပွားမှုနှုန်း ၆.၅% ရှိခဲ့ပြီး၊ နွေရာသီ ကုန်ဆုံးချိန်ကာလ (ဒုတိယစစ်တမ်းကောက်ချိန်) တွင် နာမကျန်းဖြစ်ပွားမှုနှုန်းမှာ ၄.၀% သို့ ကျဆင်းခဲ့သည်။ စစ်တမ်းကောက်သည့် ၂ ကြိမ်လုံးတွင် ကျေးလက်ဒေသ၌ နာမကျန်းဖြစ်ပွားမှုနှုန်း ပိုမို မြင့်မားပါသည်။ ပထမအကြိမ် စစ်တမ်းကောက်ရာ တွင် ကျေးလက်ဒေသ၌ နာမကျန်းဖြစ်ပွားမှုမှာ ၇% ရှိပြီး၊ မြို့ပြဒေသတွင် ၅.၂% ရှိခဲ့ပါသည်။ ဒုတိယအကြိမ်စစ်တမ်းကောက်ရာတွင် မြို့ပြဒေသအတွက် ၃.၄%နှင့် နှိုင်းယှဉ်ပါက ကျေးလက်ဒေသ၌ နာမကျန်းဖြစ်ပွားမှုနှုန်းမှာ ၄.၂% ရှိခဲ့ပါသည်။ ဆင်းရဲသည့် အိမ်ထောင်စုဝင်များနှင့် မဆင်းရဲသည့် အိမ်ထောင်စုဝင်များအကြားဖျားနာကြောင်း ကိုယ်တိုင် ပြောကြားချက်အရ(သိရှိရသည့်) နာမကျန်းဖြစ်ပွားမှုနှုန်းမှာ သိသာစွာကွာခြားခြင်းမရှိပါ။[၁၈]

### *ပျမ်းမျှကျန်းမာရေး အသုံးစရိတ်*

၅၀။ ကျန်းမာရေး စောင့်ရှောက်မှုစရိတ် မြင့်မားခြင်းသည် အိမ်ထောင်စုများ၏ နေထိုင်မှုဘဝ အခြေအနေ အပေါ်တွင် ဆိုးဝါးသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသော်လည်း ကျန်းမာရေး စောင့်ရှောက်မှု အတွက်စရိတ်ကျခံသုံးစွဲနိုင်မှုသည် အိမ်ထောင်စုများ၏ ဆင်းရဲနွမ်းပါးမှု အနေအထားနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို ဖော်ပြပေးနိုင်ပါသည်။ ကျေးလက်ဒေသများတွင် ကျန်းမာရေး အသုံးစရိတ်သည်မြို့ပြဒေသထက်နည်းပြီး ၉၉၀၆ကျပ် နှင့် ၁၆၂၉၁ကျပ် အသီးသီးရှိကြသည်။ အရွယ်ရောက် သူနှင့်ညီမျှချက်အရ ပျမ်းမျှကျန်းမာရေး အသုံးစရိတ်များသည် ဆင်းရဲသည့် အိမ်ထောင်စုများ အတွက် သိသာစွာပိုမိုနည်းပါးပြီး မဆင်းရဲသော အိမ်ထောင်စုများ၏ ကျန်းမာရေးအသုံးစရိတ်သည် ဆင်းရဲသော အိမ်ထောင်စုများ၏ ကျန်းမာရေး အသုံးစရိတ်ထက် ၂ ဆ ကျော်များပါသည်။[၁၉] ပျမ်းမျှ ကျန်းမာရေး အသုံးစရိတ် အမြင့်မားဆုံး ပြည်နယ်နှင့် တိုင်းများမှာ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း (အရှေ့ပိုင်း) တို့ဖြစ်ပြီး၊ ကျန်းမာရေးအသုံးစရိတ်အနည်းဆုံးမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့ဖြစ် ကြပါသည်။

[၁၇] ပြောကြားချက်အရ (သိရှိရသည့်) နာမကျန်းဖြစ်ပွားမှုကို နာမကျန်းဖြစ်၍သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိ၍သော်လည်းကောင်း၊ စစ်တမ်း မကောက်မီရက် (၃၀) အတွင်း အလုပ်ကိုလျှော့လုပ်ခဲ့ရသည်။ (သို့မဟုတ်) အိပ်ရာတွင်နားခဲ့ရသည်ဟု ပြောကြားသူဦးရေဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။
[၁၈] ဆင်းရဲသူများသည် နာမကျန်းဖြစ်နေသည့်တိုင်အောင် ကိုယ့်ကိုကိုယ် နာမကျန်းဖြစ်သည်ဟု မယူဆကြသောကြောင့်ပြောကြားချက်အရ နာမကျန်း ဖြစ်ပွားမှုသည် ဆင်းရဲသည့်အိမ်ထောင်စုဝင်များနှင့် မဆင်းရဲသည့်အိမ်ထောင်စုဝင်များအကြားကွာခြားချက်များကို မှန်ကန်စွာ ဖော်ထုတ်ရန်အတွက် ခိုင်လုံကိုးစား နိုင်လေ့မရှိပါ။
[၁၉] ဆင်းရဲနွမ်းပါးမှု စိစစ်ချက်များအတွက် အသုံးပြုသည့် သုံးစွဲမှု အသုံးစရိတ်တွင် ကျန်းမာရေး အသုံးစရိတ်များ ထည့်သွင်းထားခြင်း မရှိကြောင်း သတိပြုရပေမည်။

### *၅ နှစ်အောက် ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှု*

၅၁။ ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှု ဆိုသည်မှာ အသက် ဝ မှ ၅၉ လအရွယ် နိုင်ငံတကာ ရည်ညွှန်းလူဦးရေအတွက် ကိုယ်အလေးချိန်၏ တစ်ဝက်ကိန်းမှ အနုတ်စံတမ်းချက် နှစ်ဆထက် လျော့နည်းသည့် အသက်အလိုက်ကိုယ်အလေးချိန်[၂၀]ရှိသော ၅နှစ်အောက်ကလေးများအချိုး ဖြစ်ပါသည်။[၂၁] ပြည်ထောင်စုအဆင့် တွင် ပုံမှန်ကိုယ်အလေးချိန် အသင့်အတင့်မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုနှုန်းသည် (၃၄.၄%) ဖြစ်ပါသည်။ ကျေးလက်တွင် မြို့ပြထက် ပျံ့နှံ့မှုနှုန်း အနည်းငယ် မြင့်မား၍ ၃၅.၁% ရှိပြီး မြို့ပြတွင် ၃၂.၅%အသီးသီး ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် မဆင်းရဲသော အိမ်ထောင်စုများထက် ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေပျံ့နှံ့မှုနှုန်း ပိုမိုမြင့်မား၍၃၈% ရှိပြီး မဆင်းရဲသော အိမ်ထောင်စုများတွင် ၃၂.၂% အသီးသီး ရှိပါသည်။ ယောကျ်ားကလေးနှင့် မိန်းကလေးတို့၏ အသင့်အတင့် အာဟာရမပြည့်ဝသော ပျံ့နှံ့မှုနှုန်းမှာ ထူးခြားစွာကွဲပြားမှုမရှိကြောင်း တွေ့ရှိရပါသည်။ ပြည်နယ်နှင့်တိုင်းများ အကြားတွင် အရေးပါသော ကွဲပြားခြားနားမှုများရှိကြောင်း တွေ့ရှိရပါသည်။ စိုးရိမ်ဖွယ်ရာ ပျံ့နှံ့မှုနှုန်းမှာ ရခိုင် ပြည်နယ်တွင်ဖြစ်၍ ၆ဝ.၅% ရှိပါသည်။ (ကျေးလက်ဒေသတွင် ၅၈.၅%ရှိ၍ မြို့ပြဒေသတွင် ၈ဝ.၂% ရှိပါသည်။)

### *၅ နှစ်အောက် ကိုယ်အလေးချိန် လွန်မင်းစွာ မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှု*

၅၂။ ကိုယ်အလေးချိန် လွန်မင်းစွာမပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုဆိုသည်မှာ အသက်(ဝ-၅၉)လအရွယ် နိုင်ငံတကာ ရည်ညွှန်းလူဦးရေအတွက် ကိုယ်အလေးချိန်၏ တစ်ဝက်ကိန်းမှ အနုတ်စံတိမ်းချက် (၃)ဆထက် လျော့နည်းသည့် ကိုယ်အလေးချိန်ရှိသော ၅နှစ်အောက် ကလေးဦးရေအချိုး ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် တွင် ပုံမှန်ကိုယ်အလေးချိန် လွန်မင်းစွာမပြည့်သော ကလေးများ ဦးရေပျံ့နှံ့မှု (၉.၄%) ဖြစ်ပါသည်။ ဤရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် မြို့ပြဒေသထက် အနည်းငယ်မြင့်မား၍ ၉.၈% ရှိပြီး မြို့ပြဒေသ တွင် ၈% ရှိပါသည်။ ကိုယ်အလေးချိန် လွန်မင်းစွာမပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုနှုန်းသည် ဆင်းရဲသော အိမ်ထောင်စုများတွင် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုမြင့်မား၍ ၁၁.၃%နှင့် ၈.၂% အသီးသီး ရှိပါသည်။ လွန်မင်းစွာ အာဟာရချို့တဲ့မှု ပျံ့နှံ့မှုမှာ ယောကျ်ားကလေးများနှင့် မိန်းကလေးများအကြား သိသာစွာ ကွာခြားမှုမရှိပါ။ ပြည်နယ်နှင့်တိုင်းများ အကြားတွင် အရေးပါသော ကွာခြားမှုများရှိပါသည်။ ရခိုင်ပြည်နယ်တွင် အခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်ပြီး ကလေးများ၏ ၂၆.၈%သည် အလွန်အမင်း အာဟာရချို့တဲ့ကြပါသည်။ ကျေးလက်ဒေသတွင် ၂၅.၄% နှင့် မြို့ပြဒေသတွင် ၄ဝ.၆% အာဟာရ ချို့တဲ့ကြပါသည်။ မွန်ပြည်နယ်နှင့် ပဲခူးတိုင်း(အရှေ့ပိုင်း)တွင် ကလေးများ အာဟာရချို့တဲ့မှုနှုန်းမှာ ၁ဝ% ထက် ပိုမိုမြင့်မားပါသည်။

---

[၂၀] ကလေးများကို ကိုယ်အလေးချိန်ရာတွင် Salter အလေးချိန်တိုင်း ကိရိယာကို အသုံးပြုပါသည်။ ကိုယ်အလေးချိန်ကို နှစ်ဦး သီးခြား ဖတ်ယူမှတ်တမ်းပြု၍ တစ်ဦးမှာ ရပ်ရွာသူနာပြုဆရာမ (သို့မဟုတ်) သားဖွားဆရာမဖြစ်ပြီး ကျန်တစ်ဦးမှာ စစ်တမ်း စာရင်း ကောက်ယူသူ ဖြစ်ပါသည်။

[၂၁] အသက်အရရှိသင့်သော ကိုယ်အလေးချိန်ညွှန်ကိန်းမှာ နှစ်ကာလအလိုက် အသက်အားဖြင့်ရှိသည့် ခန္ဓာကိုယ်အလေးချိန်ကို ထင်ဟပ်ဖော်ပြခြင်းဖြစ်၍ ယင်းညွှန်ကိန်းကို ကလေး၏အရပ်မြင့်မားမှု (အသက်အရရှိသင့်သော အရပ်အမြင့်)နှင့် အရပ်အမြင့် အတွက် ရှိသင့်သော ကိုယ်အလေးချိန်တို့က လွှမ်းမိုးထားပါသည်။ ဤညွှန်ကိန်း၏ ပေါင်းစပ်မှု သဘော သဘာဝအရ အဓိပ္ပာယ် ဖော်ဆောင်ရာတွင် ရှုပ်ထွေးမှုများ ရှိပါသည်။ ဥပမာ - အသက်အရ ရှိသင့်သော ကိုယ်အလေးချိန်သည် အရပ်နိမ့်ပြီး လုံလောက် သော ကိုယ်အလေးချိန်ရှိသည့် ကလေးနှင့် အရပ်မြင့်၍ ပိန်သော ကလေးနှစ်ဦးတို့ကို ညွှန်ပြခွဲခြား ဖော်ပြနိုင်ခြင်း မရှိပါ။ အသက်နှင့် ယှဉ်ပါက အရပ်နိမ့်ခြင်း (သို့မဟုတ်) မထွားကျိုင်းခြင်း(ကြီးထွားမှုနှုန်းတန့်ခြင်း)သည် ကာလရှည်စွာ နေ့စဉ် ပရိုတိန်း သုံးစွဲရရှိမှု မလုံလောက်ခြင်းအပါအဝင် ကာလရှည်အကြောင်းရပ်များနှင့် ဆပ်စပ်လျက်ရှိသော စုစည်းဖြစ်ပေါ် လာသည့် ကြီးထွားမှု ချို့တဲ့ခြင်းကို တိုင်းတာပါသည်။ အရပ်အမြင့်နှင့် ယှဉ်လျှင် ကိုယ်အလေးချိန် လျော့နည်းခြင်း (သို့မဟုတ်) ကိုယ်လုံးကိုယ်ထည် သေးငယ်ခြင်း(ကြုံလှီခြင်း)သည် လွန်မင်းစွာ ငတ်မွတ်ခြင်း (သို့မဟုတ်) ပြင်းထန်သည့် ရောဂါခံစားရမှုနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိသည့် မကြာသေးမီကာလ၌ ဖြစ်ပေါ်ခဲ့သည့် ကိုယ်အလေးချိန် လွန်မင်းစွာ လျော့ကျလာမှုဖြစ်စဉ်ကို အများအားဖြင့် ညွှန်ပြပါသည်။ အကြောင်းအပေါင်းမသင့်သဖြင့် ထောက်ပံ့ပို့ဆောင်ရေးအကြောင်း အချက်များကြောင့် အရပ် အမြင့်ကို တိုင်းတာခြင်း မပြုရန် ဆုံးဖြတ်ထား၍ ၅ နှစ်အောက် ကလေးများ၏ မထွားကျိုင်းခြင်းနှင့် ကိုယ်လုံးကိုယ်ထည် သေး ငယ်ခြင်း(ကြုံလှီခြင်း)ဖြစ်ပေါ်ပျံ့နှံ့မှုကို တွက်ချက် တိုင်းတာရန် မဖြစ်နိုင်ပါ။

***ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိမှု***[၂၂]

၅၃။ အဓိကကျသည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိမှုကို ကျန်းမာရေးဌာနတစ်ခု သို့မဟုတ် ဆေးရုံတစ်ရုံနှင့် တစ်နာရီ လမ်းလျှောက် အကွာအဝေးအတွင်း နေထိုင်သူ လူဦးရေ အချိုးဖြင့် တိုင်းတာဖော်ပြပါသည်။ ပြည်ထောင်စုအဆင့်၌ လူဦးရေ၏ (၆၄.၉%)သည် အဓိကကျသည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိပါသည်။ ဤနှုန်းသည် ကျေးလက်ဒေသ(၅၃.၈%)ထက် မြို့ပြဒေသတွင် ပိုမိုမြင့်မား (၉၆.၂%) ပါသည်။ ဤနှုန်း အနိမ့်ဆုံးပြည်နယ်နှင့် တိုင်းတို့မှာ ချင်းပြည်နယ် (၃၆.၅%)နှင့် ရခိုင်ပြည်နယ် (၄၈.၁%)တို့ ဖြစ်ပါသည်။

၅၄။ ရပ်ရွာဆန်းစစ်လေ့လာသည့် စစ်တမ်းကောက်ယူမှုတွင် ပါဝင်သည့် ကျန်းမာရေးဝန်ဆောင်မှု ပေးရာဌာနအများစုမှာ ပြည်သူပိုင်ကျန်းမာရေး ဝန်ဆောင်မှုပေးရာဌာနများ (၆၇%) ဖြစ်သော်လည်း အလွှာများနှင့် ပြည်နယ်နှင့် တိုင်းများ အကြားတွင်အရေးပါသော ကွာခြားမှုများ ရှိပါသည်။ ကျေးလက်ဒေသတွင် စစ်တမ်းကောက်ယူသည့် ကျန်းမာရေးဝန်ဆောင်မှု ပေးရာဌာနများ၏ ၉၂%မှာ ပြည်သူပိုင်များဖြစ်သော်လည်း မြို့ပြဒေသတွင်မူ ၃၆%မျှသာ ပြည်သူပိုင်များ ဖြစ်ပါသည်။ ကျေးလက်ဒေသနှင့် မြို့ပြဒေသကြားတွင် ကျန်းမာရေးဝန်ဆောင်မှုပေးရာဌာန အမျိုးအစားများမှာ သိသာစွာ ကွာခြားပါသည်။ မျှော်မှန်းထားလိမ်မည်ဖြစ်သည့်အတိုင်း ကျေးလက်ဒေသတွင် စစ်တမ်းကောက်ယူခဲ့သည့် အဓိကကျန်းမာရေးဝန်ဆောင်မှုပေးရာဌာနများမှာ ကျေးလက်ကျန်းမာရေး ဌာနခွဲများ(၅၉%)၊ ကျေးလက်ကျန်းမာရေးဌာနများ(၂၀%)နှင့် တိုက်နယ်ပြည်သူ့ ဆေးရုံများ (၁၁%) ဖြစ်ကြပါသည်။ မြို့ပြဒေသတွင်မူ စစ်တမ်းကောက်ယူခဲ့သည့် အဓိကကျသော ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများမှာ ကျန်းမာရေးဝန်ဆောင်မှု ပေးရာဌာနများ ဖြစ်သည့် အထူးကုပုဂ္ဂလိက ဆေးခန်းများ သို့မဟုတ် အခြားသောပုဂ္ဂလိက ဆေးခန်းများ (၇၃%)နှင့် မြို့နယ်ပြည်သူ့ဆေးရုံများ (၁၄%) ဖြစ်ကြပါသည်။

၅၅။ ကျေးလက်နှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲအများစုမှာ အတွင်းလူနာများအား လက်ခံကုသရန် ဖွင့်လှစ်ခြင်း မဟုတ်ပါ။ တစ်နည်းအားဖြင့် အတွင်းလူနာများအား ညအိပ်ညနေ လက်ခံကုသခြင်း မပြုပါ။ သို့သော် အခြားတစ်ဖက်တွင်မူ အထူးကုပြည်သူ့ဆေးရုံကြီးများ၊ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ပြည်သူ့ဆေးရုံများသည် အတွင်းလူနာများအား လက်ခံကုသရန် ဖွင့်လှစ်ထားပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအများစုသည် လူနာများ လက်ခံကုသရာတွင် အချိန်ကန့်သတ်မှုများ ရှိခဲ့ပါသည်။ ရပ်ရွာဆန်းစစ်လေ့လာ ချက်မတိုင်မီရက်ပေါင်း ၃၀ ကာလအတွင်း ကျေးလက်ဒေသများတွင် ကျေးလက်ကျန်းမာရေးဌာနများကို ပျှမ်းမျှခြင်းအားဖြင့် ၁၂ ရက်မျှ ဖွင့်လှစ်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲများကို ပျှမ်းမျှ ၁၀ရက်မျှ ဖွင့်လှစ်ခဲ့ပါသည်။ အထူးကုပြည်သူ့ဆေးရုံများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများအား အချိန်ပြည့်နီးပါး ဖွင့်လှစ်ထားပါသည်။

၅၆။ စစ်တမ်းကောက်ယူခဲ့သည့် ဆေးရုံအမျိုးမျိုး(မြို့နယ်ပြည်သူ့ဆေးရုံ၊ အထူးကု ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ပြည်သူ့ဆေးရုံ)တွင် စစ်တမ်းကောက်ယူချိန်၌ အဓိကဆေးဝါးအမျိုးအစား ၄၁မျိုး[၂၃]၏ ထက်ဝက်မှလေးပုံသုံးပုံအတွင်း ရှိပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးလက် ကျန်းမာရေးဌာနများတွင် ပျှမ်းမျှခြင်းအားဖြင့် အဓိကဆေးဝါး ၄၁မျိုး၏ ၄၃%နှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများတွင် ၃၄%ရှိပါသည်။

---

[၂၂] ဤအခန်းသည် စစ်တမ်းကောက်ချိန်အတွင်း ရောက်ရှိခဲ့သည့် ရပ်ကွက်စိတ်များနှင့် ကျေးရွာများအားလုံးတွင် ကောက်ယူခဲ့သည့် ရပ်ရွာလေ့လာဆန်းစစ်ချက် စစ်တမ်း၏ ရလဒ်များအပေါ် အခြေခံထားပါသည်။ ရပ်ရွာ လေ့လာဆန်းစစ်ချက်စစ်တမ်းသည် ရွေးချယ်ခဲ့သည့် ရပ်ကွက်စိတ်များနှင့် ကျေးရွာများရှိ လူဦးရေအတွက် ရရှိနိုင်သည့် အခြေခံ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ပြရန် ရည်ရွယ်ပါသည်။ ဤရပ်ရွာ လေ့လာဆန်းစစ်ချက် စစ်တမ်းသည် မြန်မာနိုင်ငံရှိ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးရာဌာနအားလုံးကို ကိုယ်စားပြုရန် ရည်ရွယ်ခဲ့ခြင်းမရှိကြောင်းပါ။ စစ်တမ်းကောက်စဉ် ရောက်ရှိမေးမြန်းခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှုပေးရာ ဌာနများနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကိုသာ ဖြည့်ဆည်း ပေးအပ်ပါသည်။

[၂၃] အဓိက အခြေခံလိုအပ်သည့် ဆေးဝါး ၄၁ မျိုးကို နောက်ဆက်တွဲ အမှတ် (၃) တွင် ဖော်ပြထားပါသည်။

၅၇။ စစ်တမ်းကောက်ယူခဲ့သည့် ကျန်းမာရေးဝန်ဆောင်မှုပေးရာ ဌာနများတွင် ဆရာဝန်ဦးရေ အများဆုံးရှိသည့် ဆေးရုံများမှာ အထူးကုပြည်သူ့ဆေးရုံများဖြစ်ပြီး ထိုနောက်တွင် မြို့နယ်ပြည်သူ့ဆေးရုံများ၌ ဆရာဝန်ဦးရေ များပြားပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် တိုက်နယ်ပြည်သူ့ဆေးရုံများတွင် ပျမ်းမျှဆရာဝန် တစ်ဦးစီသာရှိပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၏ အမှုထမ်း အင်အားတွင် ဆရာဝန်တစ်ဦး မပါရှိပါ။ သူနာပြုဆရာမ အများဆုံးရှိသည့် စစ်တမ်း ကောက်ယူခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများ မှာ အထူးကုပြည်သူ့ ဆေးရုံကြီးများဖြစ်ပြီး မြို့နယ်ပြည်သူ့ ဆေးရုံများတွင်လည်း သူနာပြုဆရာမများ များပြားပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် တိုက်နယ်ပြည်သူ့ဆေးရုံများတွင် ပျမ်းမျှ သူနာပြုဆရာမနှစ်ဦးရှိကြပါသည်။ ပုံမှန်အားဖြင့် စစ်တမ်းကောက်ယူခဲ့သည့် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများ၏ အမှုထမ်း အင်အားတွင် သူနာပြုဆရာမတစ်ဦးမျှမရှိပါ။ သားဖွားဆရာမ အများဆုံးရှိသည့် စစ်တမ်းကောက်ယူခဲ့သော ကျန်းမာရေးဝန်ဆောင်မှု ပေးရာဌာနများမှာ မြို့နယ်ပြည်သူ့ ဆေးရုံများ ဖြစ်ကြပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် တိုက်နယ်ပြည်သူ့ဆေးရုံများ၊ ကျေးလက် ကျန်းမာရေး ဌာနများနှင့် မိခင်နှင့် ကလေးကျန်းမာရေး ဌာနများတွင် ပျမ်းမျှ သားဖွားဆရာမ ၂.၆၊ ၂.၇ နှင့် ၂.၅ ဦးစီ အသီးသီး ရှိကြပါသည်။ စစ်တမ်း ကောက်ယူခဲ့သည့် ကျေးလက်ကျန်းမာရေး ဌာနခွဲများတွင် ပျမ်းမျှ သားဖွား ဆရာမ တစ်ဦးစီရှိကြပါသည်။ ကျန်းမာရေးမှူး အများဆုံးရှိသည့် စစ်တမ်းကောက်ယူခဲ့သော ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများမှာ အထူးကုပြည်သူ့ဆေးရုံကြီးများဖြစ်၍ ထိုနောက်တွင် မြို့နယ်ပြည်သူ့ဆေးရုံများ၌ ကျန်းမာရေးမှူးများ၊ များပြားကြပါသည်။ ပုံမှန်အားဖြင့် စစ်တမ်း ကောက်ယူခဲ့သည့် ကျေးလက်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ကျန်းမာရေးမှူးတစ်ဦးမျှ တာဝန်ထမ်းဆောင် ခြင်းမရှိပါ။

***မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း***

၅၈။ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်းမှာ တရားဝင် မူလတန်းကျောင်းနေရန် အသက်အရွယ်ရှိသော မူလတန်း ကျောင်းသားဦးရေနှင့် တရားဝင်မူလတန်း ကျောင်းနေရန် အသက်အရွယ်ရှိသော စုစုပေါင်း လူဦးရေအချိုး ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ကျောင်းသင်ပညာရေးစနစ်၏ လွှမ်းခြုံနိုင်မှုနှင့် စွမ်းဆောင်ရည်ကို တိုင်းတာဖော်ပြသည့် ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု တစ်ဝန်းလုံးအတွက်နှုန်းမှာ ၈၄.၇% ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ကျေးလက်တွင် မြို့ပြထက် အနည်းငယ်လျော့နည်းပြီး ၈၄% ရှိ၍ မြို့ပြတွင် ၈၇.၆% ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှ ကလေးများ၏ အသားတင် ကျောင်းဝင်နှုန်းမှာ ၈၀.၁% ရှိ၍ ပိုမိုလျော့နည်းပြီး မဆင်းရဲသော အိမ်ထောင်စုများအတွက် ၈၇.၂% ရှိပါသည်။ အနိမ့်ကျဆုံးနှုန်းမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး ကလေးများ၏ ၆၆.၇% မျှသာ မူလတန်းပညာရေးတွင် ကျောင်းဝင်ကြပါသည်။

***မူလတန်းပညာရေးတွင် စုစုပေါင်း ကျောင်းဝင်နှုန်း***

၅၉။ မူလတန်းပညာရေး စုစုပေါင်း ကျောင်းဝင်မှုနှုန်းဆိုသည်မှာ အသက်အရွယ်မရွေး မူလတန်းကျောင်းတွင် ကျောင်းအပ်နှံထားသော ကလေးငယ်ဦးရေနှင့် တရားဝင် မူလတန်းကျောင်းနေရန် အသက်အရွယ်ရှိသော စုစုပေါင်းလူဦးရေအချိုး ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ဤအချိုးမှာ ၁၁၃.၉ ဖြစ်ပါသည်။ ဤအချိုးသည် မြို့ပြတွင် ကျေးလက်ထက် နိမ့်ကျပြီး ၁၀၃.၇ ရှိ၍ ကျေးလက်တွင် ၁၁၆.၅ ရှိပါသည်။ ကျေးလက်တွင် အချိုး မြင့်မားရခြင်းမှာ ကျေးလက်တွင် ကလေးများသည် တရားဝင် မူလတန်းကျောင်းနေရန် အသက်အရွယ်ထက် အသက်ကြီးရင့်သည့် အချိန်တွင် ကျောင်းစတင် တက်ရောက်လေ့ရှိခြင်း (သို့မဟုတ်) အတန်းကျနှုန်းပို၍ မြင့်မားခြင်းကြောင့် ဖြစ်ပါမည်။ ဤနှုန်းအနိမ့်ဆုံးမှာ ရန်ကုန်တိုင်းတွင် ဖြစ်၍ ၁၀၁.၅ ရှိပါသည်။

### *မူလတန်းပညာရေးရှိ ကျောင်းသူ/ကျောင်းသား အချိုး*

၆၀။ ပြည်ထောင်စုအဆင့်၌ မူလတန်းပညာရေးရှိ ကျောင်းသူ/ကျောင်းသားအချိုးမှာ ၉၆.၁ (ကျား၁၀၀လျှင်) ဖြစ်ပါသည်။ ကျေးလက် ဒေသတွင် ကျောင်းသူ/ကျောင်းသားအချိုးမှာ အမြင့်ဆုံးဖြစ်ပြီး ယောကျ်ားကလေး ၁၀၀ လျှင် မိန်းကလေး ၉၈ ဦး ရှိပါသည်။ ဤအချိုးသည် မြို့ပြဒေသတွင် အနိမ့်ဆုံးဖြစ်၍ ယောကျ်ားကလေး ၁၀၀ လျှင် မိန်းကလေး ၈၇.၈ဦး ရှိပါသည်။ ဤအချိုးသည် ကျေးလက်ဒေသတွင် ပိုမိုမြင့်မား နေရခြင်းမှာ ယောကျ်ားကလေးများသည် ဝင်ငွေရသည့်အလုပ်များ အထူးသဖြင့် လယ်ယာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရသောကြောင့် ဖြစ်ပါပေမည်။ ယောကျ်ားကလေးနှင့် မိန်းကလေးအချိုးသည် ဆင်းရဲသည့် အိမ်ထောင်စုရှိ ကလေးများအတွက် ပိုမိုမြင့်မားပြီး၊ ယောကျ်ားကလေး ၁၀၀လျှင် မိန်းကလေး ၁၀၀.၅ဦး ဖြစ်ပြီး မဆင်းရဲသော အိမ်ထောင်စုများတွင် ပိုမိုနိမ့်ကျကာ ယောကျ်ားကလေး ၁၀၀လျှင် မိန်းကလေး ၉၃.၇ဦး ရှိပါသည်။ ဤအချိုးသည် ပြည်နယ်နှင့် တိုင်းများအကြား သိသာစွာ ကွာခြားပါသည်။ မကွေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အချိုးမှာ ၁၀၀ အထက်ရှိပြီး၊ ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၁၀၀ အောက် ရှိပါသည်။

### *သက်ကြီးစာတတ်မြောက်မှုနှုန်း*

၆၁။ ပြည်ထောင်စုအဆင့်တွင် အသက်(၁၅)နှစ်နှင့် အထက်ရှိသူများ၏ စာတက်မြောက်မှုနှုန်း[၂၄] သည် ၈၄.၉% ရှိကြပါသည်။ ဤအချိုးသည် မြို့ပြဒေသတွင် ၉၂.၁% ရှိပြီး ကျေးလက်ဒေသ ၈၂.၁% ထက်ပို၍ မြင့်မားပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ စာတတ်မြောက်မှုနှုန်းမှာ မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုနိမ့်ကျပြီး ၇၈.၈% နှင့် ၈၇.၆% အသီးသီး ရှိကြပါသည်။ ပြည်နယ်နှင့် တိုင်းများအကြား စာတတ်မြောက်မှုနှုန်းမှာ ကွဲပြားခြားနားပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံးဖြစ်၍ ရခိုင်ပြည်နယ် (၆၅.၈%)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) (၆၇.၁%) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (၇၁.၉%) တို့တွင်လည်း နိမ့်ကျပါသည်။ ရန်ကုန်တိုင်းသည် စာတတ်မြောက်မှုနှုန်း အမြင့်ဆုံးဖြစ်၍ ၉၃.၇% ရှိပါသည်။

### *စာသင်ကျောင်းအား လက်လှမ်းမီမှု[၂၅]*

၆၂။ မူလတန်းကျောင်းအား လက်လှမ်းမီမှု[၂၆]ကို မူလတန်းကျောင်းတစ်ကျောင်းမှ မိနစ်-၃၀ လမ်းလျှောက် အကွာအဝေးအတွင်း နေထိုင်သည့် လူဦးရေအချိုးဖြင့် တိုင်းတာပါသည်။ ဤအဓိပ္ပာယ် သတ်မှတ်ချက်အရ လူဦးရေ၏ ၉၁.၄% သည် မူလတန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီပါသည်။ ဤနှုန်းသည် မြို့ပြထက်၊ ကျေးလက်တွင် ပိုမို နိမ့်ကျပြီး ၉၆.၄% နှင့် ၈၉.၆% အသီးသီး ရှိပါသည်။ မူလတန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုနှုန်း အနည်းဆုံး ဖြစ်သည့် ပြည်နယ်နှင့် တိုင်းများမှာ ရခိုင်ပြည်နယ် (၇၂.၁%) နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) (၇၈.၂%) တို့ ဖြစ်ပါသည်။

---

[၂၄] စာတတ်မြောက်မှုနှုန်းဆိုသည်မှာ သာမန် စာပိုဒ်တစ်ပိုဒ်ကို ဖတ်ရှု နားလည်နိုင်စွမ်းရှိပြီး သာမန် သင်္ချာပုစ္ဆာများကို ဖြေရှင်းတွက်ချက်နိုင်သည့် (သို့မဟုတ်) ဒုတိယတန်းအောင်မြင်သည့် လူဦးရေအချိုး ဖြစ်ပါသည်။ ဒုတိယတန်းမအောင်မြင် သူများအတွက် စစ်တမ်းကောက်ယူစဥ်တွင် စစ်တမ်းမေးခွန်းများကို ဖြေဆိုသူများသည် သာမန်စာပိုဒ်ကို လွယ်ကူစွာ ဖတ်ရှု၍ အဓိပ္ပာယ်ကို ရှင်းပြနိုင်ပြီး သာမန် သင်္ချာပုစ္ဆာများကို မှန်ကန်စွာ ဖြေရှင်းတွက်ချက်နိုင်သူများ ဖြစ်ပါက စာတတ်မြောက်သည်ဟု မှတ်ယူပါသည်။

[၂၅] ဤအခန်းစိတ်သည် စစ်တမ်း ကောက်ချိန်အတွင်း ရောက်ရှိခဲ့သည့် ရပ်ကွက်စိတ်များနှင့် ကျေးရွာများအားလုံးတွင် ကောက်ယူခဲ့သည့် ရပ်ရွာ လေ့လာဆန်းစစ်ချက်စစ်တမ်း၏ ရလဒ်များအပေါ် အခြေခံ ထားပါသည်။ ရပ်ရွာ လေ့လာဆန်းစစ်ချက်သည် သွားရောက်ခဲ့သည့် ရပ်ကွက်စိတ်များနှင့် ကျေးရွာများရှိ လူဦးရေအတွက် ရရှိနိုင်သည့် အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုများဆိုင်ရာ သတင်း အချက်အလက်များကို ဖော်ပြရန် ရည်ရွယ်ပါသည်။ ဤရပ်ရွာ လေ့လာဆန်းစစ်ချက်သည် မြန်မာနိုင်ငံရှိ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုပေးရာဌာနအားလုံးကို ကိုယ်စားပြုရန် ရည်ရွယ်ခဲ့ခြင်း မရှိပါ။

[၂၆] ဤညွှန်ကိန်းသည် ကျောင်းသို့ ပညာသင်ယူရန် သွားရောက်နိုင်မှု အကွာအဝေး သက်ဆိုင်သည့် သတင်းအချက်အလက်ကို ဖော်ပြပြီး၊ အခြေခံ အဆောက်အအုံ သို့မဟုတ် ပညာရေး၏ အရည်အသွေးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖော်ပြခြင်း မပြုသည်ကို သတိပြုရန် အရေးကြီးပါသည်။

၆၃။ အလယ်တန်းကျောင်းအား လက်လှမ်းမီမှုကို အလယ်တန်းကျောင်း တစ်ကျောင်းမှ မိနစ်၃၀ လမ်းလျှောက် အကွာအဝေးအတွင်းနေထိုင်သည့် လူဦးရေအချိုးဖြင့် တိုင်းတာသည်။ ဤအဓိပ္ပာယ် သတ်မှတ်ချက်အရ လူဦးရေ၏ ၄၆%မျှသာ အလယ်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီပါသည်။ ဤနှုန်းသည် မြို့ပြထက် ကျေးလက်တွင် ပိုမိုနိမ့်ကျပြီး ၇၅.၅%နှင့် ၃၅.၇%အသီးသီးရှိပါသည်။ အလယ်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုနှုန်း အနိမ့်ဆုံးရှိသည့် ပြည်နယ်နှင့် တိုင်းများမှာ မန္တလေးတိုင်း (၂၀.၄%)၊ ရခိုင်ပြည်နယ် (၂၈.၃%) နှင့် ရှမ်းပြည်နယ် (အောင်ပိုင်း) (၃၀.၁%) တို့ ဖြစ်ပါသည်။

၆၄။ အထက်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုကို အထက်ကျောင်း တစ်ကျောင်းမှ မိနစ် ၃၀ လမ်းလျှောက် အကွာအဝေးအတွင်း နေထိုင်သည့် လူဦးရေအချိုးဖြင့် တိုင်းတာပါသည်။ ဤအဓိပ္ပာယ် သတ်မှတ်ချက်အရ ပြည်ထောင်စုအဆင့်တွင် လူဦးရေ၏ ၃၁.၈% မျှသာ အထက်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီပါသည်။ ဤနှုန်းသည် မြို့ပြမှာထက် ကျေးလက်တွင် ပိုမို နိမ့်ကျပြီး ၇၅.၂% နှင့် ၁၆.၅% အသီးသီး ရှိပါသည်။ အထက်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုနှုန်း အနိမ့်ဆုံး ပြည်နယ်နှင့် တိုင်းများမှာ မကွေးတိုင်း (၁၂.၆%)၊ ရခိုင်ပြည်နယ် (၁၇.၃%)၊ ပဲခူးတိုင်း (အနောက်ပိုင်း) (၁၉.၆%) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) (၁၉.၈%) တို့ ဖြစ်သည်။

၆၅။ စစ်တမ်းကောက်ယူသည့် မူလတန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာအချိုးမှာ ပျှမ်းမျှအားဖြင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၃၀ဦး ရှိပါသည်။ ကျေးလက်နှင့် မြို့ပြဒေသများအကြား ကျောင်းသားနှင့် ကျောင်းဆရာအချိုး သိသိသာသာ ကွာခြားမှုမရှိပါ။ ကျောင်းသားနှင့် ကျောင်းဆရာအချိုး အမြင့်ဆုံးမှာ ရခိုင်ပြည်နယ်တွင်ဖြစ်၍ ဆရာတစ်ဦးလျှင် ကျောင်းသား ၃၈ ဦးရှိပြီး အနိမ့်ဆုံးအချိုးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် တွေ့ရှိရ၍ ဆရာတစ်ဦးလျှင် ကျောင်းသား ၂၀ ဦးထက်နည်းပါသည်။ စစ်တမ်းကောက်ယူသည့် အလယ်တန်းကျောင်းများတွင် ပျှမ်းမျှအားဖြင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၃၀ဦး ရှိပါသည်။ ဤအချိုးသည် မြို့ပြဒေသထက် ကျေးလက်ဒေသများတွင် အနည်းငယ် ပိုမိုမြင့်မားပါသည်။ (ဆရာတစ်ဦးလျှင် ကျောင်းသား၂၉ဦး နှင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၃၃ဦး ရှိပါသည်။) စစ်တမ်းကောက်ယူသည့် အလယ်တန်းကျောင်းများတွင် ကျောင်းသားနှင့် ကျောင်းဆရာအချိုး အမြင့်ဆုံးမှာ တနင်္သာရီတိုင်းတွင် ဖြစ်ပြီး၊ ဆရာတစ်ဦးလျှင် ကျောင်းသား ၃၈ ဦး ရှိပါသည်။ ဤအချိုးအနိမ့်ဆုံးမှာ ပဲခူးတိုင်း(အနောက်ပိုင်း)ဖြစ်ပြီး ဆရာတစ်ဦးလျှင် ကျောင်းသား ၂၂ ဦး ရှိပါသည်။ စစ်တမ်းကောက်ယူသည့် အထက်တန်းကျောင်းများတွင် ပျှမ်းမျှအားဖြင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၃၉ ဦး ရှိပါသည်။ ဤအချိုးသည် ကျေးလက်ဒေသထက် မြို့ပြဒေသများတွင် အနည်းငယ် ပိုမို မြင့်မားပါသည်။ (ဆရာတစ်ဦးလျှင် ကျောင်းသား ၃၇ဦးနှင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၄၂ဦး ရှိပါသည်။) စာရင်းကောက်ယူသည့် အထက်တန်းကျောင်းများတွင် ကျောင်းသားနှင့် ကျောင်းဆရာ အချိုးအမြင့်မားဆုံးသည် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင်ဖြစ်ပြီး ဆရာတစ်ဦးလျှင် ကျောင်းသား၉၇ဦး နှင့် ဆရာတစ်ဦးလျှင် ၆၀ ဦး အသီးသီးရှိပါသည်။

## ဆင်းရဲနွမ်းပါးသူများ၏ အဓိက ပင်ကိုလက္ခဏာရပ်များ အကျဉ်းချုပ်

ဖော်ပြခဲ့သည့် စိစစ်တွေ့ရှိချက်နှင့်တကွ အရည်အသွေးဆိုင်ရာ လေ့လာချက်၏ ရလဒ်များသည် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ အဓိကကျသည့် ပင်ကို လက္ခဏာရပ် အချို့၏ အကျဉ်းချုပ် ဖော်ပြချက်တစ်ရပ်ကို ဖြစ်စေခဲ့ပါသည်။ ပိုမို တိကျစွာ ဖော်ပြရလျှင် -

- ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် အိမ်ထောင်စုအရွယ် အစဥ် ပိုမိုကြီးမားကြပြီး ဆင်းရဲသော အိမ်ထောင်စု တွင် အိမ်ထောင်စုဝင် ၆.၁ ဦး ရှိ၍ မဆင်းရဲသော အိမ်ထောင်စုတွင် အိမ်ထောင်စုဝင် ၄.၉ဦး အသီးသီးရှိကြပါသည်။ ပြည်နယ်နှင့်တိုင်းများ အားလုံးတွင် ဤပုံစံမျိုး ရှိနေပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများသည် အိမ်ထောင်စုအရွယ် ပိုမိုကြီးမားစွာရှိသော်လည်း ယင်း အိမ်ထောင်စုများ၏ အသက်အရနှင့် စီးပွားရေးအရ မှီခိုမှု အချိုးများသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်မှု ရှိဟန်မပေါ်ပါ။ ဤကဲ့သို့ အသက်အရနှင့် စီးပွားရေးအရ မှီခိုမှုအချိုးများနှင့် ဆင်းရဲနွမ်းပါးမှု ဆက်သွယ်ချက် မရှိခြင်းက အလုပ်လက်မဲ့ဖြစ်ခြင်း (သို့မဟုတ်) လုပ်သားအင်အား ပါဝင်မှုနှုန်းနိမ့်ကြခြင်း ထိုထက် အကျိုးအမြတ်အဖြစ် ရရှိမှု နိမ့်ကျခြင်းနှင့် လုပ်ခ ရရှိမှု နည်းပါးခြင်း ကြေးငွေ ရရှိမှု နည်းပါးခြင်းတို့က ဆင်းရဲနွမ်းပါးမှု၏ များစွာပိုမို အရေးပါသော ပြဋ္ဌာန်းချက်များ ဖြစ်ကြောင်းဖော်ပြပါသည်။
- လုပ်သားဈေးကွက်၏ စာရင်းအင်း အချက်အလက်များက တင်ပြခဲ့သည့် အချက်ကို ထပ်မံထောက်ခံပေးပါသည်။ စစ်တမ်း နှစ်ကြိမ် ကောက်ယူရာတွင် အသက် ၁၀ နှစ်နှင့် အသက် ၁၅ နှစ် နှင့်အထက် လုပ်သားအင်အား ပါဝင်မှု နှုန်းများမှာ ဆင်းရဲသော အိမ်ထောင်စု များတွင် မဆင်းရဲသော အိမ်ထောင်စုများထက် မြင့်မားပြီး ပထမအကြိမ်၌ ၆၀% နှင့် ၅၆% ရှိပြီး ဒုတိယအကြိမ်၌ ၆၇% နှင့် ၆၂% အသီးသီး ရှိပါသည်။ ထို့အပြင် ဆင်းရဲသော အိမ်ထောင်စု များတွင် ပေါ်လွင် အလုပ်မဲ့နှုန်း လွန်မင်းစွာနိမ့်ကျ၍ ကာလရှည် အတွက် (စစ်တမ်း မကောက်ယူမီ ၆လအတွင်း) ပေါ်လွင် အလုပ်လက်မဲ့နှုန်းမှာ ၂-၃% ရှိပြီးနှင့် ကာလတိုအတွက် (စစ်တမ်းမကောက်ယူမီ ၇ ရက်အတွင်း) ပေါ်လွင်အလုပ်လက်မဲ့နှုန်းမှာ ၃-၄% ရှိပါသည်။
- အမျိုးသမီး အိမ်ထောင်ဦးစီးမှုသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်မှု ရှိဟန်မပေါ်ပါ။ ဆင်းရဲသော အိမ်ထောင်စုများ၏ အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုဦးရေအချိုးသည် မဆင်းရဲသော အိမ်ထောင်စုများ၏ အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စု ဦးရေအချိုးထက် အနည်းငယ် နိမ့်ကျပါသည် (နှိုင်းယှဥ်ချက်အရ ၁၈.၃% နှင့် ၁၉.၁%)။ မူဝါဒ (သို့မဟုတ်) အစီအစဥ်များ ချမှတ် ရေးဆွဲရန်အတွက် အမျိုးသမီး ဦးစီးမှု အမျိုးအစားကို ပိုမိုကောင်းမွန်သော ခွဲခြမ်းစိတ်ဖြာမှု လိုအပ်လျက်ရှိပြီး ဒုက္ခအခက်အခဲ သီးသန့်ကြုံတွေ့နေရသော အုပ်စုခွဲများကို သတ်မှတ်ဖော်ထုတ်ရပါမည်။
- ဆင်းရဲသော အိမ်ထောင်စုများတွင် အိမ်ထောင်ဦးစီး၏ ပညာအရည်အချင်းအဆင့်မှာ ပိုမိုနိမ့်ကျပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ စာမတတ်မြောက်မှုနှုန်းမှာ မဆင်းရဲသော အိမ်ထောင်စုများ၏ စာမတတ်မြောက်မှုနှုန်း နှစ်ဆနီးပါးရှိ၍ ၂၈.၃%နှင့် ၁၇%အသီးသီး ရှိကြပါသည်။ ထို့အပြင် ဆင်းရဲသော အိမ်ထောင်စုများ၏ ကျောင်းမနေဖူးသူ(သို့မဟုတ်) ဘုန်းတော်ကြီးသင် စာသင်ကျောင်းတွင်သာ တက်ရောက်သင်ကြားဖူးသူ ရာခိုင်နှုန်းမှာ ၄၂.၃% ရှိပြီး နှိုင်းယှဥ်ချက်အနေဖြင့် မဆင်းရဲသူ အိမ်ထောင်စုများတွင် ၂၇.၇% ရှိပါသည်။ ပညာအရည်အချင်း အဆင့်နိမ့်ကျမှုသည် ဝင်ငွေရရှိမှု အခွင့်အလမ်း လက်လှမ်းမီမှု လျော့နည်းခြင်းနှင့် စီးပွားရေး လုပ်ဆောင်ချက်များ၏ အကျိုးအမြတ် ရရှိမှုနှုန်းနှင့် လုပ်ခကြေးငွေရရှိမှု နိမ့်ကျခြင်း လက္ခဏာပြပါသည်။

- အလုပ်အကိုင် အမျိုးအစားအရ တင်ပြရပါလျှင် ဆင်းရဲနွမ်းပါးမှုနှင့် ကျပန်းအလုပ်အကိုင်အကြား ခိုင်မာသော တွဲဖက်မှု ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ်လုပ်ကိုင် သူဦးရေတွင် ပါဝင်သည့် ကျပန်းလုပ်သား ဦးရေအချိုး ၂၂.၉% မှာ မဆင်းရဲသော အိမ်ထောင်စုများ၏ ကျပန်းလုပ်သား ဦးရေအချိုး ၁၂.၅%၏ နှစ်ဆနီးပါး ရှိပါသည်။ ကျပန်းလုပ်သားစစ်စစ်များသည် အလုပ်လက်မဲ့ ကာလရှည်ကြာမှု နှုန်း (ဆိုလိုသည်မှာ အလုပ်ရရှိမှု တစ်ခုနှင့် တစ်ခုအကြား အလုပ်လက်မဲ့ဖြစ်သည့်ကာလ) ပိုမိုမြင့်မားပြီး ပို၍ နည်းသော လုပ်ခများကို ရရှိကြပါသည်။
- ဆင်းရဲနွမ်းပါးမှုနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအကြား ခိုင်မာသော တွဲဖက်မှု တစ်ရပ်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုဝင်များ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ အချိုးမှာ ၅၉.၄% ရှိပြီး နှိုင်းယှဉ်ပါက မဆင်းရဲသော အိမ်ထောင်စုများတွင် ၄၅.၈% ရှိပါသည်။ ဆင်းရဲသော လယ်ယာစိုက်ပျိုး လုပ်ကိုင်သည့် အိမ်ထောင်စုများမှာ သေးငယ်သော မြေဧရိယာကို စိုက်ပျိုးလုပ်ကိုင်၍ ပိုင်ဆိုင်ကြပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ၏ ပျမ်းမျှ စိုက်ပျိုးလုပ်ကိုင် ပိုင်ဆိုင်ကြသည့် မြေဧရိယာမှာ ဆင်းရဲသော အိမ်ထောင်စုများ စိုက်ပျိုးလုပ်ကိုင် ပိုင်ဆိုင်ကြသည့် မြေဧရိယာထက် သိသာစွာ ပိုမိုမြင့်မားပြီး စိုက်ပျိုးလုပ်ကိုင်သည့် မြေဧရိယာ ၇.၇ ဧကနှင့် ၄.၉ ဧက အသီးသီးရှိ၍ ပိုင်ဆိုင်သည့် မြေဧရိယာ ၆.၉ ဧကနှင့် ၄.၁ ဧက အသီးသီးရှိပါသည်။ ထို့အပြင် စက်တပ်ကိရိယာ ပိုင်ဆိုင်မှုတွင် ဆင်းရဲသော အိမ်ထောင်စုများ၏ အချိုးမှာ ပိုမိုလျော့နည်းပြီး ၉% ရှိ၍ မဆင်းရဲသော အိမ်ထောင်စုများ၏ အချိုးမှာ (၁၉%) ရှိပါသည်။ စိုက်ပျိုး စရိတ်ချေးငွေ ရရှိမှုတွင်မူ ဆင်းရဲသော အိမ်ထောင်စုများနှင့် မဆင်းရဲသော အိမ်ထောင်စုများအကြား အနည်းငယ်သာ ကွဲပြား ခြားနားပြီး အချိုးအားဖြင့် ၃၆.၆% နှင့် ၃၈.၈% အသီးသီး ရှိကြပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများမှာ များသောအားဖြင့် အရည်အသွေးနိမ့်ကျသော နေအိမ်များတွင် နေထိုင်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် အိမ်ထောင်စုအချိုး ပိုမိုမြင့်မားစွာဖြင့် သက်ငယ်မိုး နေအိမ်များ (၆၅.၅% နှင့် ၄၅.၁%) သက်ငယ် (သို့မဟုတ်) အခြား သစ်ရွက်များ ကာရံသည့် နေအိမ်များ (၁၂.၈% နှင့် ၈.၈%) (သို့မဟုတ်) ဝါးထရံကာ ထားသည့် နေအိမ်များ၊ (၆၄.၇% နှင့် ၄၇.၅%)၊ နှင့် ထန်းလက်နှင့် ဝါးခင်းသည့် နေအိမ်များ (၃၃.၈% နှင့် ၁၇%) (သို့မဟုတ်) မြေကြီး သို့မဟုတ် သဲခင်းသည့် နေအိမ်များ (၁၁.၅% နှင့် ၇.၄%) တွင် နေထိုင်ကြပါသည်။ ထို့ပြင် မဆင်းရဲ သော အိမ်ထောင်စုများ၏ လျှပ်စစ်မီး ရရှိမှုဖြစ်သည့် ၄၄.၆% နှင့် နှိုင်းယှဉ်ပါက ဆင်းရဲသော အိမ်ထောင်စုများ၏ ၂၂.၄% မျှသာ လျှပ်စစ်မီး ရရှိကြသည်။
- မဆင်းရဲသော အိမ်ထောင်စုများ၏ ပိုမိုကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်ကို လက်လှမ်းမီ ရရှိမှု အချိုးသည် ၇၁.၄% ဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများ၏ အညစ်အကြေး သန့်ရှင်းရေးစနစ်ကို လက်လှမ်းမီရရှိမှု အချိုးတို့ထက် ပိုမိုနည်းပါးပြီး ၅၈.၇% ဖြစ်ပါသည်။ အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီရရှိသည့် အိမ်ထောင်စုများအချိုး ကွာခြားမှုကဲ့သို့ မမြင့်မားသော်လည်း ဘေးကင်းသော သောက်ရေရရှိသည့် ဆင်းရဲသော အိမ်ထောင်စုများအချိုး ၅၉.၄% သည် နှိုင်းယှဉ်ပါက မဆင်းရဲသော အိမ်ထောင်စုများ အချိုး ၆၄.၂%ထက် နည်းပါးပါသည်။ ဖြစ်ရခြင်းမှာ ပိုမိုကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးနှင့် အထောက်အကူပစ္စည်းများကို ပုဂ္ဂလိကအနေဖြင့် ရယူခဲ့ကြပြီး၊ ဘေးကင်းသော သောက်ရေ ရရှိရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံနှင့် အထောက်အကူ ပစ္စည်းများကို အများပြည်သူသုံးရန် နိုင်ငံတော်က မကြာခဏ ဖြည့်ဆည်း ပေးနေခြင်းကြောင့် ဖြစ်နိုင်ပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများမှာ အိမ်ထောင်စုပိုင် ပစ္စည်းနှင့် ကြာရှည်ခံ ပစ္စည်းများဖြစ်သည့် ရေဒီယို၊ ရုပ်မြင် သံကြား၊ တယ်လီဖုန်း၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် အခြားယာဉ် ကဲ့သို့သော ပစ္စည်းများ ပိုမိုနည်းပါးစွာ ရှိပါသည်။

- ဆင်းရဲသော အိမ်ထောင်စုများမှာ ကျန်းမာရေး ဝန်ဆောင်မှုအမျိုးမျိုးကို ပိုမိုနိမ့်ကျစွာ လက်လှမ်းမီ ရရှိပြီး ပိုမိုဆိုးဝါးသော ကျန်းမာရေး အကျိုးဆက် များကို ကြုံတွေ့ရပါသည်။ ကျွမ်းကျင် သည့် ကျန်းမာရေး ဝန်ထမ်းများ ကိုယ်ဝန်ဆောင် မိခင်အား ကြည့်ရှု စောင့်ရှောက်မှုတွင် ဆင်းရဲသော အိမ်ထောင်စုများမှ ကိုယ်ဝန်ဆောင်မိခင်အချိုးက မဆင်းရဲသော အိမ်ထောင်စုများမှ ကိုယ်ဝန်ဆောင်မိခင် အချိုးထက် လျော့နည်းပါသည် (၄၄.၅% နှင့် ၅၇% အသီးသီး ရှိပါသည်)။ ကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းများက မွေးဖွားစဉ် ကြည့်ရှု စောင့်ရှောက်မှုတွင်လည်း ဆင်းရဲသော အိမ်ထောင်စုများမှ မွေးဖွားမှုအချိုးက မဆင်းရဲသော အိမ်ထောင်စုများမှ မွေးဖွားမှုအချိုးထက် လျော့နည်းပါသည် (၆၄.၆%နှင့် ၇၆.၉%)။ ရောဂါကာကွယ် ဆေးထိုးမှုနှုန်း၊ ကိုယ်ဝန်ဆောင်စဉ် စောင့်ရှောက်မှုနှင့် မွေးဖွားစဉ် ကျွမ်းကျင်သူများက စောင့်ရှောက်မှု ဆိုင်ရာ ညွှန်ကိန်းများသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် ပိုမိုနိမ့်ကျပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ အဆိုပါ ကျန်းမာရေး ဝန်ဆောင်မှုများ ရှိသည့် နေရာသို့ သွားရောက်မှု နိမ့်ကျသည့် ကျေးလက်ဒေသများတွင် ပိုမိုမြင့်မားသည့် ဆင်းရဲသော အိမ်ထောင်စုများ နေထိုင်ကြခြင်းကြောင့် တစ်စိတ် တစ်ဒေသ ဖြစ်ရပါသည်။ မရှိခြင်းကြောင့် ဖြစ်ပါသည်။ ၅ နှစ်အောက် ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုနှုန်းတွင် ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမို မြင့်မား၍ ၃၈% နှင့် ၃၂.၂% အသီးသီး ရှိကြပြီး ကိုယ်အလေးချိန် လွန်မင်းစွာ မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုနှုန်းတွင် ၁၁.၃% နှင့် ၈.၂% အသီးသီး ရှိကြ ပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများမှာ ပညာရေး လက်လှမ်းမီမှုတွင်လည်း ပိုမိုနိမ့်ကျပါသည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် အသားတင် ကျောင်းဝင်နှုန်း ပိုမိုနိမ့်ကျပြီး ၈၀.၁% ရှိ၍ မဆင်းရဲသော အိမ်ထောင်စုများ တွင် အသားတင် ကျောင်းဝင်နှုန်း မှာ ၈၇.၂% ရှိကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုဝင်များမှာ မဆင်းရဲသော အိမ်ထောင်စုဝင်များ ထက် စာတတ်မြောက်မှု နှုန်းတွင် နိမ့်ကျပြီး ၇၈.၈% နှင့် ၈၇.၆% အသီးသီး ရှိပါသည်။ နိမ့်ကျသော ပညာရေးသည် ဆင်းရဲ နွမ်းပါးမှု၏ အကြောင်းရင်း တစ်ရပ်ဖြစ်သကဲ့သို့ အကျိုးဆက်လည်း ဖြစ်နိုင်ပါသည်။

# အတိုကောက်စကားလုံးများ

| | |
|---|---|
| CSO | Central Statistical Office |
| IHLCA | Integrated Household Living Conditions Assessment |
| IMR | Infant Mortality Rate |
| FERD | Foreign Economic Relations Department |
| FPL | Food Poverty Line |
| MNPED | Ministry of National Planning and Economic Development |
| PD | Planning Department |
| PL | Poverty Line |
| SD | State/Division |
| UNDP | United Nations Development Programme |
| WHO | World Health Organization |

# ဇယားများ နှင့် ပုံများ စာရင်း

**ဇယားများ**

ဇယား ၁-၁။ အာဟာရဆိုင်ရာ ကယ်လိုရီ စံသတ်မှတ် ချက်များ ........ ၄၅
ဇယား ၁-၂။ အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း၊ အစားအစာအတွက် မဟုတ်သော ဆင်းရဲချို့တဲ့မှုပြမျဉ်းနှင့် ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ (ကျပ်ငွေ) ........ ၄၇
ဇယား ၁-၃။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (လူဦးရေ၏%) ........ ၅၀
ဇယား ၁-၄။ ဆင်းရဲနွမ်းပါးသူ အချိုး (လူဦးရေ၏%) ........ ၅၀
ဇယား ၁-၅။ အခြားတောင်အာရှနှင့် အရှေ့တောင် အာရှနိုင်ငံများ၏ ဆင်းရဲနွမ်းပါးသူ အချိုး ........ ၅၁
ဇယား ၁-၆။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး ........ ၅၁
ဇယား ၁-၇။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုး ........ ၅၄
ဇယား ၁-၈။ တစ်မျိုးသားလုံးသုံးစွဲမှုတွင် အဆင်းရဲဆုံးငါးစိတ်တစ်စိတ် (၂၀%)၏ ဝေစု ........ ၅၄
ဇယား ၁-၉။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/ တိုင်းအသီးသီး၏ ပါဝင်မှု ........ ၅၆
ဇယား ၁-၁၀။ ပြည်ထောင်စု တစ်ဝန်းလုံး ခြုံငုံသည့် ဆင်းရဲနွမ်းပါးမှုတွင် ပါဝင်မှုနှင့် ဆက်နွယ်၍ ပြည်နယ်နှင့် တိုင်း အသီးသီး၏ နှိုင်းယှဉ်အနေအထား ........ ၅၆
ဇယား ၂-၁။ ပျမ်းမျှအိမ်ထောင်စု အရွယ်အစား (ဒုတိယ အကြိမ် စစ်တမ်း) ........ ၅၈
ဇယား ၂-၂။ အသက်အရ မှီခိုမှု အချိုး (ဒုတိယ အကြိမ် စစ်တမ်း) ........ ၅၉
ဇယား ၂-၃။ စီးပွားရေးအရမှီခိုမှုအချိုး (ဒုတိယ အကြိမ် စစ်တမ်း) ........ ၅၉
ဇယား ၂-၄။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများအချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........ ၆၁
ဇယား ၂-၅။ အိမ်ထောင်ဦးစီးများ၏ ပညာရေးအဆင့်အလိုက် ပြန့်ချက် (%) (ဒုတိယ အကြိမ် စစ်တမ်း) ........ ၆၂
ဇယား ၂-၆။ ကျန်းမာရေး အသုံးစရိတ် မပါဝင်သော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီ ပြုထားသည့် အိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ် (ကျပ်) ........ ၆၄
ဇယား ၂-၇။ ကျန်းမာရေးအသုံးစရိတ် ပါဝင်သော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီ ပြုထားသည့် အိမ်ထောင်စုသုံးစွဲမှုအသုံးစရိတ် (ကျပ်) ........ ၆၄
ဇယား ၂-၈။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အသုံးစရိတ်၏ ဝေစု (ကျန်းမာရေး အသုံးစရိတ်မပါဝင်ပါ) ........ ၆၆
ဇယား ၂-၉။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အသုံးစရိတ်၏ ဝေစု (ကျန်းမာရေး အသုံးစရိတ် အပါအဝင်) ........ ၆၆
ဇယား ၂-၁၀။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်များ၏ ဝေစု (ကျန်းမာရေး အသုံးစရိတ်များ မပါဝင်ပါ။) ........ ၆၇
ဇယား ၂-၁၁။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အတွက် မဟုတ်သည့် အသုံးစရိတ်များ၏ ဝေစု (ကျန်းမာရေး အသုံးစရိတ် အပါအဝင်) ........ ၆၇
ဇယား ၂-၁၂။ လွန်ခဲ့သည့် (၇) ရက်အတွင်း အဓိက စီးပွားရေး လုပ်ငန်းအတွက် စီးပွားရေး လုပ်ဆောင်ချက် တစ်ခုတွင် အလုပ်အကိုင် အမျိုးအစားအလိုက် ပါဝင် လုပ်ကိုင် လျက်ရှိသည့် (၁၀) နှစ်နှင့် အထက် လူဦးရေပြန့်ချက် (%) (ဒုတိယအကြိမ် စစ်တမ်း)........ ၆၉

ဇယား ၂-၁၃။ လွန်ခဲ့သည့် (၇) ရက်အတွင်း အဓိကစီးပွားရေး လုပ်ငန်းအတွက် စီးပွားရေး လုပ်ဆောင်ချက်တစ်ခုတွင် လုပ်ငန်းအမျိုးအစား အလိုက် ပါဝင်လုပ်ကိုင်လျက်ရှိသည့် ၁၀ နှစ်နှင့် အထက် လူဦးရေပြန့်ချက်(%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၇၀
ဇယား ၂-၁၄။ လွန်ခဲ့သည့် ၆ လအတွင်း တောင်သူလယ်သမား အိမ်ထောင်စုများအတွင်း ပျမ်းမျှ စိုက်ပျိုးရေး လုပ်ကိုင်သည့် ဧရိယာ (ဧက) (ပထမ အကြိမ် စစ်တမ်း) ..... ၇၂
ဇယား ၂-၁၅။ တောင်သူလယ်သမား အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျှမ်းမျှမြေဧရိယာ (ဧက) (ပထမ အကြိမ် စစ်တမ်း) ..... ၇၃
ဇယား ၂-၁၆။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ မြေယာမဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း) ..... ၇၅
ဇယား ၂-၁၇။ လွန်ခဲ့သည့် ၆ လအတွင်း စိုက်ပျိုးစရိတ် ချေးငွေရရှိခဲ့သည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ အချိုး (%) (ပထမအကြိမ် စစ်တမ်း) ..... ၇၆
ဇယား ၂-၁၈။ လွန်ခဲ့သည့် ၆လအတွင်း လယ်ယာစိုက်ပျိုးရေး မလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ လယ်ယာစိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းအတွက် ချေးငွေ ရရှိခဲ့မှု အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ..... ၇၈
ဇယား ၂-၁၉။ ဇာစ်မြစ်တစ်ခုခုသို့ ပထမအကြိမ် စစ်တမ်းကောက်ချိန်တွင် ငွေကြေးပြန်လည် ပေးဆပ်ရန် ရှိသော အရွယ်ရောက်သူ အိမ်ထောင်စုဝင် တစ်ဦးဦး ပါဝင်သည့် အိမ်ထောင်စုများအချိုး(%) (ပထမအကြိမ်စစ်တမ်း) ..... ၇၈
ဇယား ၂-၂၀။ လွန်ခဲ့သည့် (၆) လအတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၌ လုပ်သားအင်အားပါဝင်မှုနှုန်း (%) (ပထမ အကြိမ် စစ်တမ်း) ..... ၈၀
ဇယား ၂-၂၁။ လွန်ခဲ့သည့် (၆) လအတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၌ လုပ်သားအင်အားပါဝင်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၈၀
ဇယား ၂-၂၃။ လွန်ခဲ့သည့် (၆) လအတွင်း ၁၅ နှစ်နှင့်အထက် လူဦးရေ၌ လုပ်သားအင်အားပါဝင်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၈၁
ဇယား ၂-၂၄။ လွန်ခဲ့သည့် ၆ လအတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၈၃
ဇယား ၂-၂၅။ လွန်ခဲ့သည့် ၆ လအတွင်း ၁၅ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၈၄
ဇယား ၂-၂၆။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း) ..... ၈၅
ဇယား ၂-၂၇။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၈၆
ဇယား ၂-၂၈။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၅ နှစ်နှင့်အထက် လူဦးရေ၏အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၈၇
ဇယား ၂-၂၉။ လွန်ခဲ့သည့် (၇) ရက် အတွင်း လုပ်ခမရသည့် မိသားစုအလုပ်သမားများ မပါဝင်သည့် အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း) ..... ၈၇
ဇယား ၂-၃၀။ လွန်ခဲ့သည့် (၇) ရက်အတွင်း လုပ်ခမရသည့် မိသားစုအလုပ်သမားများ မပါဝင်သည့် အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..... ၈၈

ဇယား ၂-၃၂။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်းအရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (လွန်ခဲ့သည့် ၇ ရက်အတွင်း ၃၀ နာရီ ထက်လျော့နည်း၍ အလုပ်လုပ်ကိုင်သူဦးရေ အချိုး) (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၉၀
ဇယား ၂-၃၅။ နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုများအချိုး (%) (ပထမ အကြိမ် စစ်တမ်း) .......... ၉၃
ဇယား ၂-၃၆။ နေအိမ် အမိုးအတွက် ဆောက်လုပ်ရေးပစ္စည်း အမျိုးအစားအလိုက် အိမ်ထောင်စုများ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........................ ၉၄
ဇယား ၂-၃၇။ နေအိမ် အပြင်နံရံများအတွက် ဆောက်လုပ်ရေးပစ္စည်း အမျိုးအစားအလိုက် အိမ်ထောင်စုများအချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........................ ၉၅
ဇယား ၂-၃၈။ နေအိမ်ကြမ်းခင်းအတွက် ဆောက်လုပ်ရေးပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စုများ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........................ ၉၆
ဇယား ၂-၃၉။ နေထိုင်ပိုင်ခွင့်အမျိုးအစားအလိုက် အိမ်ထောင်စုများအချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........................ ၉၇
ဇယား ၂-၄၀။ အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေဇာစ်မြစ် လက်လှမ်းမီ ရရှိသည့် လူဦးရေ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........................ ၉၉
ဇယား ၂-၄၁။ ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေးစနစ်အား လက်လှမ်းမီရရှိသည့် လူဦးရေအချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........................ ၁၀၀
ဇယား ၂-၄၂။ လျှပ်စစ်ဓာတ်အား ရရှိသည့် အိမ်ထောင်စုများ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........ ၁၀၁
ဇယား ၂-၄၃။ စက်တပ်လယ်ယာသုံး ပစ္စည်းကိရိယာ ပိုင်ဆိုင်သည့် တောင်သူလယ်သမား အိမ်ထောင်စုများအချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၁၀၃
ဇယား ၂-၄၄။ တိရစ္ဆာန်သုံးလယ်ယာသုံးပစ္စည်း ကိရိယာပိုင်ဆိုင်သည့် တောင်သူလယ်သမား အိမ်ထောင်စုများအချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၁၀၃
ဇယား ၂-၄၅။ အနည်းဆုံး ခိုင်း ကျွဲ၊ ခိုင်းနွားတစ်ကောင် ပိုင်ဆိုင်သည့် တောင်သူလယ်သမား အိမ်ထောင်စုများ အချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၁၀၄
ဇယား ၂-၄၆။ ဆိတ်နှင့် သိုးများပိုင်ဆိုင်သည့် အိမ်ထောင်စုများ အချိုး (%) (ဒုတိယအကြိမ် စစ်တမ်း) ..... ၁၀၅
ဇယား ၂-၄၇။ အိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှဆိတ်နှင့် သိုးကောင်ရေ(ဒုတိယအကြိမ်စစ်တမ်း)............. ၁၀၅
ဇယား ၂-၄၈။ ဝက်များ ပိုင်ဆိုင်သည့် အိမ်ထောင်စုများ အချိုး (%) (ဒုတိယအကြိမ် စစ်တမ်း) ................ ၁၀၆
ဇယား ၂-၄၉။ အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျှမ်းမျှ ဝက် ကောင်ရေ (ဒုတိယအကြိမ် စစ်တမ်း) .......... ၁၀၆
ဇယား ၂-၅၀။ ကြက်၊ ဘဲနှင့်အလားတူ တိရစ္ဆာန်ငယ်များ ပိုင်ဆိုင်သည့် အိမ်ထောင်စုများအချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၁၀၈
ဇယား ၂-၅၁။ အိမ်ထောင်စုတစ်စုပိုင်ဆိုင်သည့် ပျှမ်းမျှ ကြက်၊ ဘဲနှင့် အလားတူ တိရစ္ဆာန်ငယ်များ ကောင်ရေ (ဒုတိယ အကြိမ် စစ်တမ်း)........................ ၁၀၈
ဇယား ၂-၅၂။ ရေဒီယိုကက်ဆက်(သို့မဟုတ်) စတီရီယိုစက် ပိုင်ဆိုင်သည့် အိမ်ထောင်စုများ အချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၁၀၉
ဇယား ၂-၅၃။ ရုပ်မြင်သံကြားစက်တစ်ခု ပိုင်ဆိုင်သော အိမ်ထောင်စုများ အချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၁၀၉
ဇယား ၂-၅၄။ ကြိုးလိုင်းတယ်လီဖုန်း ပိုင်ဆိုင်သော အိမ်ထောင်စုများ အချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................ ၁၁၁

ဇယား ၂-၅၅။ အနည်းဆုံး စက်ဘီး (၁) စီး ပိုင်ဆိုင်သော အိမ်ထောင်စုများ အချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................................................................................................................၁၁၁
ဇယား ၂-၅၆။ အနည်းဆုံး မော်တော်ဆိုင်ကယ်တစ်စီး ပိုင်ဆိုင်သော အိမ်ထောင်စုများ အချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ................................................................................................၁၁၂
ဇယား ၂-၅၇။ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီးသည့်အသက် (၁) နှစ်အရွယ် ကလေးများ အချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................................................................................၁၁၅
ဇယား ၂-၅၈။ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး စောင့်ရှောက်ခြင်းလွှမ်းခြုံမှု (လွန်ခဲ့သော ၅ နှစ်ကာလအတွင်း မီးဖွားခဲ့သည့် အမျိုးသမီးများ၏ရာခိုင်နှုန်း) (ဒုတိယ အကြိမ် စစ်တမ်း) ........................................................................................................................၁၁၅
ဇယား ၂-၅၉။ ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး (လွန်ခဲ့သည့် ၅နှစ်အတွင်း မွေးဖွားမှုများ၏ ရာခိုင်နှုန်း) (ဒုတိယ အကြိမ် စစ်တမ်း)...........၁၁၇
ဇယား ၂-၆၀။ နာမကျန်းဖြစ်ပွားမှု (%) (ပထမ အကြိမ် စစ်တမ်း) ........................................................၁၁၈
ဇယား ၂-၆၁။ နာမကျန်းဖြစ်ပွားမှု (%) (ဒုတိယ အကြိမ် စစ်တမ်း)........................................................၁၁၈
ဇယား ၂-၆၂။ အရွယ်ရောက်သူနှင့် ညီမျှချက်အရ ပျှမ်းမျှကျန်းမာရေးအသုံးစရိတ် (ကျပ်) ....................၁၂၀
ဇယား ၂-၆၃။ ၅ နှစ်အောက်ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှု (%) (ဒုတိယ အကြိမ် စစ်တမ်း) ........................................................................................၁၂၁
ဇယား ၂-၆၄။ ၅ နှစ်အောက် ကိုယ်အလေးချိန် လွန်မင်းစွာ မပြည့်သော ကလေးဦးရေပျံ့နှံ့မှု (%) (ဒုတိယ အကြိမ် စစ်တမ်း) ................................................................................................၁၂၁
ဇယား ၂-၆၅။ အဓိကကျသည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိသည့် လူဦးရေအချိုး (%) ............................................................................၁၂၃
ဇယား ၂-၆၆။ စစ်တမ်းကောက်ယူခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများအနက် ပြည်သူပိုင် ကျန်းမာရေးဝန်ဆောင်မှု ပေးရာဌာနများအချိုး (%) ....................................................၁၂၅
ဇယား ၂-၆၇။ အမျိုးအစားအရ ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများ ပြန့်ချက် (%) .......................၁၂၆
ဇယား ၂-၆၈။ စစ်တမ်းကောက်ယူခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများ အနေဖြင့် ရပ်ရွာလေ့လာမှုစစ်တမ်း မတိုင်မီ ရက်ပေါင်း (၃၀) ကာလ၌ အတွင်းလူနာများအတွက် ဖွင့်လှစ်ပေးသည့် ပျှမ်းမျှရက်ပေါင်း.....................................................................၁၂၇
ဇယား ၂-၆၉။ စစ်တမ်းကောက်ယူခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာနများ အနေဖြင့် ရပ်ရွာလေ့လာမှုစစ်တမ်း မတိုင်မီ ရက်ပေါင်း ၃၀ ကာလအတွင်း ပြင်ပလူနာများ အတွက် ဖွင့်လှစ်ပေးသည့် ပျှမ်းမျှရက်ပေါင်း..........................................................၁၂၈
ဇယား ၂-၇၀။ လွန်ခဲ့သော ရက်ပေါင်း ၃၀ အတွင်း အဓိကဆေးဝါး အမျိုးအစား ၄၁ မျိုး ရရှိမှုအချိုး (%) ........................................................................................................................၁၂၉
ဇယား ၂-၇၁။ စစ်တမ်းကောက်ယူခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာန အမျိုးအစားအလိုက် ပျှမ်းမျှ ဆရာဝန် ဦးရေ ............................................................................................၁၃၀
ဇယား ၂-၇၂။ စစ်တမ်းကောက်ယူခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာန အမျိုးအစားအလိုက် ပျမ်းမျှ သူနာပြုဦးရေ.........................................................................................၁၃၁
ဇယား ၂-၇၃။ စစ်တမ်း ကောက်ယူခဲ့သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာန အမျိုးအစားအလိုက် ပျမ်းမျှ သားဖွားဆရာမဦးရေ........................................................................................၁၃၂

ဇယား ၂-၇၄။ စစ်တမ်း ကောက်ယူသည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးရာဌာန အမျိုးအစား အလိုက် ပျမ်းမျှ ကျန်းမာရေးမှူးဦးရေ ......၁၃၃
ဇယား ၂-၇၆။ မူလတန်းအဆင့် စုစုပေါင်း ကျောင်းဝင်နှုန်း (%) (ပထမ အကြိမ် စစ်တမ်း) ......၁၃၅
ဇယား ၂-၇၇။ မူလတန်းအဆင့် ကျောင်းဝင်သည့် မိန်းကလေး/ယောကျ်ားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း) ......၁၃၇
ဇယား ၂-၇၈။ သက်ကြီးစာတတ်မြောက်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ......၁၃၇
ဇယား ၂-၇၉။ မူလတန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%) ......၁၄၀
ဇယား ၂-၈၀။ အလယ်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး(%) ......၁၄၁
ဇယား ၂-၈၁။ အထက်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%)......၁၄၁
ဇယား ၂-၈၂။ စစ်တမ်းကောက်ယူသည့် မူလတန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာအချိုး....၁၄၂
ဇယား ၂-၈၃။ စစ်တမ်းကောက်ယူသည့် အလယ်တန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာအချိုး ......၁၄၃
ဇယား ၂-၈၄။ စစ်တမ်းကောက်ယူသည့် အထက်တန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာအချိုး ......၁၄၃
ဇယား က၁-၁။ ရွေးချယ်ထားသည့် အာရှနိုင်ငံများမှ ကျန်းမာရေးညွှန်ကိန်းများ အစု......၁၄၈
ဇယား က၁-၂။ ရေနှင့် အညစ်အကြေးသန့်ရှင်းရေးစနစ်အား လက်လှမ်းမီရရှိမှုနှင့် ဆက်နွယ်သည့် ညွှန်ကိန်းများ......၁၄၈
ဇယား က၁-၃။ ပညာရေးနှင့် ဆက်နွယ်သည့် ညွှန်ကိန်းများ......၁၄၈
ဇယား က၂-၁။ အညစ်အကြေးသန့်ရှင်းရေးစနစ် အမျိုးအစားအလိုက် အိမ်ထောင်စုများ ပြန့်ချက် (%) (ပထမ အကြိမ် စစ်တမ်း) ......၁၄၉
ဇယား က၃-၁။ အခြေခံ အဓိကဆေးဝါး ၄၁ မျိုး၏စာရင်း ......၁၅၀

## ပုံများ

ပုံ ၁-၁။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (လူဦးရေ၏%) ......၄၈
ပုံ ၁-၂။ ဆင်းရဲနွမ်းပါးသူအချိုး (လူဦးရေ၏%) ......၄၉
ပုံ ၁-၃။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး......၅၂
ပုံ ၁-၄။ ဆင်းရဲ နွမ်းပါးမှု ကွာဟချက် နှစ်ထပ် ကိန်း အချိုး......၅၂
ပုံ ၁-၅။ သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ် တစ်စိတ် (၂၀%)၏ ဝေစု ......၅၃
ပုံ ၁-၆။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/ တိုင်း အသီးသီး၏ ပါဝင်မှု ......၅၅
ပုံ ၂-၁။ အိမ်ထောင်စု၏ စုစုပေါင်း သုံးစွဲမှု အသုံးစရိတ် (ကျန်းမာရေး အသုံးစရိတ် များ မပါဝင်ပါ) (ကျပ်) ......၆၃
ပုံ ၂-၂။ လွန်ခဲ့သည့် ၆ လအတွင်း ပျမ်းမျှ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင် သည့် ဧရိယာ(ဧက) (ပထမအကြိမ် စစ်တမ်း) ......၇၁

ပုံ ၂-၃။ တောင်သူလယ်သမား အိမ်ထောင်စု များပိုင်ဆိုင်သည့် ပျှမ်းမျှ မြေဧရိယာ (ဧက) (ပထမ အကြိမ် စစ်တမ်း) ........ ၇၃
ပုံ ၂-၄။ လွန်ခဲ့သည့် ၆ လအတွင်း စိုက်ပျိုး စရိတ် ချေးငွေ ရရှိသည့် အိမ်ထောင်စုများ၏ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........ ၇၄
ပုံ ၂-၅။ လယ်ယာ စိုက်ပျိုးရေးမလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ လယ်ယာ စိုက်ပျိုး ရေး မဟုတ်သည့် လုပ်ငန်းများ အတွက် ချေးငွေ ရရှိမှု အချိုး(%) (ပထမအကြိမ်စစ်တမ်း) ........ ၇၆
ပုံ ၂-၆။ ဇာစ်မြစ်တစ်ခုခုသို့ ငွေကြေး ပြန်လည် ပေးဆပ်ရန် ရှိသော အရွယ်ရောက်သူ အိမ်ထောင်စုဝင် တစ်ဦးဦး ပါဝင်သည့် အိမ်ထောင်စုများ (%) (ပထမ အကြိမ် စစ်တမ်း) ........ ၇၇
ပုံ ၂-၇။ လွန်ခဲ့သည့် (၆) လအတွင်း ၁၀ နှစ်နှင့် အထက် လူဦးရေ၌ လုပ်သားအင်အား ပါဝင်မှုနှုန်း (ပထမ အကြိမ် စစ်တမ်း) ........ ၇၉
ပုံ ၂-၈။ လွန်ခဲ့သည့် ၆ လအတွင်း ၁၀ နှစ်နှင့် အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (ဒုတိယ အကြိမ် စစ်တမ်း) ........ ၈၂
ပုံ ၂-၉။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၀ နှစ်နှင့် အထက် လူဦးရေ၏အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း) ........ ၈၅
ပုံ ၂-၁၀။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း အရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ နှုန်း [လွန်ခဲ့သည့် ၇ ရက်အတွင်း ၃၀ နာရီထက် လျော့နည်း၍ အလုပ်လုပ် ကိုင်သူ ဦးရေ အချိုး] (%) (ပထမ အကြိမ် စစ်တမ်း) ........ ၈၉
ပုံ ၂-၁၁။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း အရ တစ်ဝက်တစ်ပျက် အလုပ် လက်မဲ့နှုန်း [လွန်ခဲ့သည့် ၇ ရက် အတွင်း ၄၄ နာရီထက် လျော့နည်း၍ အလုပ် လုပ်ကိုင်သူ ဦးရေ အချိုး] (ပထမ အကြိမ် စစ်တမ်း) ........ ၈၉
ပုံ ၂-၁၂။ အဆင်ပြေလွယ်ကူ၍ ဘေးကင်းသော သောက်ရေဇာစ်မြစ် လက်လှမ်းမီ ရရှိ သည့် လူဦးရေ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........ ၉၈
ပုံ ၂-၁၃။ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်အား လက်လှမ်းမီ ရရှိသည့် လူဦးရေအချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........ ၉၈
ပုံ ၂-၁၄။ လျှပ်စစ် ဓာတ်အား ရရှိသည့် အိမ်ထောင်စုများ အချိုး (%) (ပထမ အကြိမ် စစ်တမ်း) ........ ၁၀၁
ပုံ ၂-၁၅။ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီး သည့် အသက်(၁)နှစ် အရွယ် ကလေး များအချိုး(%)(ဒုတိယအကြိမ်စစ်တမ်း) ........ ၁၁၃
ပုံ ၂-၁၆။ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်ခြင်း လွှမ်းခြုံမှု (လွန်ခဲ့သော ၅ နှစ်ကာလ အတွင်း မီးဖွားခဲ့သည့် အမျိုးသမီးများ၏ရာခိုင်နှုန်း) (ဒုတိယ အကြိမ် စစ်တမ်း) ........ ၁၁၄
ပုံ ၂-၁၇။ ကျွမ်းကျင်ကျန်းမာရေး ဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး (လွန်ခဲ့ သည့် ၅နှစ်အတွင်း မွေးဖွားမှုများ၏ ရာခိုင်နှုန်း) (ဒုတိယ အကြိမ် စစ်တမ်း) ........ ၁၁၆
ပုံ ၂-၁၈။ နာမကျန်းဖြစ်ပွားမှု (%) (ပထမ အကြိမ် စစ်တမ်း) ........ ၁၁၇
ပုံ ၂-၁၉။ ၅ နှစ် အောက် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးများ ပျံ့နှံ့မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ........ ၁၂၀
ပုံ ၂-၂၀။ ၅ နှစ်အောက် ပုံမှန်ကိုယ် အလေးချိန် လွန်မင်းစွာ မပြည့်သော ကလေးများ ပျံ့နှံ့မှု (%) (ဒုတိယ အကြိမ် စစ်တမ်း) ........ ၁၂၂
ပုံ ၂-၂၁။ အဓိကကျသည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှု များအား လက်လှမ်းမီ ရရှိသည့် လူဦးရေအချိုး (%) ........ ၁၂၃

ပုံ ၂-၂၂။ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း (%) (ပထမ အကြိမ် စစ်တမ်း)................၁၃၄
ပုံ ၂-၂၃။ မူလတန်းအဆင့် ကျောင်းဝင်သည့် မိန်းကလေးနှင့် ယောက်ျားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း) ..........................................................................................၁၃၆
ပုံ ၂-၂၄။ သက်ကြီး စာတတ်မြောက်မှု နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း) ..........................................၁၃၈
ပုံ ၂-၂၅။ မူလတန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%) ............................၁၃၉
ပုံ ၂-၂၆။ အလယ်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%).......................၁၃၉
ပုံ ၂-၂၇။ အထက်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%)........................၁၄၀

# နိဒါန်း၊ ရည်ရွယ်ချက်များနှင့် နည်းလမ်း

## နိဒါန်း နှင့် ရည်ရွယ်ချက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အလှူရှင် အဖွဲ့အစည်းများ အတွက် ထင်ဟပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အိမ်ထောင်စု စားဝတ် နေရေးဆိုင်ရာ အဓိက သွင်ပြင် လက္ခဏာ အားလုံး၏ ခိုင်လုံကိုးစားနိုင်ပြီး နောက်ဆုံး အခြေအနေ ကို ဘက်ပေါင်းစုံ လေ့လာမှု ပြုပေးရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဥ် (UNDP) တို့သည် ၂၀၀၃-၂၀၀၅ ခုနှစ် အတွင်း အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း IHLCA ကို အကောင် အထည် ဖော်ဆောင်ရွက်ရန် သဘောတူညီ ခဲ့ကြပါ သည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(MNPED)အောက်ရှိ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန(PD)သည် UNDP၏ဘဏ္ဍာရေးဆိုင်ရာအကူအညီနှင့် IDEA International Institute ၏ နည်းပညာဆိုင်ရာ အကူအညီများကို ရယူပြီး ဗဟို စာရင်းအင်းအဖွဲ့နှင့် ပူးပေါင်း၍ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း IHLCA လုပ်ငန်းစီမံချက်ကို အကောင်အထည် ဖော်ဆောင် ရွက်ခဲ့ပါသည်။

ဤ လုပ်ငန်းစီမံချက်၏ အကျိုးရလဒ်များမှာ-

- ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ အတွင်း ခေါင်းစဥ် အလိုက် ဦးတည်အုပ်စု (၂၂၄)အုပ်စု ဆွေးနွေးပွဲများ အပါအဝင် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအပေါ် ပြည်သူများ၏ သိမြင်နားလည်မှုနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အရည်အသွေး ဆိုင်ရာ လေ့လာမှု။ ဤလေ့လာမှု၏ တွေ့ရှိချက် များကို ၂၀၀၄ ခုနှစ် ဇူလိုင်လအတွင်း စာအုပ် (၄) တွဲ[၂၉] ဖြင့် ပုံနှိပ်ထုတ်ဝေပြီး ဖြစ်ပါသည်။
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အိမ်ထောင်စု ဦးရေ ၁၈၆၆၀ ၏ အချက်အလက်များကို နှစ်ကြိမ် (၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလနှင့် ၂၀၀၅ ခုနှစ်မေလ) ကောက်ယူသည့် အရေအတွက် ဆိုင်ရာ စစ်တမ်း။

IHLCA စာရင်းအင်း အချက်အလက်များအား ပထမ လေ့လာ ဆန်းစစ်မှုအရ အစီရင်ခံစာ (၄) မျိုးကို ပြုစု နိုင်ခဲ့ပါသည်။

- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ် နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ ဆင်းရဲနွမ်းပါးမှု အခြေအနေ လေ့လာ တင်ပြချက်၊ (ဤ အစီရင်ခံစာ)
- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ် နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု ဆိုင်ရာ သတင်းအချက်အလက်များ၊
- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ် နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် ဆိုင်ရာ သတင်း အချက်အလက်များ
- မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ် နေရေး အခြေအနေ ဘက်စုံ လေ့လာမှု စစ်တမ်း၊ အရေအတွက် ဆိုင်ရာ စစ်တမ်း အတွက် နည်းပညာ ဆိုင်ရာ အစီရင်ခံစာ

[၂၉] အိမ်ထောင်စု စားဝတ်နေရေး အခြေအနေအပေါ် အရည်အသွေးဆိုင်ရာ လေ့လာမှု၊ အတွဲ ၁ - နည်းစနစ်ပိုင်းဆိုင်ရာ ပညာရပ်၊ အတွဲ ၂ - ပြည်ထောင်စုအဆင့် စုပေါင်းတင်ပြမှု၊ အတွဲ ၃ - ပြည်နယ်နှင့် တိုင်းအလိုက် စုပေါင်းတင်ပြမှု၊ အတွဲ ၄ - အဓိက တွေ့ရှိချက်များ အကျဉ်းချုပ် (၂၀၀၄ ဇူလိုင်လ)

ဤအစီရင်ခံစာတွင် ရည်ရွယ်ချက် (၃) ချက် ပါရှိပါသည်။

၁။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းနှင့် ဆင်းရဲနွမ်းပါးမှု စံအတိုင်းအတာများ ပါဝင်သည့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေကို တင်ပြရန်၊

၂။ လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အချက်အလက်များ အပေါ် အခြေခံပြီး နမူနာ ကောက်ယူခဲ့သည့် လူဦးရေ၏ စားဝတ်နေရေး အခြေအနေ၏ အဓိက ပင်ကိုလက္ခဏာများကို တင်ပြရန်၊

၃။ ဆင်းရဲ နွမ်းပါးမှု၏ အဓိက ပင်ကို လက္ခဏာများ သို့မဟုတ် ဆက်စပ်မှုများကို ဖော်ထုတ်သတ်မှတ်ရန်၊

တို့ဖြစ်ပါသည်။

## နည်းလမ်း အကျဉ်းချုပ်[၂၈]

မြန်မာနိုင်ငံ စားဝတ်နေရေး အခြေအနေများ၏ ရှုထောင့်အချို့နှင့် စပ်လျဉ်း၍ ယုံကြည် စိတ်ချရသော ကိုယ်စားပြု သတင်း အချက်အလက်များကို ကောက်ယူရန် အရေအတွက်ဆိုင်ရာ စစ်တမ်း ဒီဇိုင်းကို တည်ဆောက် ထားခဲ့ပါသည်။ အချက်အလက် ကောက်ယူသည့် ကိရိယာများတွင် ပုံစံချထားသော မေးခွန်းလွှာများ ပါဝင်ပါသည်။ ကွဲပြားခြားနား သည့် အဆင့်များ (ရပ်ရွာ၊ အိမ်ထောင်စုနှင့် တစ်ဦးချင်း) ၌ လူဦးရေကို တစ်နိုင်ငံလုံး အနေဖြင့် ကိုယ်စားပြုသည့် နမူနာများတွင် ယင်းမေးခွန်းလွှာများကို မေးမြန်းရန်ဖြစ်ပါသည်။ ကွဲပြားခြားနားသည့် စားဝတ်နေရေး အခြေအနေများ၏ လေ့လာမှု နယ်ပယ်များကို စောင့်ကြည့် စစ်ဆေးရန် အတွက် မေးခွန်းလွှာ တစ်ခုစီကို အပိုင်း အများအပြား ခွဲခြားထားပါသည်။ အချို့သော အပိုင်းများကို တစ်နှစ်တာအတွင်း ကွဲပြားခြားနားသော အချိန်မှတ်များတွင် တူညီသော အိမ်ထောင်စုများနှင့် လူတစ်ဦးချင်းအတွက် ထပ်မံ အသုံးပြုခဲ့ပါသည်။ ဤသို့ အသုံးပြုခဲ့ခြင်းမှာ အထင်ကရအားဖြင့် ရာသီလိုက် ပြောင်းလဲသည့် အစားအစာနှင့် အစား အစာအတွက် မဟုတ်သော စားသုံးမှု ပုံစံများနှင့် စပ်လျဉ်း၍ အချိန်လိုက် နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ရန် ဖြစ်ပါသည်။ ဗဟုအကြိမ် ချဉ်းကပ်နည်းနှင့် အပိုင်း ခွဲထားသည့် မေးခွန်းလွှာ ဒီဇိုင်းတို့ ပေါင်းစပ်ထားခြင်းသည် အလွန် အသုံးဝင် အဆင်ပြေသော အချက်အလက် ကောက်ယူသည့် ကိရိယာ ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။

## နမူနာကောက်ခြင်း

နမူနာကောက် အမှားများကို အနည်းဆုံးဖြစ်စေရန်မှာ စာရင်းအင်းပညာ သဘောအရ အားထားယုံကြည်လောက်သော နမူနာကောက် အစီအစဉ်၏ သေချာ ကျနစွာ တည်ဆောက်ထားသော ဒီဇိုင်းသည် အလွန် အရေးကြီးပါသည်။ ဤသို့သော အစီအစဉ်တစ်ခု၏ စမှတ်မှာ နမူနာစာရင်းစဉ်တစ်ခု(သို့မဟုတ်) နမူနာတစ်ခုကို ဆွဲယူနိုင်မည့် ရပ်ရွာများနှင့် အိမ်ထောင်စု အားလုံး၏ ပြည့်စုံသော စာရင်း ဖြစ်ပါသည်။ ၎င်းပြင် မျှော်မှန်းထားသည့် နမူနာ အရွယ်ကို ရှာဖွေသတ်မှတ်ရာတွင် အသုံးပြုရမည့် အဓိကညွှန်ကိန်းများအတွက် လိုလားသည့် တိကျမှု အဆင့်ဖြင့်လည်း စရပါသည်။ မြန်မာနိုင်ငံဒေသ အားလုံးကို ဖြတ်သန်းသည့် အလွှာခွဲ အဆင့်ဆင့်ကျပန်းနမူနာ တစ်ခုမှ ကိုယ်စားပြု သတင်း အချက်အလက်များကို ကောက်ယူရန် နမူနာကောက် အစီအစဉ်ကို ဒီဇိုင်းချ တည်ဆောက်ထားပါသည်။ ပထမအကြိမ် စစ်တမ်းတွင် လူတွေ့မေးမြန်းခဲ့သည့် အိမ်ထောင်စု ဦးရေ စုစုပေါင်းမှာ ၁၈၆၆၀ ဖြစ်ပါသည်။ ဒုတိယအကြိမ် စစ်တမ်းတွင် အိမ်ထောင်စု ၂၅စု ပြောင်းရွှေ့သွားသဖြင့် ဒုတိယအကြိမ် စစ်တမ်းတွင် လူတွေ့ မေးမြန်းခဲ့သည့် အိမ်ထောင်စုဦးရေ စုစုပေါင်းမှာ ၁၈၆၃၅[၂၉] ဖြစ်ပါသည်။

စစ်တမ်းဒီဇိုင်းတစ်ခု သတ်မှတ်ရာတွင် နမူနာကောက်အစီအစဉ် အပါအဝင် အကြောင်းရပ်တစ်ချို့ကို ဖြေရှင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

[၂၈] စစ်တမ်းကောက်ယူသည့် နည်းလမ်းကို IHLCA စစ်တမ်း၏ နည်းပညာဆိုင်ရာ အစီရင်ခံစာတွင် အသေးစိတ် တင်ပြထားပြီး ဖြစ်သဖြင့် ဤအပိုင်းတွင် IHLCA စစ်တမ်းအတွက် အသုံးပြုသည့် နည်းလမ်းအကျဉ်းချုပ်ကိုသာ ဖော်ပြ ထားပါသည်။

[၂၉] နမူနာကောက် အလေးများအား လျော်ညီစွာ ပြုပြင်ထားသည်ကို သတိပြုရပါမည်။

နမူနာ ကောက်ရာတွင် ထည့်သွင်း စဉ်းစားရမည့် အကြောင်းရပ်များမှာ -

- စစ်တမ်း၏ သီးသန့်ရည်ရွယ်ချက်များ၊
- နိုင်ငံ၏ ပင်ကိုလက္ခဏာများ၊ အထူးသဖြင့် နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ ခွဲဝေသတ်မှတ်ထားခြင်းများ၊
- ရလာမည့် ခန့်မှန်းခြေများ အတွက် လိုလားသည့် တိကျမှု အဆင့်၊
- ရလဒ်များ ရရှိရန်အတွက် လိုလားသည့် အချိန် အကန့်အသတ်၊
- လူနှင့် ငွေကြေး အရင်းအမြစ်များ ရရှိနိုင်မှု၊

တို့ဖြစ်ပါသည်။

တစ်ဖက်တွင် အလွန် ကြီးမားသည့် အိမ်ထောင်စု နမူနာတစ်ခု ပါဝင်ရန် အစီအစဥ် တစ်ခုကို ဒီဇိုင်းချ တည်ဆောက်ခြင်းသည် ရွေးချယ် ထားသည့် ညွှန်ကိန်းများအတွက် ပို၍တိကျသော ခန့်မှန်းခြေများကို ရစေမည်ဖြစ်ပြီး တစ်နိုင်ငံလုံး၏ အောက်အဆင့်တွင် ပို၍များသော ခွဲဝေစိတ်ဖြာမှု ဒီဂရီများကို ပြုလုပ်နိုင်စေမည် ဖြစ်သည်။

အခြား တစ်ဖက်တွင် မကြီးလွန်းသော နမူနာအရွယ်ကို ပို၍ လိုလားရသည်မှာ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ၏ ပဏာမ ရလဒ်များ အချိန်မီ ရရှိရန် လိုအပ်ချက်များ၊ (ကွင်းဆင်းစာရင်း ကောက်ယူပြီးနောက် ရက်သတ္တပတ် (သို့မဟုတ်) လအနည်းငယ်အတွင်း) အလုပ်တာဝန်နှင့် ဘတ်ဂျက်ကန့်သတ်ချက်များကြောင့် ဖြစ်သည်။

အခြား ထည့်သွင်း စဉ်းစားထားချက်မှာ IHLCA ၏ အဓိက အချက်အလက် အသုံးပြုသူများ လိုလားသည့် ခွဲဝေစိတ်ဖြာမှုအဆင့် ဖြစ်ပါသည်။ အောက်ပါ နေရာဒေသ ယူနစ်များအတွက် ကိုယ်စားပြု အချက်အလက်များ ကောက်ယူမှုကို အသေအချာ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

- နိုင်ငံအဆင့်
- ပြည်နယ်/ တိုင်းများ (၁၇)
- ပြည်နယ်/ တိုင်း အလိုက် မြို့ပြ/ ကျေးလက်ဒေသများ

ဤသို့ ခွဲဝေမှုသည် စုစုပေါင်းအလွှာ ၃၄ ခုကို ဖြစ်ပေါ်စေခဲ့ပါသည်။ (ဧရိယာ အမျိုးအစား ၂ ခု x ပြည်နယ်/ တိုင်း ၁၇ ခု)

IHLCA အရေအတွက် စစ်တမ်း အတွက် နမူနာကောက် အစီအစဥ်ကို ဒီဇိုင်း တည်ဆောက်ရာတွင် အရေးပါသော ကန့်သတ်ချက် တစ်ခုမှာ နမူနာတစ်ခုကို ဆွဲယူနိုင်မည့် တစ်နိုင်ငံလုံး အတွက် ယုံကြည် စိတ်ချရပြီး နောက်ဆုံး အခြေအနေနှင့် အညီ ပြင်ဆင် ဖြည့်စွက်ထားသည့် နမူနာစာရင်းစဥ် (သို့မဟုတ်) အိမ်ထောင်စုများ၏ ပြည့်စုံသော စာရင်းမရှိခြင်း ဖြစ်သည်။ ဖြစ်လေ့ ဖြစ်ထ ရှိသည်မှာ ယင်းသို့သော စာရင်းစဥ်များသည် အလွန် နီးကပ်သော အချိန်မှ လူဦးရေ သန်းခေါင်စာရင်း ရလဒ်များကို အခြေခံလေ့ ရှိသည်။ သို့ရာတွင် ၁၉၈၃ ခုနှစ်မှ စ၍ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတွက် လူဦးရေ ရေတွက်မှု မရှိခဲ့ပေ။ နောက်ဆုံးအချိန်နှင့် တစ်ပြေးညီ ပြုပြင်ထားသည့် လူဦးရေ ခန့်မှန်းခြေများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၏ ပြည်သူ့အင်အားဦးစီးဌာန (DOP) မှ ရရှိခဲ့သော်လည်း စာရင်းစဥ်မှာ မပြည့်စုံလှပါ။ ထို့ပြင် သယ်ယူပို့ဆောင်ရေး/ ဆက်သွယ်ရေး ပြဿနာများ (သို့မဟုတ်) ဆက်လက် ဖြစ်ပေါ်နေသည့် လုံခြုံရေး ဆိုင်ရာ ပတ်သက်မှု များကြောင့် ကွင်းဆင်းစာရင်း ကောက်ယူမှုပြုရန် နယ်မြေအချို့ကို လက်လှမ်းမမီ နိုင်သဖြင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနက ချန်လှပ်ထားပါသည်။[၁၀]

မေးခွန်းလွှာများကို မေးမြန်းရန် အတွက် အိမ်ထောင်စုများ ရွေးချယ်ရာတွင် တစ်နိုင်ငံလုံးမှ အိမ်ထောင်စုများကို သာမန်ကျပန်း နမူနာကောက်ယူခြင်း (စာရင်းအင်းပညာ ရှုထောင့် သက်သက်အရ အထိရောက်ဆုံး နည်းလမ်း ဖြစ်သော်လည်း ကွင်းဆင်းကောက်ယူမှု စရိတ်များ မတန်တဆများပြားပေမည်)မှသည် အရွယ်အလိုက် ဖြစ်တန်စွမ်း ပေးခြင်းကို အခြေခံသည့် အဆင့်ဆင့် ကျပန်း နမူနာ ရွေးချယ်ခြင်း (ကုန်ကျစရိတ်နှင့် အကျိုးအမြတ် အတိုးအလျှော့ ပြုလုပ်ခြင်းအရ ပိုမို အသုံးပြုလေ့ရှိသည့်နည်း) အထိ

[၁၀] စုစုပေါင်း ၄၅ မြို့နယ် မပါဝင်ဘဲ ချန်လှပ်ထားပါသည်။ မြို့နယ်များ ချန်လှပ်ခံရသည့် ပြည်နယ်/ တိုင်းများ၏ ပြည်နယ်/ တိုင်းအဆင့် ရရှိသည့် ရလဒ်များကို အဓိပ္ပာယ်ပြန်ဆို ကောက်ချက်ချရာတွင် ပြုစုသူအနေဖြင့် ဂရုပြုရမည်ဖြစ်သည်။ (IHLCA စစ်တမ်း၏ နည်းပညာဆိုင်ရာ အစီရင်ခံစာ၏ ပုံ ၁၀-၁ ကို ကြည့်ရှုပါရန်)

ရွေးချယ်ခွင့်များ ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအတွက် ပထဝီဝင် အနေအထားအရ အနိမ့်ဆုံးအဆင့်ခွဲဝေ စိတ်ဖြာမှုများအတွက် ယုံကြည် စိတ်ချရသော လူဦးရေ ကိန်းဂဏန်းများ မရှိခြင်းကို ထည့်သွင်းစဉ်းစားခြင်းဖြင့် နမူနာ အစီအစဉ်သည် ခန့်မှန်းအရွယ်အလိုက် ဖြစ်တန်စွမ်းပေးသည့် ချဉ်းကပ်နည်းများကို အားထားခဲ့ရပါသည်။ အသုံးပြုခဲ့သည့် အရွယ်အတိုင်းအတာများမှာ ကွဲပြား ခြားနားသည့် ပထဝီဝင်ဆိုင်ရာ အဆင့်များမှ အိမ်ထောင်စု အရေအတွက်ဖြစ်ပါသည်။

နမူနာအရွယ် ရှာဖွေ သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားခဲ့သည့် အခြားအချက်တစ်ခုမှာ IHLCA ၏ အဓိက အချက်အလက် အသုံးပြုသူများ လိုလားသည့် တိကျမှုအဆင့် ဖြစ်ခဲ့သည်။ နမူနာ အရွယ်တွက်ချက်မှုသည် ပြီးခဲ့သည့် စစ်တမ်း အတွေ့အကြုံများတွင် လေ့လာ ရရှိခဲ့သည့် အဓိက ကိန်းရှင်များအတွက် ကွဲလွဲကိန်းများကို အခြေခံထားခဲ့ ပါသည်။

### အချက်အလက်ကောက်ယူခြင်း

အရေအတွက် စစ်တမ်းအတွက် ဒီဇိုင်းသည် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ များကို စောင့်ကြည့် စစ်ဆေးရန် နှစ်ကြိမ်စစ်တမ်း ကောက်ယူသည့် ချဉ်းကပ်နည်းကို ဖြစ်စေခဲ့ပါသည်။ နှစ်ကြိမ်စာရင်း ကောက်ယူရန် လိုလားရသည့် အကြောင်းနှင့်စပ်လျဉ်း၍ ပြောစရာအချက် အများအပြား ရှိပါသည်။ စိုးမိုးသည့် အချက်မှာ အိမ်ထောင်စု ဝင်ငွေ၊ အသုံးစရိတ်နှင့် စားသုံးမှု ပုံစံများတွင် အရေးပါသော ရာသီလိုက် ပြောင်းလဲမှုများ ရှိနေခြင်း ဖြစ်ပါသည်။ အထူးသဖြင့် (၁) သိသာ ထင်ရှားသည့် ရာသီဥတု သုံးမျိုး (အောက်တိုဘာလမှ ဇန်နဝါရီလ အထိ ဆောင်းရာသီ၊ ဖေဖော်ဝါရီလမှ မေလအထိ နွေရာသီနှင့် ဇွန်လမှ စက်တင်ဘာလအထိ မိုးရာသီ)၊ (၂) ဝင်ငွေ ဖြစ်စေသည့် လုပ်ဆောင်ချက်များ အတွက် စိုက်ပျိုးရေးကို မြင့်မားစွာ မှီခိုအားထားခြင်းနှင့် (၃) အိမ်ထောင်စု ဘတ်ဂျက်များတွင် မြင့်မားသော အစားအစာ/ အစားအစာအတွက် မဟုတ်သော အသုံးစရိတ် အချိုးဖြင့် မြန်မာနိုင်ငံ၏ ပင်ကိုလက္ခဏာကို ဖော်ပြထားပါသည်။ ထို့ကြောင့် စစ်တမ်းရလဒ်များသည် အဓိပ္ပာယ်ရှိပြီး ကိုယ်စားပြုရမည် ဆိုလျှင် ဤပြောင်းလဲချက်များကို ဖော်ပြရန် အလွန်အရေးကြီးပါသည်။ ရလဒ်များ၏ အရည်အသွေးကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန် အခြား အကြောင်းရင်း နှစ်ခုမှာ ဗဟုအကြိမ်စစ်တမ်းသည် စာရင်းကောက်သူများနှင့် ဖြေဆိုသူများအကြား ယုံကြည်မှုအဆင့်ကို တိုးမြှင့်ပေးခြင်းနှင့် ဖြေဆိုသူများ၏ မှတ်ဉာဏ်ကို ကူညီတိုးမြှင့်ပေးခြင်းဖြင့် အမှန်ကို မမှတ်မိသော အမှားများကို လျော့နည်းစေသည့် သက်သေ သာဓကပင် ဖြစ်ပါသည်။

ထိုသို့သော စစ်တမ်း ကောက်သည့် အကြိမ်များ၏ အချိန်ကို သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားခဲ့သည့် သီးသန့်အကြောင်းရပ်များတွင် -

- အချို့သော နယ်မြေများတွင် မိုးရာသီအတွင်း ကွင်းဆင်း၍ စစ်တမ်းကောက် ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ၊
- အရေအတွက် ဆိုင်ရာ စစ်တမ်းအဆင့် မစမီ အရည်အသွေး ဆိုင်ရာ လေ့လာမှု၏ ရလဒ်များအပြီးသတ်ရန် လိုအပ်ချက်၊ (၂၀၀၄ခုနှစ် မတ်လမတိုင်မီ အရေအတွက် စစ်တမ်းတွင် အသုံးပြုမည့် ကိရိယာ တန်ဆာပလာ များကို အပြီးမသတ်နိုင်မည့် ဖြစ်လာနိုင်ချက် အရ)
- အရေးပါသည့် အစိုးရ ရုံးပိတ်ရက်များ၊ ယဉ်ကျေးမှု ဆိုင်ရာ ပွဲတော်များ ကျရောက် ချိန်၊ (ဧပြီလတွင် ကျရောက်သည့် ဂရုမူသင့်သော သင်္ကြန်ပွဲတော်)
- IHLCA မှ ရလဒ်များကို ယခင်စစ်တမ်းများမှ တွေ့ရှိချက်များနှင့် နှိုင်းယှဉ်နိုင်ရန် လိုအပ်ချက်၊ (အောက်တိုဘာ-နိုဝင်ဘာတွင် အချက်အလက်ကောက် ယူခဲ့သော ဂရုမူသင့်သည့် ၁၉၉၇ ခုနှစ် နှင့် ၂၀၀၁ ခုနှစ် HIES)

တို့ ပါဝင်ပါသည်။

ဤအချက်များက အရေအတွက် ဆိုင်ရာ စစ်တမ်း၏ ပထမအကြိမ်အတွက် အချက်အလက်ကောက်ယူသည့် လုပ်ဆောင်ချက်များကို ၂၀၀၄ ခုနှစ် မေ-ဇွန်နှင့် ဒုတိယအကြိမ် အချက်အလက် ကောက်ယူမှုအား ၂၀၀၄ ခုနှစ် အောက်တိုဘာ - နိုဝင်ဘာတွင် ဆောင်ရွက်သည့် အစီအစဉ်ကို ဖြစ်စေခဲ့ပါသည်။ ကံမကောင်း အကြောင်း မလှသဖြင့် ကြိုတင် မတွေ့မြင်နိုင်သည့် အခြေအနေ အရပ်ရပ်ကြောင့် ဤရက်စွဲများကို ပြောင်းလဲခဲ့ရပြီး အချက်အလက် ကောက်ယူရန် လုပ်ဆောင်ချက်များကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၀၅ ခုနှစ် မေလတို့တွင် ဆောင်ရွက်ရန် ပြန်လည် စီစဉ်ခဲ့ရပါသည်။

ကောက်ယူရမည့် သတင်း အချက်အလက်များ၏ သဘော သဘာဝပေါ် မူတည်၍ စစ်တမ်းတွင် အသုံးပြုသည့် ကိရိယာများတွင် ကွဲပြား ခြားနားသော မေးခွန်းလွှာ အမျိုးအစား (လက်ရှိ အခြေအနေနှင့် နောက်ကြောင်းပြန်) တို့ကို ပါဝင်စေခဲ့ပါသည်။ ဥပမာအားဖြင့် ပညာရေးအဆင့်ကို အကဲဖြတ်ရန် လက်ရှိ အခြေအနေ မေးခွန်းလွှာများ မေးမြန်းခဲ့ပါသည်။ အခြားတစ်ဖက်တွင် အိမ်ထောင်စု စားသုံးမှု အသုံးစရိတ်များ အတွက် သတင်းအချက်အလက် ကောက်ယူရန် နောက်ကြောင်းပြန် မေးခွန်းများ မေးမြန်းခဲ့ပါသည်။ သို့ဖြစ်၍ အရေးပါသော အချက် တစ်ခုမှာ သီးသန့် စားသုံးသည့် အစားအစာနှင့် အစားအစာ မဟုတ်သော အမယ်များအတွက် ရည်ညွှန်းကာလဖြစ်ပါသည်။ အမှန်ကို မမှတ်မိသော အမှား နည်းစေရန် ကွဲပြားခြားနားသော အမယ်၊ အမျိုးအစားများ အတွက် ကွဲပြားခြားနားသော ရည်ညွှန်း ကာလများအသုံး ပြုခဲ့ပါသည်။ အထူးသဖြင့် ပုံမှန်ဝယ်ယူသည့် သေးငယ်သော အမယ်များအတွက် ပို၍တိုတောင်းသော အချိန်ကာလများကို အသုံးပြုခဲ့ပြီး (မကြာခဏဝယ်ယူသည့် အစားအစာ အမယ်များအတွက် ရက်သတ္တ(၁)ပတ်နှင့် အစားအစာ မဟုတ်သော အမယ်များအတွက် ရက်၃၀ ထားသကဲ့သို့) ပို၍ကြီးမားသော အမယ်များအတွက် ပို၍ရှည်ကြာသော အချိန်ကာလများ (အရွယ်အစားကြီးမားသည့် အစားအစာ မဟုတ်သော အမယ်များနှင့် ပစ္စည်းကိရိယာများအတွက် ခြောက်လ ထားသကဲ့သို့) ကို အသုံးပြုခဲ့သည်။

အရည်အသွေးမီ အချက်အလက် ကောက်ယူမှုနှင့် ဆီလျော်သည့် အခြား အချက်တစ်ခုမှာ ယဉ်ကျေးမှုနှင့် ကျား/မ ဆိုင်ရာ ထိခိုက်လွယ်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် မျိုးဆက်ပွား ကျန်းမာရေးကဲ့သို့သော လွန်စွာ ပုဂ္ဂိုလ်ရေးဆန်သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ဖြစ်ပါသည်။ ဖြေဆိုသူ၏ ကိုယ်ပိုင်ဘာသာစကားဖြင့် တွေ့ဆုံမေးမြန်းမှုများကို ဆောင်ရွက်နိုင်စေရန် ကွင်းဆင်း စာရင်းကောက်သူ တို့ကို ဒေသအဆင့်တွင် စုဆောင်းခဲ့ပါသည်။ ဖြေဆိုသူတို့ကို ကျား-မ စာရင်းကောက်သူ တစ်ဦးဖြင့် တွေ့ဆုံ မေးမြန်းနိုင်ရန် ကွင်းဆင်းအဖွဲ့များတွင် အနည်းဆုံး အမျိုးသမီး မေးမြန်းသူ တစ်ဦးနှင့် အမျိုးသား မေးမြန်းသူ တစ်ဦး ပါဝင်စေခဲ့သည်။ ယခင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ကွင်းဆင်းဝန်ထမ်း အားလုံးတွင် ထက်မြက်သည့် စာတတ်မြောက်မှုနှင့် သင်္ချာစွမ်းရည်များ ရှိရန် လိုအပ်ပါသည်။

ဖြစ်ပေါ်လာနိုင်သည့် နမူနာ ကောက်ယူမှုကြောင့် မဟုတ်သော အမှားများနှင့် စပ်လျဉ်း၍ ဖြေဆိုသူများထံမှ သတင်း အချက်အလက်များ ကောက်ယူသောအခါ ထိန်းချုပ်မှုအများအပြားကို (၁) စာရင်းကောက်သူက တွေ့ဆုံမေးမြန်း နေစဉ် အတွင်းချက်ခြင်း (၂) တွေ့ဆုံ မေးမြန်းပြီး နောက်တွင် ကြီးကြပ်သူက ဖြည့်သွင်းပြီး မေးခွန်းလွှာကို ပြန်လည်စစ်ဆေးစဉ် (၃) အချက်အလက်များကို စီစဉ် တွက်ချက် နေစဉ် စီမံထားရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် အိမ်ထောင်စု အသုံးစရိတ်၏ ငွေကြေးတန်ဖိုးနှင့် စပ်လျဉ်းသည့်အချက်အလက် တန်ဖိုးများအတွက် တာများကို သတ်မှတ်ထားသည်။ အဓိက အစားအစာနှင့် အစားအစာ မဟုတ်သော အမယ်တစ်ခုစီ၏ သတ်မှတ်ထားသော အရေအတွက် အတွက် လက်ခံနိုင်မည့် အနည်းဆုံးနှင့် အများဆုံး ဈေးနှုန်း (လွတ်လပ်စွာ ရရှိထားသည့် ဈေးကွက် ဈေးနှုန်း အချက်အလက်များကို အခြေခံ၍)ကဲ့သို့ ဖြစ်ပါသည်။ သင့်လျော်သော တာများကို မေးခွန်းလွှာ အား ကြိုတင် စစ်ဆေးစဉ် မှန်မမှန် အတည်ပြုခဲ့ပြီး၊ လူဖြင့် အလိုအလျောက်စက်ဖြင့် အချက်အလက် စစ်ဆေးစဉ် အလံထိုး၍ ပြသခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကွင်းဆင်း စာရင်းကောက်သူများနှင့် ကြီးကြပ်သူများ၊ အချက်အလက်သွင်းသည့် အော်ပရေတာတို့ကို ရွေးချယ်ရာတွင် အခြေခံ တစ်ခုအဖြစ် ထက်မြက်သည့် စာတတ်မြောက် ကျွမ်းကျင်မှု၊ တွက်ချက်မှုနှင့် စာရင်းအင်းပညာဆိုင်ရာ အရည်အချင်းတို့ကို အသုံးပြုခဲ့ပါသည်။ ဝန်ထမ်း စုဆောင်းစဉ်အတွင်း ရေးဖြေစာမေးပွဲများကို ပြုလုပ်၍ ယေဘုယျအားဖြင့် ကျွမ်းကျင်မှု အရည်အချင်းတို့ကို မှန်မမှန် စစ်ဆေး အတည်ပြုခဲ့ပါသည်။

ထို့ပြင် ကောက်ယူသည့် သတင်း အချက်အလက်များ၏ အရည်အသွေးကို အဆက်မပြတ်စောင့်ကြည့် စစ်ဆေးရန်နှင့် ဖြစ်လာနိုင်သည့် ကွာခြားချက်များကို မြန်နိုင်သမျှ မြန်စွာ ပြုပြင် နိုင်ရန်အတွက် အရေအတွက် စစ်တမ်းမှ ဝင်လာသမျှ အချက်အလက်တို့ကို စာရင်းသွင်းခြင်းနှင့် ခိုင်လုံကြောင်း အထောက်အထားပြ အတည်ပြုခြင်းတို့ကို ပြည်နယ်/တိုင်း စီမံကိန်း ဦးစီးရုံးများတွင် ဆောင်ရွက်ခဲ့ပြီး စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန (ရုံးချုပ်)သို့ လွှဲပြောင်းခဲ့ပါသည်။ ပြည်နယ်/ တိုင်း အားလုံး အတွက် အသေးစိတ် အချက်အလက်ကြမ်း အစုများကို ရန်ကုန်မြို့ရှိ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန (ရုံးချုပ်) တွင် နည်းပညာယူနစ်၏ ကြီးကြပ်မှု အောက်၌ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန ဝန်ထမ်းများက စုပေါင်းခြင်းနှင့် စီစဉ်တွက်ချက်ခြင်း ပြုကြပါသည်။

IHLCA စစ်တမ်းတွင် အောက်ပါ စစ်တမ်းမေးခွန်းလွှာများ အသုံးပြုခဲ့ပါသည်။[၃၁]

၁။ အိမ်ထောင်စု အဆင့်တွင် မေးမြန်းသော အိမ်ထောင်စု မေးခွန်းလွှာသည် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေများ၏ ကွဲပြားခြားနားသည့် သွင်ပြင် လက္ခဏာများကို လွှမ်းခြုံသည့် အပိုင်း ၉ ခု ပါဝင်ပါသည်။

အပိုင်း ၁။ အိမ်ထောင်စု အခြေခံ ပင်ကိုလက္ခဏာများ (ပထမအကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်းများတွင် မေးမြန်းခဲ့သည်)

အပိုင်း ၂။ နေအိမ် အခြေအနေ (ပထမအကြိမ် စစ်တမ်းတွင် အပြည့် အစုံနှင့် ဒုတိယအကြိမ် စစ်တမ်းတွင် မေးခွန်းအချို့ကို မေးမြန်းခဲ့သည်)

အပိုင်း ၃။ ပညာရေး (ပထမအကြိမ် စစ်တမ်း၌သာ မေးမြန်းခဲ့သည်)

အပိုင်း ၄။ ကျန်းမာရေး (ပထမအကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်း များတွင် မေးမြန်းခဲ့သည်)

အပိုင်း ၅။ စားသုံးမှု အသုံးစရိတ်များ (ပထမအကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်း များတွင် မေးမြန်းခဲ့သည်)

အပိုင်း ၆။ အိမ်ထောင်စုပိုင်ဆိုင် ပစ္စည်းများ (ပထမအကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်းများတွင် မေးမြန်းခဲ့သည်)

အပိုင်း ၇။ လုပ်သားနှင့် အလုပ်လုပ်ကိုင်မှု(ပထမအကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်းများတွင် မေးမြန်းခဲ့ သည်)

အပိုင်း ၈။ စီးပွားရေး လုပ်ငန်း (ပထမ အကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်းများတွင် မေးမြန်းခဲ့သည်)

အပိုင်း ၉။ ငွေရေးကြေးရေးနှင့် စုဆောင်း မှု (ပထမ အကြိမ်နှင့် ဒုတိယအကြိမ် စစ်တမ်းများတွင် မေးမြန်းခဲ့သည်)

၂။ ရပ်ရွာမေးခွန်းလွှာသည် ဒေသခံအဓိက သတင်းပေးသူများကို ပထမအကြိမ် စစ်တမ်းများတွင်သာ မေးမြန်းရန်ဖြစ်ပြီး အပိုင်း၄ပိုင်းပါဝင်ကာ စစ်တမ်းကောက်ယူရာ ကျေးရွာ/ရပ်ကွက်များနှင့် ပတ်သက်သည့် အထွေထွေသတင်း အချက်အလက်များကို ရှာဖွေပေးရန် ရည်ရွယ်သည့် အပြင် အိမ်ထောင်စု တွေ့ဆုံမေးမြန်းချိန်ကို လျှော့ချရန် ရည်မှန်းပါသည်။ ရပ်ရွာမေးခွန်းလွှာတွင် ပါဝင်သည့် အပိုင်းများမှာ -

အပိုင်း ၁-၁။ ကျေးရွာ/ ရပ်ကွက် အခြေခံ အဆောက်အအုံ

အပိုင်း ၁-၂။ လူဦးရေ

အပိုင်း ၁-၃။ နေအိမ်အခြေအနေ

အပိုင်း ၁-၄။ လုပ်သားနှင့် အလုပ် လုပ်ကိုင်မှု

အပိုင်း ၁-၅။ စီးပွားရေး လုပ်ငန်း လုပ်ဆောင်ချက်များ

အပိုင်း ၁-၆။ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်း လုပ်ဆောင်ချက်များ

အပိုင်း ၁-၇။ ငွေရေးကြေးရေးနှင့် စုဆောင်းမှု

အပိုင်း ၂။ စာသင်ကျောင်းများ

အပိုင်း ၃။ ကျန်းမာရေး ဝန်ဆောင်မှုပေးရာဌာနများ

အပိုင်း ၄။ ဆေးနှင့် ဆေးဝါး ပစ္စည်းဆိုင်များ

၃။ စစ်တမ်း(၂)ကြိမ်စလုံးတွင် မေးမြန်းခဲ့သည့် ရပ်ရွာဈေးနှုန်း မေးခွန်းလွှာသည် စစ်တမ်း ကောက်သည့် ကျေးရွာ/ ရပ်ကွက် အသီးသီးတွင် သီးခြား အချက်အလက် အမယ် တစ်ခုစီ၏ ဈေးကွက်ဈေးနှုန်းများနှင့် စပ်လျဉ်း၍ သတင်း အချက်အလက်များကို ရှာဖွေပေးရန် ရည်မှန်း ပါသည်။ ဒေသဆိုင်ရာ ဈေးဆနှုန်းကိန်းများနှင့် ထိုမှတဆင့် ဒေသဆိုင်ရာ အစားအစာ ဆင်းရဲချို့ တဲ့မှု ပြမျဉ်းများ တွက်ချက်ရာတွင် အိမ်ထောင်စု မေးခွန်းလွှာများမှ တွက်ချက် ရရှိသည့် တန်ဖိုး သင့်ဈေးနှုန်းများကို အသုံးပြုခဲ့ရာ၌ ယင်းဈေးနှုန်းများမှာ ဈေးကွက် ဈေးနှုန်းများနှင့် ညီညွတ်မှု မရှိ ကြောင်း တွေ့ရှိရပါသည်။ ရပ်ရွာဈေးနှုန်း မေးခွန်း လွှာတွင် အပိုင်း (၁) ပိုင်းသာ ပါဝင်ပါ သည်။

၄။ မြို့နယ် အခြေအနေ မေးခွန်းလွှာသည် ပထမ အကြိမ် စစ်တမ်းတွင်သာ ပါဝင်သည့် မြို့နယ်များ၏ အုပ်ချုပ်မှု ဆိုင်ရာ သတင်း အချက်အလက်များကို ကောက်ယူရန် ရည်မှန်းပါသည်။

[၃၁] နည်းပညာဆိုင်ရာ အစီရင်ခံစာ၏ နောက်ဆက်တွဲ ၁၊ ၂၊ ၃ တွင် IHLCA စစ်တမ်းမေးခွန်းလွှာများကို ကြည့်ရှုပါရန်။

မေးခွန်းလွှာများကို ရွေးပြေး စမ်းသပ် စစ်ဆေးပြီး နောက်ဆုံး မေးခွန်းလွှာ အားလုံးကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုပြီး အကျိုးအကြောင်း ညီညွတ်မှုရှိခြင်းကို အတည်ပြုရန် အင်္ဂလိပ်ဘာသာဖြင့် ပြန်လည် ဘာသာ ပြန်ဆိုခဲ့ပါသည်။

အိမ်ထောင်စု မေးခွန်းလွှာများကို စစ်တမ်း (၂) ကြိမ် စလုံးတွင် မေးမြန်းခဲ့ပြီးနောက် စစ်တမ်းရလဒ်များကို တင်ပြနိုင်ရန်အတွက် ရွေးချယ်မှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။ ယေဘုယျအားဖြင့်

၁။ ရာသီအလိုက် ကွဲပြားခြားနားမှု မရှိသည့် ညွှန်ကိန်းများအတွက် စစ်တမ်း(၂)ကြိမ်မှ ကောက်ယူရရှိသည့် ရလဒ်များမှာ အလွန်နီးစပ်မှုရှိပြီး စစ်တမ်း(၂)ကြိမ် စလုံးမှ ရလဒ်ကို တင်ပြခြင်းဖြင့် တန်ဖိုးထပ်ဆင့် တိုးမလာပါ။ ဤအခြေအနေတွင် ဒုတိယအကြိမ် စစ်တမ်း ရလဒ်များကို တင်ပြပါသည်။

၂။ နေအိမ်နှင့် ဆက်နွယ်သည့် ညွှန်ကိန်းများအတွက်၊ (ဥပမာ - နေအိမ် အမျိုးအစား၊ နေအိမ်ဆောက်လုပ်ရေး ပစ္စည်းအမျိုးအစား၊ ရေနှင့် အညစ်အကြေးသန့်ရှင်းရေးစနစ် လက်လှမ်းမီ ရရှိနိုင်မှု) ညွှန်ကိန်း အများစုကို ပထမ အကြိမ်စစ်တမ်း၌သာ ကောက်ယူ ရရှိခဲ့ခြင်းကြောင့် ပထမအကြိမ် စစ်တမ်းမှ ရလဒ်များကို တင်ပြထားပါသည်။

၃။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆက်နွယ်သည့် ညွှန်ကိန်းများအတွက် ပထမအကြိမ် စစ်တမ်းကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်မှုများသည် မိုးရာသီကာလအတွင်း အရေးကြီးဆုံးဖြစ်သဖြင့် မိုးရာသီကို လွှမ်းခြုံခဲ့သည့် ပထမ အကြိမ်စစ်တမ်း ရလဒ်များတို့ တင်ပြရန် ရှိသည်ဟု ဆုံးဖြတ်ပါသည်။

၄။ ရာသီအလိုက် ညွှန်ကိန်းများ ဖြစ်သည့် အလုပ်အကိုင် ရရှိမှုနှင့် ချေးငွေရရှိမှု ညွှန်ကိန်းများအတွက် စစ်တမ်း (၂) ကြိမ်မှ ကောက်ယူ ရရှိသည့် ရလဒ်များကို တင်ပြထားလေ့ရှိပါသည်။

# အပိုင်း ၁။ ဆင်းရဲနွမ်းပါးမှုအခြေအနေ လေ့လာတင်ပြချက်

အပိုင်း(၁)တွင် ရှေးဦးစွာ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများ ရှာဖွေ သတ်မှတ်ခြင်းနှင့် ဒုတိယအနေဖြင့် ဆင်းရဲနွမ်းပါးမှု စံအတိုင်းအတာများကို တင်ပြထားပါသည်။

## ၁။ ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ ရှာဖွေ သတ်မှတ်ခြင်း [၃၂]

ဤစစ်တမ်းတွင် အသုံးပြုသည့် ယေဘုယျ ချဉ်းကပ်နည်းမှာ အခြေခံ လိုအပ်ချက်များ အတွက် ကုန်ကျစရိတ်နည်း[၃၃] ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုနှင့် စပ်လျဉ်း၍ ပို၍ ပြည့်စုံသော အမြင်ကို ပေးနိုင်ရန် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းနှစ်မျိုးကို တွက်ယူ ထားသည်။

၁။ **အစားအစာဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL)** ။ အနည်းဆုံး အစားအစာ အသုံးစရိတ် အပေါ် အခြေခံထားသည့် အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်းသည် အိမ်ထောင်စုဝင်များ၏ ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အဓိက ကျသော စားသုံးကုန်ပစ္စည်း အုပ်စုအတွက် ပေးရန် လိုအပ်သော ကျပ်ငွေပေါင်း ဖြစ်ပါသည်။

၂။ **ဆင်းရဲနွမ်းပါးမှု ပြမျဉ်း (PL)** ။ ဆင်းရဲ နွမ်းပါးမှု ပြမျဉ်းသည် (၁) ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အနည်းဆုံးအစားအစာ အသုံးစရိတ်နှင့်၊ (၂) အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့်ဆီလျော်သည့် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်တို့ ပေါင်းခြင်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုပြမျဉ်း(PL)၏ အစားအစာ အသုံးစရိတ် အစိတ်အပိုင်းသည် အစားအစာ ဆင်းရဲ ချို့တဲ့မှုပြမျဉ်း (FPL) ဖြစ်ပါသည်။ PL ၏ အစားအစာ အတွက် မဟုတ်သော အသုံးစရိတ် အစိတ်အပိုင်းကို FPL အား အစားအစာ အတွက် မဟုတ်သော အသုံးစရိတ်[၃၄] နှင့် အစားအစာ အသုံးစရိတ်တို့၏ အချိုးဖြင့် မြှောက်၍ တွက်ယူသည်။ ထိုအချိုးကို ဆင်းရဲ နွမ်းပါးမှုပြမျဉ်း တစ်ဝိုက်တွင် အသုံးစရိတ် စုစုပေါင်းရှိသည့် အိမ်ထောင်စုများမှ ရရှိသည်။

### *၁-၁။ အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်းကို ရှာဖွေ သတ်မှတ်ခြင်း*

အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း (FPL) ကို အဆင့် (၄) ဆင့်ဖြင့် ရှာဖွေရယူပါသည်။

အဆင့် ၁။ စစ်တမ်း ကောက်ယူသည့် အကြိမ်တိုင်း အတွက် ရည်ညွှန်း အိမ်ထောင်စုကို ရွေးချယ်ခြင်း၊

အဆင့် ၂။ စစ်တမ်းကောက်ယူသည့် အကြိမ်တိုင်း အတွက် ရည်ညွှန်း အိမ်ထောင်စု၏ ကယ်လိုရီ လိုအပ်ချက်များ (တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ကယ်လိုရီများ)ကို တွက်ချက်ခြင်း၊

အဆင့် ၃။ စစ်တမ်း ကောက်ယူသည့် အ ကြိမ်တိုင်း အတွက် ရည်ညွှန်း အိမ်ထောင်စု၏ အစားအစာ စားသုံးမှု ပုံစံများ နှင့် တစ်နှစ် အတွက် ကယ်လိုရီ လိုအပ်ချက်များ (အရွယ်ရောက်သူနှင့် ညီမျှချက် အရ ကီလိုဂရမ်များ)ကို ထင်ဟပ်သည့် အဓိက ကျသော အစားအစာအုပ်စုတစ်ခုကို ဖွဲ့စည်းခြင်း၊

အဆင့် ၄။ စစ်တမ်း ကောက်ယူသည့် အကြိမ်တိုင်း အတွက် ရွေးချယ်ထားသည့် စံပြုထားသော အဓိက ကျသည့် အစားအစာ အုပ်စုကို တန်ဖိုး သင့်ခြင်း၊ (တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက် အရ ကျပ်ငွေ)

---

[၃၂] ဆင်းရဲနွမ်းပါးမှု စိစစ်သုံးသပ်ချက် ဆိုင်ရာ နည်းပညာ အား အသေးစိတ် လေ့လာရန် အတွက် IHLCA စစ်တမ်း နည်းပညာ ဆိုင်ရာ အစီရင်ခံစာ၏ အခန်း ၆ ကို ရည်ညွှန်းပါသည်။

[၃၃] Ravallion, M. (1998) *Poverty Lines in Theory and Practice*, LSMS Working Paper 133, World Bank, Washington, D.C.

[၃၄] အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်များတွင် ပညာရေးနှင့် အိမ်ငှားရမ်းခ ကဲ့သို့သော အသုံးစရိတ် အမယ်များ ပါဝင်ပါသည်။ ကျန်းမာရေး အသုံးစရိတ်များသည် ဆင်းရဲသူများ၏ အသုံးစရိတ်များကို အလိုအလျောက် တိုးမြှင့်စေနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု တွက်ချက်ရန် အသုံးပြုသည့် အိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ်များတွင် ကျန်းမာရေးအသုံးစရိတ်များကို ချန်လှပ်ထားပါသည်။ သွင်းကုန် ကန့်သတ်ချက်ကြောင့် ဈေးနှုန်းမြင့်မား၍ ဈေးတက်နေတက်သည့် မြန်မာနိုင်ငံ၏ ကြာရှည်သုံး ကုန်ပစ္စည်းဈေးကွက်၏ ထူးခြားသည့် သဘာဝကြောင့် ကြာရှည်သုံးကုန်ပစ္စည်းများ၏ အသုံးပြု ကုန်ကျစရိတ်ကိုလည်း တွက် ချက်ရာတွင် ချန်လှပ်ထား ပါသည်။

## အဆင့် ၁။ စစ်တမ်း ကောက်ယူသည့် အကြိမ် တိုင်းအတွက် ရည်ညွှန်း အိမ်ထောင်စု ရွေး ချယ်ခြင်း

ရည်ညွှန်း အိမ်ထောင်စု အသုံးစရိတ်သည် တစ်ပြေးညီ ပြုထားသော အရွယ်ရောက်သူနှင့် ညီမျှ ချက်အရ စားသုံးမှု အသုံးစရိတ် စုစုပေါင်း၏ ဒုတိယ လေးစိတ်တစ်စိတ် (၂၅%)တွင် ပါဝင်သည့် အိမ် ထောင်စုများ၏ ပျမ်းမျှ စားသုံးမှု အသုံးစရိတ် ဖြစ်ပါသည်။ ထို့နောက် ရည်ညွှန်း အိမ်ထောင်စု၏ အနည်းဆုံး ကယ်လိုရီ လိုအပ်ချက်ကို သတ်မှတ်ရန် အတွက် ရည်ညွှန်း အိမ်ထောင်စုရှိ အရွယ်ရောက်သူ အမျိုးသား ဦးရေ၊ အရွယ်ရောက်သူ အမျိုးသမီး ဦးရေ၊ ကလေးဦးရေနှင့် စုစုပေါင်း (အိမ်ထောင်စုအရွယ်) ကို တွက်ချက်သည်။[၃၅]

## အဆင့် ၂။ စစ်တမ်း ကောက်ယူသည့် အကြိမ် တိုင်းအတွက် ရည်ညွှန်း အိမ်ထောင်စု၏ ကယ် လိုရီ လိုအပ်ချက်များကို တွက်ချက်ခြင်း

အာဟာရ ဆိုင်ရာ ကယ်လိုရီစံ သတ်မှတ် ချက်များသည် အသက်အရွယ်၊ ကျား၊ မနှင့် လုပ်ဆောင်ချက် အမျိုးအစား အလိုက် ပြောင်းလဲနေ ပါသည်။ (နောက်ဆုံးအချက်သည် တည်နေရာ မြို့ပြနှင့် ကျေးလက် ဒေသများနှင့် ဆက်သွယ်နေ သည်။)

ဇယား ၁-၁။ အာဟာရဆိုင်ရာ ကယ်လိုရီ စံသတ်မှတ် ချက်များ

| တစ်နေ့အတွက် ကယ်လိုရီများ | ကျေးလက် | မြို့ပြ |
|---|---|---|
| အရွယ်ရောက်သူအမျိုးသား | ၂၈၀၀ | ၂၂၀၀ |
| အရွယ်ရောက်သူအမျိုးသမီး | ၂၄၅၀ | ၂၀၅၀ |
| ကလေး (<၁၅) | ၁၈၀၀ | ၁၈၀၀ |

ဇာစ်မြစ်။ အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသန ဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ။

ရည်ညွှန်း အိမ်ထောင်စု၏ အသက်အရွယ်၊ ကျား၊ မနှင့် တည်နေရာ ဖွဲ့စည်းပုံကို အခြေခံ၍ ဤရည်ညွှန်း အိမ်ထောင်စုအတွက် ကယ်လိုရီ လိုအပ် ချက်စုစုပေါင်းကို အောက်ပါအတိုင်းတွက်ယူပါသည်။

- လူဦးရေအတန်းအစား တစ်ခုစီ၏ အရွယ်(အရွယ် ရောက်သူ အမျိုးသားများ၊ အရွယ်ရောက်သူ အမျိုးသမီးများနှင့် ကလေးများ)ကို အထက်ပါ ဇယားတွင်ပြထားသည့် တစ်နေ့အတွက် အလေး တင် ကယ်လိုရီ လိုအပ်ချက် နှင့် မြှောက်ခြင်း၊
- တစ်နေ့လျှင် အိမ်ထောင်စု၏ အလေးတင် ကယ်လိုရီ လိုအပ်ချက်ကို ရရှိရန် လူဦးရေ အ တန်းအစားအားလုံးကို ပေါင်းခြင်း၊
- တစ်နေ့အတွက် အနည်းဆုံး ကယ်လိုရီ လိုအပ် ချက်ကို ရရှိရန် အတွက် (အရွယ်ရောက် သူနှင့် ညီမျှချက်အရ) ရည်ညွှန်း အိမ်ထောင်စု အရွယ် ဖြင့် စားခြင်း အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်နေ့အတွက် အနည်းဆုံး ကယ်လိုရီ လိုအပ် ချက်မှာ ပထမအကြိမ် စစ်တမ်းတွင် ၂၃၀၄ ကယ်လိုရီ နှင့် ဒုတိယအကြိမ် စစ်တမ်းတွင် ၂၂၉၅ ဟု ခန့်မှန်း ထားပါသည်။

## အဆင့် ၃။ စစ်တမ်း ကောက်ယူသည့် အကြိမ် တိုင်း အတွက် ရည်ညွှန်း အိမ်ထောင်စု၏ အစား အစာ စားသုံးမှု ပုံစံများနှင့် တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ကယ်လိုရီ လိုအပ်ချက်များကို ထင်ဟပ်သည့် ရည်ညွှန်း အဓိကကျသော အစားအစာအုပ်စု တစ်ခုကို ဖွဲ့စည်းခြင်း။

ရည်ညွှန်း အိမ်ထောင်စု (ဒုတိယ လေးစိတ် တစ်စိတ် (၂၅%) တွင် ပါဝင်သည့် အိမ်ထောင်စုများ) က စားသုံးသည့် အစားအစာ အမယ် တစ်ခုစီအတွက် ပျမ်းမျှ အရေအတွက်ကို တစ်နှစ်အတွက် အရွယ် ရောက်သူနှင့် ညီမျှချက်အရ ကီလိုဂရမ် အားဖြင့် တွက်ချက်ပါသည်။ ထို့နောက် တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ရည်ညွှန်း အိမ်ထောင်စု၏ ကယ်လိုရီ စားသုံးမှု စုစုပေါင်းကို ရရှိရန် ပျမ်းမျှ အရေအတွက်ကို အစားအစာ အမယ်တစ်ခုစီ၏ တစ်ကီလိုဂရမ်တွင် ပါဝင်သည့် ကယ်လိုရီ ပါဝင်မှုဖြင့် မြှောက်ယူပါသည်။

[၃၅] တစ်ပြေးညီပြုထားသော အသုံးစရိတ်များ။ ။ အချိန်နှင့် နေရာဒေသ အလိုက် ဈေးနှုန်းနှင့် အရေအတွက်များ ပြောင်းလဲဖြစ်ပေါ်မှုကို ထင်ဟပ်ဖော်ပြနိုင်ရန် ပါရှေး (Paache) ဈေးဆနှုန်းကိန်းဖြင့် အမည်ခံ အသုံးစရိတ် များကို ကျုံ့ပြီး လျော့ချညှိနှိုင်းထားခြင်း ဖြစ်ပါသည်။

ရည်ညွှန်း အိမ်ထောင်စု၏ တစ်နေ့အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ကယ်လိုရီစံ သတ်မှတ်ချက်ကို ရည်ညွှန်း အိမ်ထောင်စု၏ ကယ်လိုရီ စားသုံးမှု စုစုပေါင်းဖြင့် စားခြင်းဖြင့် ညှိနှိုင်းကိန်းတစ်ခုကို တွက်ချက်ပါသည်။

ရည်ညွှန်း အဓိကကျသော အစားအစာအုပ်စုတွင် ပါဝင်သည့် အစားအစာ အမယ်တိုင်းအတွက် လိုအပ်သော အရေအတွက်ကို ရရှိရန် တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ အစားအစာ အမယ်တစ်ခုစီ၏ ကီလိုဂရမ်အားဖြင့် အရေအတွက်ကို ညှိနှိုင်းကိန်းဖြင့် မြှောက်ယူပါသည်။

## အဆင့် ၄။ စစ်တမ်း ကောက်ယူသည့် အကြိမ်တိုင်းအတွက် ရည်ညွှန်း အဓိက အစားအစာ အုပ်စုကို တန်ဖိုးတွက်ချက်ခြင်း

ရည်ညွှန်း အဓိကကျသော အစားအစာအုပ်စုတွင် ပါဝင်သည့် အစားအစာ အမယ်တစ်ခုစီ၏တန်ဖိုးကို တွက်ချက်ရာတွင် ကိုက်ညှိထားသည့် အရေအတွက်ကို ပြည်ထောင်စု အဆင့်တွင် (ပထမအကြိမ် စစ်တမ်းမှ) တဝက်ကိန်း တန်ဖိုးသင့် ဈေးနှုန်းဖြင့် မြှောက်၍ တွက်ယူပါသည်။

ထို့နောက် တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) ကို ကျပ်ငွေဖြင့် စစ်တမ်း ကောက်ယူ သည့် အကြိမ် တစ်ခုစီအတွက် သီးသန့်ရရှိရန် ရည်ညွှန်း အဓိကကျသော အစားအစာအုပ်စုမှ အစားအစာ အမယ်အားလုံး၏ တန်ဖိုးကို ပေါင်းယူပါသည်။

ပေါင်းစပ်ပြီး အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း (FPL) ရရှိရန် စစ်တမ်း ကောက်ယူသည့် အကြိမ် နှစ်ကြိမ်စလုံး၏ FPL များမှ ပျမ်းမျှ FPL ကို တွက်ချက်ပါသည်။

## *၁-၂။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းကို ရှာဖွေသတ်မှတ်ခြင်း*

ဆင်းရဲနွမ်းပါးမှု ပြမျဉ်း (PL)ကို အဆင့်သုံး (၃) ဆင့်ဖြင့် ရှာဖွေ ရယူပါသည်။

အဆင့် ၁။ ရည်ညွှန်း အိမ်ထောင်စု အတွက် အစားအစာနှင့် အစားအစာအတွက် မဟုတ်သော စားသုံးမှု အသုံးစရိတ် များ၏ ဘတ်ဂျက် ဝေစုများကို ခန့်မှန်းခြင်း (စစ်တမ်း ကောက်ယူသည့် အကြိမ်နှစ်ခု စလုံး ပေါင်းစပ်ပြီး)

အဆင့် ၂။ ဆင်းရဲ နွမ်းပါးမှုပြမျဉ်း (PL) အတွက် စံပြုထားသော အနည်းဆုံး အစားအစာ အတွက်မဟုတ်သည့် အသုံး စရိတ်များ ခန့်မှန်းခြင်း (စစ်တမ်း ကောက်ယူသည့် အကြိမ် နှစ်ကြိမ်စလုံး ပေါင်းစပ်ပြီး)

အဆင့် ၃။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းကို တွက်ချက်ခြင်း (စစ်တမ်း ကောက်ယူသည့် အကြိမ် နှစ်ကြိမ်စလုံး ပေါင်းစပ်ပြီး)

## အဆင့် ၁။ ရည်ညွှန်း အိမ်ထောင်စု အတွက် အစားအစာနှင့် အစားအစာ အတွက် မဟုတ်သော စားသုံးမှုအသုံးစရိတ်များ၏ ဘတ်ဂျက် ဝေစုများကို ခန့်မှန်းခြင်း(စစ်တမ်းကောက်ယူသည့်အကြိမ်နှစ်ခု စလုံး ပေါင်းစပ်ပြီး)

တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ အစားအစာ စားသုံးမှု အသုံးစရိတ်များသည် အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း၏ ± ၁၀% အတွင်း ရှိသည့် အိမ်ထောင်စုများ၏ ပျမ်းမျှ အစားအစာနှင့် အစား အစာအတွက် မဟုတ်သော ဝေစုများကို တွက်ချက်ပါ သည်။

**အဆင့် ၂။ ဆင်းရဲနွမ်းပါးမှုပြမျဉ်း (PL) အတွက် စံပြုထားသော အနည်းဆုံး အစားအစာ အတွက် မဟုတ်သည့် အသုံးစရိတ်များ ခန့်မှန်းခြင်း (စစ်တမ်း ကောက်ယူသည့် အကြိမ် နှစ်ကြိမ် စလုံး ပေါင်းစပ်ပြီး)**

တစ်နှစ် အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ စံပြုထားသော အနည်းဆုံး အစားအစာ အတွက် မဟုတ်သည့် အသုံးစရိတ်များကို အောက်ပါအတိုင်း တွက်ယူပါသည်။

> အစားအစာ အတွက် မဟုတ်သော အသုံးစရိတ်များ=အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) * ပျမ်းမျှ အစားအစာ အတွက်မဟုတ်သော အသုံးစရိတ်၏ ဝေစု / ပျမ်းမျှ အစားအစာ အသုံးစရိတ်၏ဝေစု

**အဆင့် ၃။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းကို တွက်ချက်ခြင်း (စစ်တမ်း ကောက်ယူသည့် အကြိမ် နှစ်ကြိမ် စလုံး ပေါင်းစပ်ပြီး)**

တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ဆင်းရဲနွမ်းပါးမှုပြမျဉ်း (PL) သည် အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) နှင့် တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ စံပြုထားသော အနည်းဆုံး အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်များကိုပေါင်းခြင်းနှင့် ညီမျှ ပါသည်။

### *၁-၃။ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများ*

၁။ အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း (FPL) တစ်ခုကို ပထမအကြိမ် စာရင်းကောက်ခြင်းမှအစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) နှင့် ဒုတိယ အကြိမ် စာရင်းကောက်ခြင်းမှ အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) တို့၏ ပျမ်းမျှခြင်း အဖြစ် တွက်ချက်ပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်း (FPL) သည် တစ်ပြေးညီပြုပြီး ဖြစ်ပါသည်။ ဆိုလိုသည်မှာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင်ရှိမည့် တစ်နှစ်အတွက် အရွယ် ရောက်သူနှင့် ညီမျှချက်အရ ကျပ်ငွေ ဖြင့် ဖော်ပြထားပါသည်။

၂။ ထို့နောက် ဆင်းရဲနွမ်းပါးမှုပြမျဉ်း (PL) ကို ရရှိရန် အရွယ်ရောက်သူနှင့် ညီမျှချက်အရ စံပြုထားသော အနည်းဆုံး အစားအစာ အတွက် မဟုတ်သည့် အသုံးစရိတ်များကို (၁)တွင် ပေါင်း၍ တွက်ချက် ပါသည်။

ဇယား ၁-၂။ အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း၊ အစားအစာအတွက် မဟုတ်သော ဆင်းရဲချို့တဲ့မှုပြမျဉ်းနှင့် ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ (ကျပ်ငွေ)

| | **ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများ (ကျပ်ငွေ)** |
|---|---|
| အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း | ၁၁၈ ၄၀၂ |
| အစားအစာ အတွက် မဟုတ်သော ဆင်းရဲချို့တဲ့မှု ပြမျဉ်း | ၄၃ ၇၃၄ |
| ဆင်းရဲနွမ်းပါးမှု ပြမျဉ်း | ၁၆၂ ၁၃၆ |

## ၂။ ငွေကြေးဆိုင်ရာ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာများ

အောက်ပါ ဆင်းရဲနွမ်းပါးသူ ညွှန်ကိန်းများကို တင်ပြထားပါသည်။

- ဆင်းရဲနွမ်းပါးသူ အချိုး
- ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး
- ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုး
- သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%) ၏ ဝေစု
- တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/ တိုင်း အသီးသီး၏ ပါဝင်မှု

### *၂-၁။ အစားအစာ ဆင်းရဲချို့တဲ့သူအချိုး။*

အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး ဆိုသည်မှာ အစားအစာချို့တဲ့မှု မျဉ်းအောက် နိမ့်ကျပြီး အရှယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီ ပြုထားသည့် စားသုံးစရိတ် ရှိသူများအချိုး ဖြစ်ပါသည်။ ၎င်းအချိုးသည် အစားအစာ လိုအပ်ချက်ကို ဖြည့် ဆည်းပေးနိုင်ရန် စားသုံးမှု အသုံးစရိတ် လုံလောက်မှု မရှိသော အိမ်ထောင်စုများအား ရည်ညွှန်း ပါသည်။ ပြည်ထောင်စု အဆင့်တွင် လူဦးရေ၏ ၁၀% သည် အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်း (FPL) ၏ အောက်သို့ ကျရောက်လျက် ရှိပါသည်။ ပြည်နယ် /တိုင်းများ အကြားတွင် ယင်းအချိုးမှာ ကွဲပြားခြားနားမှု ကြီးမားပါသည်။ ချင်းပြည်နယ်သည် အစားအစာ ဆင်းရဲချို့တဲ့မှု အချိုး ၄၀% ရှိသဖြင့် အမြင့်မားဆုံး ဖြစ်ပြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင်လည်း ယင်းအချိုး မြင့်မားကြပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှုအချိုး အနိမ့်ဆုံးမှာ ကရင်ပြည်နယ်တွင် ဖြစ်၍ ၂% ရှိပြီး၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့တွင်လည်း လျော့နည်းကြပါသည်။

*(ဇယား ၁-၃ နှင့် ပုံ ၁-၁ ကို ကြည့်ပါ။)*

ပုံ ၁-၁။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (လူဦးရေ၏%)





### *၂-၂။ ဆင်းရဲနွမ်းပါးသူအချိုး*

ဆင်းရဲနွမ်းပါးသူ အချိုး ဆိုသည်မှာ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက် နိမ့်ကျပြီး အရွယ်ရောက်သူ နှင့် ညီမျှချက်အရ တစ်ပြေးညီပြုထားသည့် အသုံးစရိတ် ရှိသူများအချိုး ဖြစ်ပါသည်။ ဤအိမ်ထောင်စု များသည် အခြေခံအစားအစာနှင့် အစားအစာ မဟုတ်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းရန် သုံးစွဲစရိတ် လုံလောက်မှု မရှိသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ပြည်ထောင်စုအဆင့်တွင် ဆင်းရဲ နွမ်းပါးသူ အချိုးသည် ၃၂% ဖြစ်ပါသည်။ သို့ရာတွင် ဤအချိုးသည် ပြည်နယ်/တိုင်းများအတွင်း အရေးပါသော ကွဲပြားခြားနားမှု (Important Disparities) များကို ထင်ဟပ် ဖော်ပြနိုင်ခြင်း မရှိပါ။ ပြည်နယ်/တိုင်းများ အနက် ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးသူ အချိုး ၇၃%ဖြင့် အဆင်းရဲဆုံး ဖြစ်ပြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် ၅၂%၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် ၅၁% အသီးသီးဖြင့် ဆင်းရဲနွမ်းပါးသူအချိုး မြင့်မား

ကြပါသည်။ အနိမ့်ဆုံး ဆင်းရဲနွမ်းပါးသူ အချိုး များကို ကရင်ပြည်နယ် (၁၂%)၊ ရန်ကုန်တိုင်း (၁၅%)၊ နှင့် မွန်ပြည်နယ် (၂၂%) တို့တွင် တွေ့ရှိရပါသည်။

ရှင်းလင်း ဖော်ပြရန် ရည်ရွယ်ချက်[၃၆] ဇယား ၁-၅ တွင် အခြား အာရှနိုင်ငံများ၏ ဆင်းရဲနွမ်းပါးသူ အချိုးများကို ဖော်ပြ ထားပါသည်။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးသူ အချိုးသည် အရှေ့တောင် အာရှ နိုင်ငံများမှ ဝင်ငွေနိမ့်ကျသော နိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု အတိုင်းအတာ အတွင်းကျ ရောက်လျက် ရှိပါသည်။ ***(ဇယား ၁-၄၊ ၁-၅ နှင့် ပုံ ၁-၂ ကိုကြည့်ပါ)***

ပုံ ၁-၂။ ဆင်းရဲနွမ်းပါးသူအချိုး (လူဦးရေ၏%)





[၃၆] အမေရိကန်ဒေါ်လာတစ်ဒေါ်လာ၏ PPP ဖြင့်ပြသည့် ဆင်းရဲနွမ်းပါးမှုပြမျဉ်းကို အသုံးပြုခြင်းကဲ့သို့သော ဒေသတွင်းရှိ နိုင်ငံများအားလုံးကို နှိုင်းယှဉ်ရန် သတင်းအချက်အလက် မရရှိခြင်းကြောင့် ဇယား ၁-၅ရှိ စာရင်းအချက်အလက်များသည် တစ်မျိုးသားလုံး ဆိုင်ရာ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းများအပေါ် အခြေခံပါသည်။ နိုင်ငံများအကြားတွင် ဆင်းရဲနွမ်းပါးသည့် နှုန်းများ နှိုင်းယှဉ် သည့် အခါတွင် နည်းစနစ်များ ကွဲပြားမှု ရှိသဖြင့် နှိုင်းယှဉ်သူ အနေဖြင့် သတိပြုရမည်ဖြစ်သည်။

ဇယား ၁-၃။ အစားအစာ ဆင်းရဲချို့တဲ့သူ အချိုး (လူဦးရေ၏%)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ[၃၇] | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့်[၃၈] |
| ကရင် | ၂ | ၁ | ဝ | ၁ | ၂ | ၁ |
| ရန်ကုန် | ၅ | ၄ | ၄ | ၂ | ၄ | ၂ |
| မွန် | ၄ | ၂ | ၈ | ၁၁ | ၅ | ၃ |
| ပဲခူး (အရှေ့) | ၅ | ၃ | ၁၂ | ၁၆ | ၆ | ၄ |
| ပဲခူး (အနောက်) | ၇ | ၅ | ၅ | ၅ | ၇ | ၅ |
| စစ်ကိုင်း | ၈ | ၆ | ၄ | ၃ | ၈ | ၆ |
| ဧရာဝတီ | ၁၀ | ၇ | ၉ | ၁၅ | ၁၀ | ၇ |
| မန္တလေး | ၁၃ | ၁၀ | ၆ | ၇ | ၁၁ | ၈ |
| တနင်္သာရီ | ၁၂ | ၈ | ၉ | ၁၄ | ၁၁ | ၉ |
| ရခိုင် | ၁၃ | ၉ | ၇ | ၉ | ၁၂ | ၁၀ |
| ကယား | ၁၇ | ၁၄ | ၅ | ၄ | ၁၃ | ၁၁ |
| ရှမ်း (တောင်) | ၁၄ | ၁၂ | ၈ | ၁၀ | ၁၃ | ၁၂ |
| မကွေး | ၁၄ | ၁၁ | ၇ | ၈ | ၁၃ | ၁၃ |
| ကချင် | ၁၇ | ၁၃ | ၉ | ၁၃ | ၁၄ | ၁၄ |
| ရှမ်း (အရှေ့) | ၂၃ | ၁၆ | ၈ | ၁၂ | ၂၀ | ၁၅ |
| ရှမ်း (မြောက်) | ၂၂ | ၁၅ | ၁၆ | ၁၇ | ၂၀ | ၁၆ |
| ချင်း | ၄၉ | ၁၇ | ၅ | ၆ | ၄၀ | ၁၇ |
| **ပြည်ထောင်စု** | **၁၁** | | **၆** | | **၁၀** | |

ဇယား ၁-၄။ ဆင်းရဲနွမ်းပါးသူ အချိုး (လူဦးရေ၏%)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့် | ဖြစ်ပေါ်မှု (%) | အဆင့် |
| ကရင် | ၁၂ | ၁ | ၈ | ၁ | ၁၂ | ၁ |
| ရန်ကုန် | ၁၇ | ၂ | ၁၄ | ၂ | ၁၅ | ၂ |
| မွန် | ၂၁ | ၃ | ၂၃ | ၅ | ၂၂ | ၃ |
| စစ်ကိုင်း | ၂၇ | ၄ | ၂၂ | ၄ | ၂၇ | ၄ |
| ဧရာဝတီ | ၃၀ | ၆ | ၂၄ | ၈ | ၂၉ | ၅ |
| ပဲခူး (အရှေ့) | ၃၀ | ၅ | ၃၅ | ၁၄ | ၃၁ | ၆ |
| ပဲခူး (အနောက်) | ၃၄ | ၇ | ၂၃ | ၆ | ၃၃ | ၇ |
| ကယား | ၃၈ | ၉ | ၂၆ | ၁၂ | ၃၄ | ၈ |
| တနင်္သာရီ | ၃၇ | ၈ | ၂၁ | ၃ | ၃၄ | ၉ |
| ရခိုင် | ၄၁ | ၁၀ | ၂၆ | ၉ | ၃၈ | ၁၀ |
| မန္တလေး | ၄၅ | ၁၃ | ၂၄ | ၇ | ၃၉ | ၁၁ |
| ရှမ်း (တောင်) | ၄၄ | ၁၂ | ၂၆ | ၁၁ | ၄၀ | ၁၂ |
| မကွေး | ၄၄ | ၁၁ | ၂၆ | ၁၀ | ၄၂ | ၁၃ |
| ကချင် | ၄၇ | ၁၄ | ၃၈ | ၁၆ | ၄၄ | ၁၄ |
| ရှမ်း (မြောက်) | ၅၅ | ၁၅ | ၃၅ | ၁၃ | ၅၁ | ၁၅ |
| ရှမ်း (အရှေ့) | ၅၆ | ၁၆ | ၃၇ | ၁၅ | ၅၂ | ၁၆ |
| ချင်း | ၈၁ | ၁၇ | ၄၆ | ၁၇ | ၇၃ | ၁၇ |
| **ပြည်ထောင်စု** | **၃၆** | | **၂၂** | | **၃၂** | |

[၃၇] မြို့ပြဧရိယာများကို ဆေးရုံ/ ကျန်းမာရေးဌာန၊ အမြဲတမ်း ရောင်းချသည့်ဈေး၊ အလယ်တန်း/ အထက်တန်းကျောင်း၊ စာတိုက်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ရပ်ကွက်အဖြစ် အသိအမှတ်ပြုထားသည့်မြို့/မြို့နယ်များ၏ အစိတ်အပိုင်းများ (သို့မဟုတ် ရပ်ကွက်များ) ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

[၃၈] ဇယားအားလုံးတွင် အကောင်းဆုံး အခြေအနေနှင့် ကိုက်ညီသည့် တန်ဖိုးကို အဆင့် ၁ ပေးထားပြီး အဆိုးဆုံး အခြေအနေကို အဆင့် ၁၇ ပေးထားပါသည်။

ဇယား ၁-၅။ အခြားတောင်အာရှနှင့် အရှေ့တောင် အာရှနိုင်ငံများ[၉၉]၏ ဆင်းရဲနွမ်းပါးသူ အချိုး

| နိုင်ငံ | နှစ် | ဆင်းရဲနွမ်းပါးသူဦးရေ (%) | | |
|---|---|---|---|---|
| | | ကျေးလက် | မြို့ပြ | ပေါင်း |
| အရှေ့တောင်အာရှ | | | | |
| ကမ္ဘောဒီးယား | ၁၉၉၉ | ၄၀.၁ | ၁၈.၂ | ၃၅.၉ |
| အင်ဒိုနီးရှား | ၂၀၀၂ | ၂၁.၁ | ၁၄.၅ | ၁၈.၂ |
| လာအို | ၁၉၉၇ | ၄၁.၀ | ၂၆.၉ | ၃၈.၆ |
| မလေးရှား | ၁၉၉၉ | ၁၂.၄ | ၃.၄ | ၇.၅ |
| ဖိလစ်ပိုင် | ၂၀၀၃ | - | - | ၃၀.၄ |
| ထိုင်း | ၂၀၀၂ | ၁၂.၆ | ၄.၀ | ၉.၈ |
| ဗီယက်နမ် | ၂၀၀၂ | ၃၅.၆ | ၆.၆ | ၂၈.၉ |
| တောင်အာရှ | | | | |
| ဘင်္ဂလားဒေ့ရှ် | ၂၀၀၀ | ၅၃.၀ | ၃၆.၆ | ၄၉.၈ |
| ဘူတန် | ၂၀၀၀ | - | - | ၂၅.၃ |
| အိန္ဒိယ | ၂၀၀၀ | ၃၀.၂ | ၂၄.၇ | ၂၈.၆ |
| မော်လဒိုက်ဗ် | ၁၉၉၈ | ၅၀.၀ | ၂၀.၀ | ၄၃.၀ |
| နီပေါ | ၂၀၀၄ | ၃၄.၆ | ၉.၆ | ၃၀.၉ |
| ပါကစ္စတန် | ၁၉၉၉ | ၃၄.၈ | ၂၅.၉ | ၃၂.၆ |
| သီရိလင်္ကာ | ၁၉၉၆ | ၂၇.၀ | ၁၅.၀ | ၂၅.၀ |

ဇာစ်မြစ်။ အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank) ၂၀၀၅

ဇယား ၁-၆။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် |
| ကရင် | ၀.၀၂ | ၁ | ၀.၀၁ | ၁ | ၀.၀၂ | ၁ |
| ရန်ကုန် | ၀.၀၃ | ၂ | ၀.၀၃ | ၂ | ၀.၀၃ | ၂ |
| မွန် | ၀.၀၃ | ၃ | ၀.၀၅ | ၈ | ၀.၀၄ | ၃ |
| စစ်ကိုင်း | ၀.၀၅ | ၅ | ၀.၀၃ | ၃ | ၀.၀၅ | ၄ |
| ပဲခူး (အရှေ့) | ၀.၀၅ | ၄ | ၀.၀၇ | ၁၆ | ၀.၀၅ | ၅ |
| ပဲခူး (အနောက်) | ၀.၀၆ | ၆ | ၀.၀၄ | ၄ | ၀.၀၅ | ၆ |
| ဧရာဝတီ | ၀.၀၆ | ၇ | ၀.၀၅ | ၁၁ | ၀.၀၆ | ၇ |
| ကယား | ၀.၀၉ | ၁၀ | ၀.၀၄ | ၅ | ၀.၀၇ | ၈ |
| ရခိုင် | ၀.၀၈ | ၉ | ၀.၀၅ | ၆ | ၀.၀၇ | ၉ |
| တနင်္သာရီ | ၀.၀၈ | ၈ | ၀.၀၅ | ၁၂ | ၀.၀၇ | ၁၀ |
| မန္တလေး | ၀.၀၉ | ၁၁ | ၀.၀၅ | ၇ | ၀.၀၇ | ၁၁ |
| ရှမ်း (တောင်) | ၀.၀၉ | ၁၃ | ၀.၀၅ | ၉ | ၀.၀၈ | ၁၂ |
| မကွေး | ၀.၀၉ | ၁၂ | ၀.၀၅ | ၁၀ | ၀.၀၈ | ၁၃ |
| ကချင် | ၀.၁၁ | ၁၄ | ၀.၀၇ | ၁၅ | ၀.၁၀ | ၁၄ |
| ရှမ်း (အရှေ့) | ၀.၁၃ | ၁၅ | ၀.၀၆ | ၁၃ | ၀.၁၂ | ၁၅ |
| ရှမ်း (မြောက်) | ၀.၁၄ | ၁၆ | ၀.၀၈ | ၁၇ | ၀.၁၂ | ၁၆ |
| ချင်း | ၀.၂၇ | ၁၇ | ၀.၀၆ | ၁၄ | ၀.၂၃ | ၁၇ |
| **ပြည်ထောင်စု** | **၀.၀၇** | | **၀.၀၄** | | **၀.၀၇** | |

[၉၉] ရရှိနိုင်သောအခါ တရားဝင် ဆင်းရဲနွမ်းပါးမှု ပြမျဉ်း (Official Poverty Lines) များကို အသုံးပြုပါသည်။

## ၂-၃။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး

ပုံ ၁-၃။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး





ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးသည် ဆင်းရဲနွမ်းပါးခြင်း၏ နက်ရှိုင်းမှု အခြေအနေကို တိုင်းတာတွက်ချက်ခြင်းဖြစ်၍ ဆင်းရဲနွမ်းပါးသူများ၏ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက် ပျမ်းမျှကွာဟချက်ကို ဆင်းရဲနွမ်းပါးသူဦးရေနှင့် မြှောက်၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။ ဤအချိုးအား ဆင်းရဲနွမ်းပါးသူ မျဉ်းအောက်ရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၏ အသုံးစရိတ်အား ဆင်းရဲနွမ်းပါးသူ မျဉ်းအထိ တိုးမြှင့်ရန်အတွက် လိုအပ်သည့် ငွေကြေး ပမာဏကို ခန့်မှန်းရာတွင် အသုံးပြုနိုင်ပါသည်။ ပြည်ထောင်စု အဆင့်တွင် ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုးမှာ ၀.၀၇ဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန် လိုအပ်သည့် စုစုပေါင်း ငွေကြေး ပမာဏသည် ဆင်းရဲနွမ်းပါးမှု ပြမျဉ်းအရ သတ်မှတ်ငွေကြေး၏ ၇%ကိုလူဦးရေဖြင့် မြှောက်ခြင်းနှင့် ညီမျှပါသည် (မှန်ကန်တိကျစွာ သတ်မှတ်ဦးတည်ထားပြီး အဟန့်အတားဖြစ်စေသည့် အကျိုးသက်ရောက်မှု မရှိခြင်း စသည်တို့ကို ယူဆလျက်)။ ဆင်းရဲ နွမ်းပါးမှု ကွာဟချက် အချိုးမှာ ပြည်နယ်နှင့် တိုင်းများ အကြားတွင် ကွဲပြားမှုများ ရှိပါသည်။ အမြင့်ဆုံး ကွာဟချက်ကို ချင်းပြည်နယ် (၀.၂၃)တွင် တွေ့ရှိရပြီး၊ ထို့နောက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) (၀.၁၂)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)(၀.၁၂) တို့တွင်လည်း မြင့်မားကြပါသည်။ အနိမ့်ဆုံး ကွာဟချက်များကို ကရင်ပြည်နယ် (၀.၀၂)၊ ရန်ကုန်တိုင်း (၀.၀၃)နှင့် မွန်ပြည်နယ် (၀.၀၄)တို့တွင် တွေ့ရှိရပါသည်။ ***(ဇယား ၁-၆ နှင့် ပုံ ၁-၃ ကို ကြည့်ပါ)***

## ၂-၄။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ် ကိန်း အချိုး

ပုံ ၁-၄။ ဆင်းရဲ နွမ်းပါးမှု ကွာဟချက် နှစ်ထပ် ကိန်း အချိုး





ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းသည် ဆင်းရဲနွမ်းပါးခြင်း လွန်ကဲမှုပြ ညွှန်ကိန်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် ဆင်းရဲနွမ်းပါးမှု ကွာဟချက်အချိုးနှင့် ကွဲပြားခြားနားမှုမှာ ဤညွှန်းကိန်းသည် အဆင်းရဲဆုံး အိမ်ထောင်စုများ (ဆင်းရဲနွမ်းပါးမှုပြမျဉ်းနှင့် အဝေးကွာဆုံးရှိ အဆင်းရဲဆုံးအိမ်ထောင်စုများ)ကို ပိုမို အလေးပေးထားခြင်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်းကို ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုးနှင့် အလားတူ အလိုလိုသိသည့်အဓိပ္ပာယ်ဖြင့် ဖော်ဆောင် နိုင်ခြင်းမရှိပါ။ ဤညွှန်းကိန်းသည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် အမြင့်ဆုံးဖြစ်ပြီး ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့တွင် အနိမ့်ဆုံးဖြစ်ပါသည်။ ***(ဇယား ၁-၇ နှင့် ပုံ ၁-၄ ကို ကြည့်ပါ)***

## ၂-၅။ သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ် တစ်စိတ် (၂၀%) ၏ ဝေစု

ပုံ ၁-၅။ သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ် တစ်စိတ် (၂၀%)၏ ဝေစု





ပြည်ထောင်စု အဆင့်သုံးစွဲမှုတွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်၏ ဝေစုသည် တစ်မျိုးသားလုံး သုံးစွဲမှုတွင် အဆင်းရဲဆုံး ၂၀% အိမ်ထောင်စုများ၏ သုံးစွဲမှုကိုပြသည့် အချိုးအစား ညွှန်ကိန်းတစ်ခု ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် မညီမျှမှု၏ စံတိုင်းတာချက် တစ်ခု ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀%)သည် စုစုပေါင်းသုံးစွဲမှု အသုံးစရိတ်၏ ၁၂.၂%ကို သုံးစွဲပါသည်။ ပြည်နယ်နှင့် တိုင်းများ အကြားတွင် ဤညွှန်ကိန်းသည် ထူးခြားစွာ ကွဲပြားမှုမရှိဘဲ ၁၀.၇% နှင့် ၁၂.၉% အတွင်း ရှိကြပါသည်။ အနိမ့်ဆုံး ဝေစုများကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်း၊ အမြင့်ဆုံး ဝေစုများကို ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) တို့တွင် တွေ့ရှိရပါသည်။

***(ဇယား ၁-၈ နှင့် ပုံ ၁-၅ ကို ကြည့်ပါ)***

ဇယား ၁-၇။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် နှစ်ထပ်ကိန်း အချိုး

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် | ကွာဟချက် | အဆင့် |
| ကရင် | ၀.၀၀ | ၁ | ၀.၀၀ | ၁ | ၀.၀၀ | ၁ |
| ရန်ကုန် | ၀.၀၁ | ၃ | ၀.၀၁ | ၃ | ၀.၀၁ | ၂ |
| မွန် | ၀.၀၁ | ၂ | ၀.၀၁ | ၇ | ၀.၀၁ | ၃ |
| ပဲခူး (အရှေ့) | ၀.၀၁ | ၄ | ၀.၀၂ | ၁၆ | ၀.၀၁ | ၄ |
| ပဲခူး (အနောက်) | ၀.၀၁ | ၅ | ၀.၀၁ | ၄ | ၀.၀၁ | ၅ |
| စစ်ကိုင်း | ၀.၀၁ | ၆ | ၀.၀၁ | ၂ | ၀.၀၁ | ၆ |
| ဧရာဝတီ | ၀.၀၂ | ၇ | ၀.၀၂ | ၁၂ | ၀.၀၂ | ၇ |
| ရခိုင် | ၀.၀၂ | ၈ | ၀.၀၁ | ၆ | ၀.၀၂ | ၈ |
| ကယား | ၀.၀၃ | ၁၂ | ၀.၀၁ | ၅ | ၀.၀၂ | ၉ |
| မန္တလေး | ၀.၀၂ | ၁၀ | ၀.၀၁ | ၉ | ၀.၀၂ | ၁၀ |
| တနင်္သာရီ | ၀.၀၂ | ၉ | ၀.၀၂ | ၁၅ | ၀.၀၂ | ၁၁ |
| မကွေး | ၀.၀၃ | ၁၁ | ၀.၀၁ | ၁၁ | ၀.၀၂ | ၁၂ |
| ရှမ်း (တောင်) | ၀.၀၃ | ၁၃ | ၀.၀၁ | ၈ | ၀.၀၃ | ၁၃ |
| ကချင် | ၀.၀၄ | ၁၄ | ၀.၀၂ | ၁၄ | ၀.၀၃ | ၁၄ |
| ရှမ်း (အရှေ့) | ၀.၀၅ | ၁၅ | ၀.၀၁ | ၁၀ | ၀.၀၄ | ၁၅ |
| ရှမ်း (မြောက်) | ၀.၀၅ | ၁၆ | ၀.၀၃ | ၁၇ | ၀.၀၄ | ၁၆ |
| ချင်း | ၀.၁၂ | ၁၇ | ၀.၀၂ | ၁၃ | ၀.၁၀ | ၁၇ |
| **ပြည်ထောင်စု** | **၀.၀၂** | | **၀.၀၁** | | **၀.၀၂** | |

ဇယား ၁-၈။ တစ်မျိုးသားလုံးသုံးစွဲမှုတွင် အဆင်းရဲဆုံးငါးစိတ်တစ်စိတ် (၂၀%)၏ ဝေစု

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ကျေးလက် | | မြို့ပြ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | Share (%) | အဆင့် | Share (%) | အဆင့် | Share (%) | အဆင့် |
| ပဲခူး (အရှေ့) | ၁၃.၀ | ၄ | ၁၂.၅ | ၁ | ၁၂.၉ | ၁ |
| မွန် | ၁၃.၁ | ၃ | ၁၁.၆ | ၆ | ၁၂.၈ | ၂ |
| ပဲခူး (အနောက်) | ၁၂.၉ | ၅ | ၁၂.၃ | ၂ | ၁၂.၈ | ၃ |
| မန္တလေး | ၁၃.၂ | ၂ | ၁၁.၈ | ၄ | ၁၂.၇ | ၄ |
| မကွေး | ၁၂.၆ | ၆ | ၁၁.၄ | ၇ | ၁၂.၅ | ၅ |
| စစ်ကိုင်း | ၁၂.၆ | ၇ | ၁၁.၂ | ၁၀ | ၁၂.၃ | ၆ |
| ရခိုင် | ၁၂.၄ | ၉ | ၁၁.၉ | ၃ | ၁၂.၃ | ၇ |
| ကရင် | ၁၂.၅ | ၈ | ၁၁.၁ | ၁၁ | ၁၂.၃ | ၈ |
| ရန်ကုန် | ၁၃.၂ | ၁ | ၁၁.၈ | ၅ | ၁၂.၀ | ၉ |
| ရှမ်း (အရှေ့) | ၁၁.၈ | ၁၁ | ၁၀.၉ | ၁၂ | ၁၁.၆ | ၁၀ |
| ဧရာဝတီ | ၁၁.၇ | ၁၃ | ၁၀.၈ | ၁၃ | ၁၁.၅ | ၁၁ |
| ရှမ်း (မြောက်) | ၁၁.၈ | ၁၂ | ၁၀.၆ | ၁၄ | ၁၁.၅ | ၁၂ |
| ကယား | ၁၂.၄ | ၁၀ | ၁၀.၀ | ၁၇ | ၁၁.၃ | ၁၃ |
| ကချင် | ၁၁.၆ | ၁၄ | ၁၀.၁ | ၁၆ | ၁၁.၂ | ၁၄ |
| တနင်္သာရီ | ၁၀.၇ | ၁၆ | ၁၁.၃ | ၈ | ၁၀.၉ | ၁၅ |
| ချင်း | ၁၀.၇ | ၁၇ | ၁၁.၃ | ၉ | ၁၀.၉ | ၁၆ |
| ရှမ်း (တောင်) | ၁၀.၈ | ၁၅ | ၁၀.၆ | ၁၅ | ၁၀.၇ | ၁၇ |
| **ပြည်ထောင်စု** | **၁၂.၄** | | **၁၁.၆** | | **၁၂.၂** | |

### ၂-၆။ *တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/ တိုင်း အသီးသီး၏ ပါဝင်မှု*

ပုံ ၁-၆။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/ တိုင်း အသီးသီး၏ ပါဝင်မှု



တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/တိုင်းအသီးသီး၏ ပါဝင်မှုသည် ပြည်နယ်/တိုင်းတစ်တိုင်းစီ၏ ဆင်းရဲနွမ်းပါးခြင်းဖြစ်ပွားမှုနှင့် လူဦးရေအလေးတင်မှု (လူဦးရေအရွယ်အစား) နှစ်ခုစလုံးအား ထည့်သွင်း စဉ်းစားပါသည်။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် အများဆုံး ပါဝင်မှုရှိသည့် ပြည်နယ်/တိုင်းမှာ မန္တလေးတိုင်း (၅.၇%) ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဖော်ပြရပါက ပြည်ထောင်စုအဆင့်တွင် ဆင်းရဲသူများ ၃၂%အနက် ၅.၇%မှာမန္တလေးတိုင်းမှဖြစ်ပြီး ထိုနောက်တွင် ဧရာဝတီတိုင်း၄.၂%၊ မကွေးတိုင်း ၃.၇%တို့ရှိကြပါသည်။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့မှာ အဆင်းရဲဆုံး ပြည်နယ်/တိုင်းများ ဖြစ်သော်လည်း လူဦးရေများမှာ အတော်အတန် နည်းပါးသဖြင့် ပြည်ထောင်စုအဆင့် ဆင်းရဲနွမ်းပါးမှုတွင် ယင်းပြည်နယ်များ၏ပါဝင်မှုကို လျော့နည်းစေပါသည်။ အောက်ဖော်ပြပါ ကိန်းဂဏန်းများက မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင် ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံး ဖြစ်ကြောင်း စိတ်ဝင်စားဖွယ်ကောင်းသော သတင်းအချက်အလက်ကိုသာမက မည်သည့် ပြည်နယ်နှင့် တိုင်းများသည် ယင်းတို့၏ လူဦးရေအရွယ်ကြောင့် ဆင်းရဲ နွမ်းပါးမှုတွင် အများဆုံး ပါဝင်လျက် ရှိကြောင်းကိုပါ ဖော်ပြပေးပါသည်။ *(ဇယား ၁-၉ နှင့် ပုံ ၁-၆ ကို ကြည့်ပါ)*

ဇယား ၁-၉။ တစ်မျိုးသားလုံးနှင့် ပတ်သက်သော ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်/ တိုင်းအသီးသီး၏ ပါဝင်မှု

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | ဆင်းရဲနွမ်းပါးမှုအချိုး | စုစုပေါင်းလူဦးရေ၏ ရာခိုင်နှုန်း | ပြည်ထောင်စုဆင်းရဲနွမ်းပါးမှုတွင် ပါဝင်မှု | အဆင့် |
|---|---|---|---|---|
| ကယား | ၃၄ | ၂.၃ | ၀.၁ | ၁ |
| ကရင် | ၁၂ | ၀.၈ | ၀.၃ | ၂ |
| ချင်း | ၇၃ | ၁.၁ | ၀.၅ | ၃ |
| ရှမ်း (အရှေ့) | ၅၂ | ၁၄.၅ | ၀.၆ | ၄ |
| တနင်္သာရီ | ၃၄ | ၄.၂ | ၀.၉ | ၅ |
| မွန် | ၂၂ | ၅.၇ | ၀.၉ | ၆ |
| ကချင် | ၄၄ | ၀.၃ | ၁.၀ | ၇ |
| ပဲခူး (အနောက်) | ၃၃ | ၄.၄ | ၁.၄ | ၈ |
| ရှမ်း (တောင်) | ၄၀ | ၁၀.၇ | ၁.၅ | ၉ |
| ရှမ်း (မြောက်) | ၅၁ | ၈.၉ | ၁.၈ | ၁၀ |
| ပဲခူး (အရှေ့) | ၃၁ | ၂.၃ | ၁.၈ | ၁၁ |
| ရန်ကုန် | ၁၅ | ၇.၃ | ၁.၉ | ၁၂ |
| ရခိုင် | ၃၈ | ၁၃.၁ | ၂.၇ | ၁၃ |
| စစ်ကိုင်း | ၂၇ | ၂.၈ | ၂.၈ | ၁၄ |
| မကွေး | ၄၂ | ၃.၇ | ၃.၇ | ၁၅ |
| ဧရာဝတီ | ၂၉ | ၁၄.၈ | ၄.၂ | ၁၆ |
| မန္တလေး | ၃၉ | ၃.၅ | ၅.၇ | ၁၇ |
| ပြည်ထောင်စု | ၃၂ | | ၃၂.၀ | |

ဇယား ၁-၁၀။ ပြည်ထောင်စု တစ်ဝန်းလုံး ခြုံငုံသည့် ဆင်းရဲနွမ်းပါးမှုတွင် ပါဝင်မှုနှင့် ဆက်နွယ်၍ ပြည်နယ်နှင့် တိုင်း အသီးသီး၏ နှိုင်းယှဉ်အနေအထား

| | | ဆင်းရဲနွမ်းပါးမှုအချိုး | | |
|---|---|---|---|---|
| | | **နိမ့်ကျ** | **ပျှမ်းမျှ** | **မြင့်မား** |
| **လူဦးရေ အရွယ်အစား** | **နိမ့်ကျ** | ကရင် | ကယား၊ တနင်္သာရီ | ချင်း၊ ရှမ်း (အရှေ့)၊ ကချင် |
| | **ပျှမ်းမျှ** | မွန် | ရှမ်း (တောင်)၊ မကွေး၊ ရခိုင်၊ ပဲခူး (အရှေ့)၊ ပဲခူး (အနောက်) | ရှမ်း (မြောက်) |
| | **မြင့်မား** | ရန်ကုန် | မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်း | |

ဤဇယားသည် သုံးစွဲခြင်းဆိုင်ရာ ဆင်းရဲနွမ်းပါးမှုတွင် ပြည်နယ်နှင့် တိုင်းများ၏ နှိုင်းယှဉ်ပါဝင်မှုကိုသာ ထင်ဟပ် ဖော်ပြခြင်းဖြစ်ပြီး အခြားချို့တဲ့မှု သွင်ပြင်လက္ခဏာများကို ထည့်သွင်း စဉ်းစားခြင်း မရှိကြောင်း မီးမောင်းထိုးပြရန် ဆီလျော်နေပါသည်။

# အပိုင်း ၂။ ဆင်းရဲနွမ်းပါးမှု၏ ပင်ကို လက္ခဏာများ

အပိုင်း (၂)တွင် စားဝတ်နေရေး အခြေအနေများနှင့် ဆက်နွယ်လျက်ရှိသောလူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများနှင့် သက်ဆိုင်သည့်စာရင်းအင်း အချက်အလက်များကို အလွှာ(မြို့ပြ/ကျေးလက်)နှင့် ဆင်းရဲနွမ်းပါးမှု အခြေအနေ (ဆင်းရဲသူ/ မဆင်းရဲသူ) အရ ခွဲခြား ဖော်ပြထားပါသည်။ အထူးသဖြင့် အောက်ပါအချက်များကို ဆန်းစစ် သုံးသပ်ထားပါသည်။

- လူဦးရေဆိုင်ရာ ပင်ကိုလက္ခဏာများ
- သုံးစွဲမှု အသုံးစရိတ်များ
- စီးပွားရေး ပင်ကို လက္ခဏာများ
- လုပ်သား ဈေးကွက်တွင် အလုပ်လုပ်ကိုင် ပါဝင်မှု
- အိမ်ယာ နေထိုင်မှု အခြေအနေများနှင့် ပိုင်ဆိုင်သည့် ပစ္စည်းများ
- ကျန်းမာရေးနှင့် အာဟာရ ပြည့်ဝမှု အခြေအနေနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်မှု
- ပညာရေး အခြေအနေနှင့် ပညာရေး ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိနိုင်မှု

နိဂုံးပိုင်းတွင် ဆင်းရဲနွမ်းပါးမှု၏ အဓိကပင်ကိုလက္ခဏာများကို အကျဉ်းချုပ်၍ ဖော်ပြ ထားပါသည်။

## ၃။ အိမ်ထောင်စုများ၏ လူဦးရေ ဆိုင်ရာ ပင်ကို လက္ခဏာများ

လူဦးရေ ဆိုင်ရာ ပင်ကိုလက္ခဏာများတွင် အောက်ပါ ညွှန်ကိန်းများ ပါဝင်ပါသည်။

- ပျမ်းမျှ အိမ်ထောင်စုအရွယ်
- အသက်အရ မှီခိုမှုအချိုး
- စီးပွားရေးအရ မှီခိုမှုအချိုး
- အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများအချိုး
- အိမ်ထောင်ဦးစီး၏ ပညာအရည်အချင်း

### *၃-၁။ ပျမ်းမျှ အိမ်ထောင်စု အရွယ်*

ပျမ်းမျှ အိမ်ထောင်စု အရွယ်ဖြစ်သည့် အိမ်ထောင်စုရှိ ပျမ်းမျှအိမ်ထောင်စုဝင် အရေအတွက်သည် ပြည်ထောင်စုအဆင့်တွင် ၅.၂ ရှိပြီး ကျေးလက်ဒေသများရှိ အိမ်ထောင်စုအရွယ်သည် မြို့ပြဒေသများထက် အနည်းငယ် မြင့်မားပါသည် (၅.၂နှင့် ၅.၁ အသီးသီး ရှိပါသည်)။ အိမ်ထောင်စု အရွယ်သည် ဆင်းရဲ နွမ်းပါးမှု၏ အရေးပါသော ဆက်စပ်မှုတစ်ရပ်ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် အစီအစဉ်တကျ အရွယ်ကြီးမားပြီး အိမ်ထောင်စု၏ ၆.၁ နှင့် ၄.၉ အသီးသီး ရှိပါသည်။ ဤပုံစံသည် ပြည်နယ်နှင့် တိုင်းများ၏ အိမ်ထောင်စုများတွင်လည်း ဖြစ်ပေါ်လျက်ရှိပါသည်။ ပျမ်းမျှအိမ်ထောင်စု အရွယ်အစား အကြီးမားဆုံးရှိသော ပြည်နယ်/တိုင်းများမှာ ရခိုင်ပြည်နယ် (၆.၀)၊ ကချင်ပြည် နယ်(၆.၀)နှင့် ချင်းပြည်နယ်(၅.၉) ဖြစ်ကြပြီး၊ ပျမ်းမျှ အိမ်ထောင်စုအရွယ် အငယ်ဆုံးရှိသည့် ပြည်နယ်/တိုင်း များမှာ ပဲခူးတိုင်း (အနောက်ပိုင်း)(၄.၂)နှင့် ရန်ကုန်တိုင်း(၄.၇)တို့ ဖြစ်ကြပါသည်။ ***(ဇယား ၂-၁ ကို ကြည့်ပါ)***

ဇယား ၂-၁။ ပျှမ်းမျှအိမ်ထောင်စု အရွယ်အစား (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ပဲခူး (အနောက်) | ၄.၂ | ၄.၂ | ၅.၁ | ၃.၈ | ၄.၂ | ၁ |
| ရန်ကုန် | ၄.၅ | ၄.၈ | ၅.၉ | ၄.၆ | ၄.၇ | ၂ |
| မကွေး | ၅.၀ | ၄.၆ | ၅.၅ | ၄.၆ | ၅.၀ | ၃ |
| ဧရာဝတီ | ၅.၁ | ၅.၁ | ၅.၈ | ၄.၉ | ၅.၁ | ၄ |
| ပဲခူး (အရှေ့) | ၅.၂ | ၅.၄ | ၆.၂ | ၄.၉ | ၅.၂ | ၅ |
| မန္တလေး | ၅.၃ | ၅.၂ | ၆.၀ | ၄.၉ | ၅.၂ | ၆ |
| မွန် | ၅.၃ | ၅.၄ | ၆.၆ | ၅.၀ | ၅.၃ | ၇ |
| ကယား | ၅.၆ | ၅.၃ | ၆.၄ | ၅.၁ | ၅.၅ | ၈ |
| ရှမ်း (မြောက်) | ၅.၄ | ၅.၇ | ၅.၉ | ၅.၁ | ၅.၅ | ၉ |
| စစ်ကိုင်း | ၅.၆ | ၅.၃ | ၆.၅ | ၅.၂ | ၅.၅ | ၁၀ |
| ရှမ်း (အရှေ့) | ၅.၄ | ၆.၁ | ၆.၂ | ၅.၀ | ၅.၅ | ၁၁ |
| ကရင် | ၅.၄ | ၆.၄ | ၆.၈ | ၅.၄ | ၅.၆ | ၁၂ |
| ရှမ်း (တောင်) | ၅.၇ | ၅.၁ | ၆.၇ | ၅.၀ | ၅.၆ | ၁၃ |
| တနင်္သာရီ | ၅.၈ | ၅.၈ | ၆.၉ | ၅.၄ | ၅.၈ | ၁၄ |
| ချင်း | ၆.၁ | ၅.၆ | ၆.၄ | ၅.၀ | ၅.၉ | ၁၅ |
| ကချင် | ၅.၇ | ၆.၇ | ၆.၅ | ၅.၆ | ၆.၀ | ၁၆ |
| ရခိုင် | ၅.၉ | ၆.၃ | ၆.၉ | ၅.၆ | ၆.၀ | ၁၇ |
| ပြည်ထောင်စု | ၅.၂ | ၅.၁ | ၆.၁ | ၄.၉ | ၅.၂ | |

## ၃-၂။ *အသက်အရ မှီခိုမှုအချိုး*

အသက်အရ မှီခိုမှုအချိုးသည် အသက် ၁၅နှစ်မှ ၆၀နှစ်အတွင်းရှိ ဦးရေနှင့် နှိုင်းယှဥ်ပြီး မှီခိုသူဦးရေ(အသက် ၁၅နှစ်အောက် ကလေးသူငယ်နှင့် အသက် ၆၁နှစ်နှင့် အထက်)၏ သတင်းအချက်အလက်များကို ဖော်ပြပေးပါသည်။ မှီခိုမှုအချိုးမြင့်မားလေ၊ မှီခိုသူမဟုတ်သည့် ဦးရေနှင့် နှိုင်းယှဥ်ပါက မှီခိုသူဦးရေ မြင့်မားလေ ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် မှီခိုသူအချိုးသည် ၀.၅၈ ဖြစ်ပါသည်။ ဤအချိုးမှာ ပြည်နယ်နှင့်တိုင်း အများအပြားတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများထက် ပိုမိုမြင့်မားပါသည်။ ၎င်းအချိုးသည် ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံး (၀.၇၀ ထက်ပိုမို)ဖြစ်ပြီး၊ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် အနိမ့်ဆုံး (၀.၅၀ အောက်) ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ ပို၍ကြီးမားသော အိမ်ထောင်စုအရွယ် ရှိသော်လည်း အသက်အရ မှီခိုမှုအချိုးသည် ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော ဆက်စပ်မှုတစ်ခုဖြစ်ဟန် မရှိပါ။ ***(ဇယား ၂-၂ ကို ကြည့်ပါ)***

## ၃-၃။ *စီးပွားရေးအရ မှီခိုမှု အချိုး*

စီးပွားရေးအရ မှီခိုမှုအချိုးအား အလုပ်မလုပ်သူ အိမ်ထောင်စုဝင်ဦးရေ[၄၀]ကို အိမ်ထောင်စု၏ အလုပ်လုပ်သူ ဦးရေဖြင့်(သင်္ချာသဘောအရ)စားခြင်းဖြင့် တိုင်းတာပါသည်။ ၎င်းအချိုးသည် အိမ်ထောင်စုတွင် စီးပွားရှာဖွေ လုပ်ကိုင်သူများနှင့် နှိုင်းယှဥ်ပြီး စီးပွားရေးအရ မှီခိုသူဦးရေအတွက် သတင်းအချက်အလက်များကို ဖြည့်ဆည်း ပေးပါသည်။ ပြည်ထောင်စုအဆင့်တွင် စီးပွားရေးအရ မှီခိုသူအချိုးသည် ၀.၄၆ ဖြစ်ပါသည်။ ၎င်းအချိုးသည် ကျေးလက်ဒေသများ (၀.၄၇)တွင် မြို့ပြဒေသများ(၀.၄၂)ထက် အနည်းငယ် မြင့်မားပါသည်။ အံ့သြစရာ ကောင်းသည်မှာ ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများ၏ စီးပွားရေးအရ မှီခိုမှုအချိုးတွင် သိသာ ထင်ရှားစွာ ခြားနားမှု မရှိပါ။ အမြင့်ဆုံး စီးပွားရေးအရ မှီခိုမှုအချိုးများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် လည်းကောင်း၊ အနိမ့်ဆုံးအချိုးကို ရခိုင်ပြည်နယ်

[၄၀] အလုပ်မလုပ်သူများမှာ စစ်တမ်း ကောက်ယူခြင်း မတိုင်မီ ၆ လအတွင်း အခကြေးငွေ (သို့မဟုတ်) အမြတ်အစွန်းအတွက် အလုပ်မလုပ်သူများ (သို့မဟုတ်) အိမ်ထောင်စု၏ မည်သည့် စီးပွားရေး လုပ်ငန်းတွင်မဆို ဝင်ရောက် အလုပ်မလုပ်သူများပင် ဖြစ်ပါသည်။

တွင် တွေ့ရှိရပြီး မှီခိုသူ တစ်ဦးစီအတွက် စီးပွားရှာဖွေ လုပ်ကိုင်သူ ၃ဦး ဝန်းကျင် ရှိပါသည်။ အသက်အရ/ စီးပွားရေးအရ မှီခိုမှု အချိုးများနှင့် ဆင်းရဲနွမ်းပါးမှု ဆက်နွယ်မှု မရှိခြင်းသည် အလုပ်လက်မဲ့ဖြစ်ခြင်း သို့မဟုတ် လုပ်သား အင်အား ပါဝင်မှုနှုန်းနိမ့်ကျခြင်း ထက် အကျိုးအမြတ်ပြန်ရရှိမှု နိမ့်ကျခြင်းနှင့် လုပ်ခ ကြေးငွေရရှိမှု နည်းပါးခြင်း တို့သည် ဆင်းရဲနွမ်းပါးမှု၏ များစွာပိုမိအရေးပါသော ပြဌာန်းချက်များ ဖြစ်သည်ကို ဖော်ပြပါသည်။ ***(ဇယား ၂-၃ ကို ကြည့်ပါ)***

ဇယား ၂-၂။ အသက်အရ မှီခိုမှု အချိုး (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၀.၅၁ | ၀.၄၄ | ၀.၄၇ | ၀.၄၅ | ၀.၄၅ | ၁ |
| ရှမ်း (အရှေ့) | ၀.၄၇ | ၀.၄၃ | ၀.၄၈ | ၀.၄၄ | ၀.၄၆ | ၂ |
| ရှမ်း (မြောက်) | ၀.၅၇ | ၀.၅၂ | ၀.၅၄ | ၀.၅၈ | ၀.၅၆ | ၃ |
| ပဲခူး (အနောက်) | ၀.၅၆ | ၀.၅၂ | ၀.၆၅ | ၀.၅၂ | ၀.၅၆ | ၄ |
| မွန် | ၀.၅၈ | ၀.၄၇ | ၀.၆၁ | ၀.၅၅ | ၀.၅၆ | ၅ |
| မန္တလေး | ၀.၅၉ | ၀.၄၉ | ၀.၅၈ | ၀.၅၅ | ၀.၅၆ | ၆ |
| စစ်ကိုင်း | ၀.၅၇ | ၀.၄၉ | ၀.၆၁ | ၀.၅၄ | ၀.၅၆ | ၇ |
| မကွေး | ၀.၆၀ | ၀.၄၉ | ၀.၆၃ | ၀.၅၅ | ၀.၅၉ | ၈ |
| ဧရာဝတီ | ၀.၆၁ | ၀.၅၂ | ၀.၆၃ | ၀.၅၈ | ၀.၅၉ | ၉ |
| ကယား | ၀.၅၈ | ၀.၆၂ | ၀.၅၇ | ၀.၆၁ | ၀.၆၀ | ၁၀ |
| ပဲခူး (အရှေ့) | ၀.၆၃ | ၀.၅၃ | ၀.၆၄ | ၀.၆၁ | ၀.၆၂ | ၁၁ |
| ကချင် | ၀.၆၆ | ၀.၅၉ | ၀.၆၇ | ၀.၆၂ | ၀.၆၄ | ၁၂ |
| ရှမ်း (တောင်) | ၀.၇၄ | ၀.၄၅ | ၀.၇၂ | ၀.၆၂ | ၀.၆၆ | ၁၃ |
| တနင်္သာရီ | ၀.၇၁ | ၀.၆၀ | ၀.၆၅ | ၀.၇၁ | ၀.၆၉ | ၁၄ |
| ရခိုင် | ၀.၇၇ | ၀.၅၃ | ၀.၈၀ | ၀.၆၇ | ၀.၇၂ | ၁၅ |
| ကရင် | ၀.၇၇ | ၀.၅၉ | ၀.၈၇ | ၀.၇၃ | ၀.၇၅ | ၁၆ |
| ချင်း | ၀.၈၃ | ၀.၆၃ | ၀.၇၉ | ၀.၇၇ | ၀.၇၈ | ၁၇ |
| **ပြည်ထောင်စု** | **၀.၆၂** | **၀.၄၈** | **၀.၆၂** | **၀.၅၆** | **၀.၅၈** | |

ဇယား ၂-၃။ စီးပွားရေးအရမှီခိုမှုအချိုး (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရခိုင် | ၀.၃၄ | ၀.၃၇ | ၀.၃၂ | ၀.၃၇ | ၀.၃၅ | ၁ |
| တနင်္သာရီ | ၀.၄၀ | ၀.၄၁ | ၀.၄၀ | ၀.၄၁ | ၀.၄၁ | ၂ |
| ကချင် | ၀.၄၁ | ၀.၄၂ | ၀.၄၁ | ၀.၄၁ | ၀.၄၁ | ၃ |
| ရန်ကုန် | ၀.၄၇ | ၀.၄၀ | ၀.၄၁ | ၀.၄၂ | ၀.၄၂ | ၄ |
| ချင်း | ၀.၄၂ | ၀.၄၀ | ၀.၄၁ | ၀.၄၅ | ၀.၄၂ | ၅ |
| ကရင် | ၀.၄၂ | ၀.၄၀ | ၀.၄၂ | ၀.၄၂ | ၀.၄၂ | ၆ |
| မွန် | ၀.၄၃ | ၀.၄၃ | ၀.၄၁ | ၀.၄၄ | ၀.၄၃ | ၇ |
| ပဲခူး (အရှေ့) | ၀.၄၆ | ၀.၄၄ | ၀.၄၄ | ၀.၄၆ | ၀.၄၆ | ၈ |
| ဧရာဝတီ | ၀.၄၇ | ၀.၄၄ | ၀.၄၇ | ၀.၄၇ | ၀.၄၇ | ၉ |
| စစ်ကိုင်း | ၀.၄၈ | ၀.၄၅ | ၀.၄၆ | ၀.၄၈ | ၀.၄၇ | ၁၀ |
| မန္တလေး | ၀.၅၀ | ၀.၄၄ | ၀.၅၀ | ၀.၄၇ | ၀.၄၈ | ၁၁ |
| ကယား | ၀.၅၁ | ၀.၄၅ | ၀.၄၉ | ၀.၄၉ | ၀.၄၉ | ၁၂ |
| ရှမ်း (တောင်) | ၀.၅၁ | ၀.၄၆ | ၀.၅၀ | ၀.၅၀ | ၀.၅၀ | ၁၃ |
| ပဲခူး (အနောက်) | ၀.၅၁ | ၀.၄၉ | ၀.၅၀ | ၀.၅၁ | ၀.၅၀ | ၁၄ |
| မကွေး | ၀.၅၂ | ၀.၄၇ | ၀.၅၁ | ၀.၅၂ | ၀.၅၂ | ၁၅ |
| ရှမ်း (မြောက်) | ၀.၅၇ | ၀.၄၈ | ၀.၅၇ | ၀.၅၃ | ၀.၅၅ | ၁၆ |
| ရှမ်း (အရှေ့) | ၀.၅၆ | ၀.၅၁ | ၀.၅၅ | ၀.၅၅ | ၀.၅၅ | ၁၇ |
| **ပြည်ထောင်စု** | **၀.၄၇** | **၀.၄၂** | **၀.၄၆** | **၀.၄၆** | **၀.၄၆** | |

## ၃-၄။ အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများ အချိုး

ပြည်ထောင်စု အဆင့်တွင် အိမ်ထောင်စုများ၏ ၁၈.၉%မှာ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ ဖြစ်ပါ သည်။ ဤအချိုးသည် မြို့ပြဒေသများတွင် ကျေးလက်ဒေသများထက် ပိုမိုမြင့်မားပြီး ၂၅.၁% နှင့် ၁၆.၇%တို့ အသီးသီး ရှိကြပါသည်။ အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများ၏ အမြင့်ဆုံးအချိုးမှာ ရန်ကုန်တိုင်းတွင် ရှိပြီး အိမ်ထောင်စုများ၏ ၂၄.၄% ဖြစ်၍ ကချင်ပြည်နယ် (၂၂.၈%)တွင်လည်း ယင်းအချိုး မြင့်မားပါသည်။ မိန်းမ ဦးစီးသည့် အိမ်ထောင်စုများ၏ အနိမ့်ဆုံးအချိုးသည် ချင်းပြည်နယ်၌ အိမ်ထောင်စုများ၏ ၁၀.၄% ရှိပြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) (၁၁.၁%)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)(၁၂.၈)တို့တွင်လည်း လျော့နည်းလျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီး အိမ်ထောင်ဦးစီးမှုသည် ဆင်းရဲနွမ်းပါးမှု၏ ဆက်စပ်မှု တစ်ရပ်ဖြစ်ဟန် မရှိပါ။ မဆင်းရဲသော အိမ်ထောင်စုများထက် ဆင်းရဲသောအိမ်ထောင် စုများတွင် အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများ အချိုးသည် အနည်းငယ်လျော့နည်းလျက်ရှိပါသည်(၁၉.၁% နှင့် နှိုင်းယှဥ်ပါက ၁၈.၃%ရှိပါသည်)။ ထို့သို့ဖြစ်သည့် အားလျော်စွာ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ၏ ဆင်းရဲခြင်းဖြစ်မှုသည် ၂၉%ရှိပြီး အမျိုးသားဦးစီးသည့် အိမ်ထောင်စုများ၏ ဆင်းရဲခြင်း ဖြစ်မှုဖြစ်သည့် ၃၀%နှင့် နှိုင်းယှဥ်ကြည့်နိုင်ပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးမှု ဆက်နွယ်မှုမရှိခြင်းကို မြန်မာနိုင်ငံတွင် ယခင်ကပင် တွေ့ရှိရ၍[၄၁] အောက်ဖော်ပြပါ အကြောင်းအချက်များ အနက် တစ်ခုခုကြောင့် ဖြစ်နိုင်ပါသည်။ ၁) အရေးပါသည့် လွှဲပို့ငွေ ဝင်ငွေလက်ခံရရှိမှု ၂) စီးပွားရေး အခြေအနေ ကောင်းမွန်သော (မြို့ပြ) အမျိုးသမီး များသည် ခင်ပွန်း သေဆုံးပြီး (သို့မဟုတ်) ကွာရှင်း ပြတ်စဲပြီးနောက် မိမိတို့၏ အိမ်ထောင်စုများကို ဦးဆောင်မှုပြုနိုင်ပြီး အခြားအိမ်ထောင်များတွင် ပေါင်းစည်းနေထိုင်ခြင်းမရှိပါ။ (မြို့ပြတွင် မိန်းမဦးစီးသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း မြင့်မားမှုမှာ ဤရှင်းလင်းချက်နှင့် ကိုက်ညီမှု ရှိပါသည်။) မူဝါဒ သို့မဟုတ် အစီအစဥ်များ ရေးဆွဲချမှတ်ရန်အတွက် အမျိုးသမီး အိမ်ထောင်ဦးစီးမှု အမျိုးအစားကို ပိုမို ကောင်းမွန်သော ခွဲခြမ်းစိတ်ဖြာမှု လိုအပ် လျက်ရှိပြီး ဒုက္ခအခက်အခဲ သီးသန့်ကြုံတွေ့နေသည့် အုပ်စုခွဲ များကို သတ်မှတ် ဖော်ထုတ်ရပါမည်။ ***(ဇယား ၂-၄ ကို ကြည့်ပါ)***

## ၃-၅။ အိမ်ထောင်ဦးစီး၏ ပညာရေး

ပြည်ထောင်စု အဆင့်တွင် အိမ်ထောင်ဦးစီးများ၏ ၂၀.၁% မှာ စာမတတ်မြောက်သူများ[၄၂] ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် အိမ်ထောင်ဦးစီးများ၏၂၃.၄%မှာ စာမတတ်မြောက်သူများ ဖြစ်သဖြင့် စာမတတ်မြောက်မှုနှုန်း ၁၁.၁%ရှိသော မြို့ပြဒေသများနှင့် နှိုင်းယှဥ်ပါက အချိုးပို၍ မြင့်မားပါသည်။ ပညာရေးအဆင့်အတန်း အနေဖြင့် မြို့ပြဒေသများရှိ အိမ်ထောင် ဦးစီးများအနက် အဆင့်မြင့်ပညာ တက်ရောက်ပြီး သူများမှာ ၁၁.၉% ရှိသဖြင့် ကျေးလက်ဒေသများရှိ ၁.၃%နှင့် နှိုင်းယှဥ်ပါက ပို၍ မြင့်မားပါသည်။ အမျိုးသမီး အိမ်ထောင်ဦးစီး များ၏ စာမတတ်မြောက်မှုအချိုး (၃၇.၆%)သည် အမျိုးသား အိမ်ထောင်ဦးစီးများ၏ စာမတတ်မြောက်မှုအချိုး (၁၆.၁%)ထက် မြင့်မားပါသည်။ အိမ်ထောင်ဦးစီး၏ ပညာရေးအထူးသဖြင့် အိမ်ထောင်ဦးစီး၏ စာတတ်မြောက်မှု[၄၃]သည် ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော အတိုင်းအတာ တစ်ရပ်ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင် ဦးစီးများ၏ စာမတတ်မြောက်မှုနှုန်းမှာ

---

[၄၁] UNDP/UNDESA. 1999. *Studies in Social Deprivation in Myanmar*. Yangon. April

[၄၂] တစ်မျိုးသားလုံး၏ စာတတ်မြောက်မှုနှုန်းများကို အပိုင်း (၉) (အောက်တွင်) ကြည့်ပါ။ (အိမ်ထောင်ဦးစီး သက်သက် မဟုတ်ပါ)၊

[၄၃] စာတတ်မြောက်မှုကို ၁၅ နှစ်နှင့်အထက် အသက်အရွယ်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးသည် အရပ်သုံးဘာသာ စကားဖြင့် သာမန်စာပိုဒ် တစ်ပိုဒ်ကို ဖတ်သား နားလည်နိုင်စွမ်းရှိပြီး သာမန် အတွက်အချက် ပုစ္ဆာတစ်ပုဒ်ကို ဖြေရှင်းတွက်ချက်နိုင်ပါက သို့မဟုတ် အခြေခံ ပညာဒုတိယတန်း အောင်မြင်ပါက စာတတ်မြောက်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ တစ်မျိုးသားလုံး၏ စာတတ်မြောက်မှုနှုန်းများကို အပိုင်း (၉) (အောက်တွင်) ကြည့်ပါ။ (အိမ်ထောင်ဦးစီးသက်သက်မဟုတ်ပါ)၊

မဆင်းရဲသော အိမ်ထောင်ဦးစီးများ၏ စာမတတ်မြောက်မှုနှုန်း၏ နှစ်ဆနီး ပါးခန့်ဖြစ်ပြီး ၂၈.၃%နှင့် ၁၇% အသီးသီးရှိပါသည်။ ထို့အပြင် ကျောင်းလုံးဝ မနေဖူးခြင်း (သို့မဟုတ်) ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းသို့သာ တက်ရောက်သင်ကြားဖူးသည့် ဆင်းရဲသော အိမ်ထောင်စုများ၏ အိမ်ထောင်ဦးစီး ရာခိုင်နှုန်းသည် မဆင်းရဲသော အိမ်ထောင်ဦးစီးများ၏ ၂၇.၇%နှင့် နှိုင်းယှဉ်ပါက ၄၂.၃% ရှိပါသည်။ ရန်ကုန်တိုင်းတွင် အထက်တန်းပညာ တက်ရောက်ပြီးသည့် အိမ်ထောင်ဦးစီး ၁၃.၃%ရှိသဖြင့် အိမ်ထောင်ဦးစီးများ၏ ပညာရေးအဆင့်အတန်းမှာ မြင့်မားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အိမ်ထောင် ဦးစီးများ၏ ၆၅%မှာ စာမတတ်မြောက်သူများ ဖြစ်သဖြင့် ပညာရေးအဆင့်အတန်း အနိမ့်ဆုံး ဖြစ်ပါသည်။ ***(ဇယား ၂-၅ ကို ကြည့်ပါ)***

ဇယား ၂-၄။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများအချိုး (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ချင်း | ၁၀.၈ | ၉.၃ | ၈.၉ | ၁၃.၆ | ၁၀.၄ | ၁ |
| ရှမ်း (တောင်) | ၈.၉ | ၁၇.၅ | ၁၂.၆ | ၁၀.၄ | ၁၁.၁ | ၂ |
| ရှမ်း (အရှေ့) | ၁၀.၆ | ၂၁.၄ | ၁၁.၅ | ၁၃.၈ | ၁၂.၈ | ၃ |
| ဧရာဝတီ | ၁၂.၈ | ၂၁.၅ | ၁၂.၇ | ၁၄.၈ | ၁၄.၃ | ၄ |
| ပဲခူး (အနောက်) | ၁၄.၈ | ၁၉.၂ | ၁၄.၄ | ၁၅.၆ | ၁၅.၃ | ၅ |
| မွန် | ၁၄.၈ | ၂၈.၀ | ၂၀.၇ | ၁၆.၆ | ၁၇.၃ | ၆ |
| စစ်ကိုင်း | ၁၆.၇ | ၂၀.၇ | ၁၅.၂ | ၁၇.၉ | ၁၇.၃ | ၇ |
| ရှမ်း (မြောက်) | ၁၃.၅ | ၃၅.၇ | ၁၆.၁ | ၁၉.၇ | ၁၈.၀ | ၈ |
| ကယား | ၉.၅ | ၃၁.၉ | ၉.၉ | ၂၁.၇ | ၁၈.၃ | ၉ |
| ကရင် | ၁၈.၂ | ၂၄.၀ | ၇.၃ | ၂၀.၁ | ၁၈.၉ | ၁၀ |
| ရခိုင် | ၁၈.၂ | ၂၄.၉ | ၂၁.၉ | ၁၈.၃ | ၁၉.၅ | ၁၁ |
| တနင်္သာရီ | ၁၉.၈ | ၂၁.၆ | ၁၉.၉ | ၂၀.၃ | ၂၀.၂ | ၁၂ |
| မကွေး | ၁၉.၉ | ၂၈.၇ | ၂၁.၈ | ၂၀.၂ | ၂၀.၈ | ၁၃ |
| မန္တလေး | ၁၉.၈ | ၂၃.၆ | ၁၈.၆ | ၂၂.၀ | ၂၀.၉ | ၁၄ |
| ပဲခူး (အရှေ့) | ၁၉.၇ | ၂၇.၉ | ၁၉.၇ | ၂၁.၄ | ၂၁.၀ | ၁၅ |
| ကချင် | ၁၉.၈ | ၃၁.၇ | ၂၅.၁ | ၂၁.၂ | ၂၂.၈ | ၁၆ |
| ရန်ကုန် | ၁၇.၆ | ၂၆.၇ | ၃၀.၉ | ၂၃.၅ | ၂၄.၄ | ၁၇ |
| **ပြည်ထောင်စု** | **၁၆.၇** | **၂၅.၁** | **၁၈.၃** | **၁၉.၁** | **၁၈.၉** | |

ဇယား ၂-၅။ အိမ်ထောင်ဦးစီးများ၏ ပညာရေးအဆင့်အလိုက် ပြန့်ချက် (%) (ဒုတိယ အကြိမ် စစ်တမ်း)

| အုပ်စု | ကျောင်းလုံးဝမတက်ဖူးသူ/ သူငယ်တန်း (သို့) ၁ တန်း | | ဘုန်းတော်ကြီးသင် ပညာရေး | | မူလတန်း (၂-၄ တန်း) | အလယ်တန်း (၅-၈ တန်း) | အထက်တန်း (၉-၁၀ တန်း) | အဆင့်မြင့် ပညာရေး |
|---|---|---|---|---|---|---|---|---|
| | စာမတတ် မြောက်သူ | စာတတ် မြောက်သူ | စာမတတ် မြောက်သူ | စာတတ် မြောက်သူ | | | | |
| **ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု** | | | | | | | | |
| ကချင် | ၁၉.၅ | ၂.၁ | ၆.၅ | ၇.၄ | ၃၁.၉ | ၂၁.၉ | ၈.၄ | ၂.၁ |
| ကယား | ၃၀.၅ | ၀.၅ | ၆.၆ | ၁.၀ | ၂၉.၅ | ၁၆.၄ | ၉.၄ | ၆.၃ |
| ကရင် | ၁၉.၅ | ၀.၅ | ၇.၀ | ၃.၂ | ၃၉.၂ | ၂၃.၇ | ၅.၂ | ၁.၇ |
| ချင်း | ၁၄.၀ | ၂.၈ | ၀.၀ | ၀.၀ | ၄၅.၄ | ၂၄.၁ | ၁၀.၆ | ၃.၀ |
| စစ်ကိုင်း | ၅.၆ | ၁.၇ | ၁၂.၀ | ၁၆.၃ | ၃၉.၂ | ၁၆.၂ | ၆.၉ | ၂.၂ |
| တနင်္သာရီ | ၁၀.၉ | ၁.၇ | ၉.၂ | ၉.၄ | ၄၃.၄ | ၁၅.၄ | ၈.၂ | ၁.၈ |
| ပဲခူး (အရှေ့) | ၆.၉ | ၀.၅ | ၁၃.၂ | ၁၄.၃ | ၃၆.၃ | ၁၉.၃ | ၇.၈ | ၁.၅ |
| ပဲခူး (အနောက်) | ၃.၃ | ၁.၂ | ၉.၇ | ၆.၅ | ၄၇.၅ | ၂၄.၃ | ၅.၈ | ၁.၇ |
| မကွေး | ၉.၁ | ၁.၆ | ၁၂.၉ | ၁၈.၁ | ၃၇.၀ | ၁၃.၆ | ၅.၆ | ၂.၁ |
| မန္တလေး | ၁၀.၁ | ၁.၁ | ၁၁.၁ | ၁၂.၁ | ၃၃.၈ | ၁၈.၉ | ၁၀.၀ | ၂.၈ |
| မွန် | ၁၀.၄ | ၀.၆ | ၆.၁ | ၂.၇ | ၄၃.၀ | ၂၄.၂ | ၉.၅ | ၃.၄ |
| ရခိုင် | ၃၁.၈ | ၀.၅ | ၇.၁ | ၁.၉ | ၃၂.၂ | ၁၇.၀ | ၆.၄ | ၃.၂ |
| ရန်ကုန် | ၄.၈ | ၀.၅ | ၃.၅ | ၅.၀ | ၂၂.၉ | ၂၆.၀ | ၂၃.၉ | ၁၃.၃ |
| ရှမ်း (တောင်) | ၂၁.၈ | ၃.၁ | ၈.၈ | ၇.၆ | ၃၄.၁ | ၁၅.၉ | ၆.၆ | ၂.၀ |
| ရှမ်း (မြောက်) | ၂၈.၉ | ၃.၁ | ၁၂.၀ | ၉.၃ | ၂၇.၃ | ၁၂.၇ | ၅.၁ | ၁.၈ |
| ရှမ်း (အရှေ့) | ၄၆.၈ | ၀.၄ | ၁၈.၂ | ၈.၈ | ၁၀.၈ | ၉.၅ | ၃.၉ | ၁.၅ |
| ဧရာဝတီ | ၄.၆ | ၁.၃ | ၁၀.၁ | ၁၃.၈ | ၃၇.၆ | ၁၉.၈ | ၉.၂ | ၃.၇ |
| **နေထိုင်သည့် နေရာ** | | | | | | | | |
| ကျေးလက် | ၁၂.၁ | ၁.၄ | ၁၁.၃ | ၁၂.၁ | ၃၉.၁ | ၁၇.၃ | ၅.၆ | ၁.၃ |
| မြို့ပြ | ၆.၉ | ၀.၈ | ၄.၂ | ၅.၅ | ၂၂.၈ | ၂၅.၄ | ၂၂.၃ | ၁၁.၉ |
| **ဆင်းရဲမှု အခြေအနေ** | | | | | | | | |
| ဆင်းရဲသူ | ၁၅.၉ | ၁.၈ | ၁၂.၄ | ၁၂.၂ | ၃၇.၁ | ၁၄.၇ | ၄.၈ | ၁.၁ |
| မဆင်းရဲသူ | ၈.၇ | ၁.၀ | ၈.၃ | ၉.၇ | ၃၃.၉ | ၂၁.၂ | ၁၂.၀ | ၅.၂ |
| **ကျား/ မ** | | | | | | | | |
| ကျား | ၆.၉ | ၁.၁ | ၉.၂ | ၁၀.၉ | ၃၅.၂ | ၂၁.၄ | ၁၁.၀ | ၄.၃ |
| မ | ၂၇.၀ | ၁.၆ | ၁၀.၆ | ၇.၉ | ၃၃.၂ | ၁၁.၀ | ၅.၆ | ၃.၀ |
| **ပြည်ထောင်စု** | **၁၀.၇** | **၁.၂** | **၉.၄** | **၁၀.၄** | **၃၄.၈** | **၁၉.၄** | **၁၀.၀** | **၄.၁** |

## ၄။ သုံးစွဲမှု အသုံးစရိတ်

သုံးစွဲမှု အသုံးစရိတ် ညွှန်ကိန်းတွင် အောက်ဖော်ပြပါ ညွှန်ကိန်းများ ပါဝင်ပါသည်။

- အိမ်ထောင်စု၏ စုစုပေါင်း သုံးစွဲမှု အသုံးစရိတ်
- ဘတ်ဂျက်ဝေစု

### *၄-၁။ အိမ်ထောင်စု၏ စုစုပေါင်း သုံးစွဲမှု အသုံးစရိတ်*

#### ကျန်းမာရေး အသုံးစရိတ် မပါဝင်သော စုစုပေါင်း သုံးစွဲမှုအသုံးစရိတ်

ကျန်းမာရေး အသုံးစရိတ် မပါဝင်သော[၄၄] ပျမ်းမျှ တစ်ပြေးညီ[၄၅] ပြုထားသည့် အိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ်သည် ကျေးလက်၊ မြို့ပြနှင့် ပြည်နယ်နှင့် တိုင်းများအကြား ကွဲပြားခြားနား ကြပါသည်။ ပြည်ထောင်စု အဆင့်တွင် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ပျမ်းမျှ အိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ်သည် ၂၂၀,၉၁၀ ကျပ်ဖြစ်ပါသည်။ မြို့ပြဒေသများ၏ ၂၇၃,၀၄၃ ကျပ်နှင့် နှိုင်းယှဉ်ပါက ကျေးလက်ဒေသများ၏ ၂၀၂,၁၈၆ ကျပ်သည် လျော့နည်းလျက်ရှိပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ၏ ပျမ်းမျှ သုံးစွဲမှု အသုံးစရိတ်သည် ဆင်းရဲသော အိမ်ထောင်စုများ၏ သုံးစွဲမှု အသုံးစရိတ် ၂ ဆနီးပါးခန့် ရှိပါသည်။ အနိမ့်ဆုံး ပျမ်းမျှ သုံးစွဲမှု အသုံးစရိတ်ကို ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင်လည်းကောင်း၊ အမြင့်ဆုံး အသုံး စရိတ်ကို ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်းကောင်း တွေ့ရှိရပါသည်။ ***(ဇယား ၂.၆ နှင့် ပုံ ၂.၁ ကို ကြည့်ပါ)***

ပုံ ၂-၁။ အိမ်ထောင်စု၏ စုစုပေါင်း သုံးစွဲမှု အသုံးစရိတ် (ကျန်းမာရေး အသုံးစရိတ် များ မပါဝင်ပါ) (ကျပ်)





#### ကျန်းမာရေး အသုံးစရိတ် အပါအဝင် အိမ်ထောင်စု စုစုပေါင်း သုံးစွဲမှု အသုံးစရိတ်

ကျန်းမာရေးအသုံးစရိတ်များ အပါအဝင် တစ်ပြေးညီပြုထားသော ပျမ်းမျှအိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ်များသည် ကျေးလက်၊ မြို့ပြနှင့် ပြည်နယ်/တိုင်းများအကြား ကွဲပြားခြားနားပါသည်။ ပြည်ထောင်စု အဆင့်တွင် အရွယ်ရောက်သူနှင့် ညီမျှချက်အရ ပျမ်းမျှ အိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ်သည် ၂၃၂,၅၀၄ ကျပ် ဖြစ်ပါသည်။ မြို့ပြဒေသများ၏ ၂၈၉,၃၃၅ ကျပ်နှင့် နှိုင်းယှဉ်ပါက ကျေးလက်ဒေသများ၏ ၂၁၂,၀၉၃ကျပ်သည် လျော့နည်းလျက် ရှိပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ၏ ပျမ်းမျှ သုံးစွဲမှု အသုံးစရိတ်များသည် ဆင်းရဲသော အိမ်ထောင်စုများ၏ သုံးစွဲမှု အသုံးစရိတ် နှစ်ဆနီးပါးခန့် ရှိပါသည်။ အနိမ့်ဆုံး ပျမ်းမျှ သုံးစွဲမှု အသုံးစရိတ်ကို ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် လည်းကောင်း၊ အမြင့်ဆုံးကို ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လည်းကောင်း တွေ့ရှိရပါသည်။ ***(ဇယား ၂.၇ ကို ကြည့်ပါ)***

---

[၄၄] စုစုပေါင်း သုံးစွဲမှု အသုံးစရိတ်တွင် ကျန်းမာရေး အသုံးစရိတ်များနည်းတူ ကြာရှည်ခံ ကုန်ပစ္စည်းများ၏ အသုံးပြုကုန်ကျစရိတ်လည်း ပါဝင်ခြင်း မရှိပေ။

[၄၅] စာရင်းကောက်ယူသည့် (၂) ကြိမ်အတွင်းနှင့် ပြည်နယ်နှင့် တိုင်းများ အကြား ဈေးနှုန်း ခြားနားမှုများကို ထည့်သွင်း စဉ်းစားရန် ပါရှေးဆန္ဒန်းကိန်း (Paasche Index) ကို အသုံးပြုပြီး သုံးစွဲမှုစရိတ်များကို တစ်ပြေးညီ ပြုထားပါသည်။

ဇယား ၂-၆။ ကျန်းမာရေး အသုံးစရိတ် မပါဝင်သော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီ ပြုထားသည့် အိမ်ထောင်စု သုံးစွဲမှု အသုံးစရိတ် (ကျပ်[၄၆])

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၂၃၁ ၁၀၇ | ၃၂၃ ၃၈၈ | ၁၃၂ ၁၃၀ | ၃၂၃ ၀၉၂ | ၂၉၉ ၉၀၂ | ၁ |
| ကရင် | ၂၄၁ ၁၉၂ | ၃၀၃ ၁၅၃ | ၁၃၉ ၇၁၂ | ၂၆၀ ၃၁၇ | ၂၄၈ ၆၈၅ | ၂ |
| မွန် | ၂၂၆ ၈၀၆ | ၂၂၄ ၆၄၄ | ၁၃၄ ၇၀၃ | ၂၄၅ ၆၅၇ | ၂၂၆ ၄၀၃ | ၃ |
| တနင်္သာရီ | ၂၀၈ ၈၅၂ | ၂၇၈ ၀၀၅ | ၁၂၆ ၈၇၇ | ၂၆၁ ၅၅၀ | ၂၂၃ ၂၁၉ | ၄ |
| ဧရာဝတီ | ၂၁၂ ၇၃၉ | ၂၄၀ ၈၅၅ | ၁၃၀ ၃၁၈ | ၂၄၇ ၉၈၇ | ၂၁၇ ၅၅၉ | ၅ |
| စစ်ကိုင်း | ၂၁၃ ၄၄၉ | ၂၃၉ ၆၄၆ | ၁၃၂ ၆၃၃ | ၂၄၁ ၈၅၆ | ၂၁၇ ၂၄၉ | ၆ |
| ပဲခူး (အရှေ့) | ၂၀၉ ၇၄၃ | ၂၀၈ ၂၃၆ | ၁၃၆ ၈၄၄ | ၂၃၅ ၁၂၃ | ၂၀၉ ၅၀၈ | ၇ |
| ပဲခူး (အနောက်) | ၂၀၃ ၉၀၆ | ၂၃၈ ၂၀၄ | ၁၃၇ ၃၃၇ | ၂၃၃ ၂၁၆ | ၂၀၇ ၇၇၆ | ၈ |
| ရှမ်း (တောင်) | ၁၉၂ ၁၇၉ | ၂၄၉ ၅၄၂ | ၁၃၀ ၀၆၀ | ၂၄၄ ၆၇၀ | ၂၀၆ ၇၃၅ | ၉ |
| မန္တလေး | ၁၈၃ ၇၈၄ | ၂၄၉ ၅၃၅ | ၁၃၂ ၁၉၈ | ၂၃၈ ၇၄၅ | ၂၀၂ ၅၅၃ | ၁၀ |
| ကယား | ၁၉၂ ၇၈၇ | ၂၁၄ ၇၀၅ | ၁၂၈ ၉၀၈ | ၂၃၀ ၂၇၅ | ၂၀၁ ၃၉၂ | ၁၁ |
| ရခိုင် | ၁၉၀ ၇၁၇ | ၂၂၉ ၃၅၂ | ၁၃၁ ၅၄၉ | ၂၃၁ ၃၄၆ | ၁၉၈ ၁၅၅ | ၁၂ |
| ကချင် | ၁၈၉ ၅၆၁ | ၂၂၀ ၀၀၄ | ၁၂၇ ၇၇၈ | ၂၄၄ ၀၇၂ | ၁၉၇ ၁၆၅ | ၁၃ |
| မကွေး | ၁၈၇ ၁၃၃ | ၂၄၁ ၇၇၆ | ၁၃၀ ၆၀၄ | ၂၃၀ ၃၅၂ | ၁၉၂ ၇၂၂ | ၁၄ |
| ရှမ်း (မြောက်) | ၁၇၂ ၇၃၁ | ၂၂၅ ၁၈၃ | ၁၂၄ ၃၅၀ | ၂၃၆ ၂၆၉ | ၁၈၃ ၄၄၀ | ၁၅ |
| ရှမ်း (အရှေ့) | ၁၇၁ ၈၈၁ | ၂၂၀ ၅၄၇ | ၁၂၈ ၆၀၂ | ၂၂၇ ၂၈၉ | ၁၈၁ ၇၉၉ | ၁၆ |
| ချင်း | ၁၄၈ ၃၃၅ | ၁၈၁ ၁၄၉ | ၁၁၃ ၃၉၃ | ၂၄၇ ၉၅၄ | ၁၅၅ ၉၈၈ | ၁၇ |
| ပြည်ထောင်စု | ၂၀၂ ၁၈၆ | ၂၇၃ ၀၄၃ | ၁၃၁ ၂၀၃ | ၂၅၄ ၈၇၃ | ၂၂၀ ၉၁၀ | |

ဇယား ၂-၇။ ကျန်းမာရေးအသုံးစရိတ် ပါဝင်သော အရွယ်ရောက်သူနှင့် ညီမျှချက်အရ တစ်ပြေးညီ ပြုထားသည့် အိမ်ထောင်စုသုံးစွဲမှုအသုံးစရိတ် (ကျပ်)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၂၃၉ ၇၄၅ | ၃၄၄ ၆၅၂ | ၁၃၇ ၅၂၆ | ၃၄၂ ၈၉၂ | ၃၁၇ ၉၅၃ | ၁ |
| ကရင် | ၂၅၄ ၄၅၂ | ၃၁၆ ၀၈၃ | ၁၄၇ ၀၀၆ | ၂၇၄ ၁၇၀ | ၂၆၁ ၉၀၅ | ၂ |
| မွန် | ၂၃၉ ၄၁၇ | ၂၃၂ ၂၅၆ | ၁၄၅ ၅၀၀ | ၂၅၇ ၅၁၉ | ၂၃၈ ၀၈၀ | ၃ |
| တနင်္သာရီ | ၂၂၄ ၀၃၆ | ၂၉၁ ၄၇၄ | ၁၃၄ ၉၉၄ | ၂၇၉ ၀၄၇ | ၂၃၈ ၀၄၇ | ၄ |
| ဧရာဝတီ | ၂၂၅ ၇၅၇ | ၂၅၇ ၉၇၉ | ၁၃၇ ၂၉၅ | ၂၆၄ ၀၆၁ | ၂၃၁ ၂၈၁ | ၅ |
| စစ်ကိုင်း | ၂၂၂ ၃၅၉ | ၂၅၄ ၃၁၈ | ၁၃၉ ၈၂၁ | ၂၅၂ ၃၄၆ | ၂၂၆ ၉၉၆ | ၆ |
| ပဲခူး (အရှေ့) | ၂၂၄ ၆၉၄ | ၂၂၈ ၁၅၀ | ၁၄၈ ၁၃၀ | ၂၅၂ ၄၁၃ | ၂၂၅ ၂၃၃ | ၇ |
| ရှမ်း (တောင်) | ၂၀၃ ၉၆၂ | ၂၆၅ ၅၈၁ | ၁၃၈ ၈၂၂ | ၂၅၉ ၅၆၃ | ၂၁၉ ၅၉၈ | ၈ |
| ပဲခူး (အနောက်) | ၂၁၁ ၁၈၃ | ၂၄၈ ၄၃၅ | ၁၄၁ ၄၄၂ | ၂၄၂ ၀၉၂ | ၂၁၅ ၃၈၆ | ၉ |
| ကချင် | ၂၀၂ ၆၅၁ | ၂၄၆ ၁၀၇ | ၁၃၆ ၇၈၇ | ၂၆၅ ၃၆၈ | ၂၁၃ ၅၀၅ | ၁၀ |
| ကယား | ၂၀၁ ၃၇၆ | ၂၂၇ ၂၉၅ | ၁၃၅ ၃၂၃ | ၂၄၁ ၉၂၇ | ၂၁၁ ၅၅၂ | ၁၁ |
| မန္တလေး | ၁၉၁ ၃၄၂ | ၂၅၉ ၆၅၂ | ၁၃၇ ၃၇၉ | ၂၄၈ ၆၃၁ | ၂၁၀ ၈၄၁ | ၁၂ |
| ရခိုင် | ၁၉၈ ၀၈၈ | ၂၃၆ ၆၂၉ | ၁၃၇ ၄၈၈ | ၂၃၉ ၄၀၅ | ၂၀၅ ၅၀၈ | ၁၃ |
| မကွေး | ၁၉၄ ၅၈၄ | ၂၅၆ ၁၁၁ | ၁၃၄ ၇၅၂ | ၂၄၀ ၉၃၄ | ၂၀၀ ၈၇၇ | ၁၄ |
| ရှမ်း (မြောက်) | ၁၇၇ ၇၅၄ | ၂၃၁ ၀၆၀ | ၁၂၆ ၆၀၀ | ၂၄၄ ၁၀၁ | ၁၈၈ ၆၃၇ | ၁၅ |
| ရှမ်း (အရှေ့) | ၁၇၇ ၁၄၃ | ၂၂၆ ၆၄၈ | ၁၃၃ ၆၄၈ | ၂၃၃ ၀၅၃ | ၁၈၇ ၂၃၃ | ၁၆ |
| ချင်း | ၁၆၁ ၅၀၈ | ၂၀၃ ၈၃၈ | ၁၂၅ ၂၇၆ | ၂၇၀ ၉၂၀ | ၁၇၁ ၃၇၉ | ၁၇ |
| ပြည်ထောင်စု | ၂၁၂ ၀၉၃ | ၂၈၉ ၃၃၅ | ၁၃၇ ၄၆၅ | ၂၆၈ ၄၈၅ | ၂၃၂ ၅၀၄ | |

[၄၆] ပထမအကြိမ်စစ်တမ်း ကောက်ယူသည့် အချိန်ရှိကျပ်ငွေ (၂၀၀၄ နိုဝင်ဘာလ)

## *၄-၂။ ဘတ်ဂျက်ဝေစုများ*

### ကျန်းမာရေးအသုံးစရိတ်မပါဝင်သည့် စုစုပေါင်း သုံးစွဲမှုတွင် အစားအစာအသုံးစရိတ်၏ဝေစု

စုစုပေါင်းသုံးစွဲမှုတွင် အစားအစာ ဘတ်ဂျက်ဝေစု ပါဝင်မှုအချိုးနှင့် အစားအစာအတွက် မဟုတ်သည့် ဘတ်ဂျက်ဝေစု (ကျန်းမာရေး အသုံးစရိတ်မပါဝင်ပါ)သည် ပြည်နယ်နှင့် တိုင်းများ အကြား၊ ကျေးလက်နှင့် မြို့ပြနှင့် ဆင်းရဲနွမ်းပါးမှု အဆင့်များအကြား ကွဲပြားခြားနား ကြပါသည်။ ပြည်ထောင်စုအဆင့်တွင် အစားအစာ အသုံးစရိတ် သည် စုစုပေါင်းသုံးစွဲမှု အသုံးစရိတ်[၄၃]၏ ၇၃%ရှိပါသည်။ အစားအစာအသုံးစရိတ် ဝေစုသည် ကျေးလက်ဒေသ များတွင် ၇၆.၃%နှင့် မြို့ပြဒေသများအတွင်း ၆၆.၃%ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ အတွက် အစားအစာအသုံးစရိတ်ဝေစုသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုများပြားပြီး ၇၅.၄%နှင့် ၇၂.၆% အသီးသီး ရှိပါသည်။ အမြင့်ဆုံး အစားအစာဝေစု အချိုးကို ချင်းပြည် နယ် (၈၂.၆%)၊ ကရင်ပြည်နယ် (၇၉%)၊ စစ်ကိုင်းတိုင်း (၇၈.၅%) နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) (၇၈.၅%) တို့တွင်လည်းကောင်း၊ အနိမ့်ဆုံးကို ရန်ကုန်တိုင်း (၆၆%)၊ တနင်္သာရီတိုင်း (၆၉.၈%) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (၆၉.၉%) တို့တွင် လည်းကောင်း အသီးသီး တွေ့ရှိရပါသည်။ ***(ဇယား ၂.၈ ကို ကြည့်ပါ)***

### ကျန်းမာရေး အသုံးစရိတ်များ ပါဝင်သော စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အသုံးစရိတ်၏ဝေစု

အကယ်၍ စုစုပေါင်း အသုံးစရိတ် များတွင် ကျန်းမာရေးအသုံးစရိတ်များ ပါဝင်ပါက ပြည်ထောင်စုအဆင့်တွင် ပျမ်းမျှ အစားအစာ အသုံးစရိတ် ဝေစုမှာ ၆၉.၄%ရှိပါသည်။ အစားအစာအသုံးစရိတ် ဘတ်ဂျက်ဝေစုသည် ကျေးလက်ဒေသတွင် ၇၂.၇% ဖြစ်သဖြင့် မြို့ပြဒေသ၏ ၆၂.၆%ထက် ပိုမိုများပြားပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ အစားအစာ အသုံးစရိတ် ဘတ်ဂျက်ဝေစု (၇၂%)သည် မဆင်းရဲသော အိမ်ထောင်စုများ (၆၈.၉%)ထက် ပိုမို များပြားနေဆဲ ဖြစ်ပါသည်။ ***(ဇယား ၂.၉ ကို ကြည့်ပါ)***

### ကျန်းမာရေး အသုံးစရိတ်များ မပါဝင်သည့် စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အတွက် မဟုတ်သော အသုံးစရိတ်များဝေစု

ပြည်ထောင်စုအဆင့်တွင် ကျန်းမာရေး အသုံးစရိတ် မပါဝင်သည့် အစားအစာအတွက်မဟုတ်သော အသုံးစရိတ်သည် စုစုပေါင်း သုံးစွဲမှု အသုံးစရိတ်များ၏ ၂၇% ရှိပါသည်။ အစားအစာအတွက် မဟုတ်သည့် သုံးစွဲမှု အသုံးစရိတ်များ၏ ဝေစုသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ပိုမိုများပြားပြီး ယင်းပါဝင်မှုအချိုးသည် မဆင်းရဲသော အိမ်ထောင်စုများတွင် ဆင်းရဲသော အိမ်ထောင်စုများထက် ပိုမို များပြားပါသည်။ ***(ဇယား ၂-၁၀ ကို ကြည့်ပါ)***

### ကျန်းမာရေး အသုံးစရိတ်များ ပါဝင်သော စုစုပေါင်း သုံးစွဲမှုတွင် အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်များဝေစု

ပြည်ထောင်စုအဆင့်တွင် ကျန်းမာရေး အသုံးစရိတ်များ ပါဝင်သည့် အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်များသည် စုစုပေါင်း သုံးစွဲမှု အသုံးစရိတ် များ၏ ၃၀.၆% ရှိပါသည်။ အစားအစာ မဟုတ်သည့် သုံးစွဲမှု အသုံးစရိတ်များ ဝေစုသည် မြို့ပြဒေသတွင် ကျေးလက်ဒေသထက် ပိုမို မြင့်မားပြီး မဆင်းရဲသော အိမ်ထောင်စု များတွင်လည်း ဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုများပြားပါသည်။ ***(ဇယား ၂-၁၁ ကို ကြည့်ပါ)***

[၄၃] ဤကဲ့သို့ အစားအစာ အသုံးစရိတ် ဘတ်ဂျက်ဝေစု တန်ဖိုးများ အလွန့်အလွန်မြင့်မားနေရခြင်းမှာ စုစုပေါင်း အသုံးစရိတ်တွင် ကျန်းမာရေး အသုံးစရိတ်များ ပါဝင်မှု မရှိခြင်းအပြင် မြန်မာနိုင်ငံ၏ နိမ့်ကျသော အိမ်ငှားခ အသုံးစရိတ်များကြောင့် (အောက်တွင် ကြည့်ရန်) ဖြစ်နိုင်ပါသည်။ အလားတူ ရလဒ်များကို အခြား ဝင်ငွေနည်းပါးသည့် ကမ္ဘောဒီးယားစသော အရှေ့တောင် အာရှနိုင်ငံများတွင် တွေ့ရှိရပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ပျမ်းမျှ အစားအစာ ဝေစုမှာ ၁၉၉၇ ခုနှစ်တွင် ၆၉% ရှိပါသည်။ (ကမ္ဘောဒီးယားနိုင်ငံ၏ စီမံကိန်းဝန်ကြီးဌာန၊ ၁၉၉၇)

ဇယား ၂-၈။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အသုံးစရိတ်၏ ဝေစု (ကျန်းမာရေး အသုံးစရိတ်မပါဝင်ပါ)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၇၇.၀ | ၆၃.၄ | ၆၇.၆ | ၆၆.၀ | ၆၆.၀ | ၁ |
| တနင်္သာရီ | ၇၁.၈ | ၆၃.၉ | ၇၁.၇ | ၆၉.၄ | ၆၉.၈ | ၂ |
| ရှမ်း (တောင်) | ၇၂.၉ | ၆၃.၀ | ၇၁.၂ | ၆၉.၅ | ၆၉.၉ | ၃ |
| ကချင် | ၇၂.၈ | ၆၄.၃ | ၇၂.၄ | ၆၉.၇ | ၇၀.၄ | ၄ |
| ရခိုင် | ၇၁.၇ | ၆၇.၇ | ၇၂.၂ | ၇၀.၅ | ၇၀.၉ | ၅ |
| ဧရာဝတီ | ၇၂.၉ | ၆၈.၅ | ၇၃.၆ | ၇၁.၈ | ၇၂.၁ | ၆ |
| မန္တလေး | ၇၇.၀ | ၆၇.၁ | ၇၆.၂ | ၇၂.၇ | ၇၃.၅ | ၇ |
| ရှမ်း (အရှေ့) | ၇၅.၈ | ၆၇.၈ | ၇၆.၈ | ၇၂.၄ | ၇၃.၈ | ၈ |
| ကယား | ၇၄.၈ | ၇၃.၄ | ၇၂.၈ | ၇၄.၆ | ၇၄.၃ | ၉ |
| မွန် | ၇၆.၁ | ၇၂.၉ | ၇၆.၈ | ၇၅.၄ | ၇၅.၅ | ၁၀ |
| ပဲခူး (အရှေ့) | ၇၆.၀ | ၇၃.၈ | ၇၆.၄ | ၇၅.၅ | ၇၅.၇ | ၁၁ |
| ရှမ်း (မြောက်) | ၇၈.၆ | ၇၀.၄ | ၇၉.၀ | ၇၅.၄ | ၇၆.၆ | ၁၂ |
| မကွေး | ၇၈.၈ | ၇၁.၄ | ၇၈.၉ | ၇၇.၅ | ၇၇.၉ | ၁၃ |
| ပဲခူး (အနောက်) | ၇၉.၁ | ၇၄.၅ | ၇၈.၆ | ၇၈.၅ | ၇၈.၅ | ၁၄ |
| စစ်ကိုင်း | ၇၉.၈ | ၇၁.၉ | ၇၇.၅ | ၇၈.၇ | ၇၈.၅ | ၁၅ |
| ကရင် | ၇၉.၈ | ၇၄.၂ | ၈၂.၆ | ၇၈.၈ | ၇၉.၀ | ၁၆ |
| ချင်း | ၈၅.၇ | ၇၄.၄ | ၇၉.၉ | ၈၅.၃ | ၈၂.၆ | ၁၇ |
| ပြည်ထောင်စု | ၇၆.၃ | ၆၆.၃ | ၇၅.၄ | ၇၂.၆ | ၇၃.၀ | |

ဇယား ၂-၉။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အသုံးစရိတ်၏ ဝေစု (ကျန်းမာရေး အသုံးစရိတ် အပါအဝင်)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၇၄.၂ | ၅၉.၅ | ၆၄.၉ | ၆၂.၂ | ၆၂.၃ | ၁ |
| ကချင် | ၆၈.၁ | ၅၇.၅ | ၆၇.၆ | ၆၄.၁ | ၆၅.၀ | ၂ |
| တနင်္သာရီ | ၆၆.၉ | ၆၀.၉ | ၆၇.၄ | ၆၅.၀ | ၆၅.၄ | ၃ |
| ရှမ်း (တောင်) | ၆၈.၇ | ၅၉.၂ | ၆၆.၇ | ၆၅.၅ | ၆၅.၈ | ၄ |
| ဧရာဝတီ | ၆၈.၇ | ၆၄.၀ | ၆၉.၈ | ၆၇.၄ | ၆၇.၈ | ၅ |
| ရခိုင် | ၆၉.၁ | ၆၅.၇ | ၆၉.၁ | ၆၈.၁ | ၆၈.၃ | ၆ |
| ပဲခူး (အရှေ့) | ၇၁.၀ | ၆၇.၄ | ၇၀.၆ | ၇၀.၄ | ၇၀.၄ | ၇ |
| မန္တလေး | ၇၃.၉ | ၆၄.၅ | ၇၃.၃ | ၆၉.၈ | ၇၀.၆ | ၈ |
| ကယား | ၇၁.၇ | ၆၉.၄ | ၆၉.၄ | ၇၁.၀ | ၇၀.၇ | ၉ |
| ရှမ်း (အရှေ့) | ၇၃.၅ | ၆၆.၀ | ၇၃.၉ | ၇၀.၆ | ၇၁.၇ | ၁၀ |
| မွန် | ၇၂.၁ | ၇၀.၅ | ၇၁.၁ | ၇၁.၉ | ၇၁.၈ | ၁၁ |
| ရှမ်း (မြောက်) | ၇၆.၄ | ၆၈.၆ | ၇၇.၆ | ၇၃.၀ | ၇၄.၄ | ၁၂ |
| မကွေး | ၇၅.၈ | ၆၇.၄ | ၇၆.၅ | ၇၄.၁ | ၇၄.၇ | ၁၃ |
| ကရင် | ၇၅.၇ | ၇၁.၁ | ၇၈.၅ | ၇၄.၈ | ၇၅.၀ | ၁၄ |
| စစ်ကိုင်း | ၇၆.၆ | ၆၇.၈ | ၇၃.၅ | ၇၅.၄ | ၇၅.၂ | ၁၅ |
| ချင်း | ၇၈.၇ | ၆၆.၁ | ၇၂.၃ | ၇၈.၁ | ၇၅.၂ | ၁၆ |
| ပဲခူး (အနောက်) | ၇၆.၄ | ၇၁.၄ | ၇၆.၃ | ၇၅.၆ | ၇၅.၇ | ၁၇ |
| ပြည်ထောင်စု | ၇၂.၇ | ၆၂.၆ | ၇၂.၀ | ၆၈.၉ | ၆၉.၄ | |

ဇယား ၂-၁၀။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာအတွက် မဟုတ်သော အသုံးစရိတ်များ၏ ဝေစု

(ကျန်းမာရေး အသုံးစရိတ်များ မပါဝင်ပါ။)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၂၃.၀ | ၃၆.၆ | ၃၂.၄ | ၃၄.၀ | ၃၄.၀ | ၁ |
| တနင်္သာရီ | ၂၈.၂ | ၃၆.၁ | ၂၈.၃ | ၃၀.၆ | ၃၀.၂ | ၂ |
| ရှမ်း (တောင်) | ၂၇.၁ | ၃၇.၀ | ၂၈.၈ | ၃၀.၅ | ၃၀.၁ | ၃ |
| ကချင် | ၂၇.၂ | ၃၅.၇ | ၂၇.၆ | ၃၀.၃ | ၂၉.၆ | ၄ |
| ရခိုင် | ၂၈.၃ | ၃၂.၃ | ၂၇.၈ | ၂၉.၅ | ၂၉.၁ | ၅ |
| ဧရာဝတီ | ၂၇.၁ | ၃၁.၅ | ၂၆.၄ | ၂၈.၂ | ၂၇.၉ | ၆ |
| မန္တလေး | ၂၃.၀ | ၃၂.၉ | ၂၃.၈ | ၂၇.၃ | ၂၆.၅ | ၇ |
| ရှမ်း (အရှေ့) | ၂၄.၂ | ၃၂.၂ | ၂၃.၂ | ၂၇.၆ | ၂၆.၂ | ၈ |
| ကယား | ၂၅.၂ | ၂၆.၆ | ၂၇.၂ | ၂၅.၄ | ၂၅.၇ | ၉ |
| မွန် | ၂၃.၉ | ၂၇.၁ | ၂၃.၂ | ၂၄.၆ | ၂၄.၅ | ၁၀ |
| ပဲခူး (အရှေ့) | ၂၄.၀ | ၂၆.၂ | ၂၃.၆ | ၂၄.၅ | ၂၄.၃ | ၁၁ |
| ရှမ်း (မြောက်) | ၂၁.၄ | ၂၉.၆ | ၂၁.၀ | ၂၄.၆ | ၂၃.၄ | ၁၂ |
| မကွေး | ၂၁.၂ | ၂၈.၆ | ၂၁.၁ | ၂၂.၅ | ၂၂.၁ | ၁၃ |
| ပဲခူး (အနောက်) | ၂၀.၉ | ၂၅.၅ | ၂၁.၄ | ၂၁.၅ | ၂၁.၅ | ၁၄ |
| စစ်ကိုင်း | ၂၀.၂ | ၂၈.၁ | ၂၂.၅ | ၂၁.၃ | ၂၁.၅ | ၁၅ |
| ကရင် | ၂၀.၂ | ၂၅.၈ | ၁၇.၄ | ၂၁.၂ | ၂၁.၀ | ၁၆ |
| ချင်း | ၁၄.၃ | ၂၅.၆ | ၂၀.၁ | ၁၄.၇ | ၁၇.၄ | ၁၇ |
| **ပြည်ထောင်စု** | **၂၃.၇** | **၃၃.၇** | **၂၄.၆** | **၂၇.၄** | **၂၇.၀** | |

ဇယား ၂-၁၁။ စုစုပေါင်း သုံးစွဲမှုတွင် အစားအစာ အတွက် မဟုတ်သည့် အသုံးစရိတ်များ၏ ဝေစု

(ကျန်းမာရေး အသုံးစရိတ် အပါအဝင်)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ပဲခူး (အနောက်) | ၂၃.၆ | ၂၈.၆ | ၂၃.၇ | ၂၄.၄ | ၂၄.၃ | ၁ |
| ချင်း | ၂၁.၃ | ၃၃.၉ | ၂၇.၇ | ၂၁.၉ | ၂၄.၈ | ၂ |
| စစ်ကိုင်း | ၂၃.၄ | ၃၂.၂ | ၂၆.၅ | ၂၄.၆ | ၂၄.၈ | ၃ |
| ကရင် | ၂၄.၃ | ၂၈.၉ | ၂၁.၅ | ၂၅.၂ | ၂၅.၀ | ၄ |
| မကွေး | ၂၄.၂ | ၃၂.၆ | ၂၃.၅ | ၂၅.၉ | ၂၅.၃ | ၅ |
| ရှမ်း (မြောက်) | ၂၃.၆ | ၃၁.၄ | ၂၂.၄ | ၂၇.၀ | ၂၅.၆ | ၆ |
| မွန် | ၂၇.၉ | ၂၉.၅ | ၂၈.၉ | ၂၈.၁ | ၂၈.၂ | ၇ |
| ရှမ်း (အရှေ့) | ၂၆.၅ | ၃၄.၀ | ၂၆.၁ | ၂၉.၄ | ၂၈.၃ | ၈ |
| ကယား | ၂၈.၃ | ၃၀.၆ | ၃၀.၆ | ၂၉.၀ | ၂၉.၃ | ၉ |
| မန္တလေး | ၂၆.၁ | ၃၅.၅ | ၂၆.၇ | ၃၀.၂ | ၂၉.၄ | ၁၀ |
| ပဲခူး (အရှေ့) | ၂၉.၀ | ၃၂.၆ | ၂၉.၄ | ၂၉.၆ | ၂၉.၆ | ၁၁ |
| ရခိုင် | ၃၀.၉ | ၃၄.၃ | ၃၀.၉ | ၃၁.၉ | ၃၁.၇ | ၁၂ |
| ဧရာဝတီ | ၃၁.၃ | ၃၆.၀ | ၃၀.၂ | ၃၂.၆ | ၃၂.၂ | ၁၃ |
| ရှမ်း (တောင်) | ၃၀.၃ | ၄၀.၈ | ၃၃.၃ | ၃၄.၅ | ၃၄.၂ | ၁၄ |
| တနင်္သာရီ | ၃၃.၁ | ၃၉.၁ | ၃၂.၆ | ၃၅.၀ | ၃၄.၆ | ၁၅ |
| ကချင် | ၃၁.၉ | ၄၂.၅ | ၃၂.၄ | ၃၅.၉ | ၃၅.၀ | ၁၆ |
| ရန်ကုန် | ၂၅.၈ | ၄၀.၅ | ၃၅.၁ | ၃၇.၈ | ၃၇.၇ | ၁၇ |
| **ပြည်ထောင်စု** | **၂၇.၃** | **၃၇.၄** | **၂၈.၀** | **၃၁.၁** | **၃၀.၆** | |

## ၅။ စီးပွားရေးဆိုင်ရာ ပင်ကိုလက္ခဏာများ

စီးပွားရေးဆိုင်ရာ ပင်ကို လက္ခဏာများတွင် ပါဝင်သည့် ညွှန်ကိန်းများမှာ -

- စီးပွားရေး လုပ်ဆောင်ချက် တစ်ခုတွင် အလုပ်အကိုင် အမျိုးအစားအလိုက် ပါဝင် လုပ်ကိုင်လျက်ရှိသည့် လူဦးရေ ပြန့်ချက်
- စီးပွားရေး လုပ်ဆောင်ချက်တစ်ခုတွင် လုပ်ငန်းအမျိုးအစား အလိုက် ပါဝင် လုပ်ကိုင်လျက်ရှိသော လူဦးရေ ပြန့်ချက်
- အိမ်ထောင်စု စီးပွားရေးလုပ်ငန်း လုပ်ဆောင်ချက်များ
- ဇာစ်မြစ် တစ်ခုခုသို့ ငွေကြေး ပေးဆပ်ရန်ရှိသည့် အရွယ်ရောက်သူ အိမ်ထောင်စုဝင် တစ်ဦးဦး ရှိသည့် အိမ်ထောင်စုများ

### *၅-၁။ စီးပွားရေး လုပ်ဆောင်ချက်တစ်ခုတွင် အလုပ်အကိုင် အမျိုးအစား အလိုက် ပါဝင် လုပ်ကိုင်လျက် ရှိသည့် လူဦးရေ ပြန့်ချက်*

အလုပ်အကိုင် အမျိုးအစားသည် စီးပွားရှာဖွေ လုပ်ကိုင်သူ[၄၈]များ၏ အကျိုးဖြစ်ထွန်းသည့် လုပ်ငန်း လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပြည်ထောင်စုအဆင့်တွင် အလုပ်လုပ်ကိုင်သူဦးရေ၏ ၄၅.၅%သည် အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင် လုပ်ငန်းလုပ် လုပ်ကိုင်သူများ ဖြစ်ကြပြီး ၎င်းအနက် ၉.၁% မှာ အလုပ်ရှင်များနှင့် ၃၆.၄% မှာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ကြ ပါသည်။ ကျေးလက်ဒေသများတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများသည် အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၃၇.၈% ရှိပြီး မိသားစုအလုပ်သမားနှင့် ကျပန်းအလုပ်သမားများမှာ ၁၈.၇% နှင့် ၁၈.၆% အသီးသီး ရှိကြပါသည်။ မြို့ပြဒေသတွင် အလုပ်သမားများသည် အလုပ်လုပ်သူဦးရေ၏ ၃၄.၉% ရှိသဖြင့် အချိုးအစားဖြင့် အများဆုံးဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ ၃၂.၃%နှင့် မိသားစုအလုပ်သမား ၁၁.၅% အသီးသီး ရှိပါသည်။ မဆင်းရဲသော အလုပ်လုပ်ကိုင်သူများတွင် အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ အချိုးမှာ ဆင်းရဲသော အလုပ်လုပ်ကိုင်သူများတွင် ယင်းအချိုးထက် မြင့်မားပါသည်။ (၄၈.၈% နှင့် ၃၈.၄% အသီးသီး ရှိပါသည်။) အလုပ်လုပ်ကိုင်သူများတွင် အလုပ်ရှင် သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ အမျိုးသားများ အချိုးသည် အမျိုးသမီးများ အချိုးထက် မြင့်မားပါသည် (အမျိုးသားများအတွက် အချိုးမှာ ၂၇.၂% ဖြစ်၍ အမျိုးသမီးများအတွက် အချိုးမှာ ၁၈.၃ ဖြစ်ပါသည်)။ ကျပန်းအလုပ်သမားများသည် ဆင်းရဲ နွမ်းပါးမှု၏ အရေးကြီးသော ဆက်စပ်မှုတစ်ရပ် ဖြစ်ဟန်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ် လုပ်ကိုင်သူဦးရေတွင် ကျပန်းအလုပ်သမားများ၏ အချိုးသည် မဆင်းရဲသော အိမ်ထောင်စုများအတွက် အချိုး၏ ၂ ဆ နီးပါးခန့်ရှိပါသည် (၂၂.၉% နှင့် ၁၂.၅%အသီးသီးရှိပါသည်)။ ကျပန်းအလုပ်သမားများသည် ကျေးလက်ဒေသများတွင် အလုပ်လုပ်ကိုင်သူဦးရေ၏ ၁၈.၆% ရှိသဖြင့် ၇.၇% ရှိသော မြို့ပြဒေသများထက် ပို၍အရေးပါပါသည်။ ***(ဇယား ၂-၁၂ ကို ကြည့်ပါ)***

[၄၈] စီးပွားရှာဖွေလုပ်ကိုင်သူ ဦးရေမှာ လုပ်ခ(သို့မဟုတ်) အကျိုးအမြတ်အတွက်ဖြစ်စေ သို့မဟုတ် မည်သည့် အိမ်ထောင်စု စီးပွားရေးလုပ်ငန်း အတွက်ဖြစ်စေ အလုပ်လုပ်ကိုင်သူများ ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

ဇယား ၂-၁၂။ လွန်ခဲ့သည့် (၇) ရက်အတွင်း အဓိက စီးပွားရေး လုပ်ငန်းအတွက် စီးပွားရေး လုပ်ဆောင်ချက် တစ်ခုတွင် အလုပ်အကိုင် အမျိုးအစားအလိုက် ပါဝင် လုပ်ကိုင်လျက်ရှိသည့် (၁၀) နှစ်နှင့် အထက် လူဦးရေပြန့်ချက် (%) (ဒုတိယအကြိမ် စစ်တမ်း)

| အုပ်စုများ | အလုပ်ရှင် | ကိုယ်ပိုင်အလုပ်လုပ်သူ | အလုပ်သမား | ကုန်ထုတ် သမဝါယမ အသင်းဝင် | မိသားစုစီးပွားရေး လုပ်ငန်းတွင် လုပ်သူ | ကျပန်း အလုပ်သမား | အဆင့်ခွဲခြား မဖော်ပြနိုင်သော အလုပ်သမား |
|---|---|---|---|---|---|---|---|
| **ပြည်နယ်/ တိုင်း** | | | | | | | |
| ကချင် | ၆.၉ | ၄၈.၁ | ၁၁.၃ | ၀.၁ | ၁၇.၅ | ၁၁.၉ | ၄.၂ |
| ကယား | ၅.၅ | ၃၅.၈ | ၂၄.၀ | ၀.၂ | ၂၆.၄ | ၇.၂ | ၀.၈ |
| ကရင် | ၄.၂ | ၅၃.၉ | ၉.၉ | ၀.၀ | ၁၅.၂ | ၁၄.၁ | ၂.၆ |
| ချင်း | ၁.၆ | ၈၀.၆ | ၅.၂ | ၀.၀ | ၈.၅ | ၁.၅ | ၂.၆ |
| စစ်ကိုင်း | ၈.၇ | ၃၉.၈ | ၁၂.၆ | ၀.၁ | ၂၃.၆ | ၁၂.၀ | ၃.၂ |
| တနင်္သာရီ | ၇.၇ | ၃၄.၆ | ၂၂.၉ | ၀.၄ | ၁၆.၁ | ၁၁.၆ | ၆.၆ |
| ပဲခူး (အရှေ့) | ၁၀.၇ | ၃၁.၆ | ၁၈.၃ | ၀.၄ | ၈.၂ | ၂၈.၈ | ၁.၉ |
| ပဲခူး (အနောက်) | ၁၀.၂ | ၂၉.၀ | ၈.၀ | ၀.၀ | ၁၇.၀ | ၂၉.၄ | ၆.၃ |
| မကွေး | ၆.၉ | ၃၈.၇ | ၁၁.၁ | ၀.၄ | ၁၈.၃ | ၂၁.၂ | ၃.၃ |
| မန္တလေး | ၈.၆ | ၃၃.၇ | ၂၀.၉ | ၀.၁ | ၁၈.၁ | ၁၄.၆ | ၄.၀ |
| မွန် | ၁၁.၂ | ၄၂.၁ | ၁၂.၉ | ၀.၀ | ၁၄.၁ | ၁၆.၀ | ၃.၈ |
| ရခိုင် | ၁၀.၁ | ၃၇.၅ | ၁၂.၄ | ၀.၁ | ၇.၁ | ၂၅.၄ | ၇.၃ |
| ရန်ကုန် | ၈.၆ | ၂၆.၂ | ၄၄.၃ | ၀.၂ | ၉.၇ | ၆.၇ | ၄.၃ |
| ရှမ်း (တောင်) | ၅.၆ | ၃၉.၅ | ၉.၀ | ၁.၃ | ၃၀.၆ | ၁၂.၅ | ၁.၅ |
| ရှမ်း (မြောက်) | ၅.၉ | ၅၄.၆ | ၉.၁ | ၀.၂ | ၂၀.၀ | ၈.၇ | ၁.၅ |
| ရှမ်း (အရှေ့) | ၉.၃ | ၄၂.၃ | ၆.၂ | ၀.၁ | ၃၆.၅ | ၄.၁ | ၁.၆ |
| ဧရာဝတီ | ၁၃.၁ | ၃၃.၈ | ၁၃.၀ | ၀.၁ | ၁၇.၅ | ၁၇.၉ | ၄.၆ |
| **နေထိုင်သည့် နေရာ** | | | | | | | |
| ကျေးလက် | ၉.၁ | ၃၇.၈ | ၁၁.၉ | ၀.၂ | ၁၈.၇ | ၁၈.၆ | ၃.၇ |
| မြို့ပြ | ၈.၉ | ၃၂.၃ | ၃၄.၉ | ၀.၂ | ၁၁.၅ | ၇.၇ | ၄.၄ |
| **ဆင်းရဲမှု အခြေအနေ** | | | | | | | |
| ဆင်းရဲသူ | ၅.၁ | ၃၃.၃ | ၁၆.၁ | ၀.၂ | ၁၇.၄ | ၂၂.၉ | ၅.၀ |
| မဆင်းရဲသူ | ၁၀.၉ | ၃၇.၉ | ၁၈.၄ | ၀.၂ | ၁၆.၆ | ၁၂.၅ | ၃.၄ |
| **ကျား/ မ** | | | | | | | |
| ကျား | ၆.၈ | ၂၀.၄ | ၁၁.၁ | ၀.၁ | ၈.၁ | ၉.၇ | ၂.၅ |
| မ | ၂.၃ | ၁၆.၀ | ၆.၅ | ၀.၁ | ၈.၈ | ၆.၂ | ၁.၄ |
| **ပြည်ထောင်စု** | ၉.၁ | ၃၆.၄ | ၁၇.၆ | ၀.၂ | ၁၆.၉ | ၁၅.၉ | ၃.၉ |

ဇယား ၂-၁၃။ လွန်ခဲ့သည့် (၇) ရက်အတွင်း အဓိကစီးပွားရေး လုပ်ငန်းအတွက် စီးပွားရေး လုပ်ဆောင်ချက်တစ်ခုတွင် လုပ်ငန်းအမျိုးအစား အလိုက် ပါဝင်လုပ်ကိုင်လျက်ရှိသည့် ၁၀ နှစ်နှင့် အထက် လူဦးရေပြန့်ချက်(%) (ဒုတိယ အကြိမ် စစ်တမ်း)

| အုပ်စုများ | လုပ်ငန်းအမျိုးအစားအလိုက်အညွှန်း | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) |
| **ပြည်နယ်/ တိုင်း** | | | | | | | | | | | | | | | | |
| ကချင် | ၄၀.၆ | ၀.၇ | ၉.၈ | ၃.၆ | ၀.၂ | ၄.၆ | ၁၉.၉ | ၀.၃ | ၂.၇ | ၀.၁ | ၆.၅ | ၁.၁ | ၂.၉ | ၂.၂ | ၃.၅ | ၀.၀ |
| ကယား | ၅၇.၂ | ၀.၃ | ၁.၃ | ၇.၄ | ၀.၆ | ၂.၇ | ၁၁.၉ | ၀.၈ | ၄.၁ | ၀.၀ | ၁.၀ | ၃.၆ | ၂.၃ | ၂.၉ | ၁.၈ | ၀.၆ |
| ကရင် | ၅၉.၅ | ၁.၁ | ၀.၉ | ၄.၇ | ၀.၂ | ၂.၃ | ၁၀.၀ | ၀.၀ | ၄.၃ | ၀.၀ | ၇.၈ | ၀.၉ | ၁.၅ | ၄.၆ | ၁.၆ | ၀.၀ |
| ချင်း | ၇၁.၂ | ၀.၂ | ၀.၈ | ၁.၁ | ၀.၀ | ၄.၉ | ၂.၆ | ၁.၃ | ၈.၆ | ၀.၀ | ၁.၃ | ၂.၉ | ၂.၅ | ၁.၁ | ၀.၉ | ၀.၀ |
| စစ်ကိုင်း | ၆၁.၂ | ၀.၈ | ၂.၇ | ၅.၈ | ၀.၂ | ၂.၂ | ၈.၄ | ၀.၇ | ၂.၄ | ၀.၁ | ၂.၈ | ၁.၅ | ၂.၂ | ၄.၃ | ၃.၉ | ၀.၀ |
| တနင်္သာရီ | ၃၁.၀ | ၂၁.၈ | ၁.၄ | ၃.၄ | ၀.၁ | ၅.၉ | ၁၇.၇ | ၀.၉ | ၂.၇ | ၀.၂ | ၅.၀ | ၀.၈ | ၁.၅ | ၆.၀ | ၁.၂ | ၀.၀ |
| ပဲခူး (အရှေ့) | ၅၈.၉ | ၁.၁ | ၀.၇ | ၅.၈ | ၀.၀ | ၂.၈ | ၈.၅ | ၀.၄ | ၃.၇ | ၀.၂ | ၇.၉ | ၀.၉ | ၁.၈ | ၅.၁ | ၁.၇ | ၀.၀ |
| ပဲခူး (အနောက်) | ၆၄.၅ | ၃.၅ | ၀.၁ | ၃.၆ | ၀.၂ | ၂.၆ | ၆.၃ | ၀.၁ | ၂.၃ | ၀.၂ | ၇.၄ | ၀.၃ | ၁.၈ | ၅.၆ | ၁.၄ | ၀.၀ |
| မကွေး | ၆၉.၀ | ၁.၁ | ၁.၁ | ၅.၇ | ၀.၂ | ၁.၂ | ၆.၀ | ၀.၅ | ၁.၈ | ၀.၂ | ၂.၉ | ၀.၈ | ၁.၈ | ၄.၇ | ၂.၇ | ၀.၀ |
| မန္တလေး | ၅၁.၀ | ၀.၂ | ၁.၅ | ၁၁.၉ | ၀.၄ | ၂.၇ | ၁၃.၁ | ၁.၄ | ၂.၈ | ၀.၁ | ၃.၀ | ၁.၂ | ၂.၃ | ၃.၉ | ၃.၇ | ၀.၀ |
| မွန် | ၃၇.၇ | ၄.၇ | ၀.၆ | ၈.၅ | ၀.၂ | ၄.၂ | ၁၆.၂ | ၂.၀ | ၄.၃ | ၀.၁ | ၈.၈ | ၁.၆ | ၂.၁ | ၆.၇ | ၁.၇ | ၀.၀ |
| ရခိုင် | ၃၄.၁ | ၁၃.၂ | ၀.၁ | ၈.၃ | ၀.၃ | ၂.၀ | ၁၁.၇ | ၀.၅ | ၃.၅ | ၀.၂ | ၅.၉ | ၂.၇ | ၂.၈ | ၉.၂ | ၄.၇ | ၀.၃ |
| ရန်ကုန် | ၁၃.၅ | ၀.၉ | ၁.၂ | ၁၂.၅ | ၀.၈ | ၄.၅ | ၁၈.၉ | ၁.၁ | ၆.၉ | ၀.၄ | ၁၁.၆ | ၈.၂ | ၂.၄ | ၈.၈ | ၅.၈ | ၀.၈ |
| ရှမ်း (တောင်) | ၇၁.၀ | ၁.၇ | ၀.၃ | ၄.၀ | ၀.၃ | ၂.၉ | ၁.၆ | ၀.၁ | ၂.၉ | ၀.၃ | ၈.၁ | ၀.၁ | ၁.၆ | ၃.၈ | ၀.၆ | ၀.၀ |
| ရှမ်း (မြောက်) | ၆၉.၉ | ၀.၁ | ၂.၂ | ၃.၀ | ၀.၀ | ၁.၆ | ၁၀.၇ | ၁.၂ | ၂.၉ | ၀.၁ | ၂.၁ | ၀.၉ | ၁.၂ | ၂.၂ | ၁.၃ | ၀.၀ |
| ရှမ်း (အရှေ့) | ၆၇.၁ | ၀.၉ | ၀.၁ | ၅.၂ | ၀.၀ | ၂.၉ | ၁၄.၃ | ၀.၇ | ၂.၉ | ၀.၁ | ၁.၈ | ၀.၆ | ၀.၅ | ၁.၅ | ၁.၀ | ၀.၀ |
| ဧရာဝတီ | ၄၉.၆ | ၄.၉ | ၀.၁ | ၅.၈ | ၀.၂ | ၁.၇ | ၁၃.၁ | ၀.၉ | ၂.၇ | ၀.၁ | ၇.၀ | ၀.၉ | ၁.၈ | ၇.၅ | ၂.၉ | ၀.၀ |
| **နေထိုင်သည့်နေရာ** | | | | | | | | | | | | | | | | |
| ကျေးလက် | ၆၄.၃ | ၃.၄ | ၁.၂ | ၅.၇ | ၀.၁ | ၂.၁ | ၇.၄ | ၀.၅ | ၂.၁ | ၀.၁ | ၄.၂ | ၀.၇ | ၁.၄ | ၄.၃ | ၂.၁ | ၀.၀ |
| မြို့ပြ | ၇.၅ | ၁.၀ | ၁.၃ | ၁၂.၅ | ၀.၉ | ၄.၅ | ၂၄.၅ | ၁.၉ | ၇.၁ | ၀.၅ | ၁၀.၈ | ၅.၉ | ၃.၉ | ၉.၅ | ၆.၁ | ၀.၄ |
| **ဆင်းရဲမှုအခြေအနေ** | | | | | | | | | | | | | | | | |
| ဆင်းရဲသူ | ၅၉.၄ | ၃.၁ | ၁.၄ | ၆.၉ | ၀.၁ | ၂.၈ | ၇.၇ | ၀.၆ | ၂.၆ | ၀.၁ | ၄.၁ | ၁.၁ | ၁.၁ | ၅.၂ | ၃.၂ | ၀.၀၁ |
| မဆင်းရဲသူ | ၄၅.၈ | ၂.၆ | ၁.၂ | ၇.၆ | ၀.၄ | ၂.၆ | ၁၃.၅ | ၁.၀ | ၃.၇ | ၀.၂ | ၆.၇ | ၂.၄ | ၂.၅ | ၅.၈ | ၃.၁ | ၀.၂ |
| **ပြည်ထောင်စု** | **၅၀.၂** | **၂.၈** | **၁.၂** | **၇.၄** | **၀.၃** | **၂.၇** | **၁၁.၆** | **၀.၉** | **၃.၃** | **၀.၂** | **၅.၈** | **၂.၀** | **၂.၀** | **၅.၆** | **၃.၁** | **၀.၁** |

(၁) စိုက်ပျိုး၊ မွေးမြူရေး အမဲလိုက်နှင့် သစ်တောလုပ်ငန်း (၂) ငါးဖမ်းခြင်း (၃) ဓာတ်သတ္တု ရှာဖွေခြင်းနှင့် ကျောက်မျက်ရတနာ တူးဖော်ခြင်းနှင့် ရှာဖွေခြင်း (၄) ကုန်ပစ္စည်းထုတ်လုပ်ခြင်း (၅) လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေရရှိရေး (၆) ဆောက်လုပ်ရေး (၇) လက်လီ၊ လက်ကားရောင်းဝယ်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ လူသုံး၊ အိမ်သုံး၊ ကုန်ပစ္စည်းများ ပြုပြင်ခြင်း (၈) ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ (၉) သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ (၁၀) ဘဏ္ဍာရေးဆိုင်ရာ ကြားခံအဖွဲ့အစည်းများနှင့် အလားတူလုပ်ဆောင်သူများ (၁၁) အိမ်ခြံမြေငှားရမ်းခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းလုပ်ကိုင်မှုများ (၁၂) ပြည်သူ့အုပ်ချုပ်ရေး၊ လူမှုဖူလုံရေး (၁၃) ပညာရေး (၁၄) ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်မှုများ (၁၅) အခြားသော လူထု၊ လူမှုရေးနှင့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်း၊ အိမ်တွင်းမှု လုပ်ငန်းများတွင် လုပ်ကိုင်သူများနှင့် မိသားစုကုန်ထုတ်လုပ်ငန်း၌ လုပ်ကိုင်သူများ (၁၆) နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်အောက်ခံအဖွဲ့အစည်းများ။

## ၅-၂။ စီးပွားရေးလုပ်ဆောင်ချက်တစ်ခုတွင် လုပ်ငန်းအမျိုးအစားအလိုက် ပါဝင်လုပ်ကိုင်လျက်ရှိသည့် လူဦးရေပြန့်ချက်

လုပ်ငန်း အမျိုးအစားအလိုက် စီးပွားရေး လုပ်ဆောင်ချက်တွင် ပါဝင် လုပ်ကိုင်လျက်ရှိသည့် လူဦးရေ ပြန့်ချက်သည် နိုင်ငံ၏ အရေးကြီးဆုံးသော လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ သတင်း အချက်အလက်ကို သာမက ဆင်းရဲနွမ်းပါးမှုနှင့် ဆက်နွယ်လျက်ရှိသည့် စီးပွားရေးလုပ်ဆောင်ချက် လုပ်ငန်း အမျိုးအစား ဆိုင်ရာ သတင်း အချက်အလက်ကိုလည်း ဖြည့်ဆည်းပေးပါသည်။ လယ်ယာ စိုက်ပျိုးရေး (အမဲလိုက်ခြင်းနှင့် သစ်တောကဏ္ဍ အပါအဝင်) သည် မြန်မာနိုင်ငံတွင် အဓိက လုပ်ငန်းဖြစ်ပြီး အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၅၀%ကျော် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ ထိုနောက်တွင် လက်ကားနှင့် လက်လီ ကုန်သွယ်ရေးနှင့် ပြင်ဆင်ရေး လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သူဦးရေ၏ ၁၁.၆%၊ ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းတွင် ၇.၄%နှင့် အိမ်ခြံ မြေ အဆောက်အအုံ၊ ငွေးရမ်းခြင်းနှင့် ရောင်းဝယ်ရေး လုပ်ငန်းတွင် ၅.၈% အလုပ်လုပ်ကိုင် လျက်ရှိပါသည်။ ကျေးလက် ဒေသများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများသည် အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၆၄.၃% ရှိပါသည်။ မြို့ပြဒေသတွင်မူ လက်ကားနှင့် လက်လီ ကုန်သွယ်ရေးနှင့် ပြင်ဆင်ရေးလုပ်ငန်း များတွင် အလုပ်လုပ်ကိုင်သူများ အများဆုံးဖြစ်၍ အလုပ် လုပ်ကိုင်သူဦးရေ၏ ၂၄.၅%ရှိပြီး ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းတွင် (၁၂.၅%)နှင့် အိမ်မြေ အဆောက်အအုံ၊ ငွေးရမ်းခြင်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းများတွင် (၁၀.၈%)ရှိပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၌ အလုပ်လုပ်ကိုင်သူများမှာမူ အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၇.၅%သာ ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုအကြား ခိုင်မာသော ဆက်နွယ်မှုများ ရှိပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် ဝင်ရောက်အလုပ်လုပ်ကိုင်သည့် ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ်လုပ်ကိုင်သူ အချိုးသည် ၅၉.၄%ရှိပြီး မဆင်းရဲသော အိမ်ထောင်စုများ၏ အချိုးသည် ၄၅.၈% ရှိပါသည်။ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်သည့် အလုပ်လုပ်ကိုင်သူ အမြင့်ဆုံးအချိုးကို ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် မကွေးတိုင်းတို့တွင် လည်းကောင်း၊ အနိမ့်ဆုံး အချိုးကို ရန်ကုန်တိုင်းတွင် လည်းကောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်သူ အချိုးအရ ငါးဖမ်းခြင်း လုပ်ငန်းသည် တနင်္သာရီတိုင်း (၂၁.၈%) နှင့် ရခိုင်ပြည်နယ် (၁၃.၂%) တို့တွင် အရေးကြီးသော လုပ်ငန်း ဖြစ်ပါသည်။ ***(ဇယား ၂-၁၃ ကို ကြည့်ပါ)***

## ၅-၃။ အိမ်ထောင်စုစီးပွားရေးလုပ်ငန်း လုပ်ဆောင်ချက်များ

### လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်ချက်များ

ပုံ ၂-၂။ လွန်ခဲ့သည့် ၆ လအတွင်း ပျမ်းမျှ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာ(ဧက) (ပထမအကြိမ် စစ်တမ်း)





ပျမ်းမျှ လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သည့် ဧရိယာမှာ တောင်သူလယ်သမား အိမ်ထောင်စုများ၏ စုစုပေါင်း စိုက်ပျိုး လုပ်ကိုင်သည့် ဧရိယာအား တောင်သူ လယ်သမား အိမ်ထောင်စုဦးရေဖြင့် (သင်္ချာသဘောအရ) စားခြင်း ဖြစ်ပါသည်။ ပျမ်းမျှလယ်ယာ စိုက်ပျိုးရေး လုပ်ကိုင်သည့် ဧရိယာသည် ပြည်နယ်နှင့်

တိုင်းများ အကြားနှင့် ကျေးလက်နှင့် မြို့ပြဒေသများ အကြား သိသာစွာ ကွဲပြားခြားနား ကြပါသည်။ တောင်သူလယ်သမား အိမ်ထောင်စုတစ်စု၏ မိုးရာသီတွင် စိုက်ပျိုးရေးလုပ်ကိုင်သည့် ပျှမ်းမျှဧရိယာ သည် ၆.၉ ဧက ဖြစ်ပါသည်။ ဒေသ၏ လူဦးရေအများစုမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ကြသော်လည်း ချင်းပြည်နယ် (၁.၅ဧက)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)(၂.၉ဧက)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) (၃.၆ ဧက)တို့၏ ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာများမှာ အနည်းဆုံး ဖြစ်ကြပါသည်။ ဤဒေသများသည် တောင်ထူထပ်ပြီး လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ရန် မြေယာရရှိနိုင်မှု အခက်အခဲ ရှိပါသည်။ အိမ်ထောင်စုများသည် များသောအားဖြင့် အမိက စိုက်စနစ်အဖြစ် တောင်ယာစိုက်ပျိုးရေးသို့ ကူးပြောင်း စိုက်ပျိုး ကြပါသည်။ ယင်းအချက်ကို စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာသေးငယ်ခြင်းကို ဧရာဝတီတိုင်းတွင် တစ်စိတ်တစ်ဒေသ ရှင်းပြပါသည်။ ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာသည် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူ အိမ်ထောင်စု တစ်စုလျှင် ၁၂.၄ဧကရှိရာ အများဆုံးဖြစ်ပြီး ပဲခူးတိုင်း (အရှေ့ပိုင်း)တွင် ၉.၇ဧက၊ စစ်ကိုင်းတိုင်းတွင် ၈.၇ဧကနှင့် ရန်ကုန်တိုင်းတွင် ၈.၃ဧက အသီးသီးရှိပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ပျှမ်းမျှစိုက်ပျိုး လုပ်ကိုင်သည့် ဧရိယာနှင့် ဆင်းရဲနွမ်းပါးမှုတို့အကြား မြင့်မားသောဆက်စပ်မှု ရှိပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ၏ ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင်သည့် မြေဧရိယာသည် ဆင်းရဲသော အိမ်ထောင်စုများ၏ ပျှမ်းမျှ ဧရိယာထက် ပိုမိုများပြားပြီး ၇.၇ ဧကနှင့် ၄.၉ ဧက အသီးသီး ရှိပါသည်။ ခြောက်သွေ့ရာသီတွင် (ဒုတိယအကြိမ်စာရင်းကောက်ယူခြင်း) ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာသည် အနည်းငယ် လျော့နည်း ကျဆင်းပြီး တောင်သူလယ်သမား အိမ်ထောင်စု တစ်စုလျှင် ပျှမ်းမျှ ၆.၀ ဧက ရှိပါသည်။ ***(ဇယား ၂-၁၄ ပုံ ၂-၂ ကို ကြည့်ပါ)***

ဇယား ၂-၁၄။ လွန်ခဲ့သည့် ၆ လအတွင်း တောင်သူလယ်သမား အိမ်ထောင်စုများအတွင်း ပျှမ်းမျှ စိုက်ပျိုးရေး လုပ်ကိုင်သည့် ဧရိယာ (ဧက) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ဧရာဝတီ | ၁၂.၃ | ၁၅.၉ | ၅.၈ | ၁၄.၃ | ၁၂.၄ | ၁ |
| ပဲခူး (အရှေ့) | ၉.၇ | ၈.၂ | ၇.၇ | ၁၀.၀ | ၉.၇ | ၂ |
| စစ်ကိုင်း | ၈.၉ | ၅.၆ | ၈.၇ | ၈.၈ | ၈.၇ | ၃ |
| ရန်ကုန် | ၈.၄ | ၇.၈ | ၅.၈ | ၈.၈ | ၈.၃ | ၄ |
| မွန် | ၆.၂ | ၅.၂ | ၄.၈ | ၆.၃ | ၆.၁ | ၅ |
| တနင်္သာရီ | ၅.၇ | ၆.၂ | ၃.၉ | ၆.၅ | ၅.၈ | ၆ |
| မန္တလေး | ၅.၇ | ၃.၄ | ၄.၅ | ၆.၂ | ၅.၆ | ၇ |
| ကချင် | ၅.၅ | ၅.၅ | ၄.၇ | ၆.၁ | ၅.၅ | ၈ |
| မကွေး | ၅.၄ | ၅.၅ | ၅.၀ | ၅.၇ | ၅.၄ | ၉ |
| ကယား | ၅.၁ | ၄.၇ | ၄.၅ | ၅.၃ | ၅.၀ | ၁၀ |
| ပဲခူး (အနောက်) | ၄.၉ | ၄.၇ | ၃.၄ | ၅.၃ | ၄.၉ | ၁၁ |
| ရှမ်း (တောင်) | ၄.၈ | ၁.၈ | ၄.၅ | ၄.၆ | ၄.၆ | ၁၂ |
| ကရင် | ၄.၁ | ၉.၂ | ၃.၉ | ၄.၂ | ၄.၂ | ၁၃ |
| ရခိုင် | ၄.၂ | ၂.၂ | ၃.၁ | ၄.၅ | ၄.၁ | ၁၄ |
| ရှမ်း (မြောက်) | ၃.၅ | ၅.၃ | ၃.၀ | ၄.၃ | ၃.၆ | ၁၅ |
| ရှမ်း (အရှေ့) | ၂.၅ | ၆.၃ | ၂.၁ | ၃.၇ | ၂.၉ | ၁၆ |
| ချင်း | ၁.၅ | ၁.၇ | ၁.၄ | ၁.၈ | ၁.၅ | ၁၇ |
| **ပြည်ထောင်စု** | **၇.၀** | **၆.၀** | **၄.၉** | **၇.၇** | **၆.၉** | |

ဇယား ၂-၁၅။ တောင်သူလယ်သမား အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျှမ်းမျှမြေဧရိယာ (ဧက) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ဧရာဝတီ | ၁၁.၂ | ၁၄.၁ | ၀.၅ | ၀.၉ | ၁၁.၂ | ၁ |
| စစ်ကိုင်း | ၈.၀ | ၄.၇ | ၁.၆ | ၂.၇ | ၇.၉ | ၂ |
| ရန်ကုန် | ၇.၃ | ၇.၄ | ၁.၇ | ၂.၈ | ၇.၃ | ၃ |
| ပဲခူး (အရှေ့) | ၆.၈ | ၇.၉ | ၂.၆ | ၃.၆ | ၆.၉ | ၄ |
| မွန် | ၆.၂ | ၄.၅ | ၂.၆ | ၃.၈ | ၆.၁ | ၅ |
| မန္တလေး | ၅.၆ | ၃.၁ | ၃.၀ | ၃.၉ | ၅.၅ | ၆ |
| မကွေး | ၅.၂ | ၅.၂ | ၂.၈ | ၃.၈ | ၅.၂ | ၇ |
| ပဲခူး (အနောက်) | ၄.၉ | ၄.၆ | ၂.၅ | ၄.၅ | ၄.၉ | ၈ |
| ရခိုင် | ၄.၂ | ၁.၆ | ၂.၄ | ၄.၇ | ၄.၁ | ၉ |
| တနင်္သာရီ | ၄.၀ | ၃.၃ | ၃.၃ | ၅.၃ | ၃.၉ | ၁၀ |
| ကရင် | ၃.၅ | ၉.၄ | ၄.၈ | ၅.၃ | ၃.၇ | ၁၁ |
| ကယား | ၂.၉ | ၆.၇ | ၄.၄ | ၆.၁ | ၃.၆ | ၁၂ |
| ကချင် | ၃.၃ | ၃.၆ | ၅.၀ | ၆.၂ | ၃.၃ | ၁၃ |
| ရှမ်း (တောင်) | ၃.၃ | ၁.၀ | ၅.၇ | ၇.၁ | ၃.၂ | ၁၄ |
| ရှမ်း (မြောက်) | ၂.၂ | ၂.၇ | ၅.၆ | ၇.၆ | ၂.၂ | ၁၅ |
| ရှမ်း (အရှေ့) | ၂.၁ | ၂.၁ | ၇.၅ | ၈.၀ | ၂.၁ | ၁၆ |
| ချင်း | ၀.၆ | ၁.၀ | ၄.၉ | ၁၃.၁ | ၀.၆ | ၁၇ |
| ပြည်ထောင်စု | ၆.၂ | ၄.၉ | ၄.၁ | ၆.၉ | ၆.၁ | |

ပုံ ၂-၃။ တောင်သူလယ်သမား အိမ်ထောင်စုများပိုင်ဆိုင်သည့် ပျှမ်းမျှ မြေဧရိယာ (ဧက) (ပထမ အကြိမ် စစ်တမ်း)



တောင်သူ လယ်သမား အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျှမ်းမျှမြေဧရိယာသည် ၆.၁ ဧက ဖြစ်ပါသည်။ ပျှမ်းမျှ ပိုင်ဆိုင်သည့် မြေအရွယ်သည် မြို့ပြ ဒေသများ[99] (၄.၉ဧက)နှင့် နှိုင်းယှဉ်ပါက ကျေးလက်ဒေသများ (၆.၂ဧက)သည် အနည်းငယ် မြင့်မားပါသည်။ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာကဲ့သို့ပင် မြေယာ ပိုင်ဆိုင်မှုသည် ဆင်းရဲ နွမ်းပါးမှုနှင့် အရေးကြီးသော ဆက်စပ်မှုတစ်ရပ် ဖြစ်ပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျှမ်းမျှမြေဧရိယာသည် ဆင်းရဲသောအိမ်ထောင်စုများ ပိုင်ဆိုင်မှုထက် သိသိသာသာ မြင့်မားပါသည် (၄.၁ဧက နှင့် နှိုင်းယှဉ်ပါက ၆.၉ဧက ရှိပါသည်)။ ပျှမ်းမျှပိုင်ဆိုင်သည့် မြေဧရိယာ အနည်းဆုံးဖြစ်သည့် ပြည်နယ်နှင့်တိုင်းများမှာ ချင်းပြည်နယ်(၀.၆ဧက)၊ ရှမ်းပြည်နယ် မြောက်ပိုင်း (၂.၂ဧက) နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)(၂.၁ဧက) အသီးသီး ဖြစ်ပါသည်။ ပျှမ်းမျှမြေဧရိယာ ပိုင်ဆိုင်မှု အများဆုံးရှိသည့် ပြည်နယ်/ တိုင်းများမှာ ဧရာဝတီတိုင်း (၁၁.၂ဧက)၊ စစ်ကိုင်းတိုင်း (၇.၉ဧက)၊ ရန်ကုန်တိုင်း (၇.၃ဧက)နှင့် ပဲခူးတိုင်း(အရှေ့ပိုင်း) (၆.၉ဧက) အသီးသီး ဖြစ်ပါသည်။ တောင်သူလယ်သမား အိမ်ထောင်စုများ ပျှမ်းမျှစိုက်ပျိုး လုပ်ကိုင်သည့် ဧရိယာ

[99] ဤမေးခွန်းကို ဖြေဆိုသူ အရေအတွက်သည် မြို့ပြဒေသတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူ အိမ်ထောင်စုဦးရေ ၇၇၀ ရှိပြီး နှိုင်းယှဉ်ပါက ကျေးလက်တွင် ၇၆၀၁ အိမ်ထောင်စုဦးရေ ရှိပါသည်။

၆.၉ဧကသည် ထိုအိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျှမ်းမျှ မြေဧရိယာ ၆.၁ ဧကထက် ပို၍ များပါသည်။ အချို့ ဒေသများတွင် ဤတိုင်းတာချက် နှစ်ခုသည် ထူးထူးခြားခြား ကွဲပြားခြားနား ပါသည်။ ချင်းပြည်နယ်တွင် အိမ်ထောင်စုများ၏ ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာသည် ပျှမ်းမျှပိုင်ဆိုင်သည့် မြေဧရိယာ၏ ၂.၅ဆရှိပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အိမ်ထောင်စုများ အနေဖြင့် မိမိပိုင်မြေတွင် စိုက်ပျိုးလုပ်ကိုင်သည် သာမကဒေသအာဏာပိုင် အဖွဲ့အစည်းများထံမှအသုံးပြုသူ အခွင့်အရေးဖြင့် ရယူသောမြေ ငှားရမ်း ခြင်းဖြင့် ရရှိသော်မြေ၊ မိမိထံမှ ချေးယူငွေအတွက် အာမခံရရှိသောမြေ သို့မဟုတ် အခြားနည်းလမ်း[၅၀] ဖြင့် ရရှိသည့် မြေများတွင်လည်း စိုက်ပျိုးရေး လုပ်ကိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ***(ဇယား ၂-၁၅ ပုံ ၂-၃ ကို ကြည့်ပါ)***

လယ်ယာစိုက်ပျိုး လုပ်ကိုင်သူ ဦးရေ၏ လေးပုံတစ်ပုံ (၂၅%)မှာ မြေယာမဲ့များ[၅၁] ဖြစ်ကြပါသည်။ မြို့ပြ ဒေသများရှိ မြေယာမဲ့နှုန်း (၄၄.၂%) သည် ကျေးလက်ဒေသမြေယာမဲ့နှုန်း (၂၅.၁%) ထက် မြင့်မားပါသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသည့် ဆင်းရဲသူများ၏ မြေယာမဲ့နှုန်း (၃၁.၈%) သည် မဆင်းရဲသူများ၏ မြေယာမဲ့နှုန်း (၂၂%)ထက် ပိုမိုမြင့်မားပါသည်။ မြေယာမဲ့နှုန်း အမြင့်ဆုံး ရှိသည့် ပြည်နယ်နှင့်တိုင်းများမှာ ရန်ကုန်တိုင်း (၅၁.၂%)၊ ပဲခူးတိုင်း (အရှေ့ပိုင်း) (၄၅.၆%)၊ ပဲခူးတိုင်း (အနောက်ပိုင်း) (၃၆.၁%)နှင့် ဧရာဝတီတိုင်း (၃၂.၃%) အသီးသီး ဖြစ်ကြပါသည်။ ***(ဇယား ၂-၁၆ ကို ကြည့်ပါ)***

ပုံ ၂-၄။ လွန်ခဲ့သည့် ၆ လအတွင်း စိုက်ပျိုးစရိတ် ချေးငွေ ရရှိသည့် အိမ်ထောင်စုများ၏ အချိုး (%) (ပထမအကြိမ် စစ်တမ်း)





စိုက်ပျိုးစရိတ် ချေးငွေ ရရှိမှုသည် စိုက်ပျိုးရေး ရာသီ စတင်ချိန်တွင် သွင်းအားစုများ ပိုမို ဝယ်ယူဖြည့်တင်းခြင်းနှင့် မြေငှားရမ်း တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးမြေ တိုးချဲ့နိုင်ကာ သီးနှံအထွက် မြင့်မားသည့် အလားအလာ ကောင်းများကို ရရှိစေပါသည်။ စိုက်ပျိုးရေး ရာသီချိန် အများဆုံး အကျုံးဝင်သည့် ၂၀၀၄ ခုနှစ် မေနှင့် နိုဝင်ဘာလ (ပထမအကြိမ် စစ်တမ်း) အတွင်း လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ အတွက် ချေးငွေရရှိသည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ အချိုးသည် ၃၈.၁% ဖြစ်ပါသည်။ ခြောက်သွေ့ရာသီ (ဒုတိယအကြိမ်စစ်တမ်း)တွင် တောင်သူလယ်သမား အိမ်ထောင် ဦးစီးများ၏ ၁၃.၃%သာလျှင် ၎င်းတို့၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ အတွက် ချေးငွေ ရရှိကြောင်း ဖြေဆိုခဲ့ကြပါသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးစရိတ် ချေးငွေရရှိသည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ အချိုးသည် မြို့ပြဒေသများထက် ပိုမိုမြင့်မားပါသည် (၃၉% နှင့် ၁၉.၉% အသီးသီး ရှိပါသည်)။ ဆင်းရဲသူ နှင့် မဆင်းရဲသူ အိမ်ထောင်စုများ၏ ချေးငွေ ရရှိမှုသည် ၃၆.၇% နှင့်

[၅၀] ဤရှုမြင်သုံးသပ်ချက်ကို ဆင်းရဲနွမ်းပါးခြင်း ဖြစ်လွယ်မှု အခြေအနေ အစီရင်ခံစာတွင် အသေးစိတ် လေ့လာသုံးသပ် တင်ပြ ထားပါသည်။

[၅၁] လွန်ခဲ့သော (၆)လအတွင်း မည်သည့် လယ်ယာမြေကိုမျှ ပိုင်ဆိုင်ခြင်းမရှိဘဲ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက စီးပွားရေး လုပ်ငန်းအဖြစ် လုပ်ကိုင်နေကြသော လူဦး ရေအချိုးကို မြေယာမဲ့နှုန်းဟု ဤနေရာ၌ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပါသည်။ ထိုသူများမှာ မည်သည့် လယ်ယာမြေကိုမျှ ပိုင်ဆိုင်ခြင်းမရှိသည့် လယ်သမားများ၊ လုပ်ခစား လယ်ယာ အလုပ်သမားများနှင့် လယ်ယာ လုပ်ငန်းခွင်ရှိ ကျပန်းအလုပ်သမားများ စသည်တို့ ဖြစ်ကြပါသည်။

၃၈.၆% အသီးသီး ရှိသဖြင့် အနည်းငယ် ခြားနားမှု ရှိပါသည်။ တောင်သူလယ်သမား အိမ်ထောင်စုများ အတွက် စိုက်ပျိုးစရိတ် ချေးငွေ ပိုမိုရရှိသည့် ပြည်နယ်နှင့် တိုင်းများမှာ ပဲခူးတိုင်း (အရှေ့ပိုင်း) (အိမ်ထောင်စုများ၏ ၆၇.၇%)၊ ရန်ကုန်တိုင်း (၅၉.၉%)၊ ဧရာဝတီတိုင်း (၄၉.၄%)နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) (၄၈%) တို့ ဖြစ်ကြပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ငွေချေးငှားခြင်း သို့မဟုတ် ငွေချေးယူခြင်းသည် ရှေးထုံးစဥ်လာ လူမှုဓလေ့များနှင့် ဆန့်ကျင်နေသဖြင့် စိုက်ပျိုးစရိတ် ရရှိမှု အနိမ့်ဆုံး ဖြစ်ပါသည်။ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင်လည်း စိုက်ပျိုးစရိတ် ချေးငွေ ရရှိနိုင်မှုမှာ တောင်သူ လယ်သမား အိမ်ထောင်စုများ၏ ၅.၄% နှင့် ၁၀.၇% အသီးသီး ရှိသဖြင့် အတော်အသင့် နည်းပါးပါသည်။ ***(ဇယား ၂-၁၇ မှ ၂-၄ ကို ကြည့်ပါ)***

ဇယား ၂-၁၆။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ မြေယာမဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရှမ်း (အရှေ့) | ၇.၆ | ၈.၃ | ၄.၆ | ၁၂.၀ | ၇.၆ | ၁ |
| ရှမ်း (တောင်) | ၇.၈ | ၄၇.၉ | ၉.၉ | ၁၀.၀ | ၁၀.၀ | ၂ |
| ချင်း | ၁၀.၀ | ၁၅.၂ | ၉.၇ | ၁၂.၁ | ၁၀.၂ | ၃ |
| ရှမ်း (မြောက်) | ၁၀.၁ | ၁၈.၉ | ၁၀.၀ | ၁၁.၄ | ၁၀.၆ | ၄ |
| ကယား | ၄.၇ | ၄၇.၄ | ၁၁.၆ | ၁၀.၆ | ၁၁.၁ | ၅ |
| စစ်ကိုင်း | ၁၄.၉ | ၃၇.၁ | ၂၀.၉ | ၁၃.၄ | ၁၅.၆ | ၆ |
| ကရင် | ၁၆.၄ | ၁၅.၅ | ၉.၉ | ၁၇.၇ | ၁၆.၄ | ၇ |
| မန္တလေး | ၂၃.၇ | ၅၁.၅ | ၃၀.၇ | ၁၉.၂ | ၂၄.၃ | ၈ |
| မွန် | ၂၄.၇ | ၂၇.၉ | ၄၁.၈ | ၂၀.၅ | ၂၄.၉ | ၉ |
| တနင်္သာရီ | ၂၆.၅ | ၁၇.၅ | ၂၆.၉ | ၂၄.၈ | ၂၅.၅ | ၁၀ |
| ကချင် | ၂၄.၄ | ၃၆.၅ | ၃၀.၇ | ၂၀.၄ | ၂၅.၆ | ၁၁ |
| မကွေး | ၂၆.၀ | ၄၁.၂ | ၃၄.၆ | ၁၉.၆ | ၂၆.၂ | ၁၂ |
| ရခိုင် | ၃၀.၀ | ၆၉.၅ | ၄၂.၉ | ၂၃.၂ | ၃၁.၅ | ၁၃ |
| ဧရာဝတီ | ၃၂.၂ | ၄၀.၄ | ၄၃.၇ | ၂၆.၈ | ၃၂.၃ | ၁၄ |
| ပဲခူး (အနောက်) | ၃၅.၁ | ၇၂.၃ | ၅၂.၅ | ၂၇.၇ | ၃၆.၁ | ၁၅ |
| ပဲခူး (အရှေ့) | ၄၄.၅ | ၇၇.၃ | ၆၄.၃ | ၃၈.၀ | ၄၅.၆ | ၁၆ |
| ရန်ကုန် | ၄၈.၉ | ၇၃.၄ | ၆၃.၁ | ၄၇.၃ | ၅၁.၂ | ၁၇ |
| ပြည်ထောင်စု | ၂၅.၁ | ၄၄.၂ | ၃၁.၈ | ၂၂.၀ | ၂၅.၇ | |

ဇယား ၂-၁၇။ လွန်ခဲ့သည့် ၆ လအတွင်း စိုက်ပျိုးစရိတ် ချေးငွေရရှိခဲ့သည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ အချိုး (%) (ပထမအကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ပဲခူး (အရှေ့) | ၆၇.၆ | ၇၃.၄ | ၅၆.၉ | ၆၉.၇ | ၆၇.၇ | ၁ |
| ရန်ကုန် | ၆၅.၉ | ၁၅.၉ | ၄၉.၁ | ၆၁.၅ | ၅၉.၉ | ၂ |
| ဧရာဝတီ | ၅၀.၀ | ၂၈.၉ | ၅၄.၈ | ၄၇.၈ | ၄၉.၄ | ၃ |
| ပဲခူး (အနောက်) | ၄၈.၅ | ၃၂.၀ | ၄၈.၅ | ၄၇.၈ | ၄၈.၀ | ၄ |
| မကွေး | ၄၅.၇ | ၂၄.၄ | ၄၂.၈ | ၄၆.၅ | ၄၅.၃ | ၅ |
| ကယား | ၄၄.၆ | ၂၃.၇ | ၄၁.၃ | ၄၀.၆ | ၄၀.၈ | ၆ |
| စစ်ကိုင်း | ၃၉.၄ | ၂၃.၆ | ၄၂.၁ | ၃၇.၉ | ၃၈.၇ | ၇ |
| ရှမ်း (တောင်) | ၄၀.၀ | ၁၇.၇ | ၅၁.၉ | ၃၀.၀ | ၃၈.၅ | ၈ |
| မန္တလေး | ၃၆.၈ | ၂၀.၆ | ၃၈.၉ | ၃၄.၈ | ၃၆.၂ | ၉ |
| ရခိုင် | ၂၆.၀ | ၂.၉ | ၂၇.၇ | ၂၃.၉ | ၂၄.၉ | ၁၀ |
| မွန် | ၂၃.၉ | ၁၂.၂ | ၃၅.၇ | ၂၁.၁ | ၂၂.၉ | ၁၁ |
| ကချင် | ၂၁.၂ | ၂၇.၃ | ၂၅.၅ | ၁၈.၉ | ၂၁.၇ | ၁၂ |
| ကရင် | ၁၆.၄ | ၁၂.၀ | ၃.၃ | ၁၈.၁ | ၁၆.၃ | ၁၃ |
| ရှမ်း (မြောက်) | ၁၅.၃ | ၁၅.၀ | ၁၀.၆ | ၂၀.၂ | ၁၅.၂ | ၁၄ |
| တနင်္သာရီ | ၁၁.၂ | ၇.၁ | ၃.၄ | ၁၃.၆ | ၁၀.၇ | ၁၅ |
| ချင်း | ၄.၇ | ၂၀.၅ | ၆.၂ | ၂.၄ | ၅.၄ | ၁၆ |
| ရှမ်း (အရှေ့) | ၁.၈ | ၀.၀ | ၁.၈ | ၁.၄ | ၁.၆ | ၁၇ |
| ပြည်ထောင်စု | ၃၉.၀ | ၁၉.၉ | ၃၆.၇ | ၃၈.၆ | ၃၈.၁ | |

## လယ်ယာ စိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်း လုပ်ဆောင်ချက်များ

လယ်ယာ စိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများအတွက် ချေးငွေ ရရှိမှုမှာ အတော်အတန် နည်းပါးပါသည်။ လယ်ယာစိုက်ပျိုးရေး မလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ၁၅%သည် လယ်ယာစိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများ အတွက် မိုးရာသီအတွင်း (ပထမအကြိမ် စစ်တမ်း) ချေးငွေ ရရှိကြပါသည်။ ဤအချိုးသည် ခြောက်သွေ့ရာသီ (ဒုတိယ အကြိမ် စစ်တမ်း)တွင် ၉.၆%သို့ ကျဆင်းခဲ့ပါသည်။ ဤညွှန်ကိန်း၏ တန်ဖိုးများမှာ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် အနိမ့်ဆုံး ဖြစ်ပြီး ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်း တို့တွင် အမြင့်ဆုံး ဖြစ်ပါသည်။ ***(ဇယား ၂-၁၈ ပုံ ၂-၅ ကို ကြည့်ပါ)***

ပုံ ၂-၅။ လယ်ယာ စိုက်ပျိုးရေးမလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ လယ်ယာ စိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများ အတွက် ချေးငွေ ရရှိမှု အချိုး(%) (ပထမအကြိမ်စစ်တမ်း)





### ***၅-၄။ ဇာစ်မြစ်တစ်ခုခုသို့ ငွေကြေး ပြန်လည် ပေးဆပ်ရန် ရှိသည့် အရွယ်ရောက်သူ တစ်ဦးဦး ပါဝင်သည့် အိမ်ထောင်စုများ***

ကြွေးမြီတင်ရှိခြင်းသည် ဆင်းရဲနွမ်းပါးမှု၏ အကြောင်းရင်း တစ်ရပ် ဖြစ်သကဲ့သို့ ဆင်းရဲနွမ်းပါးမှု အဆင့်နှင့် ဖြစ်ပွားမှု အခြေအနေပေါ် မူတည်သည့် ဖြေရှင်းရန် နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။ ပထမအကြိမ် စစ်တမ်း (၂၀၀၄ ခုနှစ် နိုဝင်ဘာလ) ကောက်ယူစဥ်တွင် အိမ်ထောင်စုများ၏ ထက်ဝက် နီးပါး (၄၈.၈%)သည် အနည်းဆုံး ချေးငွေ တစ်ကြိမ် အတွက် ကြွေးကျန်၊ ဒုတိယအကြိမ် စစ်တမ်း (၂၀၀၅ ခုနှစ် မေလ) တွင် အိမ်ထောင်စုများ၏ ၃၂.၆% သည် အနည်းဆုံး ချေးငွေတစ်ကြိမ်အတွက် ကြွေးကျန် ရှိကြ ပါသည်။ ခြောက်သွေ့ ရာသီထက် မိုးရာသီအတွင်း ကြွေးမြီ တင်ရှိသည့် အိမ်ထောင်စုအချိုး ပိုမိုမြင့်မား ကြောင်း တွေ့ရှိရပါသည်။ ပေးဆပ်ရန် ကြွေးကျန်ရှိ သည့် အိမ်ထောင်စုများ၏ အချိုးသည် ကျေးလက် ဒေသ တွင် မြို့ပြဒေသထက် ပိုမို မြင့်မားပါသည်။ (အိမ်ထောင်စုများ၏ ၅၄.၈% နှင့် ၃၂%)။ ပထမ အကြိမ် စစ်တမ်းတွင် ငွေပေးဆပ်ရန် ရှိသော ဆင်းရဲ သော အိမ်ထောင်စုများ၏ အချိုးသည် မဆင်းရဲသော အိမ်ထောင်စုများ၏ အချိုးထက် ပိုမို များပြားပါသည် (၅၃.၃% နှင့် ၄၇%)။ တဖန် ငွေပေးဆပ်ရန် အိမ်ထောင်စုများ၏ အနိမ့်ဆုံး အချိုးကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၆.၃%) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) (၂၃.၆%) တို့တွင် တွေ့ရှိရပါသည်။ ငွေပေးဆပ်ရန် ရှိသော အိမ်ထောင်စု များ၏ အချိုးအမြင့်ဆုံး ပြည်နယ်/ တိုင်းများမှာ ပဲခူးတိုင်း (အနောက်ပိုင်း) (၇၀.၅%)၊ ပဲခူးတိုင်း (အရှေ့ပိုင်း) (၆၂.၉%) နှင့် ကယားပြည်နယ် (၆၁.၄%) တို့ဖြစ်ကြပါသည်။ ***(ဇယား ၂-၁၉ ပုံ ၂-၆ ကို ကြည့်ပါ)***

ပုံ ၂-၆။ ဇာစ်မြစ်တစ်ခုခုသို့ ငွေကြေး ပြန်လည် ပေးဆပ်ရန် ရှိသော အရွယ်ရောက်သူ အိမ်ထောင်စုဝင် တစ်ဦးဦး ပါဝင်သည့် အိမ်ထောင်စုများ (%) (ပထမ အကြိမ် စစ်တမ်း)





ဇယား ၂-၁၈။ လွန်ခဲ့သည့် ၆လအတွင်း လယ်ယာစိုက်ပျိုးရေး မလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ လယ်ယာစိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းအတွက် ချေးငွေ ရရှိခဲ့မှု အချိုး (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကရင် | ၂၅.၃ | ၁၇.၃ | ၂၀.၂ | ၂၃.၂ | ၂၃.၀ | ၁ |
| ကယား | ၂၈.၀ | ၂၀.၄ | ၂၇.၉ | ၂၁.၅ | ၂၂.၇ | ၂ |
| ဧရာဝတီ | ၂၂.၅ | ၂၁.၁ | ၂၉.၂ | ၂၀.၀ | ၂၂.၀ | ၃ |
| ရခိုင် | ၂၃.၈ | ၁၂.၁ | ၂၂.၈ | ၁၉.၇ | ၂၀.၆ | ၄ |
| ပဲခူး (အရှေ့) | ၁၇.၂ | ၂၅.၁ | ၁၇.၁ | ၂၀.၀ | ၁၉.၃ | ၅ |
| ပဲခူး (အနောက်) | ၂၀.၂ | ၁၆.၄ | ၃၂.၅ | ၁၆.၃ | ၁၉.၂ | ၆ |
| တနင်္သာရီ | ၁၉.၀ | ၁၆.၁ | ၂၅.၂ | ၁၆.၁ | ၁၈.၂ | ၇ |
| မကွေး | ၁၇.၀ | ၁၆.၃ | ၁၂.၉ | ၁၈.၁ | ၁၆.၈ | ၈ |
| ကချင် | ၁၉.၀ | ၉.၆ | ၁၇.၇ | ၁၃.၈ | ၁၅.၂ | ၉ |
| စစ်ကိုင်း | ၁၁.၁ | ၁၅.၅ | ၁၄.၃ | ၁၂.၀ | ၁၂.၄ | ၁၀ |
| မွန် | ၁၃.၀ | ၈.၀ | ၁၀.၄ | ၁၂.၀ | ၁၁.၈ | ၁၁ |
| မန္တလေး | ၁၁.၀ | ၁၀.၁ | ၁၀.၉ | ၁၀.၅ | ၁၀.၆ | ၁၂ |
| ရန်ကုန် | ၉.၄ | ၉.၇ | ၂၆.၇ | ၇.၇ | ၉.၆ | ၁၃ |
| ရှမ်း (မြောက်) | ၈.၆ | ၇.၃ | ၈.၄ | ၇.၈ | ၈.၁ | ၁၄ |
| ချင်း | ၀.၀ | ၁၀.၉ | ၇.၉ | ၈.၂ | ၈.၀ | ၁၅ |
| ရှမ်း (တောင်) | ၁.၅ | ၉.၆ | ၈.၈ | ၅.၆ | ၆.၂ | ၁၆ |
| ရှမ်း (အရှေ့) | ၆.၅ | ၂.၄ | ၀.၉ | ၆.၄ | ၄.၈ | ၁၇ |
| **ပြည်ထောင်စု** | **၁၆.၆** | **၁၂.၆** | **၁၈.၈** | **၁၄.၀** | **၁၅.၀** | |

ဇယား ၂-၁၉။ ဇာစ်မြစ်တစ်ခုခုသို့ ပထမအကြိမ် စစ်တမ်းကောက်ချိန်တွင် ငွေကြေးပြန်လည် ပေးဆပ်ရန် ရှိသော အရွယ်ရောက်သူ အိမ်ထောင်စုဝင် တစ်ဦးဦး ပါဝင်သည့် အိမ်ထောင်စုများအချိုး(%) (ပထမအကြိမ်စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရှမ်း (အရှေ့) | ၅.၈ | ၈.၂ | ၄.၉ | ၇.၅ | ၆.၃ | ၁ |
| ရှမ်း (မြောက်) | ၂၅.၂ | ၁၇.၆ | ၁၈.၆ | ၂၈.၁ | ၂၃.၆ | ၂ |
| မွန် | ၃၂.၀ | ၁၈.၅ | ၂၉.၂ | ၂၉.၆ | ၂၉.၅ | ၃ |
| ရန်ကုန် | ၄၇.၂ | ၃၀.၃ | ၅၃.၈ | ၃၂.၀ | ၃၄.၆ | ၄ |
| ချင်း | ၃၆.၅ | ၅၃.၇ | ၄၀.၂ | ၄၁.၂ | ၄၀.၅ | ၅ |
| ကချင် | ၄၇.၂ | ၂၈.၀ | ၄၉.၄ | ၃၇.၇ | ၄၂.၄ | ၆ |
| မန္တလေး | ၄၉.၈ | ၂၉.၄ | ၄၉.၄ | ၄၁.၁ | ၄၃.၉ | ၇ |
| ရှမ်း (တောင်) | ၅၂.၁ | ၂၄.၂ | ၅၁.၈ | ၄၁.၇ | ၄၅.၀ | ၈ |
| ရခိုင် | ၅၄.၁ | ၃၀.၃ | ၅၅.၈ | ၄၆.၄ | ၄၉.၅ | ၉ |
| တနင်္သာရီ | ၅၀.၇ | ၄၅.၅ | ၅၂.၃ | ၄၈.၅ | ၄၉.၆ | ၁၀ |
| ကရင် | ၅၅.၉ | ၃၁.၇ | ၅၅.၄ | ၅၂.၇ | ၅၃.၀ | ၁၁ |
| စစ်ကိုင်း | ၅၇.၂ | ၃၈.၁ | ၆၄.၆ | ၅၁.၅ | ၅၄.၄ | ၁၂ |
| မကွေး | ၅၈.၇ | ၃၇.၃ | ၅၇.၁ | ၅၆.၂ | ၅၆.၅ | ၁၃ |
| ဧရာဝတီ | ၆၄.၃ | ၃၆.၆ | ၆၃.၈ | ၅၈.၀ | ၅၉.၅ | ၁၄ |
| ကယား | ၆၆.၈ | ၅၃.၁ | ၇၄.၅ | ၅၆.၃ | ၆၁.၄ | ၁၅ |
| ပဲခူး (အရှေ့) | ၆၄.၆ | ၅၃.၄ | ၆၁.၄ | ၆၃.၄ | ၆၂.၉ | ၁၆ |
| ပဲခူး (အနောက်) | ၇၃.၈ | ၄၄.၆ | ၇၁.၁ | ၇၀.၃ | ၇၀.၅ | ၁၇ |
| **ပြည်ထောင်စု** | **၅၄.၈** | **၃၂.၀** | **၅၃.၃** | **၄၇.၀** | **၄၈.၈** | |

## ၆။ လုပ်သားဈေးကွက်တွင် ပါဝင်မှု

လုပ်သားဈေးကွက်တွင် ပါဝင်မှု၏ ညွှန်ကိန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

- လုပ်သားအင်အား ပါဝင်မှုနှုန်း
- အလုပ်လက်မဲ့နှုန်း
- တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း

### *၆-၁။ လုပ်သားအင်အား ပါဝင်မှုနှုန်း*

**အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ**

ပုံ ၂-၇။ လွန်ခဲ့သည့် (၆) လအတွင်း ၁၀ နှစ်နှင့် အထက် လူဦးရေ၌ လုပ်သားအင်အား ပါဝင်မှုနှုန်း (ပထမ အကြိမ် စစ်တမ်း)



အသက် ၁၀ နှစ်နှင့် အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းကို လုပ်သားအင်အားတွင် ပါဝင်သည့် အသက်၁၀နှစ်နှင့် အထက်လူဦးရေ အချိုးဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ လုပ်သားအင်အားမှာ အလုပ်လုပ်ကိုင်နေသူ သို့မဟုတ် အလုပ်လုပ်ကိုင်ရန် အသင့်ရှိသူ ဖြစ်ပါသည်။[၁၂] ပြည်ထောင်စုအဆင့်တွင် လုပ်သားအင်အား ပါဝင်မှုနှုန်းသည် ပထမအကြိမ် စစ်တမ်းတွင် ၅၇.၆%နှင့် ဒုတိယအကြိမ် စစ်တမ်းတွင် ၅၇.၂% ရှိပါသည်။ စစ်တမ်း (၂) ကြိမ် စလုံးတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများထက် ပိုမိုများပြားပြီး ၆၀% နှင့် ၅၀% ဝန်းကျင်တွင် အသီးသီး ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ ပါဝင်မှု နှုန်းသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမို မြင့်မားပြီး ပထမအကြိမ် စစ်တမ်းတွင် ၆၀.၅% နှင့် ၅၆.၃% နှိုင်းယှဉ် ရရှိ၍ ဒုတိယအကြိမ် စစ်တမ်းတွင် ၅၉.၈% နှင့် ၅၆.၁% နှိုင်းယှဉ် ရရှိပါသည်။ စစ်တမ်း (၂) ကြိမ်စလုံးတွင် အမျိုးသားများ၏ ပါဝင်မှုနှုန်းသည် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းထက် ပိုမိုမြင့်မားပြီး ၇၀% နှင့် ၄၅% အသီးသီး ရှိပါသည်။ ပထမအကြိမ် စစ်တမ်းတွင် အနိမ့်ဆုံး ပါဝင်မှု နှုန်းများကို ရန်ကုန်တိုင်း (၄၉.၈%)တွင် တွေ့ရှိရပြီး ထိုနောက်တွင် ရခိုင်ပြည်နယ်(၅၀.၉%)၊ ချင်းပြည်နယ်(၅၁.၈%) နှင့် မွန်ပြည်နယ် (၅၂.၃%)တို့ ရှိပါသည်။ ဒုတိယအကြိမ် စစ်တမ်းတွင် အနိမ့်ဆုံးနှုန်းများကို ရခိုင်ပြည်နယ် (၄၉.၁%)၊ ရန်ကုန်တိုင်း (၅၀.၄%)နှင့် တနင်္သာရီတိုင်း (၅၂.၂%)တို့တွင် တွေ့ရှိ ရပါသည်။ စစ်တမ်း (၂) ကြိမ်စလုံးတွင် အမြင့်ဆုံးနှုန်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၆၉.၄%)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) (၆၇.၄%) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (၆၃.၄%)တွင် ဖြစ်ကြပါသည်။ *(ဇယား ၂-၂၀၊ ၂-၂၁ နှင့် ပုံ ၂-၇ ကို ကြည့်ပါ)*

[၁၂] လုပ်သားအင်အားကို လုပ်ခ သို့မဟုတ် အကျိုးအမြတ်အတွက်ဖြစ်စေ၊ သို့မဟုတ် မည်သည့် အိမ်ထောင်စုစီးပွားရေး လုပ်ငန်းတွင်မဆို အလုပ်လုပ်ကိုင်သူ သို့မဟုတ် အလုပ်လုပ်ကိုင်ရန် အသင့်ရှိသူများဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ၎င်းတွင် ကျန်းမာရေး အခြေအနေ သို့မဟုတ် အခြား အကြောင်းများကြောင့် အလုပ် မလုပ်ကိုင်နိုင်သူများ၊ အိမ်တွင်း လုပ်ငန်းများတွင် အချိန်ပြည့် လုပ်ကိုင်နေသူများ၊ အချိန်ပြည့် ပညာသင်ကြားလျက် ရှိသူများ (သို့မဟုတ် အခြားသင်တန်း တက်ရောက်နေသူများ)၊ ဘာသာရေး လုပ်ငန်းများတွင် အချိန်ပြည့် ဆောင်ရွက်နေသူများ၊ မသန်စွမ်းသူများ သို့မဟုတ် ဖွံ့ဖြိုးမှု နှေးကွေးသူများ၊ ပင်စင် သို့မဟုတ် အငြိမ်းစားယူထားသူ များနှင့် အလုပ်ရှာဖွေခြင်းကို ရပ်ဆိုင်းထားသူများ မပါဝင်ပါ။

ဇယား ၂-၂၀။ လွန်ခဲ့သည့် (၆) လအတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်း (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | ကျား/ မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | ကျား | မ | % | အဆင့် |
| ရှမ်း (အရှေ့) | ၇၁.၄ | ၆၂.၅ | ၇၂.၁ | ၆၆.၆ | ၇၈.၅ | ၆၀.၂ | ၆၉.၄ | ၁ |
| ရှမ်း (မြောက်) | ၆၉.၉ | ၅၈.၇ | ၆၈.၅ | ၆၆.၂ | ၇၅.၁ | ၆၀.၁ | ၆၇.၄ | ၂ |
| ရှမ်း (တောင်) | ၆၆.၃ | ၅၅.၁ | ၆၅.၇ | ၆၂.၀ | ၆၉.၂ | ၅၇.၆ | ၆၃.၄ | ၃ |
| မကွေး | ၆၃.၅ | ၅၄.၂ | ၆၃.၈ | ၆၁.၈ | ၇၄.၅ | ၅၂.၆ | ၆၂.၆ | ၄ |
| ပဲခူး (အနောက်) | ၆၂.၇ | ၅၆.၄ | ၆၄.၀ | ၆၁.၀ | ၇၆.၈ | ၄၈.၀ | ၆၂.၀ | ၅ |
| စစ်ကိုင်း | ၆၁.၄ | ၅၄.၀ | ၆၁.၉ | ၅၉.၈ | ၇၀.၃ | ၅၁.၃ | ၆၀.၃ | ၆ |
| မန္တလေး | ၆၁.၅ | ၅၂.၂ | ၆၂.၃ | ၅၆.၆ | ၆၈.၉ | ၄၉.၉ | ၅၈.၈ | ၇ |
| ပဲခူး (အရှေ့) | ၅၉.၄ | ၅၄.၂ | ၅၈.၅ | ၅၈.၆ | ၇၁.၆ | ၄၆.၂ | ၅၈.၅ | ၈ |
| ကယား | ၆၀.၉ | ၅၄.၂ | ၆၀.၃ | ၅၇.၃ | ၆၈.၈ | ၄၈.၀ | ၅၈.၃ | ၉ |
| ဧရာဝတီ | ၅၉.၈ | ၅၁.၁ | ၆၁.၄ | ၅၆.၉ | ၇၂.၆ | ၄၄.၇ | ၅၈.၂ | ၁၀ |
| ကချင် | ၆၀.၀ | ၅၂.၁ | ၆၁.၁ | ၅၅.၂ | ၆၇.၈ | ၄၈.၃ | ၅၇.၇ | ၁၁ |
| ကရင် | ၅၇.၃ | ၅၂.၂ | ၆၆.၀ | ၅၅.၄ | ၇၂.၂ | ၄၁.၆ | ၅၆.၅ | ၁၂ |
| တနင်္သာရီ | ၅၄.၁ | ၅၂.၃ | ၅၄.၀ | ၅၃.၆ | ၇၁.၅ | ၃၇.၆ | ၅၃.၇ | ၁၃ |
| မွန် | ၅၃.၃ | ၄၈.၅ | ၅၁.၅ | ၅၂.၆ | ၆၈.၄ | ၃၈.၀ | ၅၂.၃ | ၁၄ |
| ချင်း | ၅၃.၃ | ၄၆.၈ | ၅၀.၅ | ၅၅.၄ | ၆၀.၂ | ၄၃.၆ | ၅၁.၈ | ၁၅ |
| ရခိုင် | ၅၀.၇ | ၅၁.၅ | ၅၀.၀ | ၅၁.၄ | ၆၈.၀ | ၃၄.၉ | ၅၀.၉ | ၁၆ |
| ရန်ကုန် | ၅၇.၁ | ၄၇.၅ | ၅၂.၅ | ၄၉.၃ | ၆၆.၈ | ၃၄.၈ | ၄၉.၈ | ၁၇ |
| ပြည်ထောင်စု | ၆၀.၂ | ၅၀.၈ | ၆၀.၅ | ၅၆.၃ | ၇၀.၆ | ၄၅.၈ | ၅၇.၆ | |

ဇယား ၂-၂၁။ လွန်ခဲ့သည့် (၆) လအတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | ကျား/ မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | ကျား | မ | % | အဆင့် |
| ရှမ်း (မြောက်) | ၇၀.၈ | ၅၈.၆ | ၇၀.၄ | ၆၅.၈ | ၇၅.၇ | ၆၁.၀ | ၆၈.၁ | ၁ |
| ရှမ်း (အရှေ့) | ၆၈.၃ | ၆၂.၄ | ၆၈.၀ | ၆၅.၈ | ၇၈.၇ | ၅၅.၁ | ၆၆.၉ | ၂ |
| ရှမ်း (တောင်) | ၆၇.၄ | ၅၄.၅ | ၆၆.၁ | ၆၂.၇ | ၆၉.၀ | ၅၈.၉ | ၆၄.၀ | ၃ |
| မကွေး | ၆၃.၈ | ၅၄.၉ | ၆၄.၂ | ၆၂.၀ | ၇၄.၃ | ၅၃.၄ | ၆၂.၉ | ၄ |
| ကယား | ၆၄.၇ | ၅၅.၂ | ၆၂.၇ | ၆၀.၁ | ၇၁.၇ | ၅၀.၃ | ၆၁.၀ | ၅ |
| ပဲခူး (အနောက်) | ၆၀.၉ | ၅၆.၅ | ၆၂.၂ | ၅၉.၆ | ၇၇.၂ | ၄၄.၈ | ၆၀.၄ | ၆ |
| ချင်း | ၆၀.၈ | ၅၃.၆ | ၅၈.၀ | ၆၂.၃ | ၆၇.၂ | ၅၁.၆ | ၅၉.၂ | ၇ |
| မန္တလေး | ၆၁.၅ | ၅၂.၄ | ၆၂.၅ | ၅၆.၇ | ၆၉.၃ | ၄၉.၇ | ၅၈.၉ | ၈ |
| ပဲခူး (အရှေ့) | ၅၉.၀ | ၅၆.၇ | ၅၈.၁ | ၅၈.၈ | ၇၂.၈ | ၄၅.၂ | ၅၈.၆ | ၉ |
| စစ်ကိုင်း | ၅၉.၀ | ၅၃.၄ | ၅၉.၂ | ၅၇.၉ | ၆၉.၈ | ၄၈.၀ | ၅၈.၂ | ၁၀ |
| ဧရာဝတီ | ၅၉.၃ | ၅၁.၉ | ၆၀.၂ | ၅၇.၁ | ၇၂.၁ | ၄၄.၉ | ၅၈.၀ | ၁၁ |
| ကရင် | ၅၇.၀ | ၅၁.၃ | ၅၉.၈ | ၅၅.၇ | ၇၁.၁ | ၄၂.၃ | ၅၆.၁ | ၁၂ |
| ကချင် | ၅၃.၆ | ၅၁.၈ | ၅၄.၀ | ၅၂.၄ | ၆၆.၀ | ၄၁.၀ | ၅၃.၁ | ၁၃ |
| မွန် | ၅၃.၀ | ၅၀.၁ | ၅၂.၄ | ၅၂.၅ | ၆၉.၀ | ၃၇.၅ | ၅၂.၅ | ၁၄ |
| တနင်္သာရီ | ၅၂.၂ | ၅၂.၄ | ၅၁.၁ | ၅၂.၈ | ၇၀.၅ | ၃၅.၈ | ၅၂.၂ | ၁၅ |
| ရန်ကုန် | ၅၆.၅ | ၄၈.၆ | ၅၃.၃ | ၅၀.၀ | ၆၇.၅ | ၃၅.၃ | ၅၀.၄ | ၁၆ |
| ရခိုင် | ၄၈.၈ | ၅၀.၁ | ၄၇.၅ | ၅၀.၀ | ၆၆.၆ | ၃၂.၇ | ၄၉.၁ | ၁၇ |
| ပြည်ထောင်စု | ၅၉.၄ | ၅၁.၄ | ၅၉.၈ | ၅၆.၁ | ၇၀.၆ | ၄၅.၁ | ၅၇.၂ | |

ဇယား ၂-၂၂။ လွန်ခဲ့သည့် (၆) လအတွင်း ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်း (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | ကျား/ မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | ကျား | မ | % | အဆင့် |
| ရှမ်း (အရှေ့) | ၇၇.၈ | ၆၉.၀ | ၇၇.၇ | ၇၃.၈ | ၈၆.၃ | ၆၅.၀ | ၇၅.၈ | ၁ |
| ရှမ်း (မြောက်) | ၇၇.၇ | ၆၅.၆ | ၇၆.၁ | ၇၃.၇ | ၈၄.၈ | ၆၅.၇ | ၇၄.၉ | ၂ |
| ရှမ်း (တောင်) | ၇၆.၈ | ၆၀.၀ | ၇၄.၄ | ၇၀.၇ | ၇၉.၈ | ၆၄.၅ | ၇၂.၁ | ၃ |
| မကွေး | ၇၀.၁ | ၅၉.၂ | ၇၀.၅ | ၆၇.၉ | ၈၂.၅ | ၅၇.၆ | ၆၉.၀ | ၄ |
| ပဲခူး (အနောက်) | ၆၈.၇ | ၆၁.၄ | ၇၀.၈ | ၆၆.၅ | ၈၄.၂ | ၅၂.၄ | ၆၇.၈ | ၅ |
| စစ်ကိုင်း | ၆၈.၃ | ၅၉.၉ | ၆၉.၃ | ၆၆.၃ | ၇၉.၁ | ၅၆.၅ | ၆၇.၁ | ၆ |
| ပဲခူး (အရှေ့) | ၆၇.၅ | ၅၉.၁ | ၆၆.၂ | ၆၆.၀ | ၈၁.၅ | ၅၁.၆ | ၆၆.၁ | ၇ |
| ကယား | ၆၈.၅ | ၆၁.၉ | ၆၅.၂ | ၆၆.၃ | ၇၉.၂ | ၅၃.၅ | ၆၅.၉ | ၈ |
| ကချင် | ၆၉.၁ | ၅၈.၁ | ၆၉.၃ | ၆၃.၁ | ၇၇.၉ | ၅၄.၇ | ၆၅.၈ | ၉ |
| မန္တလေး | ၆၈.၇ | ၅၇.၇ | ၆၉.၀ | ၆၃.၃ | ၇၈.၀ | ၅၄.၆ | ၆၅.၄ | ၁၀ |
| ကရင် | ၆၆.၃ | ၅၉.၈ | ၇၄.၁ | ၆၄.၂ | ၈၃.၇ | ၄၇.၉ | ၆၅.၃ | ၁၁ |
| ဧရာဝတီ | ၆၆.၇ | ၅၆.၁ | ၆၇.၅ | ၆၃.၆ | ၈၁.၀ | ၄၉.၅ | ၆၄.၇ | ၁၂ |
| တနင်္သာရီ | ၆၃.၀ | ၅၈.၇ | ၆၂.၂ | ၆၂.၀ | ၈၂.၂ | ၄၃.၆ | ၆၂.၁ | ၁၃ |
| ချင်း | ၆၃.၀ | ၅၄.၀ | ၆၀.၁ | ၆၂.၇ | ၇၀.၇ | ၅၁.၁ | ၆၀.၈ | ၁၄ |
| မွန် | ၆၀.၅ | ၅၅.၈ | ၅၈.၁ | ၅၉.၉ | ၇၉.၁ | ၄၂.၆ | ၅၉.၆ | ၁၅ |
| ရခိုင် | ၅၈.၃ | ၅၈.၀ | ၅၇.၃ | ၅၈.၇ | ၈၀.၁ | ၃၈.၆ | ၅၈.၂ | ၁၆ |
| ရန်ကုန် | ၆၃.၉ | ၅၂.၀ | ၅၇.၃ | ၅၄.၃ | ၇၃.၉ | ၃၈.၀ | ၅၄.၇ | ၁၇ |
| ပြည်ထောင်စု | ၆၇.၅ | ၅၆.၁ | ၆၇.၅ | ၆၂.၉ | ၇၉.၇ | ၅၀.၅ | ၆၄.၃ | |

ဇယား ၂-၂၃။ လွန်ခဲ့သည့် (၆) လအတွင်း ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | ကျား/ မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | ကျား | မ | % | အဆင့် |
| ရှမ်း (မြောက်) | ၇၈.၂ | ၆၅.၅ | ၇၇.၈ | ၇၂.၈ | ၈၄.၅ | ၆၆.၉ | ၇၅.၃ | ၁ |
| ရှမ်း (အရှေ့) | ၇၄.၈ | ၆၇.၉ | ၇၃.၉ | ၇၂.၄ | ၈၆.၃ | ၆၀.၀ | ၇၃.၂ | ၂ |
| ရှမ်း (တောင်) | ၇၇.၁ | ၅၉.၅ | ၇၄.၄ | ၇၀.၉ | ၇၉.၉ | ၆၄.၆ | ၇၂.၂ | ၃ |
| မကွေး | ၇၀.၃ | ၆၀.၂ | ၇၁.၀ | ၆၈.၁ | ၈၂.၈ | ၅၇.၉ | ၆၉.၃ | ၄ |
| ချင်း | ၇၀.၃ | ၆၂.၈ | ၆၇.၆ | ၇၁.၁ | ၇၇.၈ | ၆၀.၀ | ၆၈.၅ | ၅ |
| ကယား | ၇၀.၈ | ၆၂.၈ | ၆၇.၆ | ၆၇.၈ | ၇၉.၅ | ၅၆.၂ | ၆၇.၇ | ၆ |
| ပဲခူး (အနောက်) | ၆၇.၂ | ၆၁.၂ | ၆၉.၈ | ၆၅.၀ | ၈၄.၆ | ၄၉.၆ | ၆၆.၅ | ၇ |
| ပဲခူး (အရှေ့) | ၆၆.၂ | ၆၂.၃ | ၆၅.၅ | ၆၅.၆ | ၈၂.၈ | ၄၉.၆ | ၆၅.၆ | ၈ |
| မန္တလေး | ၆၈.၅ | ၅၈.၁ | ၆၉.၁ | ၆၃.၃ | ၇၈.၂ | ၅၄.၆ | ၆၅.၅ | ၉ |
| စစ်ကိုင်း | ၆၅.၆ | ၅၉.၁ | ၆၆.၄ | ၆၄.၀ | ၇၈.၃ | ၅၂.၈ | ၆၄.၆ | ၁၀ |
| ဧရာဝတီ | ၆၆.၁ | ၅၇.၂ | ၆၆.၀ | ၆၃.၈ | ၈၀.၃ | ၄၉.၆ | ၆၄.၄ | ၁၁ |
| ကရင် | ၆၅.၂ | ၅၈.၄ | ၆၆.၄ | ၆၃.၉ | ၈၁.၅ | ၄၈.၁ | ၆၄.၂ | ၁၂ |
| တနင်္သာရီ | ၆၀.၉ | ၅၈.၇ | ၅၈.၇ | ၆၁.၃ | ၈၁.၁ | ၄၁.၆ | ၆၀.၄ | ၁၃ |
| ကချင် | ၆၁.၆ | ၅၆.၉ | ၆၁.၅ | ၅၉.၁ | ၇၅.၈ | ၄၅.၉ | ၆၀.၂ | ၁၄ |
| မွန် | ၆၀.၃ | ၅၇.၃ | ၅၉.၄ | ၅၉.၈ | ၇၉.၉ | ၄၂.၂ | ၅၉.၇ | ၁၅ |
| ရခိုင် | ၅၆.၂ | ၅၆.၃ | ၅၄.၅ | ၅၇.၂ | ၇၈.၅ | ၃၆.၁ | ၅၆.၂ | ၁၆ |
| ရန်ကုန် | ၆၃.၃ | ၅၃ | ၅၈.၅ | ၅၄.၈ | ၇၄.၄ | ၃၈.၇ | ၅၅.၄ | ၁၇ |
| ပြည်ထောင်စု | ၆၆.၅ | ၅၆.၇ | ၆၆.၆ | ၆၂.၅ | ၇၉.၅ | ၄၉.၇ | ၆၃.၈ | |

## ၁၅ နှစ်နှင့်အထက် လူဦးရေ

၁၅ နှစ်နှင့်အထက် လူဦးရေ၏ လုပ်သား အင်အား ပါဝင်မှုနှုန်းကို လုပ်သားအင်အားတွင် ပါဝင်သည့် အသက် ၁၅ နှစ်နှင့် အထက်လူဦးရေ အချိုးဟု အဓိပ္ပာယ်ဖွင့်ဆို ပါသည်။ လုပ်သားအင်အား မှာ အလုပ်လုပ်ကိုင်နေသူ သို့မဟုတ် အလုပ်လုပ်ကိုင်ရန် အသင့်ရှိသူ ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်၌ ဤနှုန်းသည် စစ်တမ်း (၂) ကြိမ်တွင် ၆၄.၃% နှင့် ၆၃.၈% အသီးသီး ရှိသဖြင့် လုံးဝ တူညီလုနီးပါး ဖြစ်ပါသည်။ စစ်တမ်း (၂) ခုတွင် ကျေးလက်ဒေသများသည် မြို့ပြဒေသများထက် ပိုမိုများပြားပြီး ခန့်မှန်းခြေအားဖြင့် ၆၇% နှင့် ၅၆% အသီးသီး ရှိပါသည်။ စစ်တမ်း (၂) ကြိမ်တွင် အမျိုးသားများ၏ ပါဝင်မှုနှုန်းသည် အမျိုးသမီးများ၏ ပါဝင်မှုနှုန်းထက် ပိုမို မြင့်မားပြီး ၇၉.၅% နှင့် ၅၀% ဝန်းကျင် အသီးသီး ရှိပါသည်။ အသက် (၁၅) နှစ်နှင့်အထက် လူဦးရေ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ စစ်တမ်း (၂) ကြိမ်တွင် ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမို မြင့်မားပြီး ၆၇% နှင့် ၆၂% ဝန်းကျင်တွင် ရှိပါသည်။ ဤနောက်ဆုံး တွေ့ရှိချက်သည် အထက်တွင် ဆွေးနွေးခဲ့သည့် ဆင်းရဲနွမ်းပါးမှုသည် အလုပ်အကိုင် မရှိမှုထက် ဝင်ငွေ အကျိုးအမြတ် နည်းမှုနှင့် လုပ်ခဝင်ငွေ နိမ့်ကျမှုတို့နှင့် ပိုမိုသက်ဆိုင်သည် ဆိုသည့်အချက်ကို ထပ်မံ၍ အထောက်အထားအဖြစ် ပံ့ပိုး ဖြည့်ဆည်းပေးပါသည်။ စစ်တမ်းနှစ်ကြိမ်တွင် လုပ်သား အင်အား ပါဝင်မှုနှုန်းများသည် ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အနိမ့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် အမြင့်ဆုံး ဖြစ်ပါသည်။

***(ဇယား ၂-၂၂၊ ၂-၂၃ ကို ကြည့်ပါ)***

## ***၆-၂။ အလုပ်လက်မဲ့နှုန်း***

### လွန်ခဲ့သည့် ၆ လအတွင်း အလုပ်လက်မဲ့နှုန်း

***၁၀ နှစ် နှင့်အထက် လူဦးရေ***

ပုံ ၂-၈။ လွန်ခဲ့သည့် ၆ လအတွင်း ၁၀ နှစ်နှင့် အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (ဒုတိယ အကြိမ် စစ်တမ်း)





အသက် ၁၀နှစ်နှင့် အထက် လူဦးရေ၏ အလုပ် လက်မဲ့နှုန်းကို လုပ်သားအင်အားတွင် ပါဝင်ပြီး စစ်တမ်း မကောက်ယူမီ (၆)လအတွင်း မည်သည့် အချိန် ကာလ၌မဆို အလုပ် မလုပ်ကိုင်သည့် အသက် (၁၀)နှစ်နှင့် အထက်ရှိ သူများ၏ အချိုးဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ၎င်းသည် နှိုင်းယှဉ်မှုအရ ရေရှည် ဖြစ်ပေါ်သည့် ပေါ်လွင် အလုပ်လက်မဲ့၏ အတိုင်းအတာ တစ်ရပ်ပင် ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် စစ်တမ်း ကောက်ယူသည့် (၂) ကြိမ်၌ အလုပ်လက်မဲ့နှုန်းသည် ၂.၃% ဖြစ်သဖြင့် လွန်စွာ လျော့နည်းလျက် ရှိပါသည်။ ၎င်းနှုန်းများသည် ကျေးလက်ဒေသနှင့် မြို့ပြဒေသများတွင် ၁.၅% နှင့် ၄.၆% အသီးသီး ရှိသဖြင့် သိသာစွာ ကွဲပြား ခြားနားလျက် ရှိပါသည်။ အလုပ်လက်မဲ့နှုန်းများသည် ပြည်နယ်နှင့်

တိုင်းများ အကြားတွင်လည်း သိသာစွာ ကွဲပြားလျက်ရှိပြီး အမြင့်ဆုံး နှုန်းများကို ရခိုင်ပြည်နယ် (၆.၉%)၊ ရန်ကုန်တိုင်း (၅.၃%)နှင့် ချင်းပြည်နယ် (၃.၄%) တို့တွင် တွေ့ရှိရပါသည်။ အလုပ်လက်မဲ့နှုန်းသည် ဆင်းရဲသော အိမ်ထောင်စုများတွင် ၂.၆% ရှိသဖြင့် မဆင်းရဲသော အိမ်ထောင်စုများ (၂.၁%) ထက် အနည်းငယ် ပိုမိုပါသည်။ ဆင်းရဲသူများ၏ အလွန် လျော့နည်းသော အလုပ် လက်မဲ့နှုန်း (၂.၃%)ဖြင့် အလုပ်လက်မဲ့နှင့် ဆင်းရဲ နွမ်းပါးမှု ပေါင်းစပ် ဖြစ်ပေါ်နေသည့် အနေအထားကို အလေးဂရုပြုသင့်ပြီး ဆင်းရဲနွမ်းပါးမှုသည် အလုပ်အကိုင်မရှိမှုထက် ဝင်ငွေ အကျိုးအမြတ်နည်းမှုနှင့် လုပ်ခဝင်ငွေ နိမ့်ကျမှုတို့နှင့် ပိုမိုသက်ဆိုင်သည်ဆိုသည့် ကောက်ချက် (အထက်တွင် ဖော်ပြပြီး)ကို မပျက်ပြယ်စေပါ။ ***(ဇယား ၂-၂၄ နှင့် ပုံ ၂-၈ ကို ကြည့်ပါ)***

## *၁၅ နှစ်နှင့်အထက် လူဦးရေ*

အသက် (၁၅) နှစ်နှင့် အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်းကို လုပ်သားအင်အားတွင် ပါဝင်ပြီး စစ်တမ်း မကောက်ယူမီ (၆) လ အတွင်း မည်သည့် အချိန်ကာလ၌မဆို အလုပ်မလုပ်ကိုင်သည့် အသက် (၁၅)နှစ်နှင့် အထက် ရှိသူများ၏ အချိုး အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤညွှန်ကိန်းအတွက် တန်ဖိုးများမှာ အသက်(၁၀)နှစ်နှင့် အထက်အုပ်စုနှင့် အလွန်တူညီမှု ရှိပါသည်။ စစ်တမ်း ကောက်ယူသည့် (၂)ကြိမ်၏ အလုပ်လက်မဲ့ နှုန်း ၂%သည် လွန်စွာနိမ့်ကျလျက်ရှိပါသည်။ ၎င်းနှုန်းသည် ကျေးလက်ဒေသနှင့် မြို့ပြဒေသများတွင် ၁.၃% နှင့် ၄.၄% အသီးသီးရှိသဖြင့် သိသာစွာ ကွဲပြားခြားနား ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ်လက်မဲ့နှုန်း (၂.၄%)သည် မဆင်းရဲသော အိမ်ထောင်စုများထက် အနည်းငယ် ပိုမိုပါ သည်။ ***(ဇယား ၂-၂၅ ကိုကြည့်ပါ)***

ဇယား ၂-၂၄။ လွန်ခဲ့သည့် ၆ လအတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁ |
| မကွေး | ၀.၉ | ၂.၀ | ၁.၄ | ၀.၇ | ၁.၀ | ၂ |
| ရှမ်း (တောင်) | ၀.၂ | ၃.၈ | ၀.၇ | ၁.၂ | ၁.၀ | ၃ |
| ပဲခူး (အနောက်) | ၀.၈ | ၃.၃ | ၁.၇ | ၀.၈ | ၁.၁ | ၄ |
| ဧရာဝတီ | ၁.၁ | ၁.၈ | ၁.၈ | ၀.၉ | ၁.၂ | ၅ |
| ကရင် | ၀.၉ | ၃.၅ | ၀.၀ | ၁.၄ | ၁.၃ | ၆ |
| ရှမ်း (မြောက်) | ၀.၉ | ၃.၂ | ၁.၈ | ၀.၉ | ၁.၃ | ၇ |
| ရှမ်း (အရှေ့) | ၁.၁ | ၃.၂ | ၁.၂ | ၁.၉ | ၁.၅ | ၈ |
| တနင်္သာရီ | ၁.၄ | ၂.၂ | ၁.၅ | ၁.၆ | ၁.၅ | ၉ |
| မန္တလေး | ၁.၁ | ၃.၀ | ၁.၇ | ၁.၅ | ၁.၆ | ၁၀ |
| ကချင် | ၁.၈ | ၁.၅ | ၂.၀ | ၁.၅ | ၁.၇ | ၁၁ |
| ပဲခူး (အရှေ့) | ၁.၅ | ၄.၄ | ၂.၈ | ၁.၆ | ၂.၀ | ၁၂ |
| စစ်ကိုင်း | ၂.၀ | ၂.၁ | ၂.၇ | ၁.၈ | ၂.၀ | ၁၃ |
| မွန် | ၂.၃ | ၂.၄ | ၃.၁ | ၂.၁ | ၂.၃ | ၁၄ |
| ချင်း | ၃.၁ | ၄.၇ | ၄.၄ | ၀.၉ | ၃.၄ | ၁၅ |
| ရန်ကုန် | ၁.၁ | ၆.၈ | ၈.၁ | ၄.၈ | ၅.၃ | ၁၆ |
| ရခိုင် | ၆.၀ | ၁၀.၁ | ၈.၆ | ၆.၀ | ၆.၉ | ၁၇ |
| **ပြည်ထောင်စု** | **၁.၅** | **၄.၆** | **၂.၆** | **၂.၁** | **၂.၃** | |

ဇယား ၂-၂၅။ လွန်ခဲ့သည့် ၆ လအတွင်း ၁၅ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%)
(ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁ |
| ပဲခူး (အနောက်) | ၀.၆ | ၃.၀ | ၁.၃ | ၀.၇ | ၀.၉ | ၂ |
| ကရင် | ၀.၆ | ၃.၄ | ၀.၀ | ၁.၁ | ၀.၉ | ၃ |
| မကွေး | ၀.၉ | ၁.၉ | ၁.၄ | ၀.၇ | ၁.၀ | ၄ |
| ရှမ်း (တောင်) | ၀.၂ | ၃.၈ | ၀.၇ | ၁.၂ | ၁.၀ | ၅ |
| ဧရာဝတီ | ၀.၉ | ၁.၈ | ၁.၈ | ၀.၈ | ၁.၁ | ၆ |
| ရှမ်း (မြောက်) | ၀.၆ | ၃.၁ | ၁.၃ | ၀.၉ | ၁.၁ | ၇ |
| တနင်္သာရီ | ၁.၁ | ၂.၂ | ၁.၀ | ၁.၅ | ၁.၃ | ၈ |
| ရှမ်း (အရှေ့) | ၀.၉ | ၃.၂ | ၀.၉ | ၁.၉ | ၁.၄ | ၉ |
| မန္တလေး | ၀.၉ | ၂.၈ | ၁.၄ | ၁.၄ | ၁.၄ | ၁၀ |
| ကချင် | ၁.၅ | ၁.၅ | ၁.၈ | ၁.၃ | ၁.၅ | ၁၁ |
| ပဲခူး (အရှေ့) | ၁.၄ | ၄.၁ | ၂.၆ | ၁.၅ | ၁.၈ | ၁၂ |
| စစ်ကိုင်း | ၁.၈ | ၁.၉ | ၂.၄ | ၁.၆ | ၁.၈ | ၁၃ |
| မွန် | ၂.၂ | ၂.၄ | ၃.၁ | ၂.၀ | ၂.၂ | ၁၄ |
| ချင်း | ၂.၇ | ၄.၇ | ၄.၀ | ၀.၉ | ၃.၁ | ၁၅ |
| ရန်ကုန် | ၀.၈ | ၆.၅ | ၈.၀ | ၄.၅ | ၅.၀ | ၁၆ |
| ရခိုင် | ၄.၅ | ၉.၆ | ၆.၉ | ၅.၀ | ၅.၇ | ၁၇ |
| ပြည်ထောင်စု | ၁.၃ | ၄.၄ | ၂.၄ | ၁.၉ | ၂.၀ | |

## လွန်ခဲ့သည့် ၇ ရက်အတွင်း အလုပ်လက်မဲ့နှုန်း

### *၁၀ နှစ်နှင့်အထက် လူဦးရေ*

လွန်ခဲ့သည့် ၇ ရက်အတွင်း အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း[၅၃] သည် မကြာသေးမီ အချိန်ကာလ သို့မဟုတ် ကာလတို အလုပ်လက်မဲ့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဖော်ပြပါသည်။ အကယ်၍ ကွဲပြားသည့် ရာသီများအလိုက် စာရင်းအင်း အချက်အလက်များကို ကောက်ယူစုဆောင်း ရရှိနိုင်ပါက ဤညွှန်ကိန်းကို အသုံးပြုခြင်းဖြင့် ရာသီအလိုက် ပြောင်းလဲမှုများကို လွယ်ကူစွာ သိရှိနားလည်နိုင်မည် ဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်တွင် ဤနှုန်းများသည် ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (ပထမ အကြိမ် စစ်တမ်း) ၌ ၃% နှင့် ၂၀၀၅ ခုနှစ် မေလ (ဒုတိယ အကြိမ် စစ်တမ်း) တွင် ၃.၇% စသည်ဖြင့် သိသာစွာ လျော့နည်းခဲ့ပါသည်။ ကျေးလက်ဒေသ များတွင် အလုပ်လက်မဲ့နှုန်းသည် ပထမအကြိမ် စစ်တမ်း ကောက်ယူရာတွင် သီးနှံ ရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် လျော့နည်းခဲ့ပါသည် (၃.၁% နှင့် နှိုင်းယှဉ်ပါက ၂.၁%)။ မြို့ပြဒေသများတွင် ဆန့်ကျင်ဖက် ပုံသဏ္ဌာန် တွေ့ရှိရပြီး အလုပ်လက်မဲ့ နှုန်းသည် စာရင်းကောက်ယူသည့် ပထမအကြိမ်၌ ဒုတိယ အကြိမ်ထက် ပိုမိုပါသည် (၆.၁% နှင့် ၅.၃%)။ အရည် အသွေးဆိုင်ရာ လေ့လာမှုက ဖော်ပြသည်မှာ အထူးသဖြင့် မြို့ပြဒေသများ၌ မိုးရာသီ အတွင်းတွင် စီးပွားရေး လုပ်ငန်းများ နှေးကွေးလျက် ရှိကြောင်း ဖော်ပြထားပါသည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေး အလုပ်သမားများ သို့မဟုတ် ဆိုက်ကားသမားများ အတွက် မိုးရာသီတွင် အလုပ်အကိုင်များများစားစား မရှိကြပါ။ တောင်သူလယ်သမား အိမ်ထောင်စုများ အနေဖြင့်မူ မိုးရာသီတွင် လုပ်ငန်းအများအပြားရှိပြီး လယ်ကွင်းထဲတွင် အလုပ်လုပ်ရန် ကလေးသူငယ်များ ၏ အကူအညီကိုပင် လိုအပ်လျက် ရှိပါသည်။ ဤအချက်က ပထမအကြိမ် စစ်တမ်း၌ ကျေးလက် ဒေသများတွင် လုပ်သားအင်အား ပါဝင်မှု

[၅၃] အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်းကို စစ်တမ်းမတိုင်မီ (၇) ရက်အတွင်း မည်သည့်အချိန်ကာလ၌မဆို မည်သည့် အလုပ်ကိုမျှ မလုပ်ကိုင်သည့် အသက် (၁၀) နှစ်နှင့်အထက်ရှိ လုပ်သားအင်အား၌ ပါဝင်သူများ၏အချိုးဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

နှုန်း ပို၍ မြင့်မားရခြင်း အကြောင်းကို ရှင်းလင်း ဖော်ပြလျက် ရှိပါသည်။ ပထမအကြိမ် စစ်တမ်းတွင် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံး ပြည်နယ်နှင့် တိုင်းများ မှာ ချင်းပြည်နယ် (၁၀.၂%) ဖြစ်ပြီး ဒုတိယ အကြိမ် စစ်တမ်းတွင် ရခိုင်ပြည်နယ် (၉.၁%) ဖြစ်ပါသည်။ အလုပ်လက်မဲ့ ဖြစ်ပွားမှုတွင် ဆင်းရဲသော အိမ်ထောင် စုများ၌ အလုပ်လက်မဲ့နှုန်းသည် မဆင်းရဲသော အိမ် ထောင်စုများထက် အနည်းငယ် ပိုမိုမြင့်မားပါသည်။ ပထမ အကြိမ်စစ်တမ်းတွင် ဆင်းရဲသူများ၏ အလုပ် လက်မဲ့ နှုန်းသည် ၃.၇% ရှိပြီး မဆင်းရဲသူများ၏ အလုပ် လက်မဲ့ နှုန်းသည် ၂.၇% ရှိပါသည်။ ဒုတိယ အကြိမ် စစ်တမ်းတွင် မဆင်းရဲသူများ၏ ၃.၅% နှင့် နှိုင်းယှဥ်ပါက ဆင်းရဲသူများ၏ အလုပ် လက်မဲ့နှုန်း သည် ၄.၁% ဖြစ်ပါသည်။ ***(ဇယား ၂-၂၆နှင့် ၂-၂၇ နှင့် ပုံ ၂-၉ ကို ကြည့်ပါ)***

ပုံ ၂-၉။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၀ နှစ်နှင့် အထက် လူဦးရေ၏အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း)



ဇယား ၂-၂၆။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၉ | ၀.၀ | ၀.၅ | ၀.၃ | ၁ |
| ရှမ်း (တောင်) | ၀.၃ | ၅.၄ | ၁.၃ | ၁.၅ | ၁.၄ | ၂ |
| ရှမ်း (မြောက်) | ၁.၂ | ၅.၃ | ၂.၄ | ၁.၅ | ၂.၀ | ၃ |
| ဧရာဝတီ | ၁.၈ | ၃.၂ | ၂.၉ | ၁.၆ | ၂.၀ | ၄ |
| မကွေး | ၁.၇ | ၅.၅ | ၃.၄ | ၁.၀ | ၂.၀ | ၅ |
| စစ်ကိုင်း | ၁.၅ | ၆.၀ | ၃.၁ | ၁.၇ | ၂.၁ | ၆ |
| မန္တလေး | ၁.၅ | ၄.၂ | ၂.၇ | ၁.၈ | ၂.၂ | ၇ |
| ပဲခူး (အနောက်) | ၁.၇ | ၆.၅ | ၃.၅ | ၁.၅ | ၂.၂ | ၈ |
| ပဲခူး (အရှေ့) | ၂.၀ | ၄.၃ | ၂.၁ | ၂.၅ | ၂.၄ | ၉ |
| ကရင် | ၂.၁ | ၆.၇ | ၁.၅ | ၂.၉ | ၂.၇ | ၁၀ |
| မွန် | ၂.၇ | ၄.၅ | ၅.၂ | ၂.၅ | ၃.၀ | ၁၁ |
| ရှမ်း (အရှေ့) | ၃.၀ | ၃.၄ | ၃.၅ | ၂.၇ | ၃.၁ | ၁၂ |
| တနင်္သာရီ | ၃.၂ | ၂.၈ | ၃.၅ | ၂.၉ | ၃.၁ | ၁၃ |
| ကချင် | ၃.၄ | ၅.၃ | ၄.၃ | ၃.၆ | ၃.၉ | ၁၄ |
| ရန်ကုန် | ၂.၃ | ၇.၈ | ၉.၃ | ၅.၈ | ၆.၄ | ၁၅ |
| ရခိုင် | ၆.၅ | ၁၀.၁ | ၇.၆ | ၇.၁ | ၇.၃ | ၁၆ |
| ချင်း | ၆.၉ | ၂၂.၆ | ၉.၃ | ၁၂.၆ | ၁၀.၂ | ၁၇ |
| ပြည်ထောင်စု | ၂.၁ | ၆.၁ | ၃.၇ | ၂.၇ | ၃.၀ | |

ဇယား ၂-၂၇။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁ |
| ရှမ်း (တောင်) | ၀.၄ | ၄.၄ | ၀.၉ | ၁.၆ | ၁.၃ | ၂ |
| ရှမ်း (မြောက်) | ၁.၁ | ၃.၅ | ၂.၁ | ၁.၀ | ၁.၆ | ၃ |
| မန္တလေး | ၁.၆ | ၃.၄ | ၂.၅ | ၁.၇ | ၂.၀ | ၄ |
| ရှမ်း (အရှေ့) | ၁.၉ | ၃.၃ | ၂.၁ | ၂.၃ | ၂.၂ | ၅ |
| မကွေး | ၂.၃ | ၂.၈ | ၂.၉ | ၁.၉ | ၂.၃ | ၆ |
| တနင်္သာရီ | ၂.၃ | ၂.၇ | ၂.၃ | ၂.၄ | ၂.၄ | ၇ |
| ဧရာဝတီ | ၂.၇ | ၂.၄ | ၃.၀ | ၂.၅ | ၂.၇ | ၈ |
| မွန် | ၂.၈ | ၂.၄ | ၄.၁ | ၂.၃ | ၂.၇ | ၉ |
| ပဲခူး (အရှေ့) | ၃.၁ | ၅.၁ | ၃.၉ | ၃.၂ | ၃.၄ | ၁၀ |
| ကရင် | ၃.၄ | ၆.၀ | ၄.၅ | ၃.၇ | ၃.၇ | ၁၁ |
| ပဲခူး (အနောက်) | ၄.၈ | ၄.၂ | ၅.၅ | ၄.၄ | ၄.၇ | ၁၂ |
| ကချင် | ၅.၉ | ၃.၀ | ၅.၂ | ၄.၉ | ၅.၀ | ၁၃ |
| ချင်း | ၃.၇ | ၁၀.၅ | ၅.၅ | ၄.၀ | ၅.၁ | ၁၄ |
| စစ်ကိုင်း | ၅.၈ | ၃.၂ | ၆.၈ | ၄.၉ | ၅.၄ | ၁၅ |
| ရန်ကုန် | ၂.၀ | ၇.၆ | ၈.၈ | ၅.၇ | ၆.၂ | ၁၆ |
| ရခိုင် | ၈.၆ | ၁၀.၆ | ၁၀.၇ | ၈.၂ | ၉.၁ | ၁၇ |
| ပြည်ထောင်စု | ၃.၁ | ၅.၃ | ၄.၁ | ၃.၅ | ၃.၇ | |

### ၁၅ နှစ် နှင့်အထက် လူဦးရေ

လွန်ခဲ့သည့် ၇ ရက်အတွင်း အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း[၃၄]သည် မကြာသေးမီ အချိန်ကာလ သို့မဟုတ် ကာလတို အလုပ်လက်မဲ့ ဆိုင်ရာ သတင်း အချက်အလက်များ ကို ဖော်ပြပါသည်။ ပြည်ထောင်စု အဆင့်၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (ပထမ အကြိမ် စစ်တမ်း) တွင် ၂.၈% ရှိပြီး၊ ၂၀၀၅ မေလတွင် ၃.၅% ရှိပါသည်။ ယေဘုယျအားဖြင့် ဆိုရလျှင် အလုပ်လက်မဲ့ ဆိုင်ရာ စာရင်း အချက်အလက်များမှာ ၁၅ နှစ်နှင့်အထက်နှင့် ၁၀ နှစ်နှင့်အထက် အသက်အုပ်စုများအတွက် အလွန် ဆင်တူပါသည်။ ***(ဇယား ၂-၂၈ ကို ကြည့်ပါ)***

### လုပ်ခမရသည့် မိသားစု အလုပ်သမားများ မပါဝင်သည့် အသက် ၁၀ နှစ်နှင့် အထက် လူဦးရေ

အကယ်၍ အလုပ်လုပ်ကိုင်သူ လူဦးရေမှ လုပ်ခမရသည့် မိသားစု အလုပ်သမားများ နုတ်ပယ်ပါက အလုပ်လက်မဲ့နှုန်းများမှာ ပထမအကြိမ် စစ်တမ်းတွင် ၄.၄% နှင့် ဒုတိယအကြိမ် စစ်တမ်းတွင် ၅.၄% စသည်ဖြင့် အတိုင်းအတာ တစ်ခုအထိ မြင့်မား လျက်ရှိပါသည်။ ထို့ပြင် ဒုတိယအကြိမ် စစ်တမ်း၌ ကျေးလက်ဒေသတွင် အလုပ်လက်မဲ့နှုန်း ကြီးမြင့် လာပြီး မြို့ပြဒေသတွင် လျော့ကျသွားပါသည်။ ***(ဇယား ၂-၂၉နှင့် ၂-၃၀ ကို ကြည့်ပါ)***

[၃၄] အသက် ၁၅ နှစ် နှင့်အထက်ရှိ လူဦးရေ၏ အလုပ်လက်မဲ့နှုန်းကို စစ်တမ်း မတိုင်မီ (၇) ရက်အတွင်း မည်သည့်အချိန်ကာလ၌ မဆို မည်သည့် အလုပ်အကိုင်ကိုမျှ မလုပ်ကိုင်သည့် အသက် (၁၅) နှစ်နှင့်အထက်ရှိ လုပ်သား အင်အားတွင် ပါဝင်သူများ၏ အချိုး အဖြစ် အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

ဇယား ၂-၂၈။ လွန်ခဲ့သည့် ၇ ရက်အတွင်း ၁၅ နှစ်နှင့်အထက် လူဦးရေ၏အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁ |
| ရှမ်း (တောင်) | ၀.၄ | ၄.၄ | ၀.၉ | ၁.၆ | ၁.၃ | ၂ |
| ရှမ်း (မြောက်) | ၀.၈ | ၃.၄ | ၁.၇ | ၁.၀ | ၁.၃ | ၃ |
| မန္တလေး | ၁.၄ | ၃.၂ | ၂.၂ | ၁.၆ | ၁.၉ | ၄ |
| ရှမ်း (အရှေ့) | ၁.၇ | ၃.၃ | ၁.၈ | ၂.၄ | ၂.၁ | ၅ |
| တနင်္သာရီ | ၂.၀ | ၂.၈ | ၁.၈ | ၂.၃ | ၂.၁ | ၆ |
| မကွေး | ၂.၃ | ၂.၇ | ၂.၉ | ၁.၉ | ၂.၃ | ၇ |
| ဧရာဝတီ | ၂.၅ | ၂.၄ | ၂.၉ | ၂.၃ | ၂.၅ | ၈ |
| မွန် | ၂.၆ | ၂.၄ | ၄.၁ | ၂.၂ | ၂.၆ | ၉ |
| ပဲခူး (အရှေ့) | ၂.၉ | ၄.၈ | ၃.၇ | ၃.၀ | ၃.၂ | ၁၀ |
| ကရင် | ၃.၁ | ၅.၄ | ၄.၇ | ၃.၃ | ၃.၄ | ၁၁ |
| ပဲခူး (အနောက်) | ၄.၆ | ၃.၉ | ၄.၉ | ၄.၃ | ၄.၅ | ၁၂ |
| ချင်း | ၃.၃ | ၁၀.၆ | ၅.၂ | ၄.၁ | ၄.၉ | ၁၃ |
| ကချင် | ၅.၇ | ၃.၁ | ၅.၁ | ၄.၈ | ၄.၉ | ၁၄ |
| စစ်ကိုင်း | ၅.၅ | ၃.၀ | ၆.၄ | ၄.၈ | ၅.၂ | ၁၅ |
| ရန်ကုန် | ၁.၆ | ၇.၄ | ၈.၆ | ၅.၄ | ၅.၉ | ၁၆ |
| ရခိုင် | ၆.၉ | ၁၀.၁ | ၈.၇ | ၇.၁ | ၇.၇ | ၁၇ |
| **ပြည်ထောင်စု** | **၂.၉** | **၅.၁** | **၃.၈** | **၃.၃** | **၃.၅** | |

ဇယား ၂-၂၉။ လွန်ခဲ့သည့် (၇) ရက် အတွင်း လုပ်ခမရသည့် မိသားစုအလုပ်သမားများ မပါဝင်သည့် အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၁.၁ | ၀.၀ | ၀.၇ | ၀.၅ | ၁ |
| ရှမ်း (တောင်) | ၀.၅ | ၆.၈ | ၁.၈ | ၂.၄ | ၂.၁ | ၂ |
| ဧရာဝတီ | ၂.၇ | ၃.၈ | ၃.၈ | ၂.၄ | ၂.၉ | ၃ |
| ပဲခူး (အနောက်) | ၂.၄ | ၇.၇ | ၄.၄ | ၂.၃ | ၃.၁ | ၄ |
| ပဲခူး (အရှေ့) | ၂.၈ | ၄.၉ | ၂.၅ | ၃.၅ | ၃.၂ | ၅ |
| မန္တလေး | ၂.၄ | ၅.၀ | ၃.၈ | ၂.၈ | ၃.၂ | ၆ |
| ရှမ်း (မြောက်) | ၂.၂ | ၆.၈ | ၄.၃ | ၂.၅ | ၃.၄ | ၇ |
| မကွေး | ၃.၀ | ၆.၇ | ၅.၃ | ၁.၉ | ၃.၄ | ၈ |
| စစ်ကိုင်း | ၂.၇ | ၇.၅ | ၅.၁ | ၂.၉ | ၃.၅ | ၉ |
| မွန် | ၃.၉ | ၅.၉ | ၆.၆ | ၃.၇ | ၄.၃ | ၁၀ |
| ကချင် | ၄.၆ | ၆.၂ | ၅.၇ | ၄.၅ | ၅.၀ | ၁၁ |
| တနင်္သာရီ | ၅.၄ | ၄.၇ | ၅.၁ | ၅.၃ | ၅.၂ | ၁၂ |
| ကရင် | ၅.၃ | ၁၀.၃ | ၅.၆ | ၆.၃ | ၆.၃ | ၁၃ |
| ရန်ကုန် | ၂.၆ | ၈.၉ | ၁၀.၃ | ၆.၆ | ၇.၁ | ၁၄ |
| ရှမ်း (အရှေ့) | ၈.၉ | ၄.၇ | ၉.၂ | ၅.၈ | ၇.၃ | ၁၅ |
| ရခိုင် | ၇.၇ | ၁၀.၈ | ၈.၄ | ၈.၅ | ၈.၅ | ၁၆ |
| ချင်း | ၁၂.၂ | ၂၆.၉ | ၁၅.၀ | ၂၀.၃ | ၁၆.၄ | ၁၇ |
| **ပြည်ထောင်စု** | **၃.၂** | **၇.၂** | **၅.၁** | **၄.၁** | **၄.၄** | |

ဇယား ၂-၃၀။ လွန်ခဲ့သည့် (၇) ရက်အတွင်း လုပ်ခမရသည့် မိသားစုအလုပ်သမားများ မပါဝင်သည့် အသက် ၁၀ နှစ်နှင့်အထက် လူဦးရေ၏ အလုပ်လက်မဲ့နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁ |
| ရှမ်း (တောင်) | ၁.၀ | ၅.၇ | ၁.၈ | ၃.၀ | ၂.၅ | ၂ |
| ရှမ်း (မြောက်) | ၂.၂ | ၄.၃ | ၄.၀ | ၁.၆ | ၂.၇ | ၃ |
| မန္တလေး | ၂.၆ | ၄.၀ | ၃.၄ | ၂.၈ | ၃.၁ | ၄ |
| မွန် | ၃.၉ | ၃.၂ | ၅.၃ | ၃.၃ | ၃.၇ | ၅ |
| ဧရာဝတီ | ၄.၁ | ၂.၉ | ၄.၀ | ၃.၈ | ၃.၉ | ၆ |
| တနင်္သာရီ | ၃.၉ | ၄.၄ | ၃.၅ | ၄.၃ | ၄.၀ | ၇ |
| မကွေး | ၄.၂ | ၃.၅ | ၄.၈ | ၃.၆ | ၄.၁ | ၈ |
| ပဲခူး (အရှေ့) | ၄.၂ | ၆.၁ | ၄.၇ | ၄.၅ | ၄.၅ | ၉ |
| ရှမ်း (အရှေ့) | ၅.၉ | ၄.၆ | ၅.၉ | ၅.၁ | ၅.၄ | ၁၀ |
| ပဲခူး (အနောက်) | ၆.၆ | ၅.၁ | ၇.၀ | ၆.၁ | ၆.၄ | ၁၁ |
| ကချင် | ၇.၉ | ၃.၆ | ၇.၁ | ၆.၁ | ၆.၅ | ၁၂ |
| ရန်ကုန် | ၂.၂ | ၈.၅ | ၉.၉ | ၆.၃ | ၆.၉ | ၁၃ |
| ကရင် | ၈.၀ | ၁၀.၀ | ၁၄.၂ | ၇.၈ | ၈.၃ | ၁၄ |
| စစ်ကိုင်း | ၉.၈ | ၃.၉ | ၉.၉ | ၈.၂ | ၈.၇ | ၁၅ |
| ချင်း | ၆.၇ | ၁၄.၆ | ၁၀.၈ | ၅.၁ | ၈.၇ | ၁၆ |
| ရခိုင် | ၁၀.၁ | ၁၁.၄ | ၁၁.၇ | ၉.၆ | ၁၀.၄ | ၁၇ |
| ပြည်ထောင်စု | ၅.၀ | ၆.၃ | ၅.၈ | ၅.၂ | ၅.၄ | |

## ***၆-၃။ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း***

## **အလုပ်ချိန်ကို အခြေခံသည့်နည်းလမ်း (၃၀ နာရီ) အရ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှုန်း**

အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း (၃၀ နာရီ) အရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းကို စစ်တမ်း မကောက်ယူမီ ၇ ရက်အတွင်း ၃၀ နာရီထက် လျော့နည်း၍ အလုပ်လုပ်ကိုင်သူများ (အသက် ၁၀ နှစ်နှင့်အထက်) အချိုးဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ပြည်ထောင်စုအဆင့်တွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းမှာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (ပထမ အကြိမ် စစ်တမ်း) တွင် ၉.၀% နှင့် ၂၀၀၅ ခုနှစ် မေလ (ဒုတိယ အကြိမ် စစ်တမ်း) တွင် ၁၀.၈% အသီးသီး ဖြစ်ပါသည်။ ကျေးလက်ဒေသများ၌ ပထမအကြိမ် စစ်တမ်း (၂၀၀၄ ခုနှစ် နိုဝင်ဘာလ) တွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းသည် သီးနှံ ရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် လျော့နည်း ကျဆင်း ခဲ့ပါသည် (၁၁.၅% နှင့် နှိုင်းယှဥ်ပါက ၈.၆%)။ စစ်တမ်းကောက်ယူသည့် (၂) ကြိမ်တွင် ဆင်းရဲသော အိမ်ထောင်စုများ၏ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းသည် မဆင်းရဲသော အိမ်ထောင်စု များ၏ နှုန်းထက် အနည်းငယ် ပိုမို မြင့်မားပါသည်။ ပထမအကြိမ် စစ်တမ်းတွင် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးပြည်နယ်နှင့် တိုင်းများမှာ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် တနင်္သာရီတိုင်းတို့ ဖြစ်ကြပြီး ဒုတိယ အကြိမ် စစ်တမ်း ကောက်ယူရာ၌ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့ဖြစ်ကြပါသည်။ ***(ဇယား ၂-၃၁နှင့် ၂-၃၂ နှင့် ပုံ ၂-၁၀ ကို ကြည့်ပါ)***

ပုံ ၂-၁၀။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း အရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ နှုန်း [လွန်ခဲ့သည့် ၇ ရက်အတွင်း ၃၀ နာရီထက် လျော့နည်း၍ အလုပ်လုပ် ကိုင်သူ ဦးရေ အချိုး] (%) (ပထမ အကြိမ် စစ်တမ်း)



## အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း (၄၄ နာရီ) အရ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှုန်း

အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း (၄၄ နာရီ) အရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်းကို စစ်တမ်းမတိုင်မီ (၇) ရက်အတွင်း ၄၄ နာရီထက် လျော့ နည်း၍ အလုပ်လုပ်ကိုင်သူများ (အသက် ၁၀ နှစ် နှင့်အထက်) အချိုးဟု အဓိပ္ပာယ်ဖွင့်ဆို ပါသည်။ ပြည်ထောင်စုအဆင့်တွင် ၎င်းနှုန်းမှာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (ပထမ အကြိမ် စစ်တမ်း) တွင် ၃၀.၃% နှင့် ၂၀၀၅ ခုနှစ် မေလ (ဒုတိယ အကြိမ် စစ်တမ်း) တွင် ၃၇.၈% ရှိပါသည်။ ကျေးလက်ဒေသတွင် ပထမ အကြိမ် စစ်တမ်း၌ သီးနှံ ရိတ်သိမ်းချိန်နှင့် တိုက်ဆိုင် နေသဖြင့် မြို့ပြဒေသ၏ ၃၉.၀% နှင့် နှိုင်းယှဉ်ပါက ၂၈.၉% ရှိသဖြင့် များစွာ လျော့နည်း လျက်ရှိပါသည်။ ပထမအကြိမ် စစ်တမ်းတွင် တစ်ဝက် တစ်ပျက် အလုပ် လက်မဲ့နှုန်း အမြင့်ဆုံး ပြည်နယ်နှင့် တိုင်းများမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ချင်းပြည်နယ် နှင့် ကယားပြည်နယ်တို့ ဖြစ်ကြပြီး ဒုတိယအကြိမ်စစ်တမ်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့ ဖြစ်ကြပါသည်။ စစ်တမ်း(၂)ကြိမ်တွင် ဆင်းရဲသူနှင့် မဆင်းရဲသူ အိမ်ထောင်စုများတွင် တစ်ဝက် တစ်ပျက် အလုပ်လက်မဲ့နှုန်းများသည် အနည်းငယ်သာ ကွဲပြားခြားနား ကြပါသည်။ ၎င်းအချက်က အလုပ်အကိုင် မရှိခြင်းသည် ဆင်းရဲနွမ်းပါးမှု အတွက် အဓိက ပြဿနာချက်တစ်ရပ် မဟုတ်ကြောင်း ဖော်ပြပါသည်။ *(ဇယား ၂-၃၄ နှင့် ပုံ ၂-၁၁ ကို ကြည့်ပါ)*

ပုံ ၂-၁၁။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်း အရ တစ်ဝက်တစ်ပျက် အလုပ် လက်မဲ့နှုန်း [လွန်ခဲ့သည့် ၇ ရက် အတွင်း ၄၄ နာရီထက် လျော့နည်း၍ အလုပ် လုပ်ကိုင်သူ ဦးရေ အချိုး] (ပထမ အကြိမ် စစ်တမ်း)



ဇယား ၂-၃၁။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်းအရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (လွန်ခဲ့သည့် ၇ ရက်အတွင်း ၃၀ နာရီ ထက် လျော့နည်း၍ အလုပ်လုပ်ကိုင်သူဦးရေ အချိုး) (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရှမ်း (တောင်) | ၅.၀ | ၉.၁ | ၃.၅ | ၇.၅ | ၅.၈ | ၁ |
| ပဲခူး (အရှေ့) | ၆.၉ | ၇.၀ | ၅.၉ | ၇.၄ | ၆.၉ | ၂ |
| ရန်ကုန် | ၇.၀ | ၇.၁ | ၆.၄ | ၇.၂ | ၇.၁ | ၃ |
| ပဲခူး (အနောက်) | ၆.၄ | ၁၉.၅ | ၆.၉ | ၈.၂ | ၇.၈ | ၄ |
| ကရင် | ၇.၁ | ၁၃.၉ | ၄.၆ | ၈.၅ | ၈.၀ | ၅ |
| မန္တလေး | ၇.၅ | ၁၁.၀ | ၈.၈ | ၈.၁ | ၈.၄ | ၆ |
| စစ်ကိုင်း | ၇.၅ | ၁၆.၄ | ၁၀.၂ | ၇.၆ | ၈.၆ | ၇ |
| ချင်း | ၇.၁ | ၁၅.၆ | ၈.၇ | ၈.၄ | ၈.၆ | ၈ |
| မွန် | ၈.၅ | ၉.၁ | ၉.၀ | ၈.၆ | ၈.၆ | ၉ |
| ကချင် | ၁၀.၀ | ၇.၄ | ၁၁.၈ | ၇.၃ | ၉.၃ | ၁၀ |
| ဧရာဝတီ | ၉.၂ | ၁၁.၁ | ၁၀.၇ | ၉.၁ | ၉.၅ | ၁၁ |
| ရှမ်း (မြောက်) | ၇.၇ | ၁၈.၀ | ၇.၈ | ၁၁.၆ | ၉.၆ | ၁၂ |
| မကွေး | ၁၀.၈ | ၁၀.၃ | ၁၀.၉ | ၁၀.၇ | ၁၀.၈ | ၁၃ |
| ရခိုင် | ၁၁.၉ | ၁၄.၅ | ၁၁.၃ | ၁၃.၁ | ၁၂.၅ | ၁၄ |
| တနင်္သာရီ | ၁၁.၉ | ၁၅.၅ | ၁၂.၈ | ၁၂.၆ | ၁၂.၆ | ၁၅ |
| ရှမ်း (အရှေ့) | ၂၀.၇ | ၁၅.၁ | ၁၇.၈ | ၂၂.၆ | ၂၀.၂ | ၁၆ |
| ကယား | ၁၉.၂ | ၂၂.၄ | ၂၃.၄ | ၁၉.၀ | ၂၀.၃ | ၁၇ |
| ပြည်ထောင်စု | **၈.၆** | **၁၀.၄** | **၉.၃** | **၈.၉** | **၉.၀** | |

ဇယား ၂-၃၂။ အလုပ်ချိန်ကို အခြေခံသည့် နည်းလမ်းအရ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (လွန်ခဲ့သည့် ၇ ရက်အတွင်း ၃၀ နာရီ ထက်လျော့နည်း၍ အလုပ်လုပ်ကိုင်သူဦးရေ အချိုး) (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ချင်း | ၅.၇ | ၆.၈ | ၅.၆ | ၆.၇ | ၅.၉ | ၁ |
| ရန်ကုန် | ၆.၃ | ၆.၂ | ၆.၀ | ၆.၂ | ၆.၂ | ၂ |
| ပဲခူး (အရှေ့) | ၇.၂ | ၇.၄ | ၆.၂ | ၇.၇ | ၇.၂ | ၃ |
| ရှမ်း (တောင်) | ၈.၆ | ၈.၁ | ၈.၄ | ၈.၅ | ၈.၅ | ၄ |
| ရှမ်း (မြောက်) | ၈.၃ | ၁၃.၀ | ၈.၂ | ၁၀.၂ | ၉.၂ | ၅ |
| ဧရာဝတီ | ၉.၆ | ၈.၉ | ၁၁.၂ | ၈.၈ | ၉.၅ | ၆ |
| ရခိုင် | ၉.၃ | ၁၂.၈ | ၈.၉ | ၁၀.၉ | ၁၀.၁ | ၇ |
| မွန် | ၁၀.၅ | ၉.၉ | ၁၁.၅ | ၁၀.၁ | ၁၀.၄ | ၈ |
| ကချင် | ၁၂.၄ | ၆.၀ | ၁၁.၁ | ၁၀.၀ | ၁၀.၅ | ၉ |
| မန္တလေး | ၁၁.၀ | ၉.၇ | ၁၀.၆ | ၁၀.၇ | ၁၀.၇ | ၁၀ |
| ရန်ကုန် | ၁၈.၇ | ၁၀၅.၀ | ၁.၃ | ၀.၁ | ၀.၂ | ၀.၀ | ၁.၉ |
| ရှမ်း (တောင်) | ၃၆.၅ | - | ၂.၅ | ၀.၀ | ၀.၀ | ၀.၀ | ၄.၀ |
| ရှမ်း (မြောက်) | ၉.၀ | - | ၂.၇ | ၀.၀ | ၀.၀ | ၁.၅ | ၄.၄ |
| ရှမ်း (အရှေ့) | ၁၆.၈ | ၁၉.၀ | ၂.၃ | ၀.၀ | ၀.၀ | ၀.၀ | ၀.၉ |
| ဧရာဝတီ | ၂၄.၈ | - | ၁.၈ | ၀.၀ | ၀.၀ | ၀.၃ | ၀.၂ |
| **နေထိုင်သည့် နေရာ** | | | | | | | |
| ကျေးလက် | ၂၃.၆ | - | ၁.၆ | ၀.၁ | ၀.၀ | ၀.၀ | ၀.၉ |
| မြို့ပြ | ၁၄.၆ | ၇၆.၃ | ၃.၂ | ၁.၆ | ၀.၆ | ၀.၂ | ၁.၁ |
| **ပြည်ထောင်စု** | **၁၅.၈** | **၇၆.၃** | **၁.၈** | **၀.၁** | **၀.၀** | **၀.၂** | **၁.၁** |

## ၉။ ပညာရေး အခြေအနေနှင့် ပညာရေး ဝန်ဆောင်မှုများအားလက်လှမ်းမီရရှိမှု

ပြုစု တင်ပြသည့် ညွှန်ကိန်းများမှာ -

- မူလတန်း ပညာရေးတွင် အသားတင် ကျောင်းဝင်မှုနှုန်း
- မူလတန်း ပညာရေးရှိ ကျောင်းသား/ကျောင်းသူ အချိုး
- သက်ကြီး စာတတ်မြောက်မှုနှုန်း
- ပညာရေးဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိမှု

### *၉-၁။ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း*

ပုံ ၂-၂၂။ မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်း (%) (ပထမ အကြိမ် စစ်တမ်း)





မူလတန်းပညာရေးတွင် အသားတင် ကျောင်းဝင်နှုန်းမှာ တရားဝင် မူလတန်းကျောင်းနေရန် အသက်အရွယ်ရှိသော မူလတန်း ကျောင်းသားဦးရေနှင့် တရားဝင်မူလတန်း ကျောင်းနေရန် အသက်အရွယ်ရှိသော စုစုပေါင်း လူဦးရေအချိုး ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ကျောင်းသင် ပညာရေးစနစ်၏ လွှမ်းခြုံနိုင်မှုနှင့် စွမ်းဆောင် ရည်ကို တိုင်းတာဖော်ပြသည့် ညွှန်ကိန်း ဖြစ်ပါသည်။ ပြည်ထောင်စု တစ်ဝန်းလုံးအတွက်နှုန်း မှာ၈၄.၇%ဖြစ်ပါသည်။ ဤညွှန်ကိန်းသည် ကျေးလက်တွင် မြို့ပြထက် အနည်းငယ်လျော့နည်းပြီး ၈၄% ရှိ၍ မြို့ပြတွင် ၈၇.၆%ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှ ကလေးများ၏ အသားတင် ကျောင်းဝင်နှုန်းမှာ ၈၀.၁% ရှိ၍ ပိုမိုလျော့နည်းပြီး မဆင်းရဲသော အိမ်ထောင်စုများအတွက် ၈၇.၂% ရှိပါသည်။ အနိမ့်ကျဆုံး နှုန်းမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး ကလေးများ၏ ၆၆.၇% မျှသာ မူလတန်း ပညာရေးတွင် ကျောင်းဝင်ကြပါသည်။ *(ဇယား ၂-၇၅ နှင့် ပုံ ၂-၂၂ ကို ကြည့်ပါ)*

### *၉-၂။ မူလတန်းပညာရေးတွင် စုစုပေါင်း ကျောင်းဝင်နှုန်း*

မူလတန်း ပညာရေးတွင် စုစုပေါင်းကျောင်း ဝင်မှုနှုန်း ဆိုသည်မှာ အသက်အရွယ်မရွေး မူလတန်း ကျောင်းနေ ကျောင်းသားနှင့် တရားဝင် မူလတန်း ကျောင်းနေ အသက်အရွယ်ရှိ စုစုပေါင်း လူဦးရေ အချိုးဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ဤအချိုးမှာ ၁၁၃.၉ ဖြစ်ပါသည်။ ဤအချိုးသည် မြို့ပြတွင် ကျေးလက်ထက်နိမ့်ကျပြီး ၁၀၃.၇ ရှိ၍ ကျေးလက်တွင် ၁၁၆.၅ ရှိပါသည်။ ကျေးလက်တွင် အချိုး မြင့်မားရခြင်းမှာ ကျေးလက်တွင် ကလေးများသည် တရားဝင် မူလတန်းကျောင်းနေရန် အသက်အရွယ်ထက် အသက်ကြီးရင့်သည့် အချိန်တွင် ကျောင်းစတင်တက်ရောက်လေ့ ရှိခြင်း (သို့မဟုတ်) အတန်းကျနှုန်းပို၍ မြင့်မားခြင်းကြောင့် ဖြစ်ပါမည်။ ဤနှုန်းအနိမ့်ဆုံးမှာ ရန်ကုန်တိုင်းတွင် ဖြစ်၍ ၁၀၁.၅ ရှိပါသည်။ *(ဇယား ၂-၇၆ ကို ကြည့်ပါ)*

ဇယား ၂-၇၅။ မူလတန်းပညာရေးရှိ အသားတင် ကျောင်းဝင်နှုန်း[၆၈] (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ကယား | ၈၉.၂ | ၁၀၀.၀ | ၈၄.၈ | ၉၇.၂ | ၉၃.၁ | ၁ |
| စစ်ကိုင်း | ၉၁.၃ | ၇၉.၇ | ၉၁.၁ | ၈၉.၇ | ၉၀.၁ | ၂ |
| မန္တလေး | ၈၉.၀ | ၈၉.၁ | ၈၅.၂ | ၉၁.၇ | ၈၉.၀ | ၃ |
| ကချင် | ၈၈.၂ | ၈၉.၆ | ၈၈.၀ | ၈၉.၀ | ၈၈.၆ | ၄ |
| မကွေး | ၈၇.၅ | ၈၈.၉ | ၈၆.၄ | ၈၈.၇ | ၈၇.၆ | ၅ |
| ဧရာဝတီ | ၈၇.၁ | ၉၁.၂ | ၈၅.၀ | ၈၈.၇ | ၈၇.၆ | ၆ |
| ရန်ကုန် | ၈၄.၁ | ၈၉.၂ | ၈၂.၂ | ၈၉.၀ | ၈၇.၅ | ၇ |
| ကရင် | ၈၆.၀ | ၉၀.၉ | ၇၇.၇ | ၈၈.၂ | ၈၆.၄ | ၈ |
| တနင်္သာရီ | ၈၆.၀ | ၈၇.၈ | ၇၉.၀ | ၈၉.၇ | ၈၆.၃ | ၉ |
| ပဲခူး (အနောက်) | ၈၃.၉ | ၈၉.၆ | ၈၂.၃ | ၈၅.၄ | ၈၄.၄ | ၁၀ |
| ပဲခူး (အရှေ့) | ၈၂.၉ | ၉၁.၅ | ၇၂.၇ | ၈၉.၉ | ၈၄.၂ | ၁၁ |
| မွန် | ၈၁.၂ | ၉၂.၉ | ၇၇.၁ | ၈၄.၇ | ၈၂.၉ | ၁၂ |
| ချင်း | ၈၁.၀ | ၈၃.၁ | ၈၀.၅ | ၈၄.၁ | ၈၁.၄ | ၁၃ |
| ရှမ်း (တောင်) | ၇၉.၂ | ၇၉.၄ | ၇၂.၄ | ၈၃.၇ | ၇၉.၂ | ၁၄ |
| ရှမ်း (မြောက်) | ၇၆.၃ | ၈၉.၃ | ၇၄.၃ | ၈၃.၈ | ၇၉.၀ | ၁၅ |
| ရှမ်း (အရှေ့) | ၇၆.၀ | ၈၃.၃ | ၇၆.၈ | ၇၈.၆ | ၇၇.၆ | ၁၆ |
| ရခိုင် | ၆၅.၃ | ၇၄.၂ | ၅၈.၉ | ၇၂.၁ | ၆၆.၇ | ၁၇ |
| **ပြည်ထောင်စု** | **၈၄.၀** | **၈၇.၆** | **၈၀.၁** | **၈၇.၂** | **၈၄.၇** | |

ဇယား ၂-၇၆။ မူလတန်းအဆင့် စုစုပေါင်း ကျောင်းဝင်နှုန်း[၆၉] (%) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၁၁၀.၂ | ၉၇.၅ | ၉၈.၁ | ၁၀၂.၄ | ၁၀၁.၅ | ၁ |
| ကယား | ၉၇.၈ | ၁၁၅.၅ | ၁၀၂.၁ | ၁၀၅.၄ | ၁၀၄.၃ | ၂ |
| ရခိုင် | ၁၀၇.၅ | ၉၃.၇ | ၉၈.၁ | ၁၁၀.၄ | ၁၀၅.၃ | ၃ |
| ချင်း | ၁၁၂.၇ | ၉၂.၆ | ၁၁၂.၆ | ၉၆.၆ | ၁၀၈.၅ | ၄ |
| ပဲခူး (အရှေ့) | ၁၀၉.၈ | ၁၀၃.၄ | ၁၀၇.၈ | ၁၀၉.၄ | ၁၀၈.၉ | ၅ |
| ပဲခူး (အနောက်) | ၁၁၂.၀ | ၁၀၆.၉ | ၁၂၃.၁ | ၁၀၅.၇ | ၁၁၁.၆ | ၆ |
| ကရင် | ၁၁၀.၇ | ၁၂၂.၄ | ၉၃.၈ | ၁၁၅.၃ | ၁၁၁.၈ | ၇ |
| မကွေး | ၁၁၃.၂ | ၁၀၁.၇ | ၁၁၃.၉ | ၁၁၁.၁ | ၁၁၂.၄ | ၈ |
| မွန် | ၁၁၁.၃ | ၁၂၃.၂ | ၁၁၁.၅ | ၁၁၃.၅ | ၁၁၃.၁ | ၉ |
| ရှမ်း (မြောက်) | ၁၁၅.၇ | ၁၀၈.၉ | ၁၂၀.၈ | ၁၀၇.၇ | ၁၁၄.၃ | ၁၀ |
| ရှမ်း (အရှေ့) | ၁၁၆.၆ | ၁၀၇.၁ | ၁၁၂.၄ | ၁၁၇.၅ | ၁၁၄.၆ | ၁၁ |
| ကချင် | ၁၂၂.၇ | ၁၀၁.၇ | ၁၁၇.၄ | ၁၁၇.၀ | ၁၁၇.၂ | ၁၂ |
| မန္တလေး | ၁၂၀.၃ | ၁၀၈.၆ | ၁၁၈.၀ | ၁၁၇.၀ | ၁၁၇.၄ | ၁၃ |
| စစ်ကိုင်း | ၁၂၁.၃ | ၁၀၀.၇ | ၁၂၃.၆ | ၁၁၇.၂ | ၁၁၉.၀ | ၁၄ |
| ရှမ်း (တောင်) | ၁၂၁.၉ | ၁၀၇.၈ | ၁၂၅.၆ | ၁၁၆.၁ | ၁၁၉.၉ | ၁၅ |
| ဧရာဝတီ | ၁၂၁.၆ | ၁၁၂.၃ | ၁၁၉.၂ | ၁၂၁.၀ | ၁၂၀.၄ | ၁၆ |
| တနင်္သာရီ | ၁၂၆.၇ | ၁၀၉.၄ | ၁၂၈.၃ | ၁၂၁.၄ | ၁၂၃.၆ | ၁၇ |
| **ပြည်ထောင်စု** | **၁၁၆.၅** | **၁၀၃.၇** | **၁၁၄.၅** | **၁၁၃.၅** | **၁၁၃.၉** | |

[၆၈] ဒုတိယအကြိမ် စစ်တမ်းကောက်ယူချိန်မတိုင်မီ လများသည် ကျောင်းသားများအတွက် ကျောင်းပိတ်ရက်များဖြစ်နေသောကြောင့် ကျောင်းဝင်နှုန်းနှင့် ပတ်သက်သည့် မေးခွန်းများကို ပထမအကြိမ်စစ်တမ်းကောက်ယူသည့် မေးခွန်းလွှာပုံစံတွင်သာ ဖော်ပြမေးမြန်းထားပါသည်။

[၆၉] ဒုတိယအကြိမ် စစ်တမ်းကောက်ယူချိန်မတိုင်မီလများသည် ကျောင်းသားများအတွက် ကျောင်းပိတ်ရက်ဖြစ်နေသဖြင့် ကျောင်းဝင်နှုန်းနှင့် ပတ်သက်သည့် မေးခွန်းများကို ပထမအကြိမ် စစ်တမ်းကောက်ယူသည့် မေးခွန်းလွှာပုံစံတွင်သာ ဖော်ပြမေးမြန်းထားပါသည်။

## ***၉-၃။ မူလတန်း ပညာရေးရှိ ကျောင်းသား/ကျောင်းသူ အချိုး***

ပုံ ၂-၂၃။ မူလတန်းအဆင့် ကျောင်းဝင်သည့် မိန်းကလေးနှင့် ယောက်ျားကလေး အချိုး (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း)





ပြည်ထောင်စုအဆင့်၌ မူလတန်း ပညာရေးရှိ ကျောင်းသား/ကျောင်းသူ အချိုးမှာ ၉၆.၁ (ကျား ၁၀၀ လျှင်)ဖြစ်ပါသည်။ ကျေးလက်ဒေသတွင် ကျောင်းသား /ကျောင်းသူ အချိုးမှာ အမြင့်ဆုံး ဖြစ်ပြီး ယောက်ျား ကလေး (၁၀၀)လျှင် မိန်းကလေး ၉၈ ဦး ရှိပါသည်။ ဤအချိုးသည် မြို့ပြဒေသတွင် နိမ့်ကျ၍ ယောက်ျား ကလေး (၁၀၀) လျှင် မိန်းကလေး ၈၇.၈ ဦး ရှိပါသည်။ ဤအချိုးသည် ကျေးလက်ဒေသတွင် ပိုမိုမြင့်မား နေရခြင်းမှာ ယောက်ျားကလေးများသည် ဝင်ငွေရသည့် အလုပ်များ အထူးသဖြင့် လယ်ယာလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်ရသောကြောင့် ဖြစ်ပါသည်။ ယောက်ျား ကလေးနှင့် မိန်းကလေးအချိုးသည် ဆင်းရဲသည့် အိမ်ထောင်စုရှိ ကလေးများအတွက် ပိုမို မြင့်မားပြီး၊ ယောက်ျားကလေး (၁၀၀)လျှင် မိန်းကလေး ၁၀၀.၅ ဦးဖြစ်ပြီး မဆင်းရဲသော အိမ်ထောင်စုများတွင် ပိုမို နိမ့်ကျကာ ယောက်ျားကလေး (၁၀၀) လျှင် မိန်းကလေး ၉၃.၇ ဦး ရှိပါသည်။ ဤအချိုးသည် ပြည်နယ်နှင့် တိုင်းများအကြား သိသာစွာ ကွာခြားပါသည်။ မကွေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီ တိုင်းတို့တွင် အချိုးမှာ ၁၀၀ အထက်ရှိပြီး၊ ပဲခူးတိုင်း (အရှေ့ပိုင်း)၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် (၁၀၀) အောက် ရှိပါသည်။ ***(ဇယား ၂-၇၇ နှင့် ပုံ ၂-၂၃ ကို ကြည့်ပါ)***

ဇယား ၂-၇၇။ မူလတန်းအဆင့် ကျောင်းဝင်သည့် မိန်းကလေး/ယောကျ်ားကလေး အချိုး[၃၀] (ကျား ၁၀၀ လျှင်) (ပထမ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | တန်ဖိုး | အဆင့် |
| မကွေး | ၁၂၄.၆ | ၆၇.၉ | ၁၃၇.၁ | ၁၀၆.၄ | ၁၂၀.၂ | ၁ |
| တနင်္သာရီ | ၁၁၁.၇ | ၉၅.၃ | ၁၀၃.၇ | ၁၁၁.၆ | ၁၀၈.၉ | ၂ |
| ဧရာဝတီ | ၁၀၀.၂ | ၉၉.၈ | ၁၀၁.၁ | ၉၉.၈ | ၁၀၀.၂ | ၃ |
| ပဲခူး (အနောက်) | ၉၉.၂ | ၉၇.၁ | ၁၀၂.၈ | ၉၆.၉ | ၉၉.၁ | ၄ |
| ကရင် | ၁၀၁.၂ | ၈၀.၅ | ၁၀၆.၃ | ၉၇.၈ | ၉၈.၉ | ၅ |
| ရှမ်း (မြောက်) | ၉၆.၇ | ၁၀၅.၀ | ၉၂.၂ | ၁၀၅.၇ | ၉၈.၃ | ၆ |
| စစ်ကိုင်း | ၉၈.၃ | ၉၀.၆ | ၁၀၅.၅ | ၉၄.၄ | ၉၇.၆ | ၇ |
| ရှမ်း (အရှေ့) | ၉၈.၅ | ၉၂.၈ | ၉၉.၇ | ၉၄.၃ | ၉၇.၃ | ၈ |
| ကယား | ၇၃.၅ | ၁၄၃.၄ | ၉၁.၈ | ၉၈.၅ | ၉၆.၃ | ၉ |
| ကချင် | ၁၀၂.၇ | ၇၆.၇ | ၁၂၃.၈ | ၇၆.၅ | ၉၆.၁ | ၁၀ |
| ချင်း | ၉၇.၆ | ၇၃.၈ | ၁၀၂.၇ | ၆၅.၅ | ၉၂.၉ | ၁၁ |
| ရန်ကုန် | ၉၇.၁ | ၈၉.၉ | ၁၁၃.၈ | ၈၇.၆ | ၉၂.၄ | ၁၂ |
| မွန် | ၉၄.၃ | ၇၉.၂ | ၁၃၀.၅ | ၈၂.၄ | ၉၁.၇ | ၁၃ |
| ရခိုင် | ၉၁.၃ | ၈၉.၄ | ၈၉.၄ | ၉၂.၀ | ၉၁.၀ | ၁၄ |
| ရှမ်း (တောင်) | ၉၀.၄ | ၇၆.၈ | ၉၉.၅ | ၈၁.၄ | ၈၈.၆ | ၁၅ |
| မန္တလေး | ၈၈.၉ | ၈၆.၃ | ၈၁.၇ | ၉၃.၄ | ၈၈.၃ | ၁၆ |
| ပဲခူး (အရှေ့) | ၈၆.၂ | ၇၁.၃ | ၇၈.၄ | ၈၆.၇ | ၈၃.၉ | ၁၇ |
| **ပြည်ထောင်စု** | **၉၈.၀** | **၈၇.၈** | **၁၀၀.၅** | **၉၃.၇** | **၉၆.၁** | |

ဇယား ၂-၇၈။ သက်ကြီးစာတတ်မြောက်မှုနှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | ဆင်းရဲမှုအခြေအနေ | | ကျား/ မ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | ဆင်းရဲသူ | မဆင်းရဲသူ | မ | ကျား | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၈၉.၆ | ၉၄.၉ | ၉၀.၀ | ၉၄.၄ | ၉၁.၇ | ၉၆.၀ | ၉၃.၇ | ၁ |
| ပဲခူး (အနောက်) | ၈၉.၂ | ၉၃.၇ | ၈၄.၉ | ၉၂.၀ | ၈၇.၈ | ၉၁.၉ | ၈၉.၈ | ၂ |
| ဧရာဝတီ | ၈၉.၀ | ၉၃.၄ | ၈၇.၇ | ၉၀.၆ | ၈၈.၂ | ၉၁.၆ | ၈၉.၈ | ၃ |
| စစ်ကိုင်း | ၈၈.၁ | ၉၂.၄ | ၈၇.၄ | ၈၉.၁ | ၈၅.၈ | ၉၂.၁ | ၈၈.၇ | ၄ |
| မွန် | ၈၆.၇ | ၉၃.၄ | ၈၂.၇ | ၈၉.၄ | ၈၆.၁ | ၉၀.၁ | ၈၈.၀ | ၅ |
| မန္တလေး | ၈၄.၃ | ၉၁.၆ | ၈၃.၀ | ၈၈.၆ | ၈၂.၀ | ၉၁.၇ | ၈၆.၅ | ၆ |
| ကချင် | ၈၄.၂ | ၉၀.၁ | ၈၂.၉ | ၈၈.၃ | ၈၄.၃ | ၈၇.၈ | ၈၆.၀ | ၇ |
| တနင်္သာရီ | ၈၅.၀ | ၈၈.၈ | ၈၄.၄ | ၈၆.၅ | ၈၄.၆ | ၈၇.၂ | ၈၅.၈ | ၈ |
| ပဲခူး (အရှေ့) | ၈၄.၁ | ၉၁.၇ | ၈၃.၂ | ၈၆.၃ | ၈၁.၅ | ၈၉.၆ | ၈၅.၄ | ၉ |
| ချင်း | ၈၁.၇ | ၉၂.၆ | ၈၄.၁ | ၈၄.၇ | ၇၈.၅ | ၉၀.၅ | ၈၄.၃ | ၁၀ |
| မကွေး | ၈၂.၃ | ၉၃.၆ | ၇၈.၃ | ၈၇.၀ | ၇၉.၃ | ၈၈.၅ | ၈၃.၅ | ၁၁ |
| ကရင် | ၈၀.၀ | ၉၁.၅ | ၈၁.၉ | ၈၁.၇ | ၈၁.၀ | ၈၂.၅ | ၈၁.၇ | ၁၂ |
| ကယား | ၇၀.၈ | ၈၅.၄ | ၇၅.၇ | ၇၆.၉ | ၇၃.၂ | ၈၀.၀ | ၇၆.၅ | ၁၃ |
| ရှမ်း (တောင်) | ၆၆.၄ | ၈၆.၁ | ၆၅.၈ | ၇၅.၆ | ၆၈.၁ | ၇၅.၇ | ၇၁.၉ | ၁၄ |
| ရှမ်း (မြောက်) | ၆၃.၈ | ၇၈.၂ | ၆၀.၈ | ၇၃.၆ | ၆၃.၄ | ၇၁.၁ | ၆၇.၁ | ၁၅ |
| ရခိုင် | ၅၉.၇ | ၈၆.၆ | ၅၂.၆ | ၇၃.၃ | ၆၁.၇ | ၇၀.၃ | ၆၅.၈ | ၁၆ |
| ရှမ်း (အရှေ့) | ၃၄.၇ | ၆၄.၆ | ၃၃.၈ | ၄၉.၅ | ၃၈.၄ | ၄၄.၈ | ၄၁.၆ | ၁၇ |
| **ပြည်ထောင်စု** | **၈၂.၁** | **၉၂.၁** | **၇၈.၈** | **၈၇.၆** | **၈၂.၀** | **၈၈.၂** | **၈၄.၉** | |

[၃၀] ဒုတိယအကြိမ် စစ်တမ်းကောက်ယူချိန်မတိုင်မီလများသည် ကျောင်းသားများအတွက် ကျောင်းပိတ်ရက်များ ဖြစ်နေသဖြင့် ကျောင်းဝင်နှုန်းနှင့် ပတ်သက်သည့် မေးခွန်းများကို ပထမအကြိမ်စစ်တမ်းကောက်ယူသည့် မေးခွန်းလွှာပုံစံတွင်သာ ဖော်ပြမေးမြန်းထားပါသည်။

## ၉-၄။ သက်ကြီးစာတတ်မြောက်မှုနှုန်း

ပုံ ၂-၂၄။ သက်ကြီး စာတတ်မြောက်မှု နှုန်း (%) (ဒုတိယ အကြိမ် စစ်တမ်း)





ပြည်ထောင်စုအဆင့်တွင် အသက် ၁၅နှစ်နှင့် အထက်ရှိသူများ၏ စာတတ်မြောက်မှုနှုန်း[၃၁]သည် ၈၄.၉% ဖြစ်ပါသည်။ ဤအချိုးသည် ကျေးလက် (၈၂.၁%)ထက် မြို့ပြ(၉၂.၁%) တွင် ပိုမို မြင့်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ စာတတ်မြောက်မှုနှုန်းမှာ မဆင်းရဲသော အိမ်ထောင်စုများထက် ပိုမိုနိမ့်ကျပြီး ၇၈.၈%နှင့် ၈၇.၆%အသီးသီး ရှိကြပါသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် စာတတ်မြောက်မှုနှုန်း (၄၁.၆%)သည် အနိမ့်ဆုံးဖြစ်၍ ရခိုင်ပြည်နယ် (၆၅.၈%)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) (၆၇.၁%) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (၇၁.၉%) တို့တွင်လည်း နိမ့်ကျပါသည်။ ရန်ကုန်တိုင်းသည် စာတတ် မြောက်မှုနှုန်း အမြင့်ဆုံး ဖြစ်၍ ၉၃.၇% ရှိပါသည်။ ***(ဇယား ၂-၃၈နှင့် ပုံ ၂-၂၄ ကို ကြည့်ပါ)***

## ၉-၅။ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိမှု

ဤအခန်းသည် ပထမအကြိမ် IHLCA စစ်တမ်း ကောက်ချိန်အတွင်း ရောက်ရှိခဲ့သည့် ရပ်ကွက်စိတ်များနှင့် ကျေးရွာများတွင် ကောက်ယူခဲ့သည့် အားလုံးသော ရပ်ရွာလေ့လာ ဆန်းစစ်ချက် စစ်တမ်း၏ ရလဒ်များအပေါ် အခြေခံထားပါသည်။ ရပ်ရွာလေ့လာ ဆန်းစစ်ချက် စစ်တမ်းသည် ကန့်သတ်ထားသည့် ရပ်ကွက်စိတ်များနှင့် ကျေးရွာများရှိ လူဦးရေအတွက် ရရှိနိုင်သည့် အခြေခံ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများ ဆိုင်ရာ သတင်းအချက် အလက်များကိုသာ ဖော်ပြရန် ရည်ရွယ်ပါသည်။ ဤရပ်ရွာ လေ့လာ ဆန်းစစ်ချက် စစ်တမ်းသည် မြန်မာနိုင်ငံရှိ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုပေးရာဌာန အားလုံးကို ကိုယ်စားပြုရန် ရည်ရွယ်ခဲ့ခြင်းမရှိပါ။

### မူလတန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှု

မူလတန်းကျောင်းအား လက်လှမ်းမီမှု[၃၂] ကို မူလတန်းကျောင်း တစ်ကျောင်းမှ မိနစ် (၃၀) လမ်းလျှောက် အကွာအဝေးအတွင်း နေထိုင်သည့် လူဦးရေအချိုးဖြင့် တိုင်းတာပါသည်။ ဤအဓိပ္ပာယ် သတ်မှတ်ချက်အရ လူဦးရေ၏ ၉၁.၄% သည် မူလတန်းကျောင်း တစ်ကျောင်းအား (အကွာအဝေးအရ) လက်လှမ်းမီပါသည်။ ဤနှုန်း သည် မြို့ပြထက်၊ ကျေးလက်တွင် ပိုမိုနိမ့်ကျပြီး ၉၆.၄% နှင့် ၈၉.၆% အသီးသီး ရှိပါသည်။ မူလတန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုနှုန်း အနည်းဆုံး ဖြစ်သည့် ပြည်နယ်နှင့် တိုင်းများမှာ ရခိုင်ပြည်နယ် (၇၂.၁%) နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) (၇၈.၂%) တို့ ဖြစ်ပါသည်။ ***(ဇယား ၂-၇၉ နှင့် ပုံ ၂-၂၅ ကို ကြည့်ပါ)***

---

[၃၁] စာတတ်မြောက်မှုနှုန်းဆိုသည်မှာ သာမန်စာပိုဒ်တစ်ပိုဒ်ကို ဖတ်ရှု နားလည်နိုင်စွမ်း ရှိပြီး သာမန်သချ်ာ ပုစ္ဆာများကို ဖြေရှင်း တွက်ချက်နိုင်သည့် လူဦးရေအချိုး (သို့) ဒုတိယတန်းအောင်မြင်သည့် လူဦးရေအချိုး ဖြစ်ပါသည်။ ဒုတိယတန်း မအောင်မြင်သူများအတွက် စစ်တမ်း ကောက်ယူစဥ်တွင် စစ်တမ်းမေးခွန်းများကို ဖြေဆိုသူများသည် သာမန်စာပိုဒ်ကို လွယ်ကူစွာဖတ်ရှု၍ အဓိပ္ပာယ်ကို ရှင်းပြနိုင်ပြီး သာမန် သချ်ာပုစ္ဆာများကို မှန်ကန်စွာ ဖြေရှင်း တွက်ချက်နိုင်သူများ ဖြစ်ပါက စာတတ်မြောက်သည်ဟု မှတ်ယူပါ သည်။

[၃၂] ဤညွှန်ကိန်းသည် ကျောင်းသို့ ပညာသင်ယူရန် ကိုယ်တိုင်သွားရောက်နိုင်မှုအကွာအဝေးအခြေအနေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်သာ ဖော်ပြပြီး၊ အခြေခံအဆောက်အအုံ သို့မဟုတ် ပညာရေး၏ အရည်အသွေးနှင့် သက်ဆိုင်သည့် သတင်း အချက် အလက်များ ဖော်ပြခြင်း မပြုသည်ကို သတိပြုရန် အရေးကြီးပါသည်။

ပုံ ၂-၂၅။ မူလတန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%)





## အလယ်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှု

အလယ်တန်းကျောင်းအား လက်လှမ်းမီမှုကို အလယ်တန်းကျောင်း တစ်ကျောင်းမှ မိနစ် (၃၀)လမ်းလျှောက် အကွာအဝေးအတွင်း နေထိုင်သည့် လူဦးရေအချိုးဖြင့် တိုင်းတာသည်။[၃၃] ဤအဓိပ္ပာယ် သတ်မှတ်ချက်အရ လူဦးရေ၏ ၄၆%မျှသာ အလယ်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီပါသည်။ ဤနှုန်းသည် မြို့ပြထက် ကျေးလက်တွင် ပိုမို နိမ့်ကျပြီး ၇၅.၅% နှင့် ၃၅.၇% အသီးသီး ရှိပါသည်။ အလယ်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုနှုန်း အနိမ့်ဆုံးရှိသည့် ပြည်နယ်နှင့် တိုင်းများမှာ မန္တလေးတိုင်း (၂၀.၄%)၊ ရခိုင်ပြည်နယ် (၂၈.၃%)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (၃၀.၁%) တို့ ဖြစ်ပါသည်။ ***(ဇယား ၂-၈၀ နှင့် ပုံ ၂-၂၆ ကို ကြည့်ပါ)***

[၃၃] ဤညွှန်ကိန်းသည် ကျောင်းသို့ လူကိုယ်တိုင် သွားရောက်နိုင်မှုနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်ကိုသာ ဖော်ပြပြီး၊ အခြေခံ အဆောက်အအုံ၏ အရည်အသွေးနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်ကိုသော်လည်းကောင်း၊ ပညာရေး၏ အရည်အသွေးနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်ကိုသော်လည်းကောင်း၊ ဖော်ပြခြင်းမပြုသည်ကို သတိပြုရန် အရေးကြီးပါသည်။

ပုံ ၂-၂၆။ အလယ်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%)





## အထက်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှု

အထက်တန်း ကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုကို အထက်တန်းကျောင်း တစ်ကျောင်းမှ မိနစ် ၃၀လမ်းလျှောက် အကွာအဝေးအတွင်း နေထိုင်သည့် လူဦးရေအချိုးဖြင့် တိုင်းတာပါသည်။[၃၄] ဤအဓိပ္ပာယ် သတ်မှတ်ချက်အရ ပြည်ထောင်စု အဆင့်တွင် လူဦးရေ၏ ၃၁.၈% မျှသာ အထက်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှု ရှိပါသည်။ ဤနှုန်းသည် မြို့ပြမှာထက် ကျေးလက်တွင် ပိုမို နိမ့်ကျပြီး ၇၅.၂% နှင့် ၁၆.၅% အသီးသီး ရှိပါသည်။ အထက်တန်းကျောင်း တစ်ကျောင်းအား လက်လှမ်းမီမှုနှုန်း အနိမ့်ဆုံး ပြည်နယ်နှင့် တိုင်းများမှာ မကွေးတိုင်း (၁၂.၆%)၊ ရခိုင်ပြည်နယ်(၁၇.၃%)၊ ပဲခူးတိုင်း

[၃၄] ဤညွှန်ကိန်းသည် ကျောင်းသို့ လူကိုယ်တိုင် သွားရောက်နိုင်မှုနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်ကိုသာ ဖော်ပြပြီး၊ အခြေခံ အဆောက်အအုံ၏ အရည်အသွေးနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်ကိုသော်လည်းကောင်း၊ ပညာရေး၏ အရည်အသွေးနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်ကိုသော်လည်းကောင်း၊ ဖော်ပြခြင်း မပြုသည်ကို သတိပြုရန် အရေးကြီးပါသည်။

(အနောက်ပိုင်း) (၁၉.၆%)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) (၁၉.၈%) တို့ဖြစ်သည်။ *(ဇယား ၂-၈၁ နှင့် ပုံ ၂-၂၇ ကို ကြည့်ပါ)*

## *၉-၆။ ကျောင်းသားနှင့် ကျောင်းဆရာအချိုး* မူလတန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာ အချိုး

စစ်တမ်း ကောက်ယူသည့် မူလတန်း ကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာ အချိုးမှာ ပျမ်းမျှအားဖြင့်ဆရာတစ်ဦးလျှင် ကျောင်းသား ၃၀ဦး ရှိပါသည်။ ကျေးလက်နှင့် မြို့ပြဒေသများအကြား ကျောင်းသားနှင့် ကျောင်းဆရာအချိုး သိသိသာသာ ကွာခြားမှုမရှိပါ။ ကျောင်းသားနှင့် ကျောင်းဆရာအချိုး အမြင့်ဆုံးမှာ ရခိုင်ပြည်နယ်တွင် ဖြစ်၍ ဆရာတစ်ဦးလျှင် ကျောင်းသား ၃၈ ဦးရှိပြီး အနိမ့်ဆုံးအချိုးကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် တွေ့ရှိရ၍ ဆရာတစ်ဦးလျှင် ကျောင်းသား ၂၀ဦး ထက်နည်း ပါသည်။ *(ဇယား ၂-၈၂ ကို ကြည့်ပါ)*

ပုံ ၂-၂၇။ အထက်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%)





ဇယား ၂-၇၉။ မူလတန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ကရင် | ၉၈.၈ | ၁၀၀.၀ | ၉၈.၉ | ၁ |
| တနင်္သာရီ | ၉၆.၉ | ၁၀၀.၀ | ၉၇.၅ | ၂ |
| ရန်ကုန် | ၈၆.၈ | ၁၀၀.၀ | ၉၆.၈ | ၃ |
| ဧရာဝတီ | ၉၅.၃ | ၁၀၀.၀ | ၉၆.၁ | ၄ |
| ပဲခူး (အရှေ့) | ၉၆.၀ | ၉၄.၉ | ၉၅.၈ | ၅ |
| မန္တလေး | ၉၄.၇ | ၉၇.၃ | ၉၅.၄ | ၆ |
| မွန် | ၉၄.၆ | ၉၆.၆ | ၉၄.၉ | ၇ |
| ကချင် | ၉၁.၉ | ၉၇.၅ | ၉၃.၄ | ၈ |
| စစ်ကိုင်း | ၉၂.၆ | ၉၄.၈ | ၉၂.၉ | ၉ |
| ရှမ်း (မြောက်) | ၈၉.၂ | ၉၁.၂ | ၈၉.၆ | ၁၀ |
| ချင်း | ၈၃.၆ | ၁၀၀.၀ | ၈၇.၂ | ၁၁ |
| မကွေး | ၈၇.၀ | ၈၁.၉ | ၈၆.၅ | ၁၂ |
| ကယား | ၈၉.၅ | ၈၁.၀ | ၈၆.၃ | ၁၃ |
| ရှမ်း (အရှေ့) | ၈၅.၂ | ၈၄.၄ | ၈၅.၀ | ၁၄ |
| ရှမ်း (တောင်) | ၇၇.၄ | ၉၁.၅ | ၈၀.၆ | ၁၅ |
| ပဲခူး (အနောက်) | ၇၇.၆ | ၈၂.၅ | ၇၈.၂ | ၁၆ |
| ရခိုင် | ၆၈.၈ | ၈၅.၃ | ၇၂.၁ | ၁၇ |
| **ပြည်ထောင်စု** | **၈၉.၆** | **၉၆.၄** | **၉၁.၄** | |

ဇယား ၂-၈၀။ အလယ်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး(%)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ကယား | ၈၂.၄ | ၁၀၀.၀ | ၈၉.၀ | ၁ |
| ရန်ကုန် | ၃၈.၁ | ၈၇.၄ | ၇၅.၅ | ၂ |
| တနင်္သာရီ | ၅၁.၃ | ၇၇.၄ | ၅၆.၇ | ၃ |
| ကချင် | ၄၅.၇ | ၇၇.၉ | ၅၄.၇ | ၄ |
| ချင်း | ၄၄.၇ | ၈၉.၀ | ၅၄.၅ | ၅ |
| ဧရာဝတီ | ၄၂.၈ | ၉၀.၀ | ၅၀.၉ | ၆ |
| ရှမ်း (တောင်) | ၃၇.၅ | ၈၀.၀ | ၄၇.၃ | ၇ |
| စစ်ကိုင်း | ၄၂.၃ | ၇၇.၆ | ၄၇.၂ | ၈ |
| မွန် | ၄၅.၉ | ၄၅.၂ | ၄၅.၇ | ၉ |
| မန္တလေး | ၃၅.၄ | ၆၂.၉ | ၄၃.၂ | ၁၀ |
| ကရင် | ၃၄.၈ | ၈၄.၉ | ၄၁.၈ | ၁၁ |
| ပဲခူး (အရှေ့) | ၃၄.၄ | ၇၀.၃ | ၄၀.၂ | ၁၂ |
| ရှမ်း (အရှေ့) | ၃၂.၀ | ၆၇.၀ | ၃၉.၈ | ၁၃ |
| ပဲခူး (အနောက်) | ၃၂.၆ | ၇၀.၁ | ၃၆.၉ | ၁၄ |
| ရှမ်း (မြောက်) | ၂၁.၄ | ၆၆.၇ | ၃၁.၁ | ၁၅ |
| ရခိုင် | ၂၄.၅ | ၄၃.၅ | ၂၈.၃ | ၁၆ |
| မကွေး | ၁၉.၄ | ၄၀.၈ | ၂၁.၄ | ၁၇ |
| **ပြည်ထောင်စု** | **၃၅.၇** | **၇၅.၅** | **၄၆.၀** | |

ဇယား ၂-၈၁။ အထက်တန်းကျောင်းတစ်ကျောင်းအား လက်လှမ်းမီသည့် လူဦးရေအချိုး (%)

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ရန်ကုန် | ၁၈.၁ | ၈၄.၅ | ၆၈.၆ | ၁ |
| မွန် | ၃၆.၇ | ၉၂.၄ | ၄၇.၃ | ၂ |
| ကချင် | ၂၉.၄ | ၈၆.၄ | ၄၅.၅ | ၃ |
| ရှမ်း (အရှေ့) | ၁၇.၃ | ၈၂.၆ | ၃၁.၉ | ၄ |
| ဧရာဝတီ | ၂၀.၂ | ၈၆.၁ | ၃၁.၄ | ၅ |
| တနင်္သာရီ | ၁၉.၃ | ၇၆.၉ | ၃၁.၂ | ၆ |
| မန္တလေး | ၁၅.၈ | ၆၇.၅ | ၃၀.၄ | ၇ |
| ပဲခူး (အရှေ့) | ၂၅.၈ | ၅၄.၂ | ၃၀.၄ | ၈ |
| ကယား | ၀.၀ | ၇၁.၃ | ၂၇.၀ | ၉ |
| ရှမ်း (တောင်) | ၁၂.၉ | ၆၈.၉ | ၂၅.၉ | ၁၀ |
| ကရင် | ၁၃.၂ | ၈၇.၁ | ၂၃.၆ | ၁၁ |
| ချင်း | ၁၃.၂ | ၅၉.၆ | ၂၃.၆ | ၁၂ |
| စစ်ကိုင်း | ၁၂.၄ | ၇၁.၃ | ၂၀.၆ | ၁၃ |
| ရှမ်း (မြောက်) | ၅.၉ | ၇၀.၅ | ၁၉.၈ | ၁၄ |
| ပဲခူး (အနောက်) | ၁၄.၇ | ၅၈.၁ | ၁၉.၆ | ၁၅ |
| ရခိုင် | ၁၀.၉ | ၄၂.၄ | ၁၇.၃ | ၁၆ |
| မကွေး | ၈.၇ | ၄၉.၆ | ၁၂.၆ | ၁၇ |
| **ပြည်ထောင်စု** | **၁၆.၅** | **၇၅.၂** | **၃၁.၈** | |

ဇယား ၂-၈၂။ စစ်တမ်းကောက်ယူသည့် မူလတန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာအချိုး

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ရှမ်း (အရှေ့) | ၁၈.၄ | ၂၂.၈ | ၁၉.၃ | ၁ |
| ကယား | ၂၃.၇ | ၂၁.၁ | ၂၂.၄ | ၂ |
| ကချင် | ၂၄.၁ | ၂၄.၂ | ၂၄.၂ | ၃ |
| ရှမ်း (တောင်) | ၂၂.၂ | ၂၇.၁ | ၂၄.၃ | ၄ |
| ရှမ်း (မြောက်) | ၂၄.၇ | ၂၉.၁ | ၂၅.၅ | ၅ |
| ပဲခူး (အနောက်) | ၂၂.၂ | ၃၅.၅ | ၂၆.၂ | ၆ |
| မကွေး | ၂၈.၄ | ၂၂.၂ | ၂၆.၇ | ၇ |
| စစ်ကိုင်း | ၂၉.၉ | ၂၂.၈ | ၂၇.၂ | ၈ |
| ချင်း | ၂၈.၇ | ၂၅.၅ | ၂၇.၇ | ၉ |
| ပဲခူး (အရှေ့) | ၂၉.၉ | ၂၅.၈ | ၂၈.၇ | ၁၀ |
| တနင်္သာရီ | ၂၉.၃ | ၃၁.၂ | ၂၉.၆ | ၁၁ |
| ရန်ကုန် | ၃၃.၃ | ၃၀.၄ | ၃၁.၁ | ၁၂ |
| ကရင် | ၃၂.၄ | ၂၉.၆ | ၃၁.၅ | ၁၃ |
| ဧရာဝတီ | ၃၆.၂ | ၂၆.၀ | ၃၂.၄ | ၁၄ |
| မွန် | ၃၃.၅ | ၃၀.၄ | ၃၂.၅ | ၁၅ |
| မန္တလေး | ၃၄.၅ | ၃၁.၉ | ၃၃.၂ | ၁၆ |
| ရခိုင် | ၃၉.၂ | ၃၄.၆ | ၃၈.၃ | ၁၇ |
| ပြည်ထောင်စု | ၃၀.၆ | ၂၈.၆ | ၂၉.၉ | |

## အလယ်တန်း ကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာ အချိုး

စစ်တမ်း ကောက်ယူသည့် အလယ်တန်း ကျောင်းများတွင် ပျှမ်းမျှအားဖြင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၃၀ ဦး ရှိပါသည်။ ဤအချိုးသည် မြို့ပြဒေသထက် ကျေးလက်ဒေသ များတွင် အနည်းငယ် ပိုမို မြင့်မားပါသည်။ (ဆရာတစ်ဦးလျှင် ကျောင်းသား၂၉ ဦးနှင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၃၃ ဦး ရှိပါသည်။) စစ်တမ်း ကောက်ယူသည့် အလယ်တန်းကျောင်းများတွင် ကျောင်းသားနှင့် ကျောင်းဆရာအချိုး အမြင့်ဆုံးမှာ တနင်္သာရီတိုင်းတွင်ဖြစ်ပြီး၊ ဆရာတစ်ဦးလျှင် ကျောင်းသား ၃၈ ဦး ရှိပါသည်။ ဤအချိုး အနိမ့်ဆုံးမှာ ပဲခူးတိုင်း (အနောက်ပိုင်း) ဖြစ်ပြီး ဆရာတစ်ဦးလျှင် ကျောင်းသား ၂၂ ဦး ရှိပါသည်။ ***(ဇယား ၂-၈၃ ကို ကြည့်ပါ)***

## အထက်တန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာ အချိုး

စစ်တမ်း ကောက်ယူသည့် အထက်တန်း ကျောင်းများတွင် ပျှမ်းမျှအားဖြင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၃၉ ဦး ရှိပါသည်။ ဤအချိုးသည် ကျေးလက်ဒေသထက် မြို့ပြဒေသများတွင် အနည်းငယ် ပိုမို မြင့်မားပါသည်။ (ဆရာတစ်ဦးလျှင် ကျောင်းသား ၃၇ ဦးနှင့် ဆရာတစ်ဦးလျှင် ကျောင်းသား ၄၂ ဦး ရှိပါသည်။ စာရင်းကောက်ယူသည့် အထက်တန်းကျောင်းများတွင် ကျောင်းသားနှင့် ကျောင်းဆရာအချိုး အမြင့်မားဆုံး ရှိသည့် ပြည်နယ်နှင့် တိုင်းများမှာ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဖြစ်ပြီး ဆရာတစ်ဦးလျှင် ကျောင်းသား ၉၃ ဦးနှင့် ဆရာတစ်ဦးလျှင် ၆၀ ဦး အသီးသီး ရှိပါသည်။ ***(ဇယား ၂-၈၄ ကို ကြည့်ပါ)***

ဇယား ၂-၈၃။ စစ်တမ်းကောက်ယူသည့် အလယ်တန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာအချိုး

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ပဲခူး (အနောက်) | ၂၃.၉ | ၁၃.၉ | ၂၂.၁ | ၁ |
| ကယား | ၂၅.၁ | ၂၄.၅ | ၂၅.၀ | ၂ |
| ရှမ်း (အရှေ့) | ၂၃.၇ | ၂၉.၂ | ၂၅.၇ | ၃ |
| ရှမ်း (တောင်) | ၂၆.၇ | ၂၅.၈ | ၂၆.၄ | ၄ |
| မကွေး | ၂၈.၇ | ၂၈.၃ | ၂၈.၆ | ၅ |
| ရန်ကုန် | ၃၈.၄ | ၂၈.၁ | ၃၀.၆ | ၆ |
| စစ်ကိုင်း | ၃၁.၄ | ၃၀.၂ | ၃၁.၁ | ၇ |
| ဧရာဝတီ | ၃၃.၂ | ၂၃.၈ | ၃၁.၁ | ၈ |
| ချင်း | ၃၄.၀ | ၂၂.၅ | ၃၁.၅ | ၉ |
| ကရင် | ၃၂.၀ | ၃၂.၁ | ၃၂.၀ | ၁၀ |
| ရခိုင် | ၃၆.၃ | ၂၄.၄ | ၃၂.၅ | ၁၁ |
| ကချင် | ၃၃.၇ | ၂၇.၈ | ၃၃.၀ | ၁၂ |
| ပဲခူး (အရှေ့) | ၃၅.၇ | ၂၇.၆ | ၃၃.၀ | ၁၃ |
| ရှမ်း (မြောက်) | ၃၄.၃ | ၃၆.၆ | ၃၅.၄ | ၁၄ |
| မွန် | ၃၆.၇ | ၃၃.၆ | ၃၆.၂ | ၁၅ |
| မန္တလေး | ၃၇.၇ | ၃၃.၀ | ၃၆.၃ | ၁၆ |
| တနင်္သာရီ | ၃၇.၁ | ၄၀.၇ | ၃၈.၁ | ၁၇ |
| **ပြည်ထောင်စု** | **၃၃.၁** | **၂၉.၂** | **၃၂.၀** | |

ဇယား ၂-၈၄။ စစ်တမ်းကောက်ယူသည့် အထက်တန်းကျောင်းများရှိ ကျောင်းသားနှင့် ကျောင်းဆရာအချိုး

| ပြည်နယ်၊ တိုင်းနှင့် ပြည်ထောင်စု | နေထိုင်သည့်နေရာ | | စုစုပေါင်း | |
|---|---|---|---|---|
| | ကျေးလက် | မြို့ပြ | တန်ဖိုး | အဆင့် |
| ကယား | ၂၇.၀ | ၂၆.၈ | ၂၆.၈ | ၁ |
| မကွေး | ၂၉.၉ | ၂၆.၇ | ၂၉.၀ | ၂ |
| ပဲခူး (အနောက်) | ၃၃.၇ | ၂၆.၁ | ၃၀.၈ | ၃ |
| မွန် | ၃၂.၃ | ၂၆.၅ | ၃၀.၈ | ၄ |
| ရှမ်း (အရှေ့) | ၉.၅ | ၃၅.၅ | ၃၀.၈ | ၅ |
| စစ်ကိုင်း | ၃၀.၄ | ၃၅.၄ | ၃၂.၂ | ၆ |
| ရှမ်း (မြောက်) | ၂၈.၈ | ၃၄.၂ | ၃၂.၂ | ၇ |
| မန္တလေး | ၃၄.၇ | ၃၇.၁ | ၃၅.၆ | ၈ |
| ပဲခူး (အရှေ့) | ၃၇.၁ | ၃၃.၄ | ၃၆.၀ | ၉ |
| ချင်း | ၃၂.၄ | ၄၀.၉ | ၃၆.၃ | ၁၀ |
| ကချင် | ၃၂.၈ | ၄၂.၂ | ၃၇.၁ | ၁၁ |
| ရှမ်း (တောင်) | ၃၈.၃ | ၃၆.၀ | ၃၇.၂ | ၁၂ |
| ရန်ကုန် | ၃၁.၀ | ၄၂.၉ | ၃၉.၉ | ၁၃ |
| ဧရာဝတီ | ၅၀.၃ | ၂၈.၇ | ၄၃.၇ | ၁၄ |
| ရခိုင် | ၄၃.၄ | ၅၅.၆ | ၄၇.၈ | ၁၅ |
| တနင်္သာရီ | ၇၅.၄ | ၄၁.၁ | ၆၀.၂ | ၁၆ |
| ကရင် | ၃၆.၁ | ၁၃၇.၆ | ၉၇.၀ | ၁၇ |
| **ပြည်ထောင်စု** | **၃၇.၁** | **၄၂.၃** | **၃၉.၃** | |

# အပိုင်း ၃။ ဆင်းရဲနွမ်းပါးသူများ၏ အဓိကပင်ကိုလက္ခဏာရပ်များ၏ အကျဉ်းချုပ်

ဖော်ပြခဲ့သည့် စိစစ်တွေ့ရှိချက်နှင့် တကွ အရည်အသွေးဆိုင်ရာ လေ့လာချက်၏ ရလဒ်များ သည် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ အဓိကကျသည့် ပင်ကို လက္ခဏာရပ် အချို့၏ အကျဉ်းချုပ် ဖော်ပြချက်တစ်ရပ်ကို ဖြစ်စေခဲ့ပါသည်။ ပိုမို တိကျစွာ ဖော်ပြရလျှင် -

- ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲ သော အိမ်ထောင်စုများထက် အိမ်ထောင်စု အရွယ် အစဥ်ပိုမို ကြီးမားကြပြီး ဆင်းရဲသော အိမ်ထောင်စု တွင် အိမ်ထောင်စုဝင် ၆.၁ ဦး ရှိ၍ မဆင်းရဲသော အိမ်ထောင်စုတွင် အိမ်ထောင်စု ဝင် ၄.၉ဦး အသီးသီးရှိကြပါသည်။ ပြည်နယ်နှင့် တိုင်းများ အားလုံးတွင် ဤပုံစံမျိုး ရှိနေပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများသည် အိမ်ထောင် စုအရွယ် ပိုမိုကြီးမားစွာ ရှိသော်လည်း ယင်း အိမ်ထောင်စုများ၏ အသက်အရနှင့် စီးပွားရေး အရ မှီခိုမှု အချိုးများသည် ဆင်းရဲနွမ်းပါးမှုနှင့် ဆက်စပ်မှု ရှိဟန်မပေါ်ပါ။ ဤကဲ့သို့ အသက် အရနှင့် စီးပွားရေးအရ မှီခိုမှုအချိုးများနှင့် ဆင်းရဲ နွမ်းပါးမှု ဆက်သွယ်ချက် မရှိခြင်းက အလုပ် လက်မဲ့ဖြစ်ခြင်း (သို့မဟုတ်) လုပ်သားအင်အား ပါဝင်မှုနှုန်း နိမ့်ကြခြင်း ထိုထက် အကျိုးအမြတ် အဖြစ်ရရှိမှု နိမ့်ကျခြင်းနှင့် လုပ်ခရရှိမှု နည်းပါး ခြင်း ငွေကြေးရရှိမှု နည်းပါးခြင်းတို့က ဆင်းရဲ နွမ်းပါးမှု၏ များစွာပိုမို အရေးပါသော ပြဋ္ဌာန်း ချက်များ ဖြစ်ကြောင်းဖော်ပြပါသည်။
- လုပ်သား ဈေးကွက်၏ စာရင်းအင်း အချက် အလက်များက တင်ပြခဲ့သည့် အချက်ကို ထပ်မံ ထောက်ခံပေးပါသည်။ စစ်တမ်းနှစ်ကြိမ် ကောက် ယူရာတွင် အသက်၁ဝနှစ်နှင့် အသက်၁၅နှစ်နှင့် အထက် လုပ်သားအင်အား ပါဝင်မှုနှုန်းများမှာ ဆင်းရဲသော အိမ်ထောင်စု များတွင် မဆင်းရဲ သော အိမ်ထောင်စုများထက် မြင့်မားပြီး ပထမ အကြိမ်၌ ၆ဝ% နှင့် ၅၆% ရှိပြီး ဒုတိယအကြိမ်၌ ၆၇% နှင့် ၆၂% အသီးသီး ရှိပါသည်။ ထို့အပြင် ဆင်းရဲသော အိမ်ထောင်စု များတွင် ပေါ်လွင် အလုပ်မဲ့နှုန်း လွန်မင်းစွာနိမ့်ကျ၍ ကာလ ရှည် အတွက် (စစ်တမ်း မကောက်ယူမီ ၆လအတွင်း) ပေါ်လွင် အလုပ်လက်မဲ့နှုန်းမှာ ၂-၃% ရှိပြီးနှင့် ကာလတိုအတွက် (စစ်တမ်းမကောက်ယူမီ ၇ရက် အတွင်း) ပေါ်လွင်အလုပ်လက်မဲ့နှုန်းမှာ ၃-၄% ရှိ ပါသည်။
- အမျိုးသမီး အိမ်ထောင်ဦးစီးမှုသည် ဆင်းရဲနွမ်းပါး မှုနှင့် ဆက်စပ်မှု ရှိဟန်မပေါ်ပါ။ ဆင်းရဲသော အိမ်ထောင်စုများ၏ အမျိုးသမီး ဦးစီးသည့် အိမ် ထောင်စုဦးရေ အချိုးသည် မဆင်းရဲသော အိမ် ထောင်စုများ၏ အမျိုးသမီး ဦးစီးသည့် အိမ် ထောင်စု ဦးရေအချိုးထက် အနည်းငယ် နိမ့်ကျ ပါသည် (နှိုင်းယှဉ်ချက်အရ ၁၈.၃%နှင့် ၁၉.၁%)။ မုဝါဒ (သို့မဟုတ်) အစီအစဥ်များ ချမှတ် ရေးဆွဲ ရန်အတွက် အမျိုးသမီး ဦးစီးမှု အမျိုးအစားကို ပိုမို ကောင်းမွန်သော ခွဲခြမ်းစိတ်ဖြာမှု လိုအပ် လျက်ရှိပြီး ဒုက္ခအခက်အခဲ သီးသန့်ကြုံတွေ့ နေရသော အုပ်စုခွဲများကို သတ်မှတ်ဖော်ထုတ်ရ ပါမည်။
- ဆင်းရဲသော အိမ်ထောင်စုများတွင် အိမ်ထောင်ဦး စီး၏ ပညာအရည်အချင်း အဆင့်မှာ ပိုမိုနိမ့်ကျပါ သည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ စာမတတ်မြောက်မှုနှုန်းမှာ မဆင်းရဲသော အိမ် ထောင်စုများ၏ စာမတတ်မြောက်မှုနှုန်း နှစ်ဆ နီးပါးရှိ၍ ၂၈.၃% နှင့် ၁၇%အသီးသီး ရှိကြပါ သည်။ ထို့အပြင် ဆင်းရဲသော အိမ်ထောင်စုများ ၏ ကျောင်းမနေဖူးသူ(သို့မဟုတ်) ဘုန်းတော်ကြီး သင် စာသင်ကျောင်းတွင်သာ တက်ရောက် သင် ကြားဖူးသူ ရာခိုင်နှုန်းမှာ ၄၂.၃% ရှိပြီး နှိုင်းယှဥ် ချက်အနေဖြင့် မဆင်းရဲသူ အိမ်ထောင်စု များတွင် ၂၇.၇% ရှိပါသည်။ ပညာအရည်အချင်း အဆင့် နိမ့်ကျမှုသည် ဝင်ငွေရရှိမှု အခွင့်အလမ်း လက် လှမ်းမီမှု လျော့နည်းခြင်းနှင့် စီးပွားရေး လုပ် ဆောင်ချက်များ၏ အကျိုးအမြတ် ရရှိမှုနှုန်းနှင့် လုပ်ခကြေးငွေရရှိမှု နိမ့်ကျခြင်း လက္ခဏာ ပြပါသည်။

- အလုပ်အကိုင် အမျိုးအစားအရ တင်ပြရပါလျှင် ဆင်းရဲနွမ်းပါးမှုနှင့် ကျပန်း အလုပ်အကိုင်အကြား ခိုင်မာ သော တွဲဖက်မှု ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများ၏ အလုပ်လုပ်ကိုင် သူဦးရေ တွင် ပါဝင်သည့် ကျပန်းလုပ်သား ဦးရေအချိုး ၂၂.၉% မှာ မဆင်းရဲသော အိမ်ထောင်စုများ၏ ကျပန်းလုပ်သား ဦးရေအချိုး ၁၂.၅%၏ နှစ်ဆ နီးပါး ရှိပါသည်။ ကျပန်းလုပ်သားစစ်စစ်များသည် အလုပ်လက်မဲ့ ကာလရှည်ကြာမှုနှုန်း (ဆိုလိုသည်မှာ အလုပ်ရရှိမှု တစ်ခုနှင့် တစ်ခုအကြား အလုပ်လက်မဲ့ဖြစ်သည့်ကာလ) ပိုမိုမြင့်မားပြီး ပို၍ နည်းသော လုပ်ခများကို ရရှိကြပါသည်။
- ဆင်းရဲနွမ်းပါးမှုနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအကြား ခိုင်မာသော တွဲဖက်မှု တစ်ရပ်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုဝင်များ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ အချိုးမှာ ၅၉.၄% ရှိပြီး နိုင်ငံယှဉ်ပါက မဆင်းရဲသော အိမ်ခောင်စုများတွင် ၄၅.၈% ရှိပါသည်။ ဆင်းရဲသော လယ်ယာစိုက်ပျိုး လုပ်ကိုင်သည့် အိမ်ထောင်စုများမှာ သေးငယ်သော မြေဧရိယာကို စိုက်ပျိုးလုပ်ကိုင်၍ ပိုင်ဆိုင်ကြပါသည်။ မဆင်းရဲသော အိမ်ထောင်စုများ၏ ပျှမ်းမျှ စိုက်ပျိုးလုပ်ကိုင် ပိုင်ဆိုင်ကြသည့် မြေဧရိယာမှာ ဆင်းရဲသော အိမ်ထောင်စုများ စိုက်ပျိုးလုပ်ကိုင် ပိုင်ဆိုင်ကြသည့် မြေဧရိယာထက်သိသာစွာ ပိုမိုမြင့်မားပြီး စိုက်ပျိုးလုပ်ကိုင်သည့် မြေဧရိယာ ၇.၇ဧကနှင့် ၄.၉ဧက အသီးသီးရှိ၍ ပိုင်ဆိုင်သည့် မြေဧရိယာ ၆.၉ဧက နှင့် ၄.၁ဧက အသီးသီးရှိ ပါသည်။ ထို့အပြင် စက်တပ်ကိရိယာ ပိုင်ဆိုင်မှုတွင် ဆင်းရဲသော အိမ်ထောင်စုများ၏ အချိုးမှာ ပိုမိုလျော့ နည်းပြီး ၉% ရှိ၍ မဆင်းရဲသော အိမ်ထောင်စုများ၏ အချိုးမှာ (၁၉%) ရှိပါသည်။ စိုက်ပျိုး စရိတ်ချေးငွေ ရရှိမှုတွင်မူ ဆင်းရဲသော အိမ်ထောင်စုများနှင့် မဆင်းရဲသော အိမ်ထောင်စုများအကြား အနည်းငယ်သာ ကွဲပြားခြားနားပြီး အချိုးအားဖြင့် ၃၆.၆% နှင့် ၃၈.၈% အသီးသီး ရှိကြပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများမှာ များသောအားဖြင့် အရည်အသွေးနိမ့်ကျသော နေအိမ်များတွင် နေထိုင်ကြ ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ်ထောင်စုများထက် အိမ်ထောင်စုအချိုး ပိုမို မြင့်မားစွာဖြင့် သက်ငယ်မိုး နေအိမ်များ (၆၅.၅% နှင့် ၄၅.၁%) သက်ငယ် (သို့မဟုတ်)အခြား သစ်ရွက်များ ကာရံသည့် နေအိမ်များ (၁၂.၈%နှင့် ၈.၈%)(သို့မဟုတ်) ဝါးထရံကာထားသည့် နေအိမ်များ၊ (၆၄.၇%နှင့် ၄၇.၅%)၊ နှင့် ထန်းလက်နှင့် ဝါးခင်းသည့် နေအိမ်များ (၃၃.၈%နှင့်၁၇%)(သို့မဟုတ်)မြေကြီး သို့မဟုတ် သဲခင်းသည့် နေအိမ်များ (၁၁.၅%နှင့်၇.၄%)တွင် နေထိုင်ကြပါသည်။ ထို့ပြင် မဆင်းရဲသော အိမ်ထောင်စုများ၏ လျှပ်စစ်မီးရရှိမှုဖြစ်သည့်၄၄.၆% နှင့် နှိုင်းယှဉ်ပါက ဆင်းရဲသော အိမ်ထောင်စုများ၏ ၂၂.၄% မျှသာ လျှပ်စစ်မီး ရရှိကြသည်။
- မဆင်းရဲသော အိမ်ထောင်စုများ၏ ပိုမိုကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်ကို လက်လှမ်းမီရရှိမှု အချိုးသည် ၇၁.၄% ဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများ၏ အညစ်အကြေး သန့်ရှင်းရေးစနစ်ကို လက်လှမ်းမီရရှိမှု အချိုးတို့ထက် ပိုမိုနည်းပါးပြီး ၅၈.၇% ဖြစ်ပါသည်။ အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီရရှိသည့် အိမ်ထောင်စုများအချိုး ကွာခြားမှုကဲ့သို့ မမြင့်မားသော်လည်း ဘေးကင်းသော သောက်ရေ ရရှိသည့် ဆင်းရဲသော အိမ်ထောင်စုများ အချိုး ၅၉.၄% သည် နှိုင်းယှဉ်ပါက မဆင်းရဲသော အိမ်ထောင်စုများ အချိုး ၆၄.၂%ထက် နည်းပါးပါသည်။ ဖြစ်ရခြင်းမှာ ပိုမိုကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးနှင့် အထောက်အကူပစ္စည်းများကို ပုဂ္ဂလိကအနေဖြင့် ရယူခဲ့ကြပြီး၊ ဘေးကင်းသော သောက်ရေ ရရှိရေးအတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံနှင့် အထောက်အကူ ပစ္စည်းများကို အများပြည်သူ သုံးရန် နိုင်ငံတော်က မကြာခဏ ဖြည့်ဆည်း ပေးနေခြင်းကြောင့် ဖြစ်နိုင်ပါသည်။

- ဆင်းရဲသော အိမ်ထောင်စုများမှာ အိမ်ထောင်စု ပိုင်ပစ္စည်းနှင့် ကြာရှည်ခံ ပစ္စည်းများဖြစ်သည့် ရေဒီယို၊ ရုပ်မြင် သံကြား၊ တယ်လီဖုန်း၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် အခြားယာဥ် ကဲ့သို့သော ပစ္စည်းများ ပိုမိုနည်းပါးစွာ ရှိပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများမှာ ကျန်းမာရေး ဝန်ဆောင်မှု အမျိုးမျိုးကို ပိုမိုနိမ့်ကျစွာ လက်လှမ်းမီရရှိပြီး ပိုမိုဆိုးဝါးသော ကျန်းမာရေး အကျိုးဆက်များကို ကြုံတွေ့ရပါသည်။ ကျွမ်းကျင်သည့် ကျန်းမာရေး ဝန်ထမ်းများ ကိုယ်ဝန်ဆောင်မိခင် အား ကြည့်ရှု စောင့်ရှောက်မှုတွင် ဆင်းရဲသော အိမ်ထောင်စုများမှ ကိုယ်ဝန်ဆောင်မိခင်အချိုး က မဆင်းရဲသော အိမ်ထောင်စုများမှ ကိုယ်ဝန် ဆောင်မိခင် အချိုးထက် လျော့နည်း ပါသည် (၄၄.၅%နှင့်၅၇%အသီးသီးရှိပါသည်)။ ကျွမ်းကျင် သော ကျန်းမာရေး ဝန်ထမ်းများက မွေးဖွားစဥ် ကြည့်ရှု စောင့်ရှောက်မှုတွင်လည်း ဆင်းရဲသော အိမ်ထောင်စုများမှ မွေးဖွားမှုအချိုးက မဆင်းရဲ သော အိမ် ထောင်စုများမှ မွေးဖွားမှုအချိုးထက် လျော့နည်းပါသည် (၆၄.၆%နှင့် ၇၆.၉%)။ ရောဂါ ကာကွယ် ဆေးထိုးမှုနှုန်း၊ ကိုယ်ဝန်ဆောင်စဥ် စောင့်ရှောက်မှုနှင့် မွေးဖွားစဥ် ကျွမ်းကျင်သူများ က စောင့်ရှောက်မှု ဆိုင်ရာ ညွှန်ကိန်းများသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် ပိုမို နိမ့်ကျပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ အဆိုပါ ကျန်းမာရေး ဝန်ဆောင်မှုများ ရှိသည့် နေရာသို့ သွားရောက်မှု နိမ့်ကျသည့် ကျေးလက်ဒေသများ တွင် ပိုမိုမြင့်မားသည့် ဆင်းရဲသော အိမ်ထောင်စု များ နေထိုင်ကြခြင်းကြောင့် တစ်စိတ် တစ်ဒေသ ဖြစ်ရပါသည်။ မရှိခြင်းကြောင့် ဖြစ်ပါသည်။ ၅နှစ် အောက် ပုံမှန် ကိုယ်အလေးချိန် အသင့်အတင့် မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုနှုန်းတွင် ဆင်းရဲ သော အိမ်ထောင်စုများသည် မဆင်းရဲသော အိမ် ထောင်စုများထက် ပိုမို မြင့်မား၍ ၃၈% နှင့် ၃၂.၂% အသီးသီး ရှိကြပြီး ကိုယ်အလေးချိန် လွန်မင်းစွာ မပြည့်သော ကလေးဦးရေ ပျံ့နှံ့မှုနှုန်း တွင် ၁၁.၃% နှင့် ၈.၂% အသီးသီး ရှိကြ ပါသည်။
- ဆင်းရဲသော အိမ်ထောင်စုများမှာ ပညာရေး လက်လှမ်း မီမှုတွင်လည်း ပိုမိုနိမ့်ကျပါသည်။ ဆင်းရဲသော အိမ်ထောင်စုများတွင် အသားတင် ကျောင်းဝင်နှုန်း ပိုမိုနိမ့်ကျပြီး ၈၀.၁% ရှိ၍ မဆင်း ရဲသော အိမ်ထောင်စု များတွင် အသားတင် ကျောင်း ဝင်နှုန်းမှာ ၈၇.၂% ရှိကြပါသည်။ ဆင်းရဲ သော အိမ်ထောင်စုဝင် များမှာ မဆင်းရဲသော အိမ်ထောင်စု ဝင်များထက် စာတတ်မြောက်မှု နှုန်း တွင် နိမ့်ကျပြီး ၇၈.၈%နှင့် ၈၇.၆% အသီးသီး ရှိပါသည်။ နိမ့်ကျသော ပညာရေးသည် ဆင်းရဲ နွမ်းပါးမှု၏ အကြောင်းရင်း တစ်ရပ်ဖြစ်သကဲ့သို့ အကျိုးဆက်လည်း ဖြစ်နိုင်ပါသည်။

# ကိုးကားချက်များ

Asian Development Bank (2005), Key Indicators 2005: Labor Markets in Asia: Promoting Full, Productive, and decent employment, Asian Development Bank.

Cambodia Ministry of Planning (1997), A Poverty Profile of Cambodia – 1997, General Directorate of Planning, Ministry of Planning, UNDP, SIDA, World Bank, Phnom Penh.

Ravallion, M. (1998), Poverty Lines in Theory and Practice, LSMS Working Paper 133, World Bank, Washington, D.C.

United Nations (2003), Indicators for monitoring Millennium Development Goals: Definitions, Rationale, Concepts and Sources, United Nations Population Fund (UNFPA), United Nations Development Programme (UNDP), Department of Economics and Social Affairs Statistics Division, New-York.

UNDP/UNDESA. 1999. Studies in Social Deprivation in Myanmar. Yangon. April.

# နောက်ဆက်တွဲ - ၁။ အခြားနိုင်ငံများမှ ညွှန်ကိန်းများအစု

ဇယား က၁-၁။ ရွေးချယ်ထားသည့် အာရှနိုင်ငံများမှ ကျန်းမာရေးညွှန်ကိန်းများ[၇၅] အစု

| | ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပြီး သည့် ၁ နှစ်အရွယ် ကလေးဦးရေအချိုး% | ၁ နှစ်အောက်ကလေး သေဆုံးမှုနှုန်း (IMR) | ကိုယ်ဝန်ဆောင် မိခင် ကျန်းမာရေး စောင့်ရှောက်ခြင်း လွှမ်းခြုံမှု | ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းဖြင့် စောင့်ရှောက်မွေးဖွားမှု |
|---|---|---|---|---|
| ဘင်္ဂလားဒေ့ရှ် | ၇၇ | ၆၆ | ၁၁ | ၁၄ |
| ကမ္ဘောဒီးယား | ၆၅ | ၉၅ | ၉ | ၃၂ |
| မြန်မာ* | ၈၀ | ၆၈ | ၅၃ | ၇၃ |
| လာအို | ၄၂ | - | ၂၉ | ၁၉ |
| ထိုင်း | ၉၄ | ၃၅ | ၈၆ | ၉၉ |
| ဗီယက်နမ် | ၉၃ | - | ၂၉ | ၈၅ |

ဇာစ်မြစ် - ကမ္ဘာ့ကျန်းမာရေးအစီရင်ခံစာ WHO - ၂၀၀၅
* မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်စာရင်း - IHLCA, ၂၀၀၄-၂၀၀၅

ဇယား က၁-၂။ ရေနှင့် အညစ်အကြေးသန့်ရှင်းရေးစနစ်အား လက်လှမ်းမီရရှိမှုနှင့် ဆက်နွယ်သည့် ညွှန်ကိန်းများ[၇၆]

| | ကောင်းမွန်သည့် ရေဇာစ်မြစ်ကို လက်လှမ်းမီရရှိနိုင်သည့် လူဦးရေ ရာခိုင်နှုန်း | ကောင်းမွန်သည့် အညစ်အကြေး သန့်ရှင်းရေးစနစ် လက်လှမ်းမီ ရရှိသည့် လူဦးရေအချိုး |
|---|---|---|
| ဘင်္ဂလားဒေ့ရှ်[၁] | ၇၅ | ၄၈ |
| ကမ္ဘောဒီးယား[၁] | ၃၄ | ၁၆ |
| မြန်မာ* | ၆၃ | ၆၇ |
| လာအို[၁] | ၄၃ | ၂၄ |
| ထိုင်း[၁] | ၈၅ | ၉၉ |
| ဗီယက်နမ်[၁] | ၇၃ | ၄၁ |

ဇာစ်မြစ် - ကုလသမဂ္ဂ၊ စာရင်းအင်းဌာနခွဲ - ၂၀၀၅ http://unstats.un.org/unsd/mi/mi.asp
* မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်စာရင်း - IHLCA, ၂၀၀၄-၂၀၀၅
[၁] ၂၀၀၂ ကိန်းဂဏာန်းများ

ဇယား က၁-၃။ ပညာရေးနှင့် ဆက်နွယ်သည့် ညွှန်ကိန်းများ[၇၇]

| | မူလတန်း အဆင့်အသားတင် ကျောင်းဝင်နှုန်း | မူလတန်း ပညာရေးရှိ ကျား၊ မ အချိုး (ကျား ၁၀၀ လျှင်) |
|---|---|---|
| ဘင်္ဂလားဒေ့ရှ်[၁] | ၈၇ | ၁၀၂ |
| ကမ္ဘောဒီးယား[၁] | ၈၆ | ၈၉ |
| မြန်မာ* | ၈၅ | ၉၆ |
| လာအို[၁] | ၈၃ | ၈၆ |
| ထိုင်း[၁] | ၈၆ | ၉၆ |
| ဗီယက်နမ်[၁] | ၉၄ | ၉၃ |

ဇာစ်မြစ် - ကုလသမဂ္ဂ၊ စာရင်းအင်းဌာနခွဲ - ၂၀၀၅ http://unstats.un.org/unsd/mi/mi.asp
* မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့်စာရင်း - IHLCA, ၂၀၀၄-၂၀၀၅
[၁] ၂၀၀၁ ကိန်းဂဏာန်းများ

---

[၇၅] ဤကျန်းမာရေးညွှန်းကိန်းများအတွက် အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် တွက်ချက်သည့် နည်းစနစ်များမှာ သာမန်အားဖြင့် အပြည်ပြည်ဆိုင်ရာ စံထားမှုအတိုင်း ဖြစ်သည်။ ၁ နှစ်အောက်ကလေးသေဆုံးမှုနှုန်း တွက်ချက်နည်းတွင်သာ ကွဲလွဲမှုများ ရှိနိုင်ပါသည်။

[၇၆] ရေနှင့် အညစ်အကြေးသန့်ရှင်းရေစနစ် လက်လှမ်းမီရရှိမှုအတွက် အဓိပ္ပာယ်သတ်မှတ်ချက်များ ဖော်ပြထားခြင်း မရှိပါ။ ထို့ကြောင့် ကိန်းဂဏန်းများမှာ ဖော်ညွှန်းထားသည့် သဘောမျှသာ ဖြစ်ပါသည်။

[၇၇] ပညာရေး နှင့် ဆက်နွယ်သည့် ညွှန်ကိန်းများအတွက် အဓိပ္ပာယ်သတ်မှတ်ချက်များ ဖော်ပြနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ကိန်းဂဏန်းများမှာ ဖော်ညွှန်းထားသည့် သဘောမျှသာ ဖြစ်ပါသည်။

# နောက်ဆက်တွဲ - ၂။ အညစ်အကြေးသန့်ရှင်းရေးစနစ် အမျိုးအစားအလိုက် အိမ်ထောင်စုများ ပြန့်ချက်

ဇယား က၂-၁။ အညစ်အကြေးသန့်ရှင်းရေးစနစ် အမျိုးအစားအလိုက် အိမ်ထောင်စုများ ပြန့်ချက်[၇၈] (%) (ပထမ အကြိမ် စစ်တမ်း)

| အုပ်စုများ | အမျိုးအစား ၁ | အမျိုးအစား ၂ | အမျိုးအစား ၃ | အမျိုးအစား ၄ | အမျိုးအစား ၅ | အမျိုးအစား ၆ | အမျိုးအစား ၇ | အမျိုးအစား ၈ | အမျိုးအစား ၉ | အမျိုးအစား ၁၀ |
|---|---|---|---|---|---|---|---|---|---|---|
| **ပြည်နယ်/ တိုင်း** | | | | | | | | | | |
| ကချင် | ၁.၅ | ၅.၀ | ၃၁.၆ | ၄၈.၆ | ၃.၈ | ၇.၂ | ၁.၅ | ၀.၀ | ၀.၆ | ၀.၁ |
| ကယား | ၁.၂ | ၂.၅ | ၄.၆ | ၇၀.၂ | ၁၁.၁ | ၁၀.၄ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ |
| ကရင် | ၀.၄ | ၁၄.၀ | ၁၀.၇ | ၄၂.၇ | ၁၁.၀ | ၁၀.၈ | ၀.၈ | ၁.၈ | ၇.၃ | ၀.၅ |
| ချင်း | ၀.၀ | ၃.၁ | ၆.၀ | ၃၇.၇ | ၂၁.၉ | ၂၄.၉ | ၁.၁ | ၀.၄ | ၄.၄ | ၀.၅ |
| စစ်ကိုင်း | ၂.၃ | ၃.၂ | ၄.၁ | ၇၂.၆ | ၂.၈ | ၄.၃ | ၀.၃ | ၀.၃ | ၉.၅ | ၀.၇ |
| တနင်္သာရီ | ၂.၄ | ၁၃.၂ | ၉.၅ | ၂၉.၀ | ၈.၂ | ၁၃.၉ | ၁.၉ | ၆.၀ | ၁၄.၂ | ၁.၉ |
| ပဲခူး (အရှေ့) | ၁.၄ | ၅.၀ | ၄.၈ | ၆၆.၅ | ၅.၉ | ၇.၂ | ၁.၆ | ၃.၄ | ၂.၃ | ၁.၈ |
| ပဲခူး (အနောက်) | ၀.၀ | ၁.၁ | ၁.၉ | ၆၀.၂ | ၃.၅ | ၁၇.၂ | ၁.၀ | ၁၀.၄ | ၃.၄ | ၁.၁ |
| မကွေး | ၁.၀ | ၅.၉ | ၇.၁ | ၄၅.၆ | ၅.၀ | ၁၉.၆ | ၀.၅ | ၀.၅ | ၁၄.၀ | ၀.၈ |
| မန္တလေး | ၅.၉ | ၄.၇ | ၅.၈ | ၆၇.၄ | ၄.၅ | ၃.၆ | ၀.၈ | ၀.၂ | ၆.၆ | ၀.၄ |
| မွန် | ၁.၇ | ၁၉.၈ | ၃၆.၀ | ၂၅.၉ | ၈.၀ | ၂.၆ | ၀.၀ | ၁.၄ | ၄.၅ | ၀.၂ |
| ရခိုင် | ၀.၆ | ၃.၄ | ၁၉.၆ | ၁၅.၁ | ၄.၃ | ၄.၂ | ၁.၂ | ၄.၀ | ၄၆.၉ | ၀.၆ |
| ရန်ကုန် | ၁၃.၀ | ၃၇.၁ | ၁၇.၂ | ၂၀.၅ | ၆.၇ | ၁.၀ | ၂.၉ | ၀.၉ | ၀.၃ | ၀.၄ |
| ရှမ်း (တောင်) | ၀.၀ | ၃.၁ | ၇.၀ | ၅၂.၄ | ၂၀.၆ | ၁၂.၀ | ၁.၅ | ၀.၄ | ၂.၅ | ၀.၅ |
| ရှမ်း (မြောက်) | ၀.၃ | ၁၉.၆ | ၇.၈ | ၂၆.၄ | ၁၅.၁ | ၂၈.၅ | ၀.၃ | ၀.၈ | ၀.၆ | ၀.၅ |
| ရှမ်း (အရှေ့) | ၂.၀ | ၂၅.၀ | ၅.၃ | ၂၅.၄ | ၂.၃ | ၉.၂ | ၆.၆ | ၀.၇ | ၂၂.၇ | ၁.၀ |
| ဧရာဝတီ | ၀.၆ | ၈.၄ | ၇.၉ | ၆၀.၂ | ၃.၆ | ၇.၆ | ၀.၈ | ၆.၄ | ၂.၈ | ၀.၆ |
| **နေထိုင်သည့် နေရာ** | | | | | | | | | | |
| ကျေးလက် | ၀.၇ | ၅.၄ | ၉.၀ | ၅၃.၃ | ၆.၀ | ၁၀.၄ | ၀.၉ | ၃.၂ | ၁၀.၆ | ၀.၇ |
| မြို့ပြ | ၁၁.၁ | ၂၇.၄ | ၁၄.၂ | ၃၅.၂ | ၅.၉ | ၂.၁ | ၂.၀ | ၀.၆ | ၀.၉ | ၀.၆ |
| **ဆင်းရဲမှုအခြေအနေ** | | | | | | | | | | |
| ဆင်းရဲသူ | ၁.၂ | ၄.၉ | ၇.၇ | ၄၈.၃ | ၆.၆ | ၁၃.၀ | ၁.၃ | ၃.၂ | ၁၂.၉ | ၀.၉ |
| မဆင်းရဲသူ | ၄.၃ | ၁၃.၆ | ၁၁.၄ | ၄၈.၆ | ၅.၇ | ၆.၃ | ၁.၁ | ၂.၂ | ၆.၂ | ၀.၆ |
| **ပြည်ထောင်စု** | ၃.၄ | ၁၁.၂ | ၁၀.၄ | ၄၈.၅ | ၆.၀ | ၈.၂ | ၁.၂ | ၂.၅ | ၈.၀ | ၀.၇ |

အမျိုးအစား ၁ မိလ္လာစနစ်/ ကန်နှင့် ဆက်သွယ်ထားသော ရေဆွဲအိမ်သာ
အမျိုးအစား ၂ ရေစလုတ်ပါ ရေလောင်း/ ရေဆွဲအိမ်သာ
အမျိုးအစား ၃ ခြေတင်ခုံအဖုံးပါ တွင်းဖုံးအိမ်သာ
အမျိုးအစား ၄ ခြေတင်ခုံအဖုံးမပါ တွင်းလွဲတွင်းဖုံး အိမ်သာ
အမျိုးအစား ၅ ခြေတင်ခုံ အဖုံးမပါ တွင်းတည့် အိမ်သာ
အမျိုးအစား ၆ တွင်းပွင့်အိမ်သာ
အမျိုးအစား ၇ ဇလားအိမ်သာ
အမျိုးအစား ၈ ကျင်းမရှိသော အိမ်သာ
အမျိုးအစား ၉ အိမ်သာမသုံး။ (ခြုံပုတ်၊ ကွင်းပြင်၊ မြစ်ချောင်းတွင်းသို့)
အမျိုးအစား ၁၀ အခြား

---

[၇၈] အိမ်သာကို အခြားအိမ်ထောင်စုနှင့် ပူးတွဲသုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ

## နောက်ဆက်တွဲ - ၃။ အခြေခံ အဓိကဆေးဝါး ၄၁ မျိုး၏စာရင်း

ဇယား က၃-၁။ အခြေခံ အဓိကဆေးဝါး ၄၁ မျိုး၏စာရင်း

၁။ Albendazole
၂။ Aluminium hydroxide
၃။ Amoxicilline
၄။ Anti-snake venom serum for viper bite
၅။ Aspirin
၆။ Atropine
၇။ Benzoic acid+salicylic acid
၈။ Benzoin tincture
၉။ Benzyl benzoate
၁၀။ Chloramphenicol
၁၁။ Chlorhexidine
၁၂။ Chloroquine
၁၃။ Chlorpheniramine
၁၄။ Cloxacililin
၁၅။ Condom (Male)
၁၆။ Condom (Female)
၁၇။ Co-trimoxazole
၁၈။ Dextrose
၁၉။ Ergometrine
၂၀။ Erythromycin
၂၁။ Ferrous salts
၂၂။ Framycetin
၂၃။ Frusemide
၂၄။ Isoniazid
၂၅။ Mebendazole
၂၆။ Metronidazole
၂၇။ Oral rehydration salts
၂၈။ Paracematol
၂၉။ Phenoxymethyl penicilinne (Pen V)
၃၀။ Prednisolone
၃၁။ Primaquine
၃၂။ Procaine penicilline
၃၃။ Propranolol
၃၄။ Pyrazinamide
၃၅။ Quinine
၃၆။ Salbutamol
၃၇။ Tetanus vaccine
၃၈။ BCG vaccine
၃၉။ DPT vaccine
၄၀။ Polio vaccine
၄၁။ Measles vaccine

# ဝေါဟာရ စာရင်း

| အင်္ဂလိပ် | မြန်မာ |
|---|---|
| **A** | |
| Adjusted factor | ကိုက်ညှိပြီးကိန်း |
| Adjustment factor | ညှိနှိုင်းကိန်း |
| Adult literacy rate | သက်ကြီးစာတတ်မြောက်မှုနှုန်း |
| Age dependency ratio | အသက်အရ မှီခိုမှုအချိုး |
| Agricultural Asset | လယ်ယာသုံးပစ္စည်း |
| Agricultural employee | လယ်ယာလုပ်သား |
| Agricultural equipment | လယ်ယာသုံးပစ္စည်းကိရိယာ |
| Antenatal care | ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်ခြင်း |
| **B** | |
| Budget share | ဘတ်ဂျက်ဝေစု |
| **C** | |
| Caloric requirements | ကယ်လိုရီလိုအပ်ချက် |
| Casual labour | ကျပန်းအလုပ်သမား |
| Consumption Basket | အဓိကကျသောစားသုံးကုန်ပစ္စည်းအုပ်စု |
| Coping Strategy | ဖြေရှင်းသည့်နည်းလမ်း |
| Cost of basic needs method | အခြေခံလိုအပ်ချက်များ၏ကုန်ကျစရိတ်နည်း |
| Cost-benefit tradeoff | ကုန်ကျစရိတ်နှင့် အကျိုးအမြတ် အတိုးအလျှော့ ပြုလုပ်ခြင်း |
| **F** | |
| Family workers | မိသားစုလုပ်သားများ |
| Female-headed household | အမျိုးသမီးဦးစီးသည့်အိမ်ထောင်စု |
| Financial intermediation | ငွေရေးကြေးရေးကြားခံခြင်း |
| Food consumption basket | အဓိကကျသော အစားအစာအုပ်စု |
| Food consumption expenditure | အစားအစာ စားသုံးမှုအသုံးစရိတ် |
| Food poverty headcount index | အစားအစာဆင်းရဲချို့တဲ့သူအချိုး |
| Food Poverty Line | အစားအစာဆင်းရဲချို့တဲ့မှုပြမျဉ်း |

## G

| | |
|---|---|
| Gross enrolment rate | စုစုပေါင်းကျောင်းဝင်နှုန်း |

## H

| | |
|---|---|
| Head of household | အိမ်ထောင်ဦးစီး |
| Health facilities | ကျန်းမာရေးဝန်ဆောင်မှုပေးရာဌာနများ |
| Household Assets | အိမ်ထောင်စုပိုင်ပစ္စည်း |

## I

| | |
|---|---|
| Illiteracy rate | စာမတတ်မြောက်မှုနှုန်း |
| Implicit price | တန်ဖိုးသင့်စျေးနှုန်း |
| Incidence of poverty | ဆင်းရဲနွမ်းပါးခြင်းဖြစ်ပွားမှု |
| Indicator | ညွှန်ကိန်း |
| Infant mortality Rate (IMR) | တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်း |
| Intensity of Poverty | ဆင်းရဲနွမ်းပါးခြင်း၏နက်ရှိုင်းမှု |

## M

| | |
|---|---|
| Market price | စျေးကွက်ပေါက်စျေး |
| Micro-data set | အသေးစိတ်အချက်အလက် အစု |
| Millennium Development Goal (MDG) | ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် |
| Mobidity incidence | နာမကျန်းဖြစ်ပွားမှု |
| Module | အပိုင်း |
| Monastic school | ဘုန်းတော်ကြီးသင်ပညာရေးကျောင်း |
| Monetary poverty measure | ငွေကြေးဆိုင်ရာဆင်းရဲနွမ်းပါးမှု အတိုင်းအတာ |
| Multi-round approach | ဗဟုအကြိမ်ချဉ်းကပ်နည်း |
| Multi-stage random selection | အဆင့်ဆင့် ကျပန်းရွေးချယ်ခြင်း |

## N

| | |
|---|---|
| Net enrolment rate | အသားတင်ကျောင်းဝင်နှုန်း |
| Non food expenditure | အစားအစာအတွက် မဟုတ်သောအသုံးစရိတ် |
| Non-sampling error | နမူနာကောက်ယူမှုကြောင့်မဟုတ်သောအမှား |
| Normalized | တစ်ပြေးညီပြုထားသော |
| Normative | စံပြုထားသော |
| Nutritional caloric norm | အာဟာရဆိုင်ရာကလိုရီစံသတ်မှတ်ချက် |

## O

| | |
|---|---|
| Occupational category | အလုပ်အကိုင်အတန်းအစား |
| Open unemployment | ပေါ်လွင်သောအလုပ်လက်မဲ့ဖြစ်မှု |
| Outstanding loan | ပေးရန်ရှိချေးငွေ |
| Own account worker | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ |

## P

| | |
|---|---|
| Paasche's price index (PPI) | ပါရှေးဈေးဆနှုန်းကိန်း |
| Per adult equivalent | အရွယ်ရောက်သူနှင့်ညီမျှချက်အရ |
| Personal and household good | တစ်ကိုယ်ရေသုံးနှင့် အိမ်ထောင်စုသုံးပစ္စည်း |
| Pilot test | ရှေ့ပြေးစစ်ဆေးချက် |
| Poorest quintile | အဆင်းရဲဆုံး ငါးစိတ်တစ်စိတ် (၂၀ %) |
| Post Secondary Education | အဆင့်မြင့်ပညာ |
| Poverty gap index | ဆင်းရဲနွမ်းပါးမှုကွာဟချက်အညွှန်း |
| Poverty headcount index | ဆင်းရဲနွမ်းပါးသူအညွှန်း |
| Poverty line | ဆင်းရဲနွမ်းပါးမှု ပြမျဉ်း |
| Poverty Status | ဆင်းရဲနွမ်းပါးမှုအခြေအနေ |
| Precision level | တိကျမှုအဆင့် |
| Probability proportion to size | အရွယ်အလိုက် ဖြစ်တန်စွမ်း |
| Purchasing Power Parity (PPP) | ဝယ်လိုအားညီမျှနှုန်း |

## Q

| | |
|---|---|
| Qualitative study | အရည်အသွေးဆိုင်ရာ လေ့လာမှု |
| Quantitative study | အရေအတွက်ဆိုင်ရာ လေ့လာမှု |
| Quartile | လေးစိတ်တစ်စိတ် (၂၅ %) |
| Quintile | ငါးစိတ်တစ်စိတ် (၂၀ %) |

## R

| | |
|---|---|
| Reference household size | ရည်ညွှန်းအိမ်ထောင်စုအရွယ် |
| Representative household | ကိုယ်စားပြုအိမ်ထောင်စု |
| Retrospective question | နောက်ကြောင်းပြန်မေးခွန်း |

## S

| | |
|---|---|
| Sampling Error | နမူနာကောက်အမှား |
| Sampling frame | နမူနာကောက်စာရင်းစဥ် |
| Sampling plan | နမူနာကောက်အစီအစဥ် |
| Sampling weight | နမူနာကောက်အလေး |
| Seasonal variation | ရာသီလိုက်ပြောင်းလဲမှု |
| Severity of poverty | ဆင်းရဲနွမ်းပါးခြင်းလွန်ကဲမှု |
| Size of population | ဦးရေအရွယ် |
| Slash and burn agriculture | တောင်ယာစိုက်ပျိုးရေး |
| Squared poverty gap index | ဆင်းရဲနွမ်းပါးမှုကွာဟချက်နှစ်ထပ်ကိန်းအညွှန်း |
| Standard deviation | စံတိမ်းချက် |
| Stratified multi-stage random sample | အလွှာခွဲအဆင့်ဆင့်ကျပန်းနမူနာ |

## T

| | |
|---|---|
| Technical report | နည်းပညာဆိုင်ရာ အစီရင်ခံစာ |
| Technical Unit | နည်းပညာယူနစ် |
| Time-utilization approach | အလုပ်ချိန်ကို အခြေခံသည့်နည်းလမ်း |
| Traditional  Birth Attendant (TBA) | မိရိုးဖလာအရပ်လက်သည် |
| Traditional social mores | ရှေးထုံးစဥ်လာလူမှုဓလေ့များ |
| Type of tenure | နေထိုင်ပိုင်ခွင့် အမျိုးအစား |

## U

| | |
|---|---|
| Under employment rate | တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှုန်း |
| Unpaid family worker | လုပ်ခမပေးရသော မိသားစုအလုပ်သမား |
| User Cost | အသုံးပြုကုန်ကျစရိတ် |

## V

| | |
|---|---|
| Variance | ကွဲလွဲကိန်း |
| Vulnerability profile | ဆင်းရဲနွမ်းပါးခြင်းဖြစ်လွယ်မှု အခြေအနေ |

## W

| | |
|---|---|
| Working Population | အလုပ်လုပ်ကိုင်သူဦးရေ |